စာပေဗိမာန်စာမူဆုရ

# အလှအယဉ် မြန်မာ့ဓလေ့ ပွဲတော်တစ်ခွင်

ဝိဃငှက (ပဲခူး)





၂၀၁၁ ခုနှစ်၊ တစေပေဗိမာန်စာမူဆု

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ ဒုတိယဆုရ

# အလှအယဉ် မြန်မာ့ဓလေ့ ပွဲတော်တစ်ခွင်

## ရေးသူ - ဝိသာဇ္ဇကာ (ပဲခူး)

အဖ ဦးအောင်ဖေနှင့် အမိ ဒေါ်ဖွားစိန်တို့မှ ၁၉၃၉ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၌ မွေးဖွားသည်။

ပဲခူးမြို့အထက (၁) တွင် ပညာသင်ကြားခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် ဟိုက်စကူး ဖိုင်နယ်အောင်မြင်ခဲ့သည်။

ကိုယ်တိုင်ရေးသားပြုစုသော လုံးချင်းစာအုပ် ၃ အုပ်၊ ကလောင်စုံပါဝင်သော လုံးချင်း ၁ အုပ် ပုံနှိပ်ထုတ်ဝေပြီးဖြစ်သည်။ မိုလ်တာဝေတင်၊ လုပ်သားပြည်သူ့နေ့စဉ်၊ မြန်မာ့အလင်း၊ ကြေးမုံ၊ N.L.M နေ့စဉ်ထုတ်သတင်းစာများတွင် သုတ၊ ရသ ဆောင်းပါးများ ရေးသားဖော်ပြခြင်း ခံခဲ့ရသည်။ ငွေတာရီ၊ မြဝတီ၊ ဝေဒ၊ မင်္ဂလာမောင်မယ်၊ ဓမ္မပဒ၊ Health for All နှင့် အချိန်အခါလိုက် ထုတ်ဝေသော မြို့နယ်မဂ္ဂဇင်း၊ ဂျာနယ်များတွင် သုတရသစာပေများ မြန်မာ့ယဉ်ကျေးမှု အနုပညာဆိုင်ရာ စာပေများ ရေးသားခဲ့သည်။ ဆက်လက်၍ စာပေများ ရေးသားနေဆဲဖြစ်ပါသည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်အမှတ် ၀၀၉၂ ဖြစ်သည်။ ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၌ နာယက၊ မြန်မာနိုင်ငံတိုင်းရင်းဆေးသရာ အသင်း (ဗဟို) တွင် တွဲဖက်အတွင်းရေးမှူးဖြစ်သည်။

အမည်ရင်း - ဦးမြေ ဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် ၃၇၃/ သနပ္ပင်လမ်း။ (အုန်းပင်တန်း)
ပဲခူးမြို့။

၂၀၁၁ ခုနှစ်၊ စာပေဗိမာန်စာမူဆု
မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေ၊ ဒုတိယဆု

# အလှအယဉ်
# မြန်မာ့စလေ့ပွဲတော်တစ်ခွင်

ဝိသဒ္ဓက (ပဲခူး)

စိစဉ်တည်းဖြတ်သူ - ဒေါ်ခင်ဝါဆွေ (ဝါဝါ-အင်းစိန်)
စာတည်း (တာဝန်ခံ)

မျက်နှာဖုံး ပန်းချီ - အောင်နိုင်လတ်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၄ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၅၀၀

တန်ဖိုး ( ၇၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊
စာပေဗိမာန် ခေတ္တစာတည်းမှူးချုပ်
ဦးမျိုးမြင့်မောင် (မျိုးမြတ်မြတ်မြင့်မောင်)က
မှတ်ပုံတင်အမှတ် ဝ၇၄၉၂ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ဝ၃၉၁၁ ဖြင့် ထုတ်ဝေသည်။

ဂျီတီစီ ပုံနှိပ်စက်ရုံတွင် ပုံနှိပ်သည်။

ဒို့တာဝန်အရေး (၃) ပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## မာတိကာ


၁။ စာတမ်းရှင်၏ အာသီသ ၁

၂။ လစန္ဒာအကြောင်း ၅

၃။ ရှေးရှေးကစာဆိုရှင် ၁၁

၄။ မြန်မာ့ဆယ်နှစ်လပွဲတော်နှင့်
ပွင့်သောပန်း ၁၆

၅။ မြန်မာ့ဆယ့်နှစ်လနှင့် ပွဲတော်များ ၂၀

၆။ ရှေးရှေးစာဆိုတော်များအမြင် ၂၀၅

၇။ နိဂုံးစာတမ်း ၂၇၁

၈။ ကိုးကားသောစာပေများ ၂၇၅

## စာတမ်းရှင်၏အာသီသ

ယဉ်ကျေးမှုဆိုသည်မှာ လူသားတို့ ပေါင်းစပ်နေထိုင်ရာမှ ပေါ်ပေါက်လာသော လူနေမှုစနစ်ကို အခြေခံပြီး ထပ်ဆင့်ဖြစ်ပေါ်လာခြင်းဖြစ်၏။ ထို့ကြောင့် ယဉ်ကျေးမှုဟူသည် လူသားတို့နှင့် ကင်းကွာပြီး သီးခြား မရပ်တည်နိုင်ပါ။

ရှေးမြန်မာတို့သည် ဆယ့်နှစ်လရာသီတွင် သူ့ရာသီနှင့်သူ ဆီလျော်ရာ ရာသီပွဲတော်များကို ကျင်းပခဲ့ကြ၏။

နိုင်ငံတစ်နိုင်ငံ၏ တည်တံ့ခိုင်မြဲရေး တိုးတက်ကြီးပွားရေးတို့သည် ထိုနိုင်ငံသားတို့၏ "နှလုံးရည်"နှင့် "လက်ရုံးရည်"တို့ အပေါ်တွင် မူတည်သည်။

"နှလုံးရည်"ပြည့်ဝစေရန် စာတော်ပြန်ပွဲကို ရှေးအခါက ပြုလုပ်ကျင်းပခဲ့၏။ လက်ရုံးရည်ပြည့်ဝစေရေးအတွက် မြင်းခင်းသဘင်ပွဲတော်ကို ကျင်းပခဲ့၏။ ဗုဒ္ဓသာသနာရောင်ဝါ ထွန်းပြောင်ပြီး တိုင်းပြည် ငြိမ်းချမ်း သာယာစေရေးအတွက် ကဆုန်ညောင်ရေသွန်းပွဲတော်၊ ဝါဆိုဝါကပ်ပွဲတော်၊ ဝါကျွတ်ပွဲတော်၊ ကထိန်ခင်းပွဲတော်၊ မီးပုံးပွဲတော်၊ သဲပုံ စေတီပွဲတော်တို့ကို ကျင်းပခဲ့၏။

ယင်းသို့ ပွဲတော်များ ကျင်းပခဲ့ခြင်းသည် အပျော်သက်သက် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းကားမဟုတ်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘောဖြင့်"ပျော်လည်းပျော်စေ၊ တော်လည်းတော်စေ" ရန် ရည်သန်ကျင်းပခဲ့ခြင်းဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံတစ်နိုင်ငံ၏ တည်တံ့ခိုင်မြဲမှု၊ တိုးတက်ကြီးပွားမှုသည် ယင်းနိုင်ငံသားတို့၏ နှလုံးရည်နှင့် လက်ရုံးရည်အပေါ်တွင်မူတည်သည်။ နှလုံးရည်ပြည့်ဝစေရန်အတွက် စာတော်ပြန်ပွဲကို ရှေးမြန်မာတို့ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မျက်မှောက်ခေတ်အနေဖြင့်ကြည့်လျှင် စာတော်ပြန်ပွဲမှာ ရဟန်း၊ သံဃာတော်များအတွက်သာဟု ပြောလိုကပြောနိုင်သည်။ သို့သော် ရှေးခေတ်က ယခုခေတ်ကဲ့သို့ စာသင်ကျောင်းများမရှိ။ ဘုန်းကြီးကျောင်းများသာ တိုင်းပြည်၏ အညွန့်အဖူးဖြစ်သည့် ကလေးသူငယ်များအား ပညာပေးရာ၊ အလိမ္မာပေးရာဌာနများ ဖြစ်ခဲ့သည်။ ထိုဌာနများမှာ လူကောင်းလူတော်များ မွေးထုတ်ပေးနိုင်သဖြင့် ဘုန်းတော်ကြီးများသည် တိုင်းပြည်၏ ဆရာများဖြစ်သည်။ အချို့သာသနာပိုင်ဘုန်းတော်ကြီးတို့သည် ရှင်ဘုရင်ကိုပင် အုပ်ချုပ်နိုင်စွမ်းရှိကြသည်။

ထို့ကြောင့် ရှေးမြန်မာမင်း၏ ဆရာသမားများ ဖြစ်ကြသော ရဟန်း၊ သံဃာတော်များသည် ပညာအရည်အသွေး ပြည့်ဝရန် လွန်စွာအရေးကြီးလှသဖြင့် စာတော်ပြန်ပွဲများ ကျင်းပခဲ့ခြင်းဖြစ်သည်။

လက်ရုံးရည်ပြည့်စုံရန်လည်း ရေတပ်သူရဲကောင်းများကို မွေးထုတ်သော လှေသဘင်ပွဲကိုလည်းကောင်း၊ ကြည်းတပ်သူရဲကောင်းများ မြင်းစီးသူရဲ၊ ဆင်စီးသူရဲ၊ လေးသည်သူရဲ စသည်တို့ကို မွေးထုတ်သော မြင်းခင်းသဘင် ပွဲတော်များကိုလည်းကောင်း ကျင်းပခဲ့ကြသည်။



ထို့ပြင် သာသနာရောင်ဝါထွန်းပြောင်၍ တိုင်းပြည်ငြိမ်းချမ်း သာယာလာစေရန် ကဆုန်ညောင်ရေသွန်းပွဲတော်၊ ဝါဆိုဝါကပ်ပွဲတော်၊ ဝါကျွတ်ပွဲတော်၊ ကထိန်းခင်းပွဲတော်၊ မီးပုံးပွဲတော်၊ သဲပုံစေတီပွဲတော် စသည်တို့ကိုလည်း ကျင်းပခဲ့သည်။

ယင်းသို့သော အကြောင်းအရာများကို အက္ခရာဗန္ဓသဒ္ဒအလင်္ကာ၊ သာယာကုံးညှိ ကဝိစာဆိုတို့ကလည်း တော၊ တောင်၊ ရေ၊ မြေ၊ နေ၊ လ၊ ကမ္ဘာ တန်ဆာအဖြာဖြာကို စိတ်ကူးဝင်လျက် တစ်လပြီးတစ်လ ဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီစက်ဝန်းအတွင်း ဩကာသလောက၏ သာယာပုံကို တစ်ဖုံတစ်ဖွဲ့ စာချဲ့ကာ သီကုံးဖွဲ့ကြသည်။

နဘောသုရာဘိ တာရာန၊ နရာ တာဏော ဘဝေနုန။
နနုရာ ဗုဒ္ဓေါ သရာန ရာသတာ ဏောသုဘောန။

ရာသီတစ်ဆယ့်နှစ်ရာသီသည် တာရာနက္ခတ်တတ်သောသူတို့၏ ကိုးကွယ်ရာဖြစ်၏။ မြတ်စွာဘုရားသည် လူတို့၏အောက်မေ့ဖွယ်ကုန်သောကောင်းမှု၌ ကိုးကွယ်ရာဖြစ်၏ဟူ၍ မိုင်းကိုင်ဆရာတော်ကြီးက ရာသီစက်ဂါထာတွင် ရာသီတစ်ဆယ့်နှစ်ရာသီ၏ အကျိုးကျေးဇူးတို့ကို ဖွင့်ဆိုထားသည်။

ဂါထာအဓိပ္ပာယ်ကို ဖွင့်ဆိုရလျှင် "တန်ခူးလမိဿရာသီ၌ စိတြနက္ခတ်နှင့် စန်းယှဉ်သည့်အခါ ပိတောက်ပန်းတို့ပွင့်ကြ၏" ဆိုသည့်စာအရ နက္ခတ်တာရာကြောင့် ပြောင်းလဲဖြစ်ပေါ်လာရမှုတို့ကို ဆယ့်နှစ်ရာသီ စာဆိုရှင်တို့အား ဖော်ကျူးထည့်သွင်း ဆိုလိုခြင်းဖြစ်ပေမည်။

မြတ်စွာဘုရားရှင်သည် "ဝနပ္ပ ဂုမ္ဗေ၊ ယသဖုဿိတဂ္ဂေ၊ ဂိမှာနမာသေ ပဌမသ္မိ ဂိမှေ" နွေလများတွင် ရှေ့ဦးစဖြစ်သော တန်ခူးလ၌ကောင်းစွာပွင့်သည့် ခက်ဖြာစုံသော တောအုပ်သည် အသရေရှိလှ၏။ ရာသီဥတု၏ လေးနက်သော အဓိပ္ပာယ်ကို ရတနသုတ်တော်တွင် ဂါထာဖြင့်ကျူးရင့်ခဲ့သည့် မြတ်စွာဘုရားရှင်သည် ရာသီဖွဲ့တို့၏ ပထမအစအဦးဆုံးသော ကဗျာဝိဒူကြီးပင်ဖြစ်သည်ဟု ဆိုရပေမည်။ ထို့ကြောင့် ဆယ့်နှစ်လရာသီဖွဲ့ဆိုသူတို့အား နက္ခတ်တာရာတတ်သော သူတို့၏ ကိုးကွယ်ရာဟူ၍ ပညာရှင်တို့ ညွှန်းဆိုခဲ့သည်မှာ သဘာဝကျလှပါသည်။ ရှေးခေတ်စာဆိုတို့၏ ရေးသားပြုစုသော လမြတ်အကြောင်းတို့အား လက်လှမ်းမီသမျှ လေ့လာလျက် တင်ပြခြင်းဖြစ်ပါသည်။

ရှေးခေတ်စာဆိုကြီးများမှ နက္ခတ်တာရာ အချိန်အခါမှအစ ဆယ့်နှစ်ရာသီ၌ ဖြစ်လေ့ဖြစ်ထရှိသည်ကို စာပေဝါသနာရှင်များမှ မှီငြမ်းပြုနိုင်ရန် တစ်စုတစ်စည်းတည်း ပြီးမြောက်စေလိုသော ဆန္ဒဖြင့်ဖော်ထုတ်ခြင်းလည်းဖြစ်ပါသည်။ သို့ပါ၍ မြန်မာ့လေ့ပွဲတော်တစ်ခွင် ဖြစ်ပေါ်ပြောင်းလဲမှုများသည် မည်သူကသာ၊ မည်သူကယဉ်သည်ကို တင်စားနှိုင်းယှဉ်ကြရန်နှင့် ဆိုင်ရာပိုင်ရာ အလှအပတို့အား ရှာဖွေနိုင်စေလိုသော အာသီသရှေ့ထား၍ တင်ပြရခြင်းဖြစ်ပါ၏။



## လစန္ဒာအကြောင်း

ကမ္ဘာဦးလူသားတို့သည် ရေတွက်ခြင်း သင်္ချာအတတ်ကို တတ်မြောက်စ ကာလကပင် အချိန်နှင့်ကာလတို့ကို ရေတွက်မှတ်သားခဲ့ကြသည်။ နေထွက်မှနေဝင်အထိကာလကို တစ်နေ့၊ နေဝင်မှနေထွက်အထိ ကာလကို တစ်ည၊ တစ်နေ့နှင့် တစ်ညနှစ်ခုပေါင်းကို တစ်ရက်ဟုခေါ်သည်။ ညအခါ လသာသော ၁၅ ရက်ကို ဇုဏှာပက္ခ (လဆန်း)၊လမိုက်သော ၁၅ ရက်ကို ကာဠပက္ခ (လဆုတ်)၊ လဆန်း ၁၅ ရက်နှင့် လဆုတ် ၁၅ရက်၊ နှစ်ပက္ခပေါင်းလျှင် ရာသီမာသ (တစ်လ) ဖြစ်သည်။ ရာသီမာသ (၁၂ လ) ရှိလျှင် တစ်နှစ်ဖြစ်သည်။

ယင်းသို့အမှတ်အသားဖြစ်သော ယဉ်ကျေးမှုတို့ကို တတ်လာသောအခါ ကောင်းကင်ကိုကြည့်၍ နက္ခတ်အတတ်ပညာများကိုလိုက်စား လာကြသည်။ ထိုအခါ တနင်္ဂနွေ၊ တနင်္လာစသော နေ့ခုနှစ်ကိုလည်းကောင်း၊ ဂြိုဟ်များ၊ တာရာများ၊ နက္ခတ်များစသည်တို့ကိုလည်းကောင်း၊ နက္ခတ်တာရာတို့၏ သွားလ၊ သွားရာသီအလိုက် လစန္ဒာနှင့် ယှဉ်ပုံများကိုလည်းကောင်း၊ ကောင်းကျိုးဆိုးပြစ်များကိုလည်းကောင်း အတွေ့အကြုံအားဖြင့် သိရှိယုံကြည်ကာ မှတ်သားခဲ့ကြပေသည်။ ထို့ကြောင့် နက္ခတ်ဗေဒင်ပညာရပ်များလည်း ပေါ်လာခဲ့သည်။ နှစ်များ၊ လများ၊ နေ့များကိုရေတွက်ခြင်းသည် ကမ္ဘာဦးလူသားတို့ ယဉ်ကျေးလာသည်မှ အစပြုခဲ့သည်ဟုဆိုရပါမည်။

ယင်းအချိန်ကာလ ရေတွက်ခြင်းအကြောင်း တင်ပြနိုင်ရန် လ(စန္ဒာ)ကို ဦးစွာဖော်ညွှန်းမှသာ ပို၍ပြည့်စုံမည်ဟု ယူဆ၍ဖြစ်သည်။

"ရွှေလမှာယုန်ဝပ်လို့၊ ဆန်ဖွပ်သည့်အဘိုးအို၊ ဟော. . . ကြည့်ပါဆို။

ဆိုသာဆို ပိုမိုသည့်စကား၊ ကလေးအငိုတိတ်အောင်၊ အရိပ်အယောင်ပြတယ်၊ ဖိုးလနတ်သား"

မြန်မာတို့၏ယဉ်ကျေးမှုဖြစ်သော သားချော့တေး ကဗျာလေးကို ဖော်ပြလိုက်ပါသည်။ ရွှေလမှာ ယုန်ဝပ်လို့ ဆန်ဖွပ်သည့် အဘိုးအို ဆိုသည့်အတွက် "လ"တွင် ဆန်ရေစပါးပေါ်များသည့် အတိတ်နိမိတ်ကို ဖော်ဆောင်သည်။ ကမ္ဘာသူကမ္ဘာသားတို့အား "လ" က ဖန်တီးပေးမှုကြောင့် အသက်ရှင်နေထိုင်ကြရသည်ဟု ယူဆဖွယ်ရာဖြစ်သည်။ ထိုကဗျာရှင်က ဖော်ပြခဲ့သည်ကို ပုံပြင်ပမာ ယုံကြည်ကာ မှတ်ယူနေကြသည်။

လသာသောညချမ်းချိန်ခါတွင် ယာခင်းတလင်းပြင်မှနေ၍ ဖိုးလမင်းကြီးထံ ထမင်းဆီဆမ်း၊ ရွှေလင်ပန်းကို တောင်းလာကြသည်မှာ ရှေးရှေးကပင် ဖြစ်သည်။

"မိုးပေါ်မှာ ကြယ်တစ်လုံး၊ တိမ်ဖုံးပါလို့ လမသာ၊ သာတဲ့ အခါ သာပါလိမ့်မယ်၊ နတ်ဒေဝါ သူဖန်ဆင်း၊ ဖိုးရွှေလမင်း" ဟူ၍ ရှေးက သားချော့ကဗျာအရ လကို မိုးကောင်းကင်၌ မြင်တွေ့နေရသည်မှာ ဒေဝါသိကြားများ ဖန်ဆင်းပေးခဲ့သည့်အလားဟု ထင်မှတ်



နေကြသည်။ တိမ်ဖုံးပါလို့ လမသာ၊ သာတဲ့ အခါ သာပါလိမ့်မယ် ဟူ၍ "လ" ကိုတမ်းတကြသည်။

လမသာလည်း တမ်းတသည်။ လသာလည်း တမ်းတသည်။
ကုမုဒြာကြာပင်သည် လရောင်ဖြင့်ပွင့်သည်။
လမင်းကြီးသည် ဆွဲငင်အားရှိသည်။ စွမ်းဆောင်နိုင်သည်။
လူသားတို့အား စည်းလုံးနိုင်သည်။ ရာသီဥတုကိုလည်း
ဖန်ဆင်းနိုင်သည်။
ဒီရေတက်ခြင်း၊ ရေကြီးခြင်းတို့ကိုလည်းဖြစ်စေသည်။
စန်းလသော်တာ လမင်းကို ချစ်သူမျက်နှာပမာ ချစ်ရေး
ဆိုရာတွင်လည်းပါဝင်သည်။

လမင်းကြီးသည် ကမ္ဘာမြေပြင်ရှိ လူသားတို့အတွက် လိုအပ်သမျှ အာဟာရကို အပြည့်ပေးသည်ဟု ဆိုကြသည်။ သားသမီးမွေးဖွားရာတွင် အမိဝမ်းကကျွတ်ပြီး အူဝဲဟူ၍ ဩကာသလောကကို နှုတ်ဆက်သော အချိန်ကို ဇာတာဖြင့် သတ်မှတ်ရာတွင် လဂ်ဟုခေါ်သည်။ ထိုလဂ်ကို လဟူ၍ ဇာတာတွင်ရေးမှတ်ကြသည်။ လကိုကြည့်လျှင် ရွှေလမှာ ယုန်ဝပ်လို့ ဆန်ဖွပ်သည့်အဘိုးအိုတို့သည် ကမ္ဘာကြီး၏ အမှတ်တံဆိပ်(Trade Mark) ဖြင့်လကို တင်စားမှတ်ယူနိုင်သည်။ ဤသည်မှာ လပြည့်နေ့တွင် မြင်နေကြ လကို တင်စားခြင်းဖြစ်သည်။

မြန်မာတို့၏ စာဆိုပညာရှင်တို့က လကို တနင်္လာဂြိုဟ်ဟုခေါ်သည်။ ဗေဒင်ကျမ်းအလိုအရ စန်းဟုပြဆိုသည်။ ငွေစန္ဒာ၊

ငွေသော်တာစသည်ဖြင့် ကဗျာဆန်ဆန်လည်း ခေါ်ဆိုကြသည်။ ပါဠိဘာသာဖြင့်ရှိသော လကို "မာသ"ဟူသော ဝေါဟာရဖြင့် "လ"ကို ခေါ်ဝေါ်ခြင်းပင်ဖြစ်သည်။ ဤကဲ့သို့ ကောင်းကင်မှ လကိုအစွဲပြု၍"ကာလ"ကိုလည်း လဟု ပိုင်းခြားသည်။ လမင်းကြီး၏ တစ်နှစ်ကာလကို (၁၂) လပိုင်းခြားသတ်မှတ်ရာတွင် ပိုင်းခြားမှုကို "လ" ဟူ၍ပင်ခေါ်၏။ လကို အင်္ဂလိပ်ဘာသာ၌ Month မာသဟု ခေါ်သည်။ Moon မှ ဆင်းသက်လာသည်။ "လ"က ကမ္ဘာကို လှည့်ပတ်သောအခါ လဆန်း (၁) ရက်နေ့မှနောက် လမဆန်းမီ လကွယ်နေ့အထိ ရက်ပေါင်း (၂၉) ရက်၊ (၁၂) နာရီ၊ (၄၄) မိနစ်၊ (၂. ၈) စက္ကန့်ကြာသည်။ ထိုသို့ တစ်ပတ်ပြည့်အောင် လှည့်သော "လ"၏ လမ်းကြောင်းကို အစွဲပြု၍ တစ်လဟု ဖြစ်ပေါ်စေသည်။ ထိုတစ်လကို စန္ဒမာသဟု ခေါ်သည်။ တစ်နှစ် ကာလကို (၁၂)ပိုင်း ပိုင်းခြားထားရာတွင် တစ်ညီတည်းမျှစွာ ပိုင်းခြားထားသည်မဟုတ်ပါ။ လသွားလမ်းကြောင်းကို ကြည့်၍လည်းကောင်း၊ ကြယ်သွားလမ်းကြောင်းကို ကြည့်၍လည်းကောင်း၊ နေသွားလမ်းကြောင်းကို ကြည့်၍လည်းကောင်း တစ်လတာကာလကို သူ့စနစ်နှင့်သူ ပိုင်းခြားခြင်းဖြစ်သည်။

လသည် ကမ္ဘာကိုပတ်ရာတွင် ရက်ပေါင်း (၂၇) ရက်၊ (၇) နာရီ (၄၃) မိနစ် (၁၁. ၅) စက္ကန့်ကြာသည်။ ဤသည်မှာ ဝေးလံသော အခြားကြယ်မှ ကြည့်ခြင်းဖြစ်သည်။ ဤသို့ ကြယ်မှ ကြည့်၍ ခေါ်သောလကို "နက္ခတ်"လဟု ပညာရှိတို့ သတ်မှတ်



ခေါ်ဆိုထားသည်ကို မှတ်သားရ၏။ နေကို ကမ္ဘာက တစ်ပတ်ပြည့်အောင်ပတ်သောကာလကို တစ်နှစ်ဟု ခေါ်ဆိုသည်။ ရက်အားဖြင့် (၃၆၅) ရက် (၆) နာရီ၊ (၁၂) မိနစ်၊ (၃၇) စက္ကန့်ဖြစ်၏။ ကမ္ဘာသည် နေကို (၃၆၅$\frac{၁}{၄}$) ရက်ဖြင့် တစ်ပတ်ပတ်သည်ဟုဆိုရ၏။ ထိုတစ်နှစ်ကာလကို (၁၂) ပိုင်းပိုင်းလျှင် ရက်ပေါင်း (၃၀) (၁၀) နာရီ (၂၉) မိနစ်(၄) စက္ကန့်ရသည်။ ယင်းသည် တစ်လဖြစ်၏။ သူရိယမာသဟုခေါ်သည်။ နေ၊ လ၊ နက္ခတ်၊ တာရာကိုဆွဲ၍ လ၏ ကာလကို တွက်ချက်ကြခြင်းဖြစ်သည်။

နိုင်ငံအသီးသီးတွင် မိမိတို့နှင့်သက်ဆိုင်သော ခုနှစ်၊ လ၊ ရက် စသည်တို့ကို နေသွားလမ်းနှင့် တွက်ချက်ကြသည်။ ပြက္ခဒိန်ဖွဲ့ကြသည်။ ပြက္ခဒိန်တို့၌ ဖော်ပြသောလကို လူမျိုးအသီးသီးတို့၏ ဓလေ့ထုံးတမ်းအရ လူမှုကိစ္စ အဝဝအလို့ငှာ ဆောင်ရွက်ကြ၏။ ထိုကဲ့သို့ ဓလေ့ထုံးစံနှင့် လူမှုရေးတို့ အသုံးဝင်လျက်ရှိသောလတွင် ယုန်ဝပ်ပြီး အဘိုးအို ဆန်ဖွပ် နေခြင်းသဏ္ဌာန် မြင်တွေ့ကြရသည်မှာ ကမ္ဘာကြီးအတွက် အမှတ်တံဆိပ် ခေါ်ဆိုနိုင်သကဲ့သို့ လ၏ပုံရိပ်ကို ပီပြင်စေတော့သည်။

ဤကားမိုးကောင်းကင်သို့ မော့ကြည့်က တွေ့မြင်ရသော လကို မြန်မာအသွင် အတွေးအခေါ် အယူအဆတို့ကို ဖော်ပြခြင်းဖြစ်သည်။ ထိုလသည် ကမ္ဘာကြီး၏ အခြားတစ်နေရာတွင် အာကာသဟင်းလင်းပြင်ကြီးပေါ်၌ ရှိနေသောဂြိုဟ်တစ်ခု (သို့မဟုတ်) ကမ္ဘာတစ်ခုပင်ဖြစ်သည်။ ၂၀ ရာစုမတိုင်မီကပင် လပေါ်သို့ လူသားတို့ ရောက်ရှိခဲ့ကြသည်။

'လ· Moon' နှင့် 'Sun' နေ အကြားတွင် ကမ္ဘာကြီး တည်ရှိနေသည်ကို သိပ္ပံပညာရှင်၊ နက္ခတ်ပညာရှင်များက ဆိုကြသည်။ ကမ္ဘာကြီး၏ တစ်ဖက်ခြမ်းတွင် လသည်တည်ရှိနေပြီး ကမ္ဘာကို ခြံရံနေပေ၏။ နေနှင့်လ ခြံရံလျက် ရှိသော ကမ္ဘာကြီးအား တစ်ခါတစ်ရံတွင် လနှင့်နေတို့ တစ်တန်းတည်း ဖြစ်ခဲ့လျှင် နေကြတ်သည်၊ လကြတ်သည်ဟု ခေါ်ဆိုလာခဲ့ကြသည်။ လကြတ်ခြင်း ကို "လငပုတ်ဖမ်း" သည်ဟု မြန်မာ ရှေးလူကြီးများက ဆိုကြသည်။ အတိတ် နိမိတ်စသော သဘာဝလွန် ယုံကြည်မှုများနှင့် ရှေးဖြစ်များကိုလည်း ဟောခဲ့ကြသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ပုံပြင်၊ စကားပုံများလည်း ရှိခဲ့ကြပေသည်။



## ရှေးရှေးကတေးဆိုရှင်

မြန်မာဆယ့်နှစ်လရာသီဖွဲ့တေးဆိုတို့သည် လရာသီများကို ဖွဲ့ဆိုကြရာ ထင်ရှားသူအချို့ ရှိသကဲ့သို့ ရာသီတစ်ခုတည်းကိုသာ စပ်ဆို ဖွဲ့နွဲ့ပြီး ထင်ရှားသော တေးဆိုကြီးများလည်းရှိသည်။

သက္ကရာဇ် ၈၁၅-၈၅၅ တွင် ဂါထာ ၆၀ ပျို့ဖြင့် ရှင်အုံးညိုသည် အထူးကျော်ကြားခဲ့သည်။ တောင်တွင်းကြီးမြို့တွင် ပေလေးပင်ရှင်လေးပါး၌ ပါဝင်သော တေးဆိုတော် အကျော် အမော်ဖြစ်သည်။ ဂါထာ ၆၀ ပျို့ကိုဖွဲ့ဆိုခဲ့သည်။ ဂါထာ ၆၀ ပျို့မှာ တပေါင်းလကိုဖွဲ့ဆိုသော ဂါထာဖြစ်သည်။ တေးဆို အကျော်ရှင်ဥတ္တမကျော်နှင့် သက်ရွယ်တူမျှဖြစ်သည်။

မြန်မာ့ဆယ့်နှစ်လရာသီကို ဖွဲ့ဆိုပြီး အကျော်အမော်မဖြစ်သော်လည်း အင်းဝခေတ်က ရှင်မဟာသီလဝံသသည် ဆုံးမစာများ ဟတ္ထိပါလပျို့ခေါ် စတုဓမ္မသာရပျို့၊ ကိုးခန်းပျို့ အပါအဝင် ပျို့၊ ကဗျာ၊ အလင်္ကာ၊ မော်ကွန်း၊ ရတုစသည့်ဖွဲ့ဆိုမှုများကို ဂုဏ်တင် စပ်ဆိုခဲ့သည်။

အင်းဝခေတ်က တေးဆိုအကျော် ရှင်မဟာရဋ္ဌသာရ အဆုံးအမများသည် အများအပြား ကျန်ခဲ့သည်။

တောင်ဖီလာဆရာတော်သည် ဗုဒ္ဓဘာသာဝင်များ သီလခံယူတည်ဆောက်ရာတွင် ရွတ်ဆိုလျက်ရှိကြသော "အဟံ ဘန္တေ" သီလတောင်းဆိုမှုကို ရေးသားချီးမြှင့်ခဲ့သည်။ ပျို့၊ ကဗျာ၊ မေတ္တာစာ၊ ဆုံးမစာအမျိုးမျိုးကို စပ်ဆိုခဲ့သည်။

စာပေလောကတွင် (ဗုဒ်စ၊ ဗုဒ်လယ်၊ ဗုဒ်ဆုံး) တေးဆိုအရ ဗုဒ္ဓသည်အစ၊ ဗုဒ္ဓဃောသသည် အလယ်၊ ဦးဗုဒ်သည် အဆုံးဆို

သည်နှင့်အညီ ကုန်ဘောင်ခေတ် စာဆိုရှင် ဦးပုဓ်သည် ကျော်ကြားခဲ့သည်။

"သိင်္ဂါလောဝါဒ" ဆုံးမစာကို ရေးသားတော်မူခဲ့သော သင်္ဂဇာဆရာတော်သည် စာပေလောကတွင် ထင်ပေါ်ကျော်ကြားသည်။

ထန်းတက်သမား တျာချင်း၊ လယ်သမားတျာချင်းဖြင့် ခေတ်ကာလလူငယ်အများ နှစ်သက်မြတ်နိုးခြင်းခံရသော ဝန်ကြီးပဒေသရာဇာသည် သက္ကရာဇ် ၁၀၃၄ ခုနှစ်၌ နန်းတက်သော အင်းဝဘုရင်ဖြစ်သည့် အင်္ဂါမင်းလက်ထက်တွင် ဖွားမြင်သည်။ စနေမင်း၊ တနင်္ဂနွေမင်းနှင့် ဟံသာဝတီမင်းတရားကြီး လက်ထက်တွင် ပဒေသရာဇာဘွဲ့ကိုရရှိသည်။ ထိုစာဆိုတော်ကြီးသည် ကဗျာစာပေ အဖွဲ့အနွဲ့၌ သူဇာပျို့၊ မနော်ပျို့၊ စသည်တို့ကို ဖွဲ့ဆိုခဲ့သည်။

စိန္တကျော်သူ ဦးဩသည်လည်း သက္ကရာဇ် ၁၁၁၃ ခုနှစ်၊ အသက် ၁၅ နှစ်အရွယ်တွင် ပြုစုသော ကဝိလက္ခဏာ သတ်ပုံကျမ်းနှင့် ၁၁၂၂ ခုနှစ်တွင် ပြုစုသော ဩဝါဒထူးပျို့ စသည့် ကျမ်းနှစ်စောင်အတွက် မြန်မာစာပေသမိုင်းတွင် ထင်ရှားခဲ့သည်။

ဆယ့်နှစ်လရာသီဖွဲ့များနှင့် အလွန်လူသိများသော စာဆိုတို့မှာ လှူဦးမင်းနှင့် ဖိုးသူတော်ဦးမင်းတို့ဖြစ်၏။ ထိုစာဆိုတို့သည် နာမည်တူသောကြောင့် လူဝတ်ဘဝတွင် နေထိုင်သောသူကို လှူဦးမင်း၊ ဖိုးသူတော်ဘဝဖြင့် ရဟန်းတော်တို့ထံပါးတွင် ဆည်းကပ် နေထိုင်သူကို ဖိုးသူတော်ဦးမင်းဟူ၍ ခွဲခြား ခေါ်ဆိုခြင်းဖြစ်သည်။

လှူဦးမင်းကား သက္ကရာဇ် ၁၁၃၆ တွင် ဖွားမြင်၍ ၁၂၀၉ တွင် ကွယ်လွန်သည်။ စာဆိုတော်လှူဦးမင်းသည် ဘိုးတော်ဘုရား၊



ဘကြီးတော်၊ ရွှေဘိုမင်း နှင့် ပုဂံမင်းတို့၏ လက်ထက်များတွင် အမှုတော်ထမ်းရွက်ရသည်။

ဖိုးသူတော်ဦးမင်းသည် ဘကြီးတော်ဘုရားလက်ထက်နှင့် ကုန်းဘောင် ရွှေဘိုမင်းလက်ထက်တွင်ထင်ရှားသည်။ ရှင်ကျွန်ဘောသဓေဘွဲ့ဖြင့် ဖိုးသူတော်ဝတ်ခဲ့ဖူးသောကြောင့် ဖိုးသူတော်ဦးမင်းဟု ထင်ရှားသည်။ ဖိုးသူတော်ဦးမင်း စပ်ဆိုသော ဆယ့်နှစ်ရာသီဖွဲ့များမှ ရာသီဖွဲ့များကို လေးဆစ်ပုံစံနှင့် တစ်မျိုး၊ လွမ်းချင်းပုံစံနှင့်တစ်မျိုး အမျိုးမျိုးဖွဲ့ဆိုသည်။ မန်လည်ဆရာတော် သည် ပိဋကတ်စာပေကျမ်းဂန်များကို ဘာသာမျိုးစုံ ပါရဂူမြောက်တတ်ကျွမ်းပြီး ဘက်စုံထူးချွန်၍ ကျမ်းစာပေါင်း ၆၀ ကျော် ပြုစုခဲ့သည့် မောင်းထောင်းတေး၊ အံတော်သီချင်း၊ နက္ခတ်ကျမ်း၊ ဆေးကျမ်း၊ အင်္ဂလိရတ်ကျမ်းများနှင့် စာဆိုဝါသနာပါသူတိုင်း အားထားရသော "မဟာသုတကာရီ မဃဒေဝလင်္ကာ" ကို ရေးဖွဲ့ခဲ့သဖြင့် ကျော်ဇောထင်ရှား၏။

"မဲဇာတောင်ခြေ၊ ပွဲခါညောင်ရေ၊ သဲသာသောင်ခြေ" အစချီသောရတုပိုဒ်စုံဖြင့် ဆယ့်နှစ်လရာသီ၏ဆွတ်ဖျံ့ဖွယ်များကို ဖွဲ့ဆိုထားခဲ့သည့် လက်ဝဲသုန္ဒရ အမတ်ကြီးတို့သည်လည်း ထင်ရှားခဲ့ပေသည်။

ပြဇာတ်စာဆိုဦးကြင်ဥသည် ဘကြီးတော်ဘုရား၊ ရွှေဘိုမင်းနှင့် ပုဂံမင်းတို့၏ လက်ထက်တွင် ထင်ရှားသည်။ စလေဆရာဦးပုညနှင့် ခေတ်ပြိုင်ဖြစ်၍ ဦးပုည၏ ပြဇာတ်နှင့် ဦးကြင်ဥ၏ပြဇာတ်များကို စာပေသုတေသီတို့က ယှဉ်တွဲလေ့လာမှတ်သားကြသည်။

ဦးကြင်ဥ၏ ကဗျာလင်္ကာတို့သည် တည်တည်ခန့်ခန့်နှင့် ဗဟုသုတ အနှစ်သာရ ရှိသည်။ ဦးပုည၏မေတ္တာစာအပါအဝင် ကဗျာလင်္ကာတို့မှာကား အလွန်ရှင်သည်။ ဦးကြင်ဥ၏ ဆယ့်နှစ်ရာသီဖွဲ့တို့မှာ ခေတ်အဆက်ဆက် မရိုးနိုင်သော ရာသီဖွဲ့များ ဖြစ်လေသည်။

ပြဇာတ်အရေးအသားတွင် ဆရာတစ်ဆူဟု မှတ်ယူရသော စာဆိုတော်စလေဦးပုညသည် ဇဝနဉာဏ်ထက်သည့်အလျောက် ဟာသဂုဏ်မြောက်သော စာပေအဖွဲ့အနွဲ့အမျိုးမျိုးကို စီရင် ရေးသားခဲ့သည်။ နဘေအရာတွင် စလေဆရာသည် သူမတူလက်စွမ်း ထက်ကြောင်းမှတ်သားရသည်။

မယ်ခွေသည် ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား လက်ထက်တွင် အလွန်ထင်ရှားသည့် အမျိုးသမီးစာဆိုတော်ဖြစ်သည်။ သက္ကရာဇ် ၁၁၈၀ ပြည့်နှစ်တွင်မယ်ခွေသည် အဲချင်း အမျိုးမျိုးတို့ကို စပ်ဆိုခဲ့ရာ လူကြိုက်များခဲ့သည်။ ရာသီဖွဲ့အမျိုးမျိုး တို့ကို အဲချင်းပုံစံဖြင့်စပ်ဆိုခဲ့ရာ ယနေ့တိုင်အောင် ထင်ရှားလျက် ရှိသည်။

ရာသီဖွဲ့ဖွဲ့ဆိုရာတွင် ကြည်နူးဆွတ်ပျံ့စရာကို ဖော်ပြရလျှင် စာဆိုတော် နတ်သျှင်နောင်က "ပေါ်နွေလလျှင်၊ တောင်ကမြိုင်မြိုင်၊ မင်းလွင်ဦးနှင့် ပျံ့ပူးချုပ်ဆိုင်း၊ မုန်တိုင်းဆင်လို၊ တိမ်ညိုမှိုင်းထပ်၊ ပြက်လျှက်ပြကာ" စသည်ဖြင့် စစ်မြေပြင်မှချစ်သူနှင့် နေပြည်တော်ကို ဥတုရာသီအလွမ်းနှင့်ဖွဲ့ဆိုထားသည်မှာ သာယာနာပျော်ဖွယ်ဖြစ်သည်။



ဤဖော်ပြခဲ့သော စာဆိုများအပြင် ဆယ့်နှစ်ရာသီဖွဲ့များကို စပ်ဆိုခဲ့ကြသော အခြားစာဆိုများရှိနေပါသေးသည်။ အတုလမင်းကြီးနှင့် လှူးတား ဆရာဦးသာ၊ ဦးအောင်ကြီးတို့အပြင် ရာမရကာန်ဦးတိုးလည်း ရှိသည်။

နှစ်ဆယ်ရာစု ဒုတိယပိုင်းမှစ၍ ထင်ရှားခဲ့သော စာဆိုတော် မဟာဂီတ ဦးပြုံးချိုကို မဟာဂီတဟူသော ဝိသေသဖြင့် ခေါ်ဆိုကြခြင်းမှာ မဟာဂီတပေါင်းချုပ်ကို စုဆောင်းပြုစုခဲ့ကြခြင်းကြောင့်ဖြစ်သည်။ ထိုအခါက ရေးသားသော ကျိုက်ထီးရိုးနတ်လမ်းညွှန်ကဗျာလင်္ကာသည် လူကြိုက်များသော ကဗျာလင်္ကာဖြစ်သည်။ "တေဘုမ္မာ"သီချင်းကြီးနှင့် ထင်ရှားကျော်ဇောခဲ့သည်။ ဦးပြုံးချိုသည် ၁၂၄၀ ပြည့်နှစ်၌ကျိုက်လတ်မြို့တွင် မွေးဖွားခဲ့ပြီး ၁၂၈၉ ခုနှစ်၊ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။

ရှေးရှေးက လရာသီဘွဲ့စာဆိုရှင် ကဗျာပါရဂူတို့သည် ဗုဒ္ဓဝင်ကျမ်းဂန်များနှင့် နိပါတ်တော်တို့ကို ထည့်သွင်းစပ်ဆိုခဲ့ကြသည်မှာ သုတရသစုံလင်လှပါသည်။ ဆယ့်နှစ်လရာသီအသွင်ကို ရေးဖွဲ့ရာ၌ မြန်မာစာပေသမိုင်းတွင် ထင်ရှားသော စာဆိုတော်အများအပြားရှိသေးသည်။ ထင်ရှားမှတ်သားဖွယ်ကောင်းသော စာဆိုရှင်များကို အကျဉ်းသာ ဖော်ပြလိုက်ပါသည်။

ဖော်ပြပါစာဆိုရှင်၊ စာပေပညာရှင်တို့၏ လွမ်းချင်းတေးထပ်၊လေးချိုးမှာတမ်းရတု၊ လှူးတားအဲချင်း၊ သံပေါက်စသည်တို့မှာ လက်လှမ်းမီ စုမိသမျှတို့ကို ရှေးစာဆိုရှင်တို့ အမြင်ကဏ္ဍတွင် စုံလင်စွာဖော်ပြထားပါ၏။

## မြန်မာ့ဆယ့်နှစ်လပွဲတော်နှင့် ပွင့်သောပန်း

မြန်မာနိုင်ငံတွင် ဥတုသုံးပါးရှိမှုကြောင့် ပူခြင်း၊ အေးခြင်းတို့ဖြစ်ပြီး ကောက်ပဲသီးနှံ၊ ပန်းမန်သစ်ဝါးတို့သည် စဉ်ဆက်မပြတ်ဖြစ်ထွန်းနေ၏။ မြန်မာနိုင်ငံ၏ ပထဝီအနေအထားသည် ဧရာမြစ်၊ လျှိုမြောင်၊ ကုန်းခေါင်ချိုင့်ဝှမ်း၊ တောတန်း ရေတာစွယ် အသွယ်သွယ်တို့ဖြင့် ပြည့်စုံနေသည်။ ဥပမာ တင်စားရလျှင် မြန်မာနိုင်ငံသည် အစဉ်အမြဲ တစ်နှစ်ပတ်လုံး သီးပွင့်နေသော ဥယျာဉ်ကြီးပင် ဖြစ်သည်။

ထွန်းယက်စိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကထားသည့် မြန်မာတို့သည် ထိုပတ်ဝန်းကျင်ရှိ တောတောင်ရေမြေ သဘာဝအလှနှင့် အမြဲတစေထိတွေ့နေကြ၏။ မြန်မာလ အကြောင်းကို စကားပြေဖြင့်ဖြစ်စေ၊ ကဗျာလင်္ကာဖြင့် ဖြစ်စေ၊ ဖွဲ့နွဲ့ပြောဆိုလျှင် မည်သည့်လရာသီ၌ မည်သည့်ပန်း ပွင့်သည်ဟူသောအချက်ကို အဓိကထား၍ဆိုလေ့ရှိသည်။ ရှေးကစာဆိုတို့သည် လရာသီနှင့် ပွင့်သောပန်းကိုယှဉ်၍ စပ်ထားသော ကဗျာလင်္ကာမှာ-

"ပန်းကံ့ကော်ရွှေစံကား၊ ငွေသားနုစပယ်မှန်
မုလေးခေတ္တာနှင့် ရွှေယင်းမာ၊ ကြာခဝဲ
ဖွဲ့ဝနှင်းလျှံ၊ သဇင်ကျွန်၊ ခွာတနှင့်ပေါက်လဲ
ပွင့်ဝတ်ကယ် ရွှေဖီမင်း၊ သင်းထုံနံ့ကဲ"

တန်ခူးလတွင် ကံ့ကော်ပန်း၊ ရင်ခတ်ပန်း၊ ကဆုန်လတွင်



စကားပန်း၊ နယုန်လတွင် စံပယ်ပန်း၊ မုလေးပန်း၊ ဝါဆိုလတွင် ပုန်းညက်ပန်း၊ ဝါခေါင်လတွင် ခတ္တာပန်း၊ တော်သလင်းလတွင် ယင်းမာပန်း၊ သီတင်းကျွတ်လတွင် ကြာမျိုးငါးပါး၊ တန်ဆောင်မုန်းလတွင် ခဝဲပန်း၊ နတ်တော်လတွင် သဇင်ပန်း၊ ပြာသိုလတွင် ခွာညိုပန်း၊ တပို့တွဲလတွင် ပေါက်လဲပန်း၊ တပေါင်းလတွင် ပိတောက်ပန်း၊ သရဖီပန်း၊ အင်ကြင်းပန်း စသည်တို့ဖြစ်၏။

ရာသီအလိုက် ပွင့်သောပန်းတို့ကို ရာသီဖွဲ့စာဆိုတို့က မှတ်တမ်းများ တင်၍ထားခဲ့သည်။ စာပေပညာရှင်တိုင်းအတွက် လေ့လာဖွယ်ရာ ဖြစ်သည်။ ထို့ကြောင့် ရာသီမသိပန်းနှင့်ညိုဟု စာပေပညာရှင်များအတွက် စာချိုးကား မှတ်သားရလွယ်အောင် ရေးထိုးခဲ့ကြ၏။ မြန်မာဆယ့်နှစ်လရာသီပွဲတော်နှင့် လများအကြောင်း မှတ်တမ်းပြု၍ရေးသားရင်း ရာသီအလိုက် ပွင့်သောပန်းတို့၏ လှပမှုတို့ကို ဖော်ပြစပ်ဆိုခင်းဖြင့် ရသကို ခံစားနိုင်ပေလိမ့်မည်။

ထို့နောက် ဆယ့်နှစ်လရာသီတစ်ခွင်ရှိ လများတွင် ကျင်းပကြသော ပွဲတော်များကို -

သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ
စာပလွှေခင်း၊ ပဉ္စင်းတော်ခံ
စာရေးတံနှင့်၊ မြစ်ယံပွဲကြီး
ဆီးမီးထွန်းချိန်၊ ကထိန်နတ်ကျင်း
မြင်းခင်းထွက်ဝင်၊ သဘင်မီးပုံး

ဝူလုံးသဲပုံ၊ ခရူစုံစီလျှဉ်
ဋ္ဌာသို့ယှဉ်သာ၊ လစဉ်အမြဲ
ဆယ့်နှစ်ပွဲကို။

ဟူ၍ လက်ဝဲသုန္ဒရအမတ်ကြီးက အကျဉ်းမျှ မှတ်တမ်းပြု ဖွဲ့ဆိုထားခဲ့သည်။

ပွဲတော်တို့သည်ကား နှလုံးရည်၊ လက်ရုံးရည်၊ ရိုးရာ ဓလေ့စသည်တို့ကို အခြေခံကာ ကျင်းပလာကြခြင်း ဖြစ်ကြောင်းကို လေ့လာပြီးဖြစ်ကြပေမည်။ ဖော်ပြပါ မရိုးနိုင်သည့် ရိုးရာဓလေ့ ပွဲတော်နှင့် ပွင့်သောပန်းတို့၏အလှကား မြန်မာ့ဓလေ့ပွဲတော် တစ်ခွင် ဘယ်ပန်းသာလို့ယဉ် စာတမ်း၌ အထောက်အကူရလိမ့် မည်ဟု မျှော်လင့်သည်။ မြန်မာလတို့၏ အမည်များသည် ရှေးကနှင့်မတူ၊ ယခုအခေါ် အဝေါ် ပြောင်းလဲလျက်ရှိသည်ကို လေ့လာမိကြ ပေသည်။

ပုဂံခေတ် အရေးအသားနှင့်ယခုခေတ်အရေးအသားကို -

| | | |
|---|---|---|
| (၁) | တန်ခူ | တန်ခူး |
| (၂) | ကုဆုန်၊ ကဆုန် | ကဆုန် |
| (၃) | နံယုန်၊ နမျုန် | နယုန် |
| (၄) | မယ်တာ၊ မြွယ်တာ | ဝါဆို |
| (၅) | နံကာ | ဝါခေါင် |
| (၆) | တော်သလင် | တော်သလင်း |



| | | |
|---|---|---|
| (၇) | သန်တူ၊ သဋ္ဌူ | သီတင်းကျွတ် |
| (၈) | တန်ဆောင်မှုန်း | တန်ဆောင်မုန်း |
| (၉) | နတ်တော် | နတ်တော် |
| (၁၀) | ပွသိုဝ်၊ ပွာသိုဝ်၊ ပြုသိုဝ်၊ ပြာသိုဝ် | ပြာသို |
| (၁၁) | တပိုသွယ်၊ တပိုအသွယ် တပို့တွဲ | |
| (၁၂) | တပေါင် | တပေါင်း |

လတို့၏အမည်တို့ကို ပုဂံခေတ်အခေါ်နှင့် ယခုခေတ် အခေါ်တို့ကို ယှဉ်ပြရာ၌ ယခုခေတ်အခေါ်အား ၁၉၈၆ ခုနှစ်က ထုတ်ဝေသော မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းနှင့်အညီ ဖော်ပြလိုက်ခြင်း ဖြစ်ပေသည်။

# မြန်မာ့ဆယ့်နှစ်လ

# နှင့်

# ပွဲတော်များ

## တန်ခူးလနှင့်
## သင်္ကြန်ပွဲတော်

ပုရစ်သံ မြရည်သွေးငယ်နှင့်၊ နှစ်သင်္ကြန် လမည်ပေးမယ်လို့၊
လှကြည် ဆေးငယ်က တင်လိုက်တာ။
အသွင်မြတ်ပါဘိ၊ ရင်ခတ်ကယ်ချွေမာလာတို့၊ ဗွေချာမှာ
ရနံ့သင်းလို့ရယ်၊
ပဟမဝါစုံမြိုင်တွင်းမှာ၊ ဆင်းဖန့်ဖန့်ဝါ။
နွေဂိမာန် မိဿစန်းဟာမို့၊ ဝေထိန်လျှံ စိတြဆန်းပြန်တော့၊
နန်းမေရုဗွေအာကာ၊ တာရာက ရောင်စုံမြူး။
နှစ်သင်္ကြန်၊ ကူးခေတ်ဆော်စီမံ၍၊ လှူဒါန်း ညောင်ရေပန်း
တွေနှင့်၊ ရေဖျန်း ကိုယ်စီခံကြ၊ စဲမည်း ပွဲတော်တွင်းပေမို့၊
လှဲ့လှဲ့ဝင်း မေကညာဖြူတို့နှင့်၊ ပဏ္ဍာတူ အချစ်စမ်းချိန်မို့၊
ငွေသိင်္ဂါရဝေနန်းဆီသို့၊ လွမ်းစိတ်နှင့်ရူး။

(ဦးကြော့၏ ရာသီဖွဲ့လေးချိုးသဖြန်)

## တန်ခူးလ

တန်ခူးလသည် မြန်မာလ တစ်ဆယ့်နှစ်လတို့တွင် ထူးခြားမှုရှိသော ပထမဆုံးလဖြစ်သည်။ တန်ခူးလသည် "တန်" နှင့် "ခူး" ကို ပေါင်းကာ တန်ခူးဖြစ်လာသည်ဟူ၏။ "တန်"သည် ပါဠိ "တာလ"ဟူသောစကားမှ ဆင်းသက်လာပြီး "ထန်း"ဟု အနက်ရ၏။ "ခူး" သည် ခူးဆွတ်သည်ဟု အနက်ထွက်၏။ ဤလရာသီတွင် ထန်းသီးများဆွတ်ခူးလေ့ရှိသည်ကို အစွဲပြု၍ တန်ခူးလခေါ်တွင်သည်ဟု အချို့က ယူဆကြ၏။

တန်ခူးလကို ပုဂံခေတ်ကျောက်စာတို့၌ ခေတ်ရေးထုံးအတိုင်းပင် တန်ခူးဟု ရေးထိုးထားသည်ကို တွေ့ရ၏။ဝိသဇ္ဇနီအရေးအသား ပေါ်ပေါက်လာပြီဖြစ်သော အင်းဝခေတ်၌ တန်ခူးဟုရေးသည်ကိုတွေ့ရ၏။ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်တို့၌ တန်ခူးဟုပင် ရေးသားပြန်သည်။

နောက်ပိုင်းခေတ်များတွင်တန်ခူးဟုလည်းကောင်း၊ တာကူးဟုလည်းကောင်း ရေးသားလာကြသည်ကိုတွေ့ရ၏။ တချို့ကမူ တန်ခူးသည် "တာကူး" မှ ဆင်းသက်လာသည်ဆို၏။ "တာ"သည် အချိန်ရာသီဟု အနက်ထွက်သည်။ "ကူး" မှာ ကူးပြောင်းသည်ဟု အဓိပ္ပာယ်ရသည်။ တနင်္ဂနွေဂြိုဟ်သည် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းသည်ကို အကြောင်းပြုကာ "တာကူး" ခေါ်တွင်ရာမှ တန်ခူးသို့ ရွေ့လျောလာခဲ့သည်ဟုဆို၏။



ဤလတွင် ရက် ၂၉ ရက်ရှိသည်။ နာရီအားဖြင့် နေ့ ၃၀ နာရီ၊ ညဥ့် ၃၀ နာရီရှိသည်။ နေ့တာညတာတူမျှသောလဖြစ်၏။ ဤလကို ရာသီအလိုအားဖြင့် မိဿရာသီဟုခေါ်ဆို၏။ ဤလတွင် စိတြနက္ခတ်နှင့် စန်းယှဉ်ကြည့်ကာ အာသာဝတီနက္ခတ်နှင့် နေမင်းတို့ယှဉ်ကြသည်။ ဤလတွင် တံငါတာယာထွန်းပ၍ ရာသီရုပ်မှာ ဆိတ်သဏ္ဌာဝါ၏ပုံဖြစ်သည်။

ဤတန်ခူးလရာသီတွင် တောင်လေသုတ်ဖြူးကာ မိုးသားကျူးသည်။ ဖူးပွင့်သော ရာသီပန်းနှင့်အသီးတို့မှာ ကနစိုသီး၊ ရင်ကတ်ပန်း၊ ကံ့ကော်၊ ပိတောက်တို့ဖြစ်သည်။ ကနစိုပင်သည် အမြဲစိမ်းသော အပင်မျိုးဖြစ်၏။ မြန်မာနိုင်ငံ မိုးများသော ဒေသများတွင်ပေါက်သည်။ အထူးသဖြင့် မြစ်ဝကျွန်းပေါ် ဒေသများ၌ ပေါက်ရောက်သည်။ တပို့တွဲလနှင့် တပေါင်းလများတွင် အပွင့်များပွင့်သည်။ တန်ခူးနှင့်ကဆုန်လများတွင် အသီးများမှည့်၏။ ကနစိုသီးများသည် မမှည့်သေးမီအချိန်တွင် အစိမ်းရောင်ရှိသည်။ မှည့်လာသောအခါ အဝါရောင်သို့ပြောင်းလာသည်။ ကနစိုသီးတွင်အချိုမျိုး၊ အချဉ်မျိုးဟူ၍ နှစ်မျိုးရှိသည်။ အရည်ရွှမ်း၏။

တန်ခူးလ၌ ကံ့ကော်ပင်များသည် မြန်မာနိုင်ငံရှိ အမြဲစိမ်းသည့်သစ်တောများတွင် ပေါက်ရောက်သော အပင်ကြီးတစ်မျိုးဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် အများအပြားပေါက်လေ့ရှိ၏။

ပိတောက်ပန်းဟုဆိုလျှင် မြန်မာတိုင်းသိကြသည်။ နှစ်ဆန်းပန်းဟုအသိအမှတ်ပြုထားကြ၏။ လတန်ခူးသို့ ရောက်လျှင် ပိတောက်ခက်တို့က တဝါဝါ၊ ဥဩငှက်က တစာစာ၊ ရော်ရွက်တို့က တဖြာဖြာနှင့် သာယာကြည်နူးရွှင်မြူးဖွယ် ကောင်းလှသည်။ ပိတောက်ပန်းနှင့်ပတ်သက်၍ "စာတော်ဖတ်ဦးကြော့"၊ "စုံနံ့သာမြိုင်ဦးကြော့" "စာရေးတော်ကြီးဦးကြော့" "တောင်တွင်းကြီးဦးကျော့" ဟူ၍နာမည်အမျိုးမျိုးဖြင့် ကျော်ကြားခဲ့သော စာဆိုဦးကြော့က "... လမ်းတလျှောက်သင်းပါဘိ၊ ဆန်းသလောက်မလင်းနိုင်ဘူး၊ ပန်းပိတောက်မင်း" ဟူ၍ ပိတောက်ပန်း၏ ခမ်းနားမှုကို ဖွဲ့ဆိုခဲ့၏။

## သင်္ကြန်၏အဓိပ္ပာယ်

မြန်မာလူမျိုးတို့သည် နှစ်ဟောင်းကုန်၍ နှစ်သစ်ဆန်းသည်ကို အလေးအမြတ်ထားသည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန်တွင် နှစ်သစ်ကူးပွဲတော်ကို ခြိမ့်ခြိမ့်သဲကျင်းပသည်။ ထိုနှစ်သစ်ကူးပွဲတော်ကို မြန်မာတို့က "သင်္ကြန်ပွဲတော်" ဟူ၍ ခေါ်ဝေါ်ကြသည်။

သင်္ကြန်ဟူသော စကားသည် "သင်္ကြာန္တ" ဟူသော သက္ကတပုဒ်မှ ပြောင်းလဲလာသည့် မြန်မာဝေါဟာရ ဖြစ်သည်ဟု "ဝေါဟာရတ္ထဒီပနီ"တို့၌ ဖွင့်ဆို၏။

အချို့ပညာရှင်များက "သင်္ကန္တ" ဟူသော ပါဠိပုဒ်မှ ဆင်းသက်လာသော ဝေါဟာရဟုယူဆကြ၏။ ပါဠိဘာသာ



သင်္ကန္တပုဒ်နှင့် သက္ကတဘာသာ သင်္ကြာန္တပုဒ်မှာ အဓိပ္ပာယ်အားဖြင့် မထူးခြား၊ သင်္ကြန်ဟူသော ဝေါဟာရမှာ ဇာအက္ခရာတွင် ရရစ်ရှိသဖြင့် သင်္ကြာန္တပုဒ်မှ ဆင်းသက်လာသည်ဟူသော အယူအဆ ကပို၍ သင့်မြတ်အံ့ထင်၏။ ယင်းသင်္ကြန်ဟူသော မြန်မာဝေါဟာရမှာ မူလသင်္ကြာန္တိပုဒ်၏အဓိပ္ပာယ်အတိုင်း "ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်း"ဟူ၍ရ၏။

## သင်္ကြန်ဖြစ်ပေါ်လာရခြင်း

သင်္ကြန်ဖြစ်ပေါ်လာရခြင်းနှင့်ပတ်သက်၍ ဝေဒပညာရှင်တို့က တနင်္ဂနွေဂြိုဟ်မင်းသည် မိဿရာသီ (တန်ခူးလ) ပထမနဝင်းမှစ၍ ဆယ့်နှစ်ရာသီလှည့်ပတ်ခဲ့ရာ မိန်ရာသီ (တပေါင်းလ)၏အဆုံး၌ နဝင်းဖြစ်သော ရေဝတီနက္ခတ်သို့အရောက်တွင် နှစ်ခွင်နဝင်းပေါင်း ၁၀၈ နဝင်း၊ လပေါင်း ၁၂၊ ရက်ပေါင်း ၃၆၅ ရက်ကြာခဲ့၍ တစ်ပတ်လည်ခဲ့သည်။

ထိုသို့ဖြစ်၍ မိန်ရာသီ၏အဆုံး နဝင်းဖြစ်သော ရေဝတီနက္ခတ်မှ မိဿရာသီ၏အစနဝင်းဖြစ်သည့် အဿဝဏီနက္ခတ်သို့ ကူးပြောင်းချိန်ကျရောက်နေသည်။ ယင်းသို့ တနင်္ဂနွေဂြိုဟ်မင်း မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းချိန်ကျရောက်သည်ကို သင်္ကြန်ကျသည်ဟု ဗေဒင်ရှုထောင့်အရ ယူဆကြ၏။

ဗြဟ္မဏဝါဒီပညာရှင်တို့က ကမ္ဘာဦးကာလက ကပိလမိုင်း အမည်ရှိသော ဗေဒင်ပါရဂူကြီးတစ်ဦး ပေါ်ထွန်းခဲ့ဖူးသည် ဆို၏။

အခါတစ်ပါး သိကြားမင်းနှင့် အာသိမည်သောဗြဟ္မာမင်းတို့ ဗေဒင်ဆိုင်ရာပြဿနာတစ်ခုတွင် အငြင်းပွားကြသည်ဆို၏။ နောက်ဆုံးလူ့ပြည်က ဗေဒင်ပညာရှင် ကဝိလမိုင်းဆရာကြီး၏ အဆုံးအဖြတ်ကိုခံယူကြပြီး နိုင်သူကရှုံးသူကို ဦးခေါင်းဖြတ်ကြစတမ်းဟု သဘောတူကြသည်ဆို၏။ ကဝိလမိုင်းဆရာကြီးက သိကြားမင်း၏ အယူအဆမှန်ကန်ကြောင်း အဆုံးအဖြတ်ပေးသည်ဆို၏။

သို့သော် သိကြားမင်းက ဗြဟ္မာမင်းဦးခေါင်းကို မဖြတ်လို၊ ဗြဟ္မာမင်းက အမိဋ္ဌာန်ရလျှက် မိမိဦးခေါင်းကို ဖြတ်စေ၏။ ပြတ်သွားသည့် ဗြဟ္မာမင်း၏ဦးခေါင်းကို သမုဒ္ဒရာတွင်ပစ်သော် ရေခမ်းခြောက်မည်ဆို၏။ မြေပြင်တွင်ပစ်လျှင် တစ်လောကလုံး မီးဟုန်းဟုန်းလောင်မည်ဆို၏၊ ထို့ကြောင့် သိကြားမင်းသည် နတ်သမီးခုနှစ်ဖော်အား ဗြဟ္မာမင်းကြီး၏ဦးခေါင်းကို အလှည့်ကျ ပွေ့ချီထားစေသည်ဆို၏။ နတ်သမီးတစ်ဦးလက်မှ တစ်ဦးလက်သို့ပြောင်းရွှေ့ပေးသောကာလမှာ လူတို့အရေအတွက်အားဖြင့် တစ်နှစ်ပြည့်မြောက်သောအချိန်နှင့် ညီမျှသည်ဆို၏။ ယင်းသို့ ပြောင်းလွှဲပေးသည်ကို သင်္ကြာဗြာဟ္မာဦးခေါင်းပြောင်းသည်ဟူ၍ခေါ်ကာ "အတာသင်္ကြန်ပွဲ" များကျင်းပကြောင်းယူဆ၏။

ထိုသို့ တနင်္ဂနွေဂြိုဟ်မင်းရာသီပြောင်းခြင်းကိုစွဲ၍လည်းကောင်း၊ ဗြဟ္မာမင်း၏ ဦးခေါင်းပြောင်းခြင်းကိုစွဲ၍လည်းကောင်း ပညာရှင်တို့က သင်္ကြန်ပွဲတော်ဖြစ်ပေါ်လာရခြင်းဟု အမျိုးမျိုး အနက်ဖွင့်ဆိုကြသော်လည်း "သင်္ကြန်"ဟူသော



ဝေါဟာရတွင် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းအဓိပ္ပာယ်လည်း သက်ဝင်လျှက်ရှိ၏။ နှစ်သာလျှင် ပြောင်းလဲသည်မဟုတ်၊ ရွက်ဟောင်းများကြွေ၍ ရွက်သစ်များဝေလျှက် သစ်ပင်ပန်းပင်များလည်း အသစ်တဖန် ပြောင်းလဲကြသည်ကို မြင်တွေ့ရမည်ဖြစ်၏။

## သင်္ကြန်သုံးမျိုး

သင်္ကြန်ဟူသော ဝေါဟာရကို ပညာရှင်များက အမျိုးမျိုးအနက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။ တချို့သော ပညာရှင်များက သင်္ကြန်သည် မြန်မာစကားစစ်စစ်ဖြစ်သည်ဆို၏။ ကောင်းကျိုးမင်္ဂလာ ကြွန်အင်လက္ခဏာတိုးပွားလာစေရန် သုတ်သင်ဆေးကြောခြင်း အနက်ထွက်သည်ဆို၏။ ဤအဆို အမိန့်ကိုအထောက်အကူပြုသော အကြောင်းတစ်ရပ်ရှိ၏။

ရှေးမြန်မာဘုရင်များသည် ဦးခေါင်းဆေးလျှော်သည်ကို သင်္ကြန်ခေါ်သည်ဟု သုံးနှုန်းလေ့ရှိခြင်းပင်ဖြစ်သည်။ ဘုရင်တို့တွင် တစ်ပတ်လျှင် တစ်ကြိမ်လျှော်သော "ပကတိ သင်္ကြန်" ဂြိုဟ်စီး ဂြိုဟ်နင်းညှဉ်းဖျင်းသောအခါ အန္တရာယ်ပျောက်၍ ဘုန်းတော်တောက်ရန် လျှော်လေ့ရှိသော "သင်္ကြန်လတ်" နှင့် ဘိသိက်ခံယူသည့်အခါ လျှော်လေ့ရှိသော "မဟာသင်္ကြန်"ဟူ၍ သင်္ကြန်သုံးမျိုးပင်ရှိ၏။ ဤသည်ကိုထောက်ရှုသော် သင်္ကြန်အခါခေါင်းဆေးခြင်း၊ ရေပက်ကစားခြင်းတို့သည် အဆိုးပျောက်ပြီး အကောင်းရောက်စေရန် ရည်သန်၍ မကောင်းဟူသမျှကို ဆေးကြောသန့်စင်သည့် သဘောပင်ဖြစ်၏။

## သင်္ကြန်ရေပက်ကစားခြင်းဓလေ့

သင်္ကြန်ခါတွင် ရေပက်ကစားသောဓလေ့သည် သကျ သာကီဝင် မင်းမျိုးတို့သည် ရေအိုင်များတွင် ရေပက်ဖျန်း ကစားလေ့ရှိကြကြောင်း ကျမ်းဂန်များ၌ တွေ့ရသည်။ ကပိလဝတ် ပြည်တွင်နေကြသော သာကီဝင်မင်းတို့သည် ရေအိုင်ကြီးအနီး မင်းတဲဆောက်လုပ်၍ ရေဖျန်းသဘင် ပျော်ရွှင်စွာကစား ကြကြောင်း၊ ထိုရေအိုင်သည် သာကီဝင်မင်းတို့ ရေကစားရာ အိုင်ဖြစ်သောကြောင့် ဒေဝဒဟာအမည်ရကြောင်း၊ နောင်အခါတွင် ရေကစားလာသော သာကီဝင်မင်းတို့ ကပိလဝတ်ပြည်သို့ မပြန်ကြ တော့ဘဲ ရေအိုင်အနီး၌ မင်းတဲများ ဆောက်လုပ်နေထိုင်ကြရာမှ ဒေဝဒဟာဟု တိုင်းပြည်တစ်ပြည် ဖြစ်လာကြောင်း ဥပရိပဏ္ဏာသ အဋ္ဌကထာ ဒေဝဒဟသုတ်၌ ဖွင့်ဆိုထား၏။

အိန္ဒိယနိုင်ငံမှ ဝင်ရောက်လာပြီး မြန်မာနိုင်ငံတွင် တကောင်းပြည်ကြီးကို တည်ထောင်စိုးစံခဲ့ကြသော သာကီဝင် မင်းတို့သည် မိမိတို့မျိုးရိုးစဉ်လာ ဓလေ့ထုံးစံရေပက်ဖျန်း ကစားခြင်းဓလေ့ကို ကေန်ရလိမ့်မည်။ သာကီဝင်မင်းမျိုးတို့ ရေပက်ဖျန်းကစားသည့် အချိန်အခါကို ကျမ်းဂန်၌ အတိအကျ မဆိုထားသော်လည်း၊ ပူပြင်းလှသောတန်ခူးလရာသီ နှစ်သစ် ကူးချိန်တွင် ရေပက်ကစားခြင်း ထုံးဓလေ့ကို အသုံးချခဲ့ကြကြောင်း ဖြစ်တန်သည်ဟုယူဆရ၏။



ပုဂံခေတ်တွင် သကျသာကီဝင်မင်းတို့ ရေပက်ဖျန်း ကစားလေ့ရှိကြောင်း ရာဇဝင်၌တွေ့ရသည်။ နရသီဟပတေ့ခေါ် ပုဂံမင်းသည် နွေလအခါ မြစ်ဆိပ်တွင် မင်းတဲလုံခြုံစွာဆောက် လျက် နန်းတော်မှမြစ်ဆိပ်အရောက် လူသူမမြင်ရသော တဲနန်း ဥမင်ဖြင့် ကြွတော်မူပြီး မိဖုရားမောင်းမမိဿံတို့နှင့်အ‌ေ ရေသဘင်ဆင်ယင် ကျင်းပလေ့ရှိကြောင်း မှန်နန်းရာဇဝင်တော် ကြီး၌ပြဆိုထား၏။

အချို့သော ဗြဟ္မဏဝါဒီပညာရှင်က ကဝိလမိုင်း ဆရာကြီး ယူဆောင်လာသည့် ပိင်္ဂလဆင်၏ဦးခေါင်းကို သိကြားမင်းက နတ်ရေစင်ပက်ဖျန်းပြီး ဦးခေါင်းမဲ့နေသည့်ဗြဟ္မာမင်း၏ကိုယ်တွင် တပ်ဆင်လိုက်သောအခါ "မဟာပိန္နဲနတ်" အဖြစ် အသက်ရှင်လာ သည်ဆို၏။ ဦးခေါင်းပြောင်းချိန်တွင် ရေပက်ဖျန်းကြသည့် ဓလေ့ ပေါ်လာကြောင်းဆိုကြ၏။ ဤအယူအဆမှာ သင်္ကြန်ရေသည် အသက်ကိုရှင်စေ၊ ရှည်စေသော အာယုဒီဃဘိသိက်ရေစင်ဖြစ်[illegible] အသက်ရှည်စေရန်သင်္ကြန်ရေစင်ဖြင့် ပက်ဖျန်းသွန်းလောင်း[illegible] ခြင်း ဖြစ်သည်ဟု ယူဆ၏။ ထိုဟိန္ဒူဓာတ်နွယ် ဗြဟ္မဏဝါဒီတို့၏ အယူအဆသည် ရှေးမြန်မာကြီးများအပေါ် ဝယ် အတော်လွှမ်းမိုးခဲ့ ဟန်ရှိ၏။ ထို့ကြောင့် မြန်မာလူမျိုးသက်ကြီးရွယ်အိုများသည် "သင်္ကြန်ရေတစ်စက်တစ်ပေါက်ဖြစ်ဖြစ် အပက်ခံကြ၊ အသက်ရာယ် ကင်းတယ်"ဟူ၍ သားသမီးမြေးမြစ်တို့ကို ဆုံးမပြောဆိုနေဆဲ တွေ့ရသည်။

ရေပက်ဖျန်းကစားခြင်းဓလေ့ဖြစ်လာပုံအကြောင်းကို ရှေးခေတ် ပညာရှင်တို့က အမျိုးမျိုးယူဆပြောဆိုကြသည်။ နှောင်းခေတ်ပညာရှင်များက ရေပက်ဖျန်းကစားခြင်း၏ ရည်ရွယ်ချက်များကို တစ်မျိုးတစ်ဖုံသုံးသပ်ကြသည်။

နှစ်သစ်ကူးမင်္ဂလာအခါတော်တွင် တစ်ဦးနှင့်တစ်ဦး ကြည်နူးစွာ ရေပက်ကစားကြခြင်းသည် -

(၁) အေးမြကြည်လင်ခြင်း၊ အညစ်အကြေးကို ဆေးကြောခြင်း။

(၂) ရေသည်အကြားမထင် ဆက်စပ်နေခြင်းဟူသော ရေနိမိတ်အရ နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်စင် စေသည့် သဘောပင်ဖြစ်ခြင်း။

(၃) အများပြည်သူတို့၏ စိတ်ဓာတ်များ နှစ်သစ်ကူး ရေစင်ကဲ့သို့ အေးမြကြည်လင် စေလိုသည့် သဘော ဖြစ်ခြင်း။

(၄) အများပြည်သူတို့ အချင်းချင်းရေကိုသား၍ အကြား မထင်သကဲ့သို့ စည်းလုံးချစ်ခင်စွာ နေထိုင် ဆက်ဆံကြရန်ဖြစ်ခြင်းတည်းဟူသော မွန်မြတ် သော ရည်ရွယ်ချက်ဖြစ်သည်ဟု သုံးသပ် ကြသည်။

## သင်္ကြန်ပွဲတော်

ရှေးအခါကစပြီး သင်္ကြန်ပွဲတော်ကို အကျရက်၊ အကြတ်ရက်၊ အတက်ရက်ဟူ၍ သုံးရက်ကျင်းပမြဲဖြစ်သည်။



မျက်မှောက်ခေတ်တွင် အကြန်အကြိုတစ်ရက်ပိုလာသည်။ ထိုအကြိုနေ့တွင် အများအားဖြင့် ကလေးသူငယ်များသာ ရေပက်ဖျန်း ကစားလေ့ရှိသည်။

ရုံးပိတ်ရက်များမှာ သင်္ကြန်အကျရက်မှ နှစ်ဆန်း တစ်ရက်နေ့အထိ လေးရက်ဖြစ်သည်။ မျက်မှောက်ခေတ်တွင် (၁၀) ရက်တိုင်တိုင်ရုံးပိတ်ခဲ့ပြီ။ မြန်မာတို့ သင်္ကြန်ကျသည့်ရက်သည် အများအားဖြင့် ဧပြီလ ၁၃ ရက်ဖြစ်၏။ တစ်ခါတစ်ရံ ဧပြီ ၁၃ ရက်၏ ရှေ့နောက်ရက်များ၌ သင်္ကြန်ကျတတ်၏။

ရှေးမြန်မာမင်းတို့သည် သင်္ကြန်ကျချိန်ရောက်သောအခါ ဗြဲတိုက်တော်မှ ဗေဒင်တတ်မြန်မာပညာရှိ၊ ပုဏ္ဏားပညာရှိတို့ အတွင်းတော်က ထွက်လာပြီး လွှတ်တော်ရှေ့တွင် အမြောက် အကြပ်အမှူးအကြီးတို့ကို အမြောက်သံပေးစေသည်။ ထိုအခါ လွှတ်တော်ရှေ့ရှိ အမြောက်ငါးစင်းကို ပစ်ဖောက်ရသည်။ ထိုအမြောက်သံကြားလျှင် ပတ်လည်တွင်တပ်ဆင်ထားသည့် အမြောက်အစင်းနှစ်ဆယ်ကို တပြိုင်နက်တည်း ပစ်ဖောက်အသံ ပေးရသည်။ တစ်နိုင်ငံလုံးရှိ မြို့ကြီးမြို့ငယ် ကျေးလက်တောရွာများ ၌လည်းရွှေမြို့တော်ကြီး၌ကဲ့သို့ပင် သင်္ကြန်တော်ကျချိန်တွင် အချက်ပေးကြရသည်။

ယင်းအမြောက်သံအချက်ပေးသည်ကို ကြားသည်နှင့် တစ်ပြိုင်နက် မြန်မာလူမျိုးတို့သည် အိမ်တိုင်းတွင် သပြေပန်းများ ထိုးထားသော အတာရေအိုးကလေးများမှ ရေကိုမြေပေါ် သို့သွန်း

လောင်းကြပြီး "သတ္တဝါများ ကျန်းမာချမ်းသာပါစေ" ဟူ၍ ယုံယုံကြည်ကြည်မေတ္တာရေသွန်းလောင်းပို့သကြသည်။

အခါတော်ရက်သုံးရက်လုံး ညောင်ရေတော်များကို သွန်းလောင်းလေ့ရှိသည်။ မြို့တွင်းမြို့ပြင်ရှိ ဘုရားစေတီပုထိုးနှင့် ဗောဓိညောင်တို့ကို စာရင်းအတိုင်းခွဲခြမ်းပြီး ညောင်ရေတော်သွန်းရသည်။ သကြ္ာန်ကျသည့်နေ့၊ ကြတ်သည့်နေ့၊ အတာတက်သည့်နေ့အခါသုံးရက်တွင်ညဦးက ညောင်ရေတော်ခပ်ပြီး နံနက်ကို သွန်းလောင်းကြရသည်။

ပြာသာဒ်တော်လွှတ်တော်ဝင်းရှုံးလေးရပ်၊ အရှေ့ရှုံးအနောက်ရှုံး မြို့ထိပ်ရှစ်ရပ် ၁၆ ရပ်တွင် ညအချိန်တွင် သံဃာတော်ရှစ်ပါးစီ ပရိတ်တော်ကိုရွတ်ကြရ၏။ နံနက်ချိန်တွင် သံဃာတော်များကို ဆွမ်းကပ်လှူကြသည်။ ပရိတ်ရေများကို ပုဏ္ဏားရှစ်ယောက်တို့က မြို့လေးထောင့်တွင် ပက်ဖျန်းကြရသည်။ နန်းအရပ်ရပ်ကို စောင့်ကြပ်လျှက်ရှိကြကုန်သော နတ်အပေါင်းတို့အားပူဇော်ပသ တင်မြှောက်ကြသည်။

မြန်မာဘုရင်တို့သည် သကြ္ာန်တော်အခါတွင် စော်ဘွားမြို့စားတို့ဆက်သသော ကန်တော့လက်ဆောင်တို့ကို ကိုယ်တော်တိုင် ခံယူတော်မူသည်။ နှစ်သစ်ကန်တော့လက်ဆောင်လက်ခံပြီးသည့်နောက်တစ်ရက်တွင် စော်ဘွားမြို့စားတို့အား အတာပွဲ ကျွေးမွေးရသည်။ တိုင်းသူပြည်သားအပေါင်းတို့သည် မသန့်ရှင်းသောရေကို မသုံးဘဲ သန့်ရှင်းသောရေဖြင့် တစ်ဦးကို တစ်ဦးပက်ဖျန်းကြရန်ကို နှိုးဆော်ရသည်။ လူပျိုတော်ကာလသားများက အမျိုးသမီး အပျို



အရွယ်များကို ရေပက်လိုလျှင် မိဘများထံခွင့်ပန်တောင်းယူပြီး အမွှေးနံ့သာရည်တို့ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ပက်ဖျန်းကြရသည်။

မြန်မာ့နှစ်သစ်ကူးသကြ္ာန်ပွဲတော်မှာ ကဆုန်ညောင်ရေသွန်းပွဲ၊ စာတော်ပြန်ပွဲ၊ ပဉ္စင်းခံရှင်ပြုပွဲ၊ ကထိန်ပွဲစသောဘာသာရေးကို အခြေခံ၍ ပေါ်လာသည့်ဘာသာရေးပွဲတော်များမဟုတ်ပါ။ လောကီဗေဒင်ကျမ်းအရ ဖြစ်ပေါ်လာသည့် လောကီရေးရာ ပွဲတော်သာဖြစ်၏။

နှစ်ဟောင်းမှနှစ်သစ်သို့ အကူးအပြောင်းတွင် လူမျိုးတိုင်းမင်္ဂလာယူကြသည်။ မင်္ဂလာအခါဟူ၍ သတ်မှတ်သည်။ မင်္ဂလာရှိအောင်လည်း လုပ်ကြသည်။ နှစ်သစ်ကူးသကြ္ာန်ပွဲတော်သည် လောကီရေးရာပွဲတော်ဖြစ်သည်။ နှစ်သစ်တွင် မင်္ဂလာအဖြာဖြာတို့သစ်ဆန်းပြီး ဗုဒ္ဓဘာသာတရားတော်အရ တကယ့်မင်္ဂလာအစစ်ဖြစ်သည့် ကုသိုလ်ရေးများကိုပါယှဉ်တွဲကာ သကြ္ာန်ပွဲဆင်နွှဲသောအစဉ်အလာကောင်းတစ်ရပ်ကို ဖန်တီးခဲ့ကြ၏။

နှစ်သစ်ကူးသကြ္ာန်သမယတွင်

(၁) အလှူဒါနပွဲများ မြိမ့်မြိမ့်သဲ ဆင်နွှဲကြခြင်း။
(၂) စတုဒိသာကျွေးမွေးခြင်း။
(၃) ရဟန်းသံဃာတော်မြတ်များအား ဆွမ်း၊ ဘောစဉ်များ ကပ်လှူခြင်း။
(၄) ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း။
(၅) ဥပုသ်သီတင်းဆောက်တည်ခြင်း။

(၆) ဗုဒ္ဓတရားတော်ကို နာကြားခြင်း။
(၇) ဘုရားပုထိုးရှိခိုးပူဇော်ခြင်း။
(၈) ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းခြင်း။
(၉) ကျောင်း၊ ကန်၊ ဇရပ်တန်ဆောင်များ သန့်ရှင်းခြင်း။
(၁၀) သက်ကြီးရွယ်အိုများအား တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်း။ အမွှေးနံ့သာ ရေစင် ရေကောင်းတို့ဖြင့် ရေချိုးသန့်စင်ပေးခြင်း။
(၁၁) ဘိုးဘွားမိဘဆရာသမားစသူတို့အား ပူဇော် ကန်တော့ခြင်း။
(၁၂) ပရိတ်တရားတော်များ နာယူခြင်း။
(၁၃) ရေခန်းလုနီးဖြစ်သော အင်းအိုင်၊ ချောင်းမြောင်းများမှ ငါးများကိုဖမ်း၍ဖြစ်စေ၊ အသတ်ခံရတော့ မည့် ဆဲဆဲဖြစ်သော ငါးများကို ဝယ်ယူ၍ဖြစ်စေ ရေများရာ မြစ်ထဲသို့ လွှတ်ခြင်း။
(၁၄) ကျွဲ၊ နွားစသည့် တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်း။

စသော ကုသိုလ်ကောင်းမှုများသည် မြတ်နိုး လေးစားနှစ်လိုဖွယ်၊ ထာဝစဉ် ထိန်းသိမ်း စောင့် ရှောက်ဖွယ်ကောင်းသော မြန်မာ့သင်္ကြန် ပွဲတော်၏ အနှစ်သာရများဖြစ်သည်။

နှစ်သစ်ကူးသင်္ကြန်ပွဲတော်



မြန်မာ့ဆယ့်နှစ်ရာသီပွဲတော်များတွင် နှစ်သစ်ကူး သင်္ကြန်ပွဲတော်မှာ အထူးခြားဆုံး၊ အစည်ကားဆုံးလဖြစ်သည်။ နိုင်ငံတော်တစ်ဝန်းလုံးရှိ အများပြည်သူတို့သည် သင်္ကြန်ပွဲတော် တွင်အခြားသော ရာသီပွဲတော်များထက် ပျော်ပါးရွှင်မြူး ကြသည်။ သင်္ကြန်အခါတော်ရက် ကုန်သည့်တိုင်အောင် ရေတစ္ဆွဲဆွဲနှင့် ပျော်ပွဲ ဆင်နွှဲကြသည်။ ထိုသို့ ပျော်ရွှင်မြူးကြသော်လည်း ကုသိုလ်ရေးကို မမေ့မလျော့ကြပါ။ ပျော်ပါးရင်း ကုသိုလ် ကောင်းမှုရသည်၊ ကုသိုလ်ကောင်းမှုရရင်း ပျော်ပါးလေ့ရှိသည်။ ဤသည်မှာ မြန်မာတို့၏ နှစ်သက်ဖွယ်ကောင်းသော ယဉ်ကျေးမှု ဓလေ့ပင်ဖြစ်သည်။

လူ့လောကကို အကျိုးပြုထိန်းသိမ်းစောင့်ရှောက်သော ယဉ်ကျေးမှုသည် နှစ်ပရိစ္ဆေဒမည်မျှကြာညောင်းသော်လည်း လျစ်လျူရှုခြင်း၊ စွန့်ပစ်ခြင်း မပြုအပ်ပါ။ ယင်းကဲ့သို့သော ကောင်းမြတ်သည့် ယဉ်ကျေးမှုကို အစွန့်ရှည်တည်တံ့နေစေရန် ကြိုးစားအားထုတ်အပ်သည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုသင်္ကြန်ပွဲ သည် မြန်မာတို့အဖို့ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေးတို့တွင် မည်မျှ အကျိုးကျေးဇူးရသည်ကို မြန်မာလူမျိုးတိုင်း နားလည်ကြ သည်။

X X X X X

## ကဆုန်လနှင့်
## ညောင်ရေသွန်းပွဲတော်

"ကဆုန်ပြိဿ၊
ကောင်းကင်ဝ၊
ထွန်းပဝိသာခါ
စကားပွင့်ဆဲ၊
ညောင်ရေပွဲ၊
သွန်မြဲအချိန်သာ"

(ကင်းဝန်မင်းကြီး၏ဆယ့်နှစ်လရာသီဖွဲ့သံပေါက်)

### ကဆုန်လ

ကဆုန်လသည် မြန်မာ့ဆယ့်နှစ်လတွင် ဒုတိယမြောက်လ ဖြစ်သည်။ ကဆုန်လကို ပုဂံခေတ်ထိုး ကျောက်စာများတွင် "ကုဆုန်" ဟု အရေးအသားများသည်။ ကုဆုန်မှကဆုန်ဖြစ်လာရသည်။ "ရေသွန်းလောင်းလ၊ ရေဖျန်းလ" ဟု အဓိပ္ပာယ်ရသည်။





ကဆုန်လတွင် "က" သည် ရေဖြစ်၏။ "ဆုန်"သည် "သွန်းလောင်းခြင်း"ဟူ၍ အနက်ထွက်သည်။ ကဆုန်သည် ရေသွန်းလောင်းသောလဟု ပညာရှင်တို့က ကြံဆကြသည်။

ဤလတွင် ရက်ပေါင်း ၃၀ ရက် နေ့ ၃၂ နာရီ၊ ညဉ့် ၂၈ နာရီ ရှိသည်။ နေ့တာရှည်သည်။ ညတာတိုသည်။ ဤလကို ရာသီအလို "ပြိဿရာသီ" ဟု ခေါ်ဆိုသည်။ ဤရာသီတွင် ဝိသာခါနက္ခတ်နှင့် စန်းယှဉ်ကြည့်ကာ ကြတ္တိကာနက္ခတ်နှင့် နေမင်းတို့ ယှဉ်ကြသည်။ ဤလတွင် ဆင်တာရာ ထွန်းပသည်။ ရာသီရုပ်မှာ နွားထီးရုပ်ပုံဖြစ်သည်။ တချို့က တံငါတာရာဟုဆို၏။

"တန်ခူးရေကုန်၊ ကဆုန်ရေခန်းဟူသော စကားစဉ် ရှိသည်။ ဤလသည် နွေလယ်လဖြစ်သည်။ ခြောက်ခြောက် သွေ့သွေ့နှင့်ပြီးငွေ့ဖွယ်ဖြစ်သည်။ ပူပြင်းလှသော နေရှိန်ကြားမှ လောကကို အလှဆင်ရန်အတွက် အံ့ခဲလျက် ပွင့်ရှာကြသော ရာသီပန်းမှာ စကားပန်းဖြစ်သည်။

ဤလ၊ ဤရာသီတွင် တောစာကလေးများသည် ထန်းပင်၊ သစ်ပင်နှင့် ချုံပုတ်တို့တွင် ဘူးတောင်းစုံ အသိုက်များ ဆောက်လုပ်ကြ၏။ ထို့ကြောင့် အချို့က ဤစာကလေးများကို စာဘူးတောင်းဟူ၍ခေါ်ဆိုကြ၏။ စာကလေးများ အသိုက် ဆောက်မှုကိုကြည့်ပြီး မိုးဦးကျတော့မည်ကိုခန့်မှန်းသိရှိနိုင်သည်။

### ကဆုန်လအဓိပ္ပာယ်

ဤကုဆုန်၊ ကဆုန်တို့တွင် ကု၊ ကတို့သည် "ရေ" ဟု အဓိပ္ပာယ်ရသည်။ ဆုန်၏ အဓိပ္ပာယ်မှာ သွန်းလောင်း ဖျန်းခြင်း

တို့ဖြစ်သည်။ ကုဆုန်၊ ကဆုန်ဟူသော ဝေါဟာရတို့ကို "ရေသွန်းလ၊ ရေလောင်းလ၊ ရေဖျန်းလ"ဟူ၍ အဓိပ္ပာယ် ကောက်ယူရမည်ဟု ဖော်ပြထားသည်။

ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ ထိုရာသီကိုစွဲပြီး မြန်မာသူဟောင်းတို့က ကဆုန်လခေါ်ဝေါ်ကြ၏။ မြန်မာဘာသာမှာ ပညာရှိတို့ ကြံစည်သည်မှာ "ကံ ဥဒကံ ဆိန္စတီတိ ကဆိနံ" ဟု ဝစနတ္ထရသည်။ ယောမာသော - အကြင်လသည်။ ကံ ဥဒကံ - ရေကို၊ ဆိန္စတိ - ဖြတ်တတ်၏။ တ္တတိတသ္မာ - ထို့ကြောင့်၊ သောမာသော - ထိုလသည်၊ ကဆိနံ - ကဆုန်လ မည်သည်။

အဓိပ္ပာယ်မှာ ကန်၊ ချောင်း၊ ဆည်မြောင်း၊ ထုံး၊ အင်းအိုင်တို့၌ ရေပြတ်ရေစင်သောလကို ဆိုလိုသည်။ ဗေဒင်ကျမ်းတွင် အာဒိ၊ မဇ္ဈအဝသာန်ခေါ်ဝေါ်ရာ၌ မဇ္ဈိမကိုမဇ္ဈ ခေါ်သကဲ့သို့ လည်းကောင်း၊ မုဒုမဇ္ဈ၊ ဥတ္တဒ္ဒ ခေါ်ဝေါ်ရာ၌ မဇ္ဈိမသဒ္ဒါကို မြန်မာပြန်သကဲ့သို့လည်းကောင်း၊ ကဆိနကဆုန်ဟု ဆို၏။

ကျမ်းပြုဆရာဆိုလိုရင်းမှာ ကဆိနဟူသော ပါဠိမှ ကဆုန်ဖြစ်လာသည်။ကသည်ရေဟော၊ ဆုန် (ဆိန) သည် ပြတ်ခြင်း အဓိပ္ပာယ်ရှိ၏။ ကဆုန်မှာ ရေပြတ်သောလဖြစ်သည်ဟု ဆိုလို၏။

## ကဆုန်လပြည့်နေ့

"ဖွားဒိတ်၊ ဖွား၊ မြင်၊ ဗောဓိပင်၊ စံဝင်နန်းနိဗ္ဗာန်" ဟူသော စာဆိုရှိသည်။ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ကြီး ဖြစ်သည်။



(က) ဤကဆုန်လပြည့်နေ့၌ ထွင့်ခေါင်ထိပ်တင်ဘုရားလောင်း သုမေဓာရှင်ရသေ့သည်ဒီပင်္ကရာမြတ်စွာဘုရားရှေ့အရောက် ဝမ်းလျားမှောက်ကာ မြတ်စွာဘုရားထံမှ နိယတဗျာဒိတ်ကို ခံယူရရှိတော်မူခဲ့၏။

(ခ) ဤကဆုန်လပြည့်နေ့၌ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့် သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံညီ၊ လုမ္ဗိနီ၌၊ မဟီလှိုဏ်ဆူ ဖွားမြင်တော်မူ၏။

(ဂ) ဤကဆုန်လပြည့်နေ့၌ သစ္စာလေးပါးမြတ်တရားကို ရရှိတော်မူရာဖြစ်သည့် မဟာဗောဓိပင်ပေါက်သောနေ့ လည်းဖြစ်သည်။ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင်သစ္စာလေးပါးမြတ်တရားကို ပိုင်းပိုင်းထင်ထင် သိမြင်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့၏။

(ဃ) ဤကဆုန်လပြည့်နေ့၌ မြတ်စွာဘုရားသည် ဝါတော် လေးဆယ့်ငါး၊ သက်တော်ရှစ်ဆယ်၊ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့တွင် ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ ဥယျာဉ်၌ ပရိနိဗ္ဗာန် စံတော်မူခဲ့၏။

မြန်မာဗုဒ္ဓဘာသာဝင်တို့သည် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည့်နောက်ပိုင်းတွင် "ကဆုန်လပြည့်နေ့" ကို "ဗုဒ္ဓနေ့" ဟု သတ်မှတ်ခဲ့ကြသည်။ ဤနေ့ရက်တွင် ဘုရားစေတီပုထိုး

ကျောင်းကန်တို့တွင် ဥပုသ်သီလစောင့်ကြသူများ၊ တရားဘာဝနာပွားများကြသူများဖြင့် အထူးစည်ကားလှသည်။

## ပူဇော်ထိုက်သော ဗောဓိပင်

ဗောဓိပင်သည် "ကာဠူ၊ ယသော်၊ ညီတော်၊ ဆန္ဒ၊ ကဏ္ဍက၊ သောဏ္ဏ၊ ဗုဒ္ဓဗော" ဆိုသည် သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်၏ ဖွားဘက်တော် (၇) ပါးတွင်တစ်ပါး အပါအဝင်ဖြစ်၏။ သစ္စာလေးပါး မြတ်တရားတို့ကို သိမြင်တော်မူသောနေရာဖြစ်၍ အလွန်ထူးမြတ်သော သစ်ပင်ဖြစ်၏။ ဗောဓိဉာဏ်ကိုရရန် အားထုတ်တော်မူရာ၌ အမှီပြုတော်မူသော သစ်ပင်မျိုးဖြစ်၍ စေတီတော်သုံးမျိုးအနက် ပရိဘောဂစေတီတွင် ပါဝင်၏။

စေတီတော်သည်သာရီရိကစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီဟူ၍ သုံးမျိုးပြဆိုထား၏။ ဤတွင် ကိုယ်တော်၏ အစိတ်ဖြစ်သောဓာတ်တော်တို့ကို ဌာပနာသည့် စေတီသည် သာရီရိကစေတီမည်၏။ ဘုရားရှင်တို့အသုံးပြုတော်မူသော ဗောဓိပင်သည် (၀ါ) သက်န်း၊ သပိတ်စသည့် ဘုရားအသုံးအဆောင်တို့ကို ဌာပနာသောစေတီသည် ပရိဘောဂစေတီမည်၏။ ရုပ်ပွားဆင်းတုတော်များသည် ဥဒ္ဒိဿစေတီမည်၏။ ဘုရားရှင်တို့အသုံးပြုတော်မူသော ဗောဓိပင်မြတ်သည် ငါဘုရားသက်တော်ထင်ရှားရှိစဉ်ပင် စေတီတော်မည်၏။



ဥဒ္ဒကပါဌ အဋ္ဌကထာ နိမိကဏ္ဍသုတ်အဖွင့်၌လည်း "စေတီ ဆိုသည်မှာ ပူဇော်သင့်ပူဇော်ထိုက်သည့် အရာဖြစ်သည်။ ထိုစေတီသည် ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓာတုစေတီဟု သုံးမျိုးရှိသည်။ ထိုသုံးမျိုးတွင် ဗောဓိပင်သည် ပရိဘောဂစေတီမည်၏" စသည်ဖြင့် ဖွင့်ဆိုထားသည်။ ထို့ကြောင့် ဂေါတမရှင်တော်မြတ်စွာဘုရား ပွင့်တော်မူရာဖြစ်သော "ဗောဓိညောင်ပင်" သည် ပူဇော်ထိုက်သည့် သစ်ပင်ထူးသစ်ပင်မြတ်ဖြစ်၏။

## မဟာဗောဓိပင်

ဗောဓိပင်ဆိုသည်မှာ မြတ်စွာဘုရားရှင်တို့သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာ သစ်ပင်ထူးသစ်ပင်မြတ်ဖြစ်၏။

ဗောဓိဟူသော ပါဠိသည် သိမြင်တော်မူခြင်း၊ သိမြင်တော်မူရာ ဟု အဓိပ္ပာယ်ရသည်။ ထိုအဓိပ္ပာယ်အရ ပါဠိစာပေတွင် ဗောဓိ သည် အရိယာမဂ်၊ သဗ္ဗညုတဉာဏ်နှင့် ဗောဓိပင်ဟူသော အနက်အဓိပ္ပာယ်သုံးမျိုးတို့ကိုဟောသည်။

အရိယာမဂ်သည် သစ္စာလေးတန် တရားမှန်ကို သိမြင်တတ်သောကြောင့် ဗောဓိမည်၏။

သိသင့်သမျှ ဧဉ ယျတရားတို့ကို သိမြင်နိုင်သောကြောင့် သဗ္ဗညုတရွှေဉာဏ်တော်သည် ဗောဓိမည်၏။

မြတ်စွာဘုရားရှင်တို့ ပွင့်တော်မူရာ သစ်ပင်ကိုကား သစ္စာလေးပါး ဧဉ ယျတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာဖြစ်သောကြောင့် ဗောဓိဟုခေါ်၏။

ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့ ပွင့်တော်မူရာ သစ်ပင်များမှာ အင်ကြင်းပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်၊ ပညောင်ပင်တို့ ဖြစ်သည်။ သာသနာတော်၌ ဗောဓိပင်တို့မည်ကုန်၏။

ထို့အတွက်ကြောင့် မည်သည်သစ်ပင်မဆို ဘုရားရှင်တို့ သစ္စာလေးပါးတရားကို သိမြင်တော်မူရာ သစ်ပင်ဖြစ်လျှင် ဗောဓိပင်ဟူသော အမည်ထူးကို ရသည်။

ရှင်တော်ဂေါတမဘုရား သစ္စာလေးပါးမြတ်တရားကို သိမြင်တော်မူရာ သစ်ပင်မှာ ညောင်ဗုဒ္ဓဟေ (ညောင်နီ) ပင်ဖြစ်၏။ ထိုညောင်ဗုဒ္ဓဟေပင်သည် ဂေါတမဘုရားရှင် သာသနာ၌ ဗောဓိပင်မည်၏။ ထိုဗောဓိပင်သည် ဂုဏ်အားဖြင့် ကြီးမြတ်သည့် သဘောရှိသောကြောင့် မဟာ (ကြီးမြတ်သော) ဟူသော နာမဝိသေသနပုဒ်ဖြင့် အထူးပြု၍ "မဟာဗောဓိ" ဟု ခေါ်ဝေါ်၏။

## ညောင်ရေသွန်းလောင်းခြင်းစတင်ရာ

မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာမှ မျက်မှောက်ခေတ်ကာလအထိ ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်ကို ရိုးရာယဉ်ကျေးမှု ရာသီပွဲအနေဖြင့် တခမ်းတနား ကျင်းပခဲ့သည်။

ညောင်ရေသွန်းပွဲတော်မှာ ဂေါတမဘုရားသခင် ပွင့်တော်မူခဲ့ရာ ဗောဓိ (ညောင်) ပင်၏ ဆင့်ပွားဗောဓိညောင်ပင် များကို အမွှေးနံ့သာရည် သို့မဟုတ် သန့်စင်သောရေတို့ဖြင့် သွန်းလောင်းပူဇော်ကြသည့် ပွဲတော်ဖြစ်သည်။



မြန်မာဗုဒ္ဓဘာသာဝင်တို့ ကဆုန်လတွင် မဟာဗောဓိညောင်ပင်ကို ရေသွန်းကြသည့် ယဉ်ကျေးမှုဓလေ့သည် ဗုဒ္ဓသာသနာ စတင်ဖြစ်ပေါ်ရာ အိန္ဒိယနိုင်ငံ၏ ဓလေ့ထုံးစံမှ ဆင်းသက်လာသည့် ယဉ်ကျေးမှုမဟုတ်။ အဘယ်ကြောင့် ဟူမူ အိန္ဒိယနိုင်ငံ၊ သီဟိုဠ်နိုင်ငံတို့၌ ကဆုန်လတွင် ညောင်ရေသွန်းသည့်ဓလေ့သည် ရှေးကလည်းမရှိခဲ့။ ယခုလည်း မရှိသောကြောင့် ဖြစ်သည်။

ညောင်ရေသွန်းလောင်းကြရာတွင် ညောင်ပင်တိုင်းကို (ဝါ) မဟာဗောဓိညောင်ပင်နှင့် အမျိုးအစားတူသည့် ညောင်ဗုဒ္ဓဟေပင် တိုင်းကို သွန်းလောင်းကြသည် မဟုတ်ပါ။ ဗုဒ္ဓဘုရားရှင် ပွင့်တော်မူခဲ့ရာ မူလမဟာဗောဓိပင်၏ပင်ပွားများကိုသာ သွန်းလောင်းကြခြင်းဖြစ်သည်။ ထို့ကြောင့် မဟာဗောဓိပင်ပွားများ မြန်မာနိုင်ငံသို့ ရောက်ရှိပြီးမှသာ ညောင်ရေသွန်းလောင်းခြင်း ဖြစ်လာနိုင်၏။

မဟာဗောဓိပင်ပွားများသည် မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော်ရောက်စ အလွန်ရှေးကျသော ခေတ်ကပင်ရောက်လာခဲ့လိမ့်မည်ဟု ခန့်မှန်းရ၏။ သက္ကရာဇ် ၅၆၃ ခုနှစ်စွဲ၊ သင်ကြီးညောင်အုပ် ကျောက်စာ (ကျော ၂၊ ၃၊)တွင် "က (မိ) န် ပသိကူလေပြီအော်၊ ညောင်မီဖုန်. . . " ဟုလည်းကောင်း၊ သက္ကရာဇ် ၆၅၃ ခုနှစ်စွဲ၊ စောလှဝန်းဘုရားကျောက်စာ (ကျော ၂၂၊၂၃) တွင် "မီးဖုန်သကြန်၊ စာရိယ်၊ ညောင်ရိယ်သွန်၊ မပြတ်စေလျှင်တည်၏"

ဟုလည်းကောင်း၊ ပင်းယခေတ်တွင် ပေါ်လာသော ပြည့်မင်း မျက်နှာရှုည်ကာချင်းတွင် "စံကားဝတ်စုံမြေ၊ သွန်းညောင်ရေ၊ ထုံးလေတန်စကူး၊ နွေလဆန်း၊ ဆန်းလဦး၊ ဝတ်ဆံရွှေသား၊ စံကားပွင့်လှဦး" ဟူ၍လည်းကောင်း၊ ရေးထိုးခဲ့သည်။ ဤသည်ကို ထောက်လျှင် ပုဂံခေတ်၊ ပင်းယခေတ်တို့တွင် ညောင်ရေသွန်း လောင်းခြင်းဓလေ့ ရှိနေပြီးဖြစ်ကြောင်း ထင်ရှား၏။

## ရှေးခေတ်ညောင်ရေသွန်းပွဲတော်

မြန်မာနိုင်ငံတွင် ရှေးဘုရင်များရှိခဲ့စဉ်က ကဆုန်လတွင် ကျင်းပသော ညောင်ရေသွန်းပွဲတော်သည် ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ကြီးမှူးကျင်းပ၍ အလွန်ကြီးကျယ်ခန်းနား စည်ကားလှသည်။

ထို့ကြောင့် ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းတရား လက်ထက်တွင် မဲဇာသို့ အပို့ခံရသော လက်ဝဲသုန္ဒရဘွဲ့ခံ အမတ်ကြီးဦးမြတ်စံသည် ကဆုန်လပြည့်နေ့က မဲဇာရပ်သူတို့ ကျင်းပသွန်းလောင်းကြသော ညောင်ရေပွဲသဘင်ကို တွေ့မြင် လိုက်ရသည့်အခါ ရတနာပူရ ရွှေမြို့တော်ကြီး၌ နှစ်စဉ်ကျင်းပ မြဲဖြစ်သော ခမ်းနားကြီးကျယ်လှသော ညောင်ရေသွန်း ပွဲတော်ကြီး ကို မျက်စိထဲမြင်ယောင်လာပြီး. . . "ပွဲခါညောင်ရေ၊ သွန်းမြဲပေ တည့်၊ ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆုယူ သည်" စသည်ဖြင့် အလွမ်းဘွဲ့ပိုဒ်စုံရတုကို သီကျူးခဲ့ခြင်း ဖြစ်သည်။



အင်းဝစသော ခေတ်များတွင် မြန်မာ့ရွှေနန်းတော်ကြီး၌ ကဆုန်ညောင်ရေသွန်းပွဲတော်ကြီးကို ကျင်းပရန် ကဆုန်လဆန်း (၁၄) ရက်မှစ၍ ကြိုတင်ပြင်ဆင်ထားကြရ၏။ ရေခပ်သွား ရေခပ်ပြန်တို့သည် အခမ်းအနားဖြင့် စနစ်တကျ သွားကြပြန်ရ၏။

ရေခပ်သွားရာမှပြန်လာပြီး ပွဲသဘင်တော်တွင် ခံကြ ရ၏။ ပွဲသဘင်တော်ခံရာသို့ မင်းသား၊ မင်းမြေး၊ မှူးမတ်အားလုံးတို့ သနားတော်မူသည့် အဆောင်အရွက်တို့ကို စီးနင်းပြီး တက်ရောက် ကြရ၏။

လပြည့်နေ့နံနက်တွင် မြို့တွင်းမြို့ပြင်ရှိ ဘုရားစေတီ ပုထိုးများနှင့် ဗောဓိညောင်ပင်များကို ညောင်ရေတော်သွန်း လောင်းကြရသည်။ မှူးမတ်နှင့် အများပြည်သူတို့က သဒ္ဓါတရား ရှိသဖြင့် ညောင်ရေသွန်းလောင်းကြရသည်။ ထို့ပြင် ရမည်းသင်း မင်းတရားလက်ထက်မှစ၍ လပြည့်နေ့၌သာမဟုတ် လပြည့်ကျော် (၈) ရက်နေ့တွင်လည်း ပတ္တမြားစေတီဘုရားကို ညောင်ရေ သွန်းလောင်းသေးသည်။

ကဆုန်လတွင် ကဆုန်ညောင်ရေသွန်းပွဲတော်အပြင် ရေချမ်းအိုးအလှူတော်ပွဲကိုလည်း ကဆုန်လကွယ်နေ့တွင် ပြုလုပ်သည်ကို တွေ့ရ၏။

## မျက်မှောက်ခေတ် ညောင်ရေသွန်းပွဲတော်

ကဆုန်ညောင်ရေသွန်းပွဲတော်သည် မျက်မှောက်ခေတ် တိုင် ရှင်သန်ကြီးထွားလျက်ရှိ၏။ ကဆုန်လပြည့်နေ့သို့ ကျရောက်

လေတိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ရွာဒေသအသီးသီး၌ မိမိတို့ စေတနာ သဒ္ဓါတရားအလိုက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကျင်းပဆင်နွှဲလေ့ရှိသည်။

မန္တလေးမြို့တော်၌ ကဆုန်ညောင်ရေသွန်းပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ရန်ကုန်မြို့တော်ရှိ ရွှေတိဂုံစေတီတော်၊ ကမ္ဘာအေးစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ဆူးလေစေတီတော်တို့တွင် ညောင်ရေသွန်း ပွဲတော်များကို တခမ်းတနား ကျင်းပခဲ့ကြသည်။

ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပပုံနှင့်ပတ်သက်၍ ရွှေတိဂုံစေတီ၏ရင်ပြင်တော် အဂ္ဂိ(အရှေ့တောင်)ထောင့်၌ ကျင်းပသော ညောင်ရေသွန်းပွဲတော်အကြောင်းကို တင်ပြလို၏။

ရွှေတိဂုံစေတီတော် အဂ္ဂိထောင့် ညောင်ရေသွန်း ပွဲတော်ကို ၁၂၈၈ ခုနှစ်က စတင်ကျင်းပခဲ့သည်ဆို၏။ ညောင်ရေသွန်းလောင်းပူဇော်သော "ဗောဓိပင်" မြတ်သည် ဘုရားရှင်ပွင့်တော်မူရာ မဟာဗောဓိပင်မှ အစေ့ကိုယူပြီး မဟာဗောဓိအသင်းက စိုက်ပျိုးထားသော မယ်ဒက်ဆရာတော် မဟာဗောဓိပင်မြတ်ဖြစ်သည်။

ထိုဗောဓိပင်မြတ်ကို ရေသွန်းလောင်းပူဇော်ကြမည့် ရန်ကုန် ရွှေမြို့တော်အသင်းအဖွဲ့ပေါင်းစုံတို့မှ ကဆုန်လပြည့်နေ့ နံနက် (၅) နာရီအချိန်တွင် ရွှေတိဂုံစေတီတော် အဂ္ဂိထောင့်သို့ ကြိုတင် ရောက်ရှိနေကြ၏။



နံနက် (၆) နာရီအချိန်တွင် ထိုအသင်းအဖွဲ့ ပေါင်းစုံတို့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ျာရစ်တစ်ပတ် လှည့်လည် ပူဇော်ကြ၍ အဂ္ဂိထောင့်ရှိ မဟာဗောဓိပင်မြတ်ကြီး အနီးတွင်စုဝေးပြီး နေရာယူကြ၏။

နံနက် (၆) နာရီ မိနစ် (၃၀) အချိန်တွင် ညောင်ရေသွန်းပွဲတော် အခမ်းအနားကို စတင်ကြောင်း အခမ်းအနားမှူးက ကြေညာသည်။ ရှေးဦးစွာ သမ္မာဒေဝနတ်ပြဟ္မာများကို ပင့်ဖိတ်ကာ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦးက "မဟာဗောဓိ ဒုမနာတော" အစချီ သောဂါထာတော်ကို ရွတ်ဆိုပြီး အခမ်းအနားဖွင့်လှစ်သည်။

အခမ်းအနားဖွင့်ပြီးသည်နှင့် စုဝေးရောက်ရှိနေသည့် ပရိသတ်အပေါင်းက ဆရာတော်၊ သံဃာတော် အရှင်မြတ်များထံတွင် ငါးပါးသီလခံယူကြပြီး. . . "အနေကဇာတိသံ သာရံ" စသော ဥဒါန်းဂါထာတော်များနှင့် မေတ္တာသုတ်ပရိတ်တော်တို့ကို နာယူကြသည်။

တရားနာယူပြီးသည့်အဆုံးတွင် ပုဂ္ဂိုလ်တစ်ဦးက "ဥဒ္ဓိသိ ယဇိနံဗုဒ္ဓ" စသော ဂါထာဖြင့် ညောင်ရေချမ်းတော်ကို ဆက်ကပ်၍ အခြားလူကြီးမင်းတစ်ဦးက ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ရခြင်းအကြောင်းကို ဟောပြောသည်။

ထို့နောက်တွင် ပြဟ္မာ၊ နတ်သိကြား၊ နဂါး၊ ဂဠုန်ဝတ်စုံများကို အသီးသီးဝတ်ဆင်ထားကြသည့် (၈) ဦး၊ (၈) ဦးစီးသော ပြဟ္မာ၊ နတ်၊ နဂါး၊ ဂဠုန်တို့သည် မဟာဗောဓိညောင်ပင်

တော်မြတ်ကို လှည့်ပတ်ဝိုင်းပြီး အရပ်မျက်နှာအလိုက် နေရာယူကြရသည်။

ပြဟ္မာ စသူတို့ နေရာယူပြီးသည့်အခါ အခမ်းအနား၏ ပန်ကြားချက်အရ မြန်မာဝတ်စုံများကို ဝတ်ဆင်ထားသည့် လူကြီးမင်း (၈) ဦးတို့သည် အရပ်ရှစ်မျက်နှာက ညောင်ရေသွန်းလောင်း ပူဇော်ကြရန် မဟာဗောဓိပင်ရင်းသို့ ကြွရောက်ကြပြီး မိမိတို့ တာဝန်ကျသော အရပ်မျက်နှာတွင် ညောင်ရေအိုးကိုယ်စီဖြင့် အဆင်သင့် ရပ်နေကြရသည်။

အခမ်းအနားမှူးက ပန်ကြားသောအခါ အရှေ့အရပ်က ပြဟ္မာ (၈) ဦးနှင့် အရပ်ရှစ်မျက်နှာရှိ လူကြီးများက "ဇယောဟိ ဗုဒ္ဓဿ သိရိမတော အယံ" ဟူသော ဂါထာကို သံပြိုင်သီကျူး ကြ၍ညောင်ရေတော်သွန်းလောင်းပူဇော်ကြပြီးလျှင်ပြဟ္မာ (၈)ဦး တို့ သီးသန့်နေရာသို့ သွားရောက်နေကြရသည်။

ထို့အတူ တောင်အရပ်၌ နတ်သိကြားများနှင့် လူကြီးများက အထက်ပါဂါထာကိုပင် ပြဟ္မဂဏာနေရာ၌ (ဒေဝဂဏာ) ကို ထည့်ကာ သံပြိုင်သီကျူး၍လည်းကောင်း၊ အနောက်အရပ်က နဂါး(၈) ဦးနှင့် လူကြီးများက ထိုဂါထာကိုပင်ပြဟ္မဂဏာနေရာ၌ (နာဂဂဏာ) ကိုထည့်ကာ သံပြိုင်သီကျူး၍လည်းကောင်း၊ မြောက်အရပ်က ဂဠုန် (၈) ဦးနှင့် လူကြီးများက ယင်းဂါထာကိုပင် ပြဟ္မဂဏာနေရာ၌ (သုပဏ္ဏဂဏာ) ကို ထည့်ကာ သံပြိုင်သီကျူး ၍လည်းကောင်း အသီးသီးညောင်ရေတော် သွန်းလောင်းကြပြီး နတ်နဂါး၊ ဂဠုန် (၂၄) ဦးတို့ သီးသန့်နေရာသို့ သွားရောက် နေကြရ၏။



ညောင်ရေသွန်းပူဇော်ပွဲအခမ်းအနားတွင် ပြဟ္မာ၊ နတ်၊ နဂါး၊ ဂဠုန်တို့ အသီးသီးရွတ်ဆိုသီကျူးခဲ့ကြသည့် "ဇယော ဟိ ဗုဒ္ဓဿသိရိမတော အယံ" စသော ဂါထာတို့၏ အဓိပ္ပာယ်မှာ. . .

". . . ဤပွဲသည်ကျက်သရေတော်များသခင် ဗုဒ္ဓဘုရားရှင်၏ အောင်ပွဲသဘင်တည်း။ ယုတ်မာညစ်ညမ်း ပညာကန်းသည့် မာရ်နတ်သား၏ ရှုံးပွဲကြီးတည်း။ ဤသို့ မာရ်နတ်သားကို အောင်ပွဲခံရသည့် ကဆုန်လပြည့်နေ့က ပြဟ္မာအပေါင်းတို့သည် (နတ်အပေါင်းတို့သည်၊ နဂါး အပေါင်းတို့သည်၊ ဂဠုန်အပေါင်း တို့သည်) ဗောဓိမဏ္ဍိုင်ကုန်းတော်ဝယ် စုရုံးကြ၍ဘုရားရှင်၏ အောင်ပွဲတော်ကြီးကို ဝမ်းမြောက်ဝမ်းသာ ချီးကျူး ကြွေးကြော် ကြ၏" ဟု ဆိုလိုသည်။

တစ်ဖန် အရှေ့မျက်နှာအရပ်က နံ့သာအိုးများကိုယ်စီ ပိုက်လျက်ရှိသော ဝတ်အဖွဲ့ဝင် အမျိုးသမီး (၁၆) ဦးတို့ကမိမိတို့နှင့် သက်ဆိုင်ရာ ရှစ်လုံးဘွဲ့ကဗျာများကို သုံးခေါက်စီရွတ်ဆိုပြီး ညောင်ရေ သွန်းလောင်းပူဇော်ကြ၏။

ထို့အတူ တောင်အရပ်က ဝတ်အဖွဲ့ဝင် အမျိုးသမီး (၁၆)ဦး၊ အနောက်အရပ်က ဝတ်အဖွဲ့ဝင် အမျိုးသမီး (၁၆) ဦး၊ မြောက်အရပ်က ဝတ်အဖွဲ့ဝင် အမျိုးသမီး (၁၆) ဦးတို့က သက်ဆိုင်ရာ ရှစ်လုံးဘွဲ့ကဗျာများကို သုံးခေါက်စီရွတ်ဆို၍ အလှည့်ကျ ညောင်ရေသွန်းလောင်း ပူဇော်ကြ၏။

ထို့နောက်တွင် ပြဟ္မာ၊ သိကြား၊ နတ်၊ နဂါး၊ ဂဠုန်များနှင့် အဖွဲ့ဝင် လူကြီးများက ပုဗ္ဗသုတ်တော်လာ "ဇယန္တော ဗောဓိယာ မူလေ " စသော ဆုတောင်းပတ္တနာ ၅-ဂါထာကို ရွတ်ဆို

ဆုတောင်းကြသည်။ ဝတ်အဖွဲ့ဝင် အမျိုးသမီး (၆၄) ဦးတို့ကလည်း ဆုတောင်းပတ္တနာ ရှစ်လုံးဘွဲ့ကဗျာသုံးပုဒ်ကို ရွတ်ဆို ဆုတောင်းကြသည်။ ဆုတောင်းပြီးသည့်အခါ မေတ္တာပို့အမျှဝေ၍ နတ်ပြဟ္မာများကို ပို့ကြရ၏။

နောက်ဆုံးတွင် ကြွရောက်လာကြသော ပရိသတ်များက သာဓုသုံးကြိမ်ခေါ်ဆိုသည်။ ခရသင်း၊ ကြေးစည်များ တီးမှုတ်ကာ ညောင်ရေသွန်းပွဲတော် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညောင်ရေသွန်းလောင်းပူဇော်ကြခြင်းမှာ မပြီးဆုံးသေးပါ။ အချို့အသင်းအဖွဲ့များက အသင်းအဖွဲ့အလိုက် စီတန်းစုဝေးကာ ကဗျာများ ရွတ်ဆို၍လည်းကောင်း၊ အချို့က တစ်ဦးချင်းလည်းကောင်း အမွှေးနံ့သာရေ၊ သန့်စင်သောရေတို့ဖြင့် နေဝင်သည့်တိုင် တစ်နေ့လုံးအဆက်မပြတ် ညောင်ရေတော်သွန်းလောင်း ပူဇော်ကြ၏။

ကဆုန်လပြည့်နေ့တိုင်း အကြီးအငယ်အလတ် သုံးပါးလူအများသည် ပျော်ပျော်ရွှင်ရွှင် ဝတ်စားဆင်ယင်ပြီး ရေအိုးကိုယ်စီရွက်ကာ မဟာဗောဓိပင်ရှိရာသို့ အိုးစည်ဗုံမောင်း အကအခုန်တို့ဖြင့် စီတန်းလျက်သွားကာ မဟာဗောဓိပင်ကို ရေစင်သွန်းလောင်းကြသည်။ ပြည်မြန်မာအနှံ့အပြား တောရောမြို့ပါ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် စဥ်လာမပျက် ကျင်းပလျက်ရှိသည်မှာ ဝမ်းသာနှစ်ထောင်း အားရဖွယ်ကောင်းလှ၏။

x x x x x

## နယုန်လနှင့်
## စာတော်ပြန်ပွဲတော်

နယုန်နွေခါ၊ စုံပွေချာမှာ ငုံဝေဆာစမ္ပိုပွင့်ပါတဲ့၊ မှန်ညီသင့်နှောင်း၊
ဂိမှေကို၊ ဒေါင်းအိမ်ရွှေ နေရထားလိုပ၊ သွေမခြားပူရှာလေ့တာမို့၊
ကူပါမေ့စကားသီနှင့် သနားခံ သလိုက်ရပါတော့မယ်။
(ဖိုးဝဇီရ၏ ဆယ့်နှစ်ရာသီ နယုန်လဖွဲ့မှာတမ်း)

### နယုန်လ

နယုန်လသည် မြန်မာ့ဆယ့်နှစ်လတွင် တတိယမြောက်လဖြစ်သည်။ "နယုန်"ဟူသောဝေါဟာရတွင်"န"သည်အချိန် ကာလဖြစ်၏။ "ယုန်" သည် မြန်မာ့ရောင်းရင်း ဘာသာစကား အရ "မိုးရွာခြင်း" ဟုအနက်ထွက်၏။ နယုန်လသည် မိုးရွာပြီဖြစ်သောလဟု မှတ်ယူကြ၏။

ဤလတွင် ရက်ပေါင်း ၃၀ ရှိ၏။ နာရီအားဖြင့် နေ့ ၃၄ နာရီ၊ ည ၂၆ နာရီရှိ၏။ နေ့တာရှည်၏။ ညတာတို၏။ ဤလကိုရာသီအလို "မေထုန်" ခေါ်ဆို၏။ ဤလတွင် ဇေဋ္ဌနက္ခတ်နှင့်

စန်းယှဉ်ကြည့်ကာမြင်းတာရာ ထွန်းပ၏။ ဤလ၏ ရာသီရုပ်မှာ အပျို လူပျို ယှဉ်တွဲနေပုံဖြစ်၏။

မိုးသားထစ်ကြူး၊ ကျေးငှက်မြူးကြသည့် လနယုန်တွင် ပွင့်ငုံလေ့ရှိကြသော ရာသီပန်းမှာ "ဗိုလ်ခြံတဲ့ရွှေလယ်မှာ၊ ငွေစံပယ် ဖြူမုလေးက၊ မွှေးလှတယ်လေး" ဟူ၍ မဟာအတုလမင်းကြီးက နယုန်လတွင် မြတ်လေးခေါ် မုလေးပန်းကို ရာသီပန်းအဖြစ် ထည့်သွင်းဖွဲ့ဆိုခဲ့သည်။

ဤလ၏ ရာသီပန်းဖြစ်သော မုလေးပန်းတို့မှာ လှိုင်လှိုင်ကြီး ပွင့်လန်းကြသည်။ ယင်းမြတ်လေးခေါ် မုလေးပန်းကို ရှေးအခါက ပန်းတကာတို့တွင် တော်ဝင်ပန်း အမြတ်ဆုံးပန်းဟု တင်စား သုံးနှုန်းကြ၏။ ဤပန်းမျိုးသည် ဆေးဖက်လည်းဝင်သည်။

## နယုန်လအဓိပ္ပာယ်

ပုဂံခေတ် အင်းဝခေတ်ထိုကျောက်စာတို့၌ နံယုန်၊ နယုန်၊ နံမျှန်ဟု အမျိုးမျိုးရေးထိုးခဲ့ကြသည်။ ဒုတိယ ရှင်ပုညကာမိ စီရင်သော ဘုန်းမီးထက်လျှံချီ မှန်စီသတ်ပုံတွင် "တန်ခူးကဆုန်၊ လနမျှန်၊ ဖုန်ဖုန်လွင့်မြူးလိမ်း" ဟုလည်းကောင်း၊ သက္ကရာဇ် ၁၀၈၈ ခုနှစ်ပြီးသည့် သီရိမင်္ဂလာသတ်ပုံတွင် "ကဆုန်နမျှန်၊ ကြိုးသုန်သုန်၊ နယုန် နသတ်မြန်း" ဟုလည်းကောင်းပါရှိသည် တို့ကိုထောက်လျှင် ဒုတိယအင်းဝခေတ်၌ "နမျှန်" ဟုလည်း အရေးအသားရှိကြောင်း သိရ၏။



နယုန်၏ ရင်းမြစ်မှာ "နရယုဂ" ဟူသော ပါဠိပုဒ်ဖြစ်၏။ နရယုဂသဒ္ဒါပျက်၍ ယုန်ဖြစ်လာသည်ဟု ယူရန်ရှိ၏။ မေထုန် ရာသီ၏ အမည်များကို ရာဇမတ္တဏ်ကျမ်း ရာသီဘိဓာနအပိုင်း၌ ဇိတုမ၊ မိထုန၊ နရယုဂဟု သုံးမျိုးပြဆိုထားသည်။ ထိုသုံးမျိုးတွင် "နရယုဂ" မှ မေထုန်ရာသီ၏ နာမည်တစ်မျိုးဖြစ်၏။

အဓိပ္ပာယ်မှာ မိန်းမယောကျ်ားအစုံ (နရ-လူ+ယုဂ-အစုံ) ဟု ဆိုလို၏။ ဤသို့ ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ ပြဆိုထား၏။ ထိုကျမ်းဆရာ၏ အလိုမှာ မေထုန်ရာသီဟော နရယုဂ သဒ္ဒါမှ နရယုဂ်ဖြစ်လာပြီး နရယုဂ်မှ နယုန်ဖြစ်လာသည်ဆို၏။

## မဟာသမယအခါတော်နေ့

သုံးလောကထွတ်ထား၊ မြတ်စွာဘုရားရှင်လက်ထက် တစ်ခုသော နယုန်လအခါသမယတွင် မိုးခေါင်ရေရှားမှုဖြစ်ပွားရာ ရောဟိနီမြစ်ရေကို အားကိုးနေကြရသော ကပ္ပိလဝတ်နှင့် ကောလိယ တိုင်းသားတို့ ရေလုမှုဖြင့်အချင်းများ၍ စစ်ပြင်သည့် အချိန်သို့ ရောက်လာခဲ့၏။

ထိုစဉ်တွင် မြတ်စွာဘုရားသခင်သည် ကောင်းကင်ယံမှ ကြွရောက်လာတော်မူ၏။ငြိမ်းချမ်းရေးတရားမြတ်ဖြစ်သော ဇာတ်တော် (၅) ဇာတ်ကို ဟောကြားတော်မူ၏။

ထို့နောက် မဟာဝုန်တောသို့ကြွရောက်ကာ နယုန်လပြည့်နေ့ တွင် စကြာဝဠာတစ်သောင်းမှ နတ်ပြဟ္မာအပေါင်းအား မဟာ သမယသုတ်တော်ကို ဟောကြားတော်မူခဲ့ခြင်းအား အစွဲပြု၍

နယုန်လပြည့်နေ့တွင် "မဟာသမယ"သုတ်တော် ရွတ်ဖတ် သရဇ္ဈာယ် တော်မူကြသော "မဟာသမယအခါတော်နေ့"ပွဲ ဆင်ယင်ကျင်းပ ကြ၏။

## လယ်ထွန်မင်္ဂလာ

နယုန်လသည် ဘုရားရှင်လက်ထက်တော် အခါကပင် လယ်ယာ လုပ်ငန်းခွင်တွင် စတင်၍ ထွန်ယက်ခြင်းအမှု ပြုခဲ့ပုံကို ဇိနတ္ထပကာသနီ၌ သိဒ္ဓတ်မင်းသားကိုဖွား၍ တစ်လမြောက်သော အခါ ခမည်းတော်မင်းတရားသည် များစွာသော မှူးမတ်ဗိုလ်ပါ အခြံအရံတို့နှင့်ထွက်ချီစံပယ်၍ လယ်ထွန်မင်္ဂလာရတော်မူသည်" ဟု ဖော်ပြခဲ့၏။

မင်းတုန်းမင်းကြီး၏လယ်ထွန်မင်္ဂလာပွဲကိုလည်း "ဆဒ္ဒန်ရှင် ရွှေထွန်နှင်တယ်၊ ကျွန်းခွင်ကအေးလေ့" အစချီ၍ သံတော်ဆင် သော မြို့စားဦးစီက ပုံကြီးသံကိုဖွဲ့ဆိုခဲ့၏။ ဤလတွင် ဘုရင်များ ကိုယ်တိုင် လယ်ထွန်မင်္ဂလာပွဲသဘင်ကို ပြုလုပ်ကာ စိုက်ပျိုးရေး ကို အားပေးခဲ့ကြသည်။

## ရှေးခေတ်ပညာရှင်ရွေးပွဲ

ပုဂံအနော်ရထာ (အနိရုဒ္ဓ) ဘုရင်မှစ၍ ရှေးမြန်မာဘုရင် အဆက်ဆက်တို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၏။ ဗုဒ္ဓဘာသာဝင်ဘုရင်များ ဖြစ်ကြသည့်အလျောက် မိမိတို့ လက်ထက်တော်အခါတွင် သာသနာတော်ပြန့်ပွားတိုးတက် ထွန်းကားရေးကို စွမ်းအားရှိသရွေ့ ချီးမြှောက်အားပေးခဲ့ကြသည်၊



သာသနာတော်သုံးရပ်တွင် ပိဋကစာပေဟူသော "ပရိယတ္တိ" သာသနာတော်သည် အရေးကြီးဆုံး၊ အခြေခံအကျဆုံး ဖြစ်ကြောင်း ကောင်းစွာသိတော်မူ၏။ ပရိယတ္တိ သာသနာတော် တည်မှကျန်သာသနာများ တည်တံ့နိုင်ရကား ပရိယတ္တိသာသနာ မှာ သာသနာသုံးရပ်၏ အသက်သွေးကြောဖြစ်၏။

ရှေးခေတ် ရှေးအခါက ဖြစ်ထွန်းနေသော ဘုန်းကြီး ကျောင်း ပညာရေးကိုလည်း အထူးအားပေးလို၏။ ထိုဘုန်းကြီး ကျောင်း ပညာရေးက မွေးထုတ်ပေးလိုက်သော ပညာရှင်များကို လည်း လောကသာသနာ နှစ်ဖြာလုံးတွင် အသုံးချရန် ဆန္ဒရှိ၏။

ထို့အတွက်ကြောင့် ရှေးမြန်မာဘုရင်များသည် ပရိယတ္တိ သာသနာ တိုးတက်ပြန့်ပွားရန်နှင့် ပညာရှင်များ ထွန်းကားလာ ရန်ဟူသော ဆန္ဒဖြင့် ပထမစာတော်ပြန်ပွဲကို နယုန်လ၏ ရာသီ ပွဲတော်အဖြစ် တခမ်းတနားပြုလုပ် ကျင်းပခဲ့ခြင်းဖြစ်၏။

မြန်မာမင်းများကျင်းပခဲ့သည့် စာတော်ပြန်ပွဲသည် မြန်မာ့ တက္ကသိုလ် စာမေးပွဲများပင် ဖြစ်၏။ ထိုစာတော်ပြန်ပွဲများမှ လူကောင်းလူတော် ပညာရှင်များကို ရွေးထုတ်ပြီး လွှတ်တော်၊ ရုံးတော်၊ ဗြဲတိုက်တော်တို့တွင် အသုံးချသွားခဲ့၏။ ယင်းပုဂ္ဂိုလ်များ အနက် အချို့မှာ စာရေးတော်များဖြစ်လာကြ၏။

အချို့သော လူကောင်းလူတော်များသည် ရာထူးကြီးများ ကိုပင် တိုက်ရိုက်ရကြ၏။ ပညာရှိဆိုသည်မှာ လောကရေး၊ ရာဇရေး၊ ဓမ္မရေးတို့တွင် တစ်ဖက်ကမ်းခပ် တတ်မြောက်သော

ပါရဂူတို့သာများသည်။ တွင်းသင်းမင်းကြီး၊ ကင်းဝန်မင်းကြီး၊ ပခန်းမင်းကြီး စသည်တို့သည် ရဟန်းအဖြစ်မှ လူဝတ်လဲပြီး နန်တော်သို့ရောက်ကြကာ အုပ်ချုပ်ရေး ယန္တရားများကိုလည်စေသောသူများပင်ဖြစ်၏။

စာတော်ပြန်ပွဲသည် တိုင်းပြည်၏ သာသနာရေး၊ နိုင်ငံရေး၊ ပညာရေးနှင့် အုပ်ချုပ်ရေးဘက်တွင် လိမ္မာကျွမ်းကျင်သောပညာရှင်များကို တစ်နှစ်လျှင်တစ်ကြိမ် မှန်မှန်ရွေးထုတ်ပေးသော ရွေးခေတ်ပညာရှင်ရွေးပွဲပင်ဖြစ်၏။

## စာတော်ပြန်ပွဲ

သမိုင်းများတွင် အစောဆုံးတွေ့ရသည်မှာ ဒုတိယအင်းဝခေတ် သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်ဖြစ်၏။မှန်နန်းရာဇဝင်တော်ကြီး တတိယတွဲ (၂၃၉) တွင် . . .

"သက္ကရာဇ် (၁၀၀၀) ပြည့်နှစ်တွင် ကျမ်းဂန်သင်ကြားသော သာမဏေတို့ကို သင်ကျမ်းကို ဆရာတို့မေးရသည်။ အနက်အဓိပ္ပာယ်ကို ဆိုနိုင်သော သာမဏေတို့ကို ပဉ္စင်း ၁၀၈ - ပါး၊ သာမဏေ ၇-ပါး၊ ထိုနှစ်ကဆုန်လဆန်း (၁၄) ရက် တနင်္ဂနွေနေ့ မွန်းတည့်ကျော် (၂) နာရီ (၃) ပါဒ်တွင် ပဉ္စင်းခံတော်မူသည်" ဟူ၍ ပါရှိ၏။

ထို့အတွက်ကြောင့် ပညာရှင်များက သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၀၀၀ပြည့်နှစ်တွင် ပထမစာတော်ပြန်ပွဲကို စတင်ကျင်းပခဲ့ကြောင်း လက်ခံအတည်ပြုထားကြ၏။ အင်ရုံ



စာတမ်းခေါ် လောကဗျူဟာကျမ်းတွင် အင်ရုံဝန်ကြီးက အင်းဝမင်းများနယုန်လတွင် ပထမစာတော်ပြန်ပွဲသဘင် ဆင်ယင်ကျင်းပပုံကို စုံလင်စွာ ဖော်ပြထား၏။ သမိုင်းမှတ်တမ်းများတွင် စတင်တွေ့ရှိရသော သာလွန်မင်းတရားလက်ထက်မှ သီပေါမင်းလက်ထက်အထိ မင်းဆက်အချို့ စာတော်ပြန်ပွဲ ကျင်းပသည့် အကြောင်းကို မှန်နန်းရာဇဝင်၊ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးနှင့် သမိုင်းဝင်မှတ်တမ်းများ၌ မဖော်ပြထားပါ။ အချို့မင်းများလက်ထက်ကျင်းပသော ပထမစာတော်ပြန်ပွဲများသည် မှတ်တမ်းမတင်ခဲ့ခြင်းကြောင့် သမိုင်းတွင်မပါရှိခြင်း ဖြစ်သည်။ မင်းစဉ်မင်းဆက်အားလုံး အဆက်မပြတ် ပထမစာတော်ပြန်ပွဲသဘင်ကို ဆင်ယင်ကျင်းပခဲ့ကြသည်ဟု ကောက်ချက်ချနိုင်သည်။

## အင်းဝမင်းများ၏ စာပြန်ပွဲ

ပထမစာပြန်ပွဲတော်သဘင်ကို နယုန်လဆန်းမှစ၍ နယုန်လကုန်အထိ တစ်လတိတိ ကျင်းပ၏။ ကုန်ဘောင်ခေတ်တွင် နယုန်လဆန်း (၈) ရက်မှ ဝါဆိုလဆန်း (၈) ရက်အထိ တစ်လ ကျင်းပသည်ဆို၏။

မြန်မာဘုရင်တို့ နယုန်လတွင် စာတော်ပြန်ပွဲသဘင်ကျင်းပခြင်းမှာ နယုန်လသည် သာသနာ့ဝန်ထမ်း ရှင်ရဟန်းများအဖို့ စာသင်နှစ်၏ နောက်ဆုံးလဖြစ်သောကြောင့်ဖြစ်၏။ စာသင်နှစ်ပထမလမှာ ဝါဆိုလဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးရှိ ဆရာတော်၊ သံဃာတော်များသည် ဝါဆိုလပြည့်ကျော် (၁) ရက်နေ့တွင် ဝါဆို

တော်မူ၏။ ထို့နောက် စာဝါသစ်များကို စတင်ပို့ချသင်ယူကြသည်၊ ဝါတွင်းကာလမှာ အရပ်တစ်ပါးသို့ ညဥ့်အိပ်ခရီးမသွားရ၍ အချိန်ရှိသရွေ့ စာပေပို့ချလေ့လာဆည်းပူးနိုင်သောအချိန်ဖြစ်၏၊ ဆောင်းရာသီ၊ နွေရာသီများတွင် လွတ်လပ်စွာ ခရီးသွားနိုင်ကြ၏။မိုးရာသီကဲ့သို့ စာချ၊ စာတက်မှန်လေ့မရှိ၊ ထို့ကြောင့် စာသင်နှစ်၏နောက်ဆုံးလဖြစ်သောနယုန်လရာသီတွင် စာတော်ပြန်ပွဲ ကျင်းပခြင်းဖြစ်၏။

စာတော်ပြန်ပွဲ ကျင်းပသောနေရာမှာ ဘုရင့်ကောင်းမှုတော်များဖြစ်သည့် သုဓမ္မာဇရပ်ကြီးများဖြစ်၏။ စာတော်ပြန်ပွဲ၌ ပြန်ဆိုကြရသော ကျမ်းစာများမှာ တစ်ခေတ်နှင့်တစ်ခေတ် အနည်းငယ်ခြားနား၏။ အင်းဝမင်းများလက်ထက်တွင် ပဥ္စင်းလောင်းများသည် "သဒ္ဒါ ၈-ကျမ်း၊ သုတ် ၃-ကျမ်း၊ အဘိဓမ္မာ သင်္ဂြိုဟ်ကျမ်း"များကိုပြန်ဆိုကြရ၏။ ရှင်လောင်းများက သဒ္ဒါ ၈ -ကျမ်းကို ပြန်ဆိုရ၏။ ပထမစာတော်ပြန်ပွဲနှင့် ပတ်သက်ပြီး မောင်းထောင်း သာသနာပိုင် ဆရာတော်ဘုရားကတင်သွင်းသည့် မေတ္တာစာတွင် "သဒ္ဒါ၊ သင်္ဂြိုဟ်၊ ညဝါနေ့ဝါ တစိုးတစိပါဠိ ပါဠိများကို မြန်မာအနက် အဓိပ္ပာယ်လောင်းစွက်၍ အင်းဝမင်းတို့လက်ထက် ရှင်လောင်း၊ ပဥ္စင်းလောင်းများကို ပြန်ဆိုစေသည်" ဟူ၍ အမေးတော်ဖြေကျမ်းတွင် တွေ့ရ၏။ အင်းဝမင်းတို့လက်ထက် ပထမစာတော်ပြန်ပွဲတွင်ပြန်ဆိုရသည့် ကျမ်းစာများမှာ ဝိနည်းကျမ်းများမှတပါး သဒ္ဒါကျမ်း၊ အဘိဓမ္မာကျမ်း၊ သုတ္တန်ကျမ်းများဖြစ်မည်ဟု ယူဆရ၏။



ထိုခေတ်အခါက စာပြန်ဆိုကြရသည့် အဆင့်အတန်းများမှာ ပထမပဥ္စင်းလောင်း၊ ဒုတိယပဥ္စင်းလောင်းစသော အသုံးအနှုန်းကိုထောက်လျှင် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်၊ စတုတ္ထအဆင့်ဟု အဆင့် (၄) ဆင့်ရှိကြောင်း သိသာ ထင်ရှား၏။ အင်းဝခေတ်နောက်ပိုင်းခေတ်ကဲ့သို့ ပထမငယ်၊ ပထမလတ်စသော နာမည်များဖြင့် အဆင့်အတန်း သတ်မှတ်မှု မရှိသေးဘဲ ပထမ၊ ဒုတိယစသော အမည်များကိုသာ ခေါ်ဝေါ်သုံးစွဲကြဟန်တူ၏။

ဘိုးတော်ဘုရားလက်ထက်တွင်ပြန်ဆိုရသော ကျမ်းစာများမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲလာ၏။ သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလတို့တွင် နိသျည်းဆရာ ဥပဇ္ဈာယ်ဆရာ အင်္ဂါ မြောက်ဆိုက်သော ၁၀-ဝါရ ရဟန်းကြီးတို့ကို ဥဘတော ဝိဘင်း ပါဠိတော်များကို သုဓမ္မာဇရပ်၌ ဆရာတော်များရှေ့တွင် အာဂုံ ပြန်ဆိုကြရ၏။

ထို့နောက် ၁၁၅၃-ခုနှစ်၊ နယုန်လ စာတော်ပြန်ပွဲကို အမိန့်တော်ထုတ်ပြန်၍ ပြန်ဆိုရမည့် ကျမ်းစာများကို ပြောင်းလဲ ပြဋ္ဌာန်း လိုက်၏။

"ပထမရှင်လောင်းတို့မှာ ရှင်ကျင့်ဝတ်၊ လိင်၊ ဒဏ်၊ သေခိယ၊ ခန္ဓကဝတ်၊ ပဥ္စင်းလောင်းတို့မှာ ပါတိမောက် ၂-စောင်ပါဌ်အနက် နိဿယမုစ္စကအင်္ဂါကို ရွေးဦးပြန်စေပြီးမှ အမိန့်တော်စာတမ်းတွင် ပြန်ဆိုရိုးအတိုင်း ဖြစ်စေ။ သက္ကရာဇ် ၁၁၅၃ ခုနှစ်၊ စာပြန်ကို ရပ်စေ။ ဥဘတောဝိဘင်းကျမ်း နိဿယမုစ္စကအင်္ဂါကျမ်းများကိုသာ ပြန်စေ။ ၁၁၅၃-ခု၊ နယုန်လဆန်း ၂-ရက်နေ့ နားခံတော် ကျော်စွာနော်ရထာပြန် အမိန့်တော်။

ယင်းမင်းလက်ထက်မှ ပုဂံမင်းလက်ထက်အထိ ထိုအစဉ်အလာအတိုင်း ဥဘတော၊ ဝိဘင်း၊ ဝိနည်းကျမ်းများကိုသာ ပဥ္စင်းလောင်း၊ ရှင်လောင်းနှင့်မထေရ်မြောက်ရဟန်းကြီးတို့ ပြန်ဆိုရ၏။

မင်းတုန်းမင်းလက်ထက် ၁၂၃၅-ခုနှစ်တွင် မန္တလေးရတနာပုံနေပြည်တော်လေးပြင်ရှိ တံဆိပ်တော်ရဆရာတော်ကြီးတို့အား ဆွမ်းလှူတော်မူပြီး ပိဋကတ်သုံးပုံကို ပြန်ဆိုနိုင်သော ပထမရှင်လောင်းတော်၊ ပဥ္စင်းလောင်းတော်များကိုရအောင် အားထုတ်တော်မူကြပါဟု မင်းတုန်းမင်းတရားကြီးက လျှောက်ထား၏။ ဆရာတော်ကြီးများကလည်း သဘောတူညီတော်မူ၏။

၁၂၃၅-ခုနှစ်မှ အစပြု၍ ပထမစာတော်ပြန်ပွဲတွင် ဝိနည်းတော်သာမဟုတ်၊ ပိဋကသုံးပုံ အလုံးစုံကိုနှုတ်ငုံနှုတ်တက် ကျက်မှတ်ပြန်ဆိုနိုင်လျှင် ပြန်ဆိုခွင့်ရ၏။ ယင်းမင်းတရားကြီးလက်ထက်က သီပေါမင်းသည် ၁၂၃၇-ခုနှစ်မှစ၍ ပထမငယ်တန်း၊ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို တစ်နှစ်တစ်တန်းသုံးကြိမ်ပြန်ဆိုအောင်မြင်တော်မူကြောင်း ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီး (တတိယတွဲ)၌ ပြည့်စုံစွာ မှတ်တမ်းတင်ထား၏။ ထိုရာဇဝင်မှတ်တမ်းအရ ထိုခေတ်က ပထမငယ်တန်း၌ ပြန်ဆိုရသည့် ကျမ်းများမှာ. . .

(၁) သဒ္ဒါရှစ်စောင်ပါဠိ၊ အနက်၊ ရုပ်။

(၂) သင်္ဂြိုဟ်ကိုးပိုင်း၊ ပါဠိ၊ အနက်၊ အဓိပ္ပာယ်။



(၃) ဆန်းပါဠိ၊ အနက်။

(၄) အလင်္ကာပါဠိ၊ အနက်။

(၅) အဘိဓာန်ပါဠိ၊ အနက်။

(၆) မာတိကာပါဠိ၊ အနက်၊ အရကောက်။

(၇) ဓာတုကထာပါဠိ၊ အနက်၊ အရကောက်

(၈) ယမိုက်အောက်ငါးကျမ်းပါဠိ၊ အနက်၊ အရကောက် တို့ဖြစ်၏။

ပထမလတ်တန်း ကျမ်းစာများမှာ (၁) (၂) (၃) (၄) (၅) (၆) (၇) တို့တွင် ပထမငယ်တန်း ကျမ်းစာအတိုင်းသာဖြစ်သည်။ နံပါတ် (၈)တွင် ယမိုက်ဆယ်ကျမ်းပါဠိအနက် အရကောက်ဖြစ်၏။

ပထမကြီးတန်းကျမ်းစာများမှာ (၁) နံပါတ်မှ (၈) နံပါတ်အထိ ပထမလတ်တန်း ကျမ်းစာအတိုင်းဖြစ်၏။ နံပါတ် (၉) တွင် ပဋ္ဌာန်းကုသလတိက် အကုန်ပါဠိအနက် အရကောက်တို့ဖြစ်၏။ ထိုမင်းလက်ထက် စာတော်ပြန်ပွဲတွင် ပထမကျော်၊ ပထမကြီး၊ ပထမလတ်၊ ပထမငယ်တန်းဟူ၍ အံတန်းလေးတန်းရှိကြောင်း သမိုင်းတွင် ဖော်ပြထား၏။ သို့သော် ပထမကျော်တန်းတွင် မည်သည့်ကျမ်းစာများ ပြန်ဆိုရသည်ကို သမိုင်းမှတ်တမ်းတွင် မတွေ့ရပါ။

သီပေါမင်းလက်ထက်တွင် စာတော်ပြန်ပွဲမှာ တစ်ခေတ်ဆန်းလာခဲ့၏။ “ပထမစာတော်ပြန်ဥပဒေ” သည် စာအုပ်အဖြစ်နှင့်

စနစ်တကျ ပေါ်လာခဲ့၏။ ထိုဥပဒေကျမ်းအရ စာတော်ပြန်ကျမ်းစာများမှာ တစ်မူထူးခြားလာခဲ့သည်။ အတန်းများမှာ ပထမကျော်၊ ပထမကြီးနှင့်ပထမငယ်တန်းဟူ၍ သုံးတန်းသာရှိ၏။ မင်းတုန်းမင်းတရားကြီးလက်ထက်ကကဲ့သို့ အတန်းလိုက် မသတ်မှတ်။ ရှင်လောင်းပဥ္စင်းမျှကိုသာ ခွဲခြားပြီး အတန်းစုံအတွက် ကျမ်းစာတစ်မျိုးတစ်စားတည်း ပြဋ္ဌာန်းထားကြောင်း မှတ်တမ်း၌ တွေ့ရ၏။

ရှင်လောင်းများအတွက် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဆန်း၊ အလင်္ကာ၊ အဘိဓာန်၊ သဒ္ဒတ္ထဘေဒစိန္တာ၊ ကစ္စာယနသာရ၊ ဝစ္စဝါစက၊ ဝိဘတျတ္ထ၊ မာတိကာ၊ ဓာတုကထာ ကျမ်းများဖြစ်၏။ ပဥ္စင်းလောင်းများမှာ ဆိုခဲ့သောကျမ်းများအပြင် ဒွေ၊ မာတိကာ၊ ကျမ်းကိုတိုး၍ ပြန်ဆိုကြရ၏။ အကယ်၍ နောက်ထပ်တိုးပြီး ပြန်ဆိုနိုင်စွမ်းရှိလျှင် ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းများကိုလည်း ပြန်ဆိုနိုင်ခွင့်ရှိ၏။

ရှေးမင်းများလက်ထက်က အာဂုံပြန်နှင့် နှုတ်မေးနှုတ်ဖြေနှစ်မျိုးသာ ရှိ၏။ သီပေါမင်းလက်ထက်တွင်ပထမပြန် ဥပဒေအရ အာဂုံပြန်နှင့် နှုတ်မေးနှုတ်ဖြေအပြင် သဘောအဓိပ္ပာယ် ရေးဖြေလည်းပါလာ၏။ ပုံနှိပ်မေးခွန်းများကို အဖြေလွှာစာရွက်များဖြင့် ခွင့်ပြုချိန်အတိုင်း ဖြေဆိုကြရ၏။ မေးခွန်းများကို သဒ္ဒါ၊ သင်္ဂြိုဟ်စသည့် ပြဋ္ဌာန်းကျမ်းများ၏ အဋ္ဌကထာ၊ ဋီကာ၊ နိဿယကျမ်းများမှ ထုတ်နုတ်၍ မေးမြန်း၏။



အာဂုံပြန်ခြင်း ဖြေဆိုခြင်းတို့အားလုံး ပြီးဆုံးသောအခါ အာဂုံပြန် နှုတ်ဖြေရမှတ် စာရင်းနှင့်ရေးဖြေရမှတ်စာရင်းနှစ်ခုတို့ကို နှိုင်းချိန်၍ မည်သူအောင်သည်၊ ရှုံးသည်တို့ကို ဆုံးဖြတ်ကြရ၏။ ရှုံးသူများကို အမိန့်တော်မြတ်ခံပြီး ပထမစာရင်းမှ နုတ်ပယ်ရ၏။ အောင်မြင်သူများထဲတွင် ပြန်ဆိုသည့်အခါ စာဝါ ရပုံ၊ ပြန်ပုံ၊ မေးခွန်းဖြေချက်၊ ဂဏန်းထွက်ရှိပုံ၊ အသာဆုံး အမြတ်ဆုံးလူကို "အကျော်ပထမ" အဖြစ် သတ်မှတ်၏။ ကျန်အောင်သူများကို အမှတ်အနည်းအများအလိုက်စဉ်ကာ နှစ်စုနှစ်ပုံ ခွဲကြ၏။ ပထမအစုအပုံ၌ ပါဝင်သူများကို ပထမကြီးအောင်သူများအဖြစ်လည်းကောင်း၊ ဒုတိယအစုအပုံ၌ ပါဝင်သူများကို ပထမငယ်အောင်သူများအဖြစ်လည်းကောင်း သတ်မှတ်၏။

ပထမစာတော်ပြန်ပွဲသဘင်နှင့် ပတ်သက်ပြီး ရှေးမင်းများလက်ထက်က ကြိုတင်၍ အစမ်းစာမေးပွဲကျင်းပသည်ကို မတွေ့ရ။ မင်းတုန်းမင်းနှင့် သီပေါမင်းများ လက်ထက်တွင် စာတော်ပြန်ပွဲမကျင်းပမီ တန်ခူးလဆန်းမှ ကဆုန်လကုန်အထိ အစမ်းစာမေးပွဲများ ကျင်းပပြုလုပ်ပေးသည်ဟု မှတ်တမ်းများအရ သိရ၏။ အစမ်းစာမေးပွဲကို အောင်မြင်မှ ပထမစာတော်ပြန်ပွဲကို ဝင်ခွင့်ရ၏။

ရွှေမြို့တော် လေးပြင်လေးရပ်မှ စာတော်ပြန်ပွဲသို့ ကြွရောက်တော်မူလာကြသော သံဃာတော်များအတွက် သုဓမ္မာဇရပ် ၃၃-ဆောင်၌ နေရာပေးကာ သီတင်းသုံးပေးစေတော်မူ၏။ တစ်ခါတစ်ရံ ပထမစာတော်ပြန်များ များလွန်းသည့်နှစ်တွင် ထိုဇရပ်၃၃-ဆောင်နှင့်မဆံ့၊ ပဋ္ဌာန်းသိမ်တော်ကြီးနှင့်စန္ဒာမုနိဘုရားပတ်လည်တွင်တဲကျောင်းများ ဆောက်လုပ်ပေးရသေးသည်ဆို၏။

သာသနာပိုင် ဆရာတော်ဘုရားကြီးကိုယ်တိုင် စံကျောင်းတိုက်တောင်ဘက် သုဓမ္မာကျောင်းတော်သို့ ကြွရောက်သီတင်းသုံးကာ ပထမစာတော်ပြန်ပွဲကို အားပေးတော်မူ၏။ တစ်ခါတစ်ရံ သုဓမ္မာဇရပ်တော်သို့ ကြွရောက်တော်မူကာ ပထမပြန်ပုဂ္ဂိုလ်တို့၏ ပြန်ဆိုသည့်စာကို နာတော်မူတတ်သေး၏။

ပထမပြန်ပွဲသဘင် ဆင်ယင်သည့်အခါ သုဓမ္မာဇရပ် မြေပြင်ပတ်လည်ကိုသစ်လွင်သော ရိုင်ဖျာများကာထား၏။ ပိတ်ဖြူမျက်နှာကျက်ကြီးများကို လှပစွာ ဆင်ယင်ထား၏။ ငှက်ပျောပင်ရှင်၊ ကြံပင်ရှင်များကို မြေပြင်ပတ်လည်တွင် စိုက်ထားရ၏။

သုဓမ္မာဇရပ်ကွင်းစင်တွင် တံဆိပ်တော်ရ ဆရာတော်ကြီးများ သီတင်းသုံးရန်အတွက် အလယ်၌ ငါးတောင်ခန့်နေရာလွတ်ချန်လှပ်ထားရ၏။ တောင်နှင့်မြောက် အရှေ့ဘက်တစ်တန်း၊ အနောက်ဘက်တစ်တန်း ကတ္တီပါကွပ် သင်ဖြူးတစ်ချပ်စီတွင် ကတ္တီပါမှိုအုံးတစ်ခုကျစီ ပြင်ဆင်ထားရ၏။ တံဆိပ်တော်ရဆရာတော်ကြီးများကြွလာသည့်အခါ နေရာအစီအစဉ်အတိုင်း သင်ဖြူးတစ်ချပ်လျှင် တစ်ပါးကျ သီတင်းသုံးတော်မူ၏။

ငါးတောင်ခန့် ချန်ထားသည့်နေရာလွတ်တွင် မှန်စီရွှေချပြာသာဒ်တော်နှင့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ သီတင်းသုံးလျက်ရှိ၏။ ပထမပြန်ဆိုသူ ပုဂ္ဂိုလ်များ ထိုဗုဒ္ဓရုပ်ပွားတော်ရှိရာသို့ ရှိခိုးလက်ယှက်ကာ ဝင်လာပြီး ရုပ်ပွားတော်နှင့်သုံးတောင်ခန့်အကွာတွင် ဆောင့်ကြောင့်ထိုင်၍ ဦးသုံးကြိမ်ချရ၏။ ထို့နောက်



နမောတဿစသည်ကို သုံးကြိမ်ဆိုပြီးသည်နှင့် ပြန်စာကိုပြန်ဆိုရ၏။ ပြန်စာဆုံးလျှင် ဦးသုံးကြိမ်ချကာ မတ်ရပ်ရှိခိုးပြီးနောက်ပြန်ဆုတ်ကာ သင့်ရာသို့ရောက်မှ လှည့်ထွက်သွားရ၏။

စာနာသူများမှာ မင်းပရိသတ်နှင့် ပြည်သူဟူ၍ နှစ်မျိုးရှိ၏။ မင်းမိဖုရား၊ မင်းသား၊ မင်းသမီး၊ မှူးမတ်တော်များက တံဆိပ်တော်ရ ဆရာတော်ကြီးများ၏ နောက်တော်က နေရာ ယူပြီးစာနာကြ၏။ ပြည်သူများ၊ ပရိသတ်အများစုကြီးမှာ လက်တီးအောက်ကနေ၍ စာနာကြ၏။

ပထမစာတော်ပြန်ပွဲသို့ ဝင်ရောက်ကြသော ရှင်လောင်း၊ ပဉ္စင်းလောင်းများအားလုံး အသက် (၂၀) မကျော်သေးသောလူဝတ်ကြောင်များဖြစ်၏။ သင်္ကန်းဝတ်နှင့် စာမပြန်ကြရ။ လူဝတ်လဲပြီး ပြန်ဆိုကြရ၏။ ထိုသို့ လူဝတ်လဲ၍ စာပြန်ကြရခြင်းမှာ နေ့လွဲညစာ စားနိုင်သည်။ အားအင်ပြည့်ပြည့်ဝဝဖြင့် ဆုံးခန်းတိုင်အောင်ကျမ်းစာများကို အာဂုံပြန်ဆိုနိုင်ရန် ဖြစ်သည်ဆို၏။ စာပြန်ဆိုနေစဉ်ဆရာတော်ကြီးများက စာပြန်ဆိုသူကို ရှုထောင့်အမျိုးမျိုးမှနေပြီးအကဲခတ်ကြ၏။ အသံပြတ်သား မပြတ်သား၊ အထစ်အငေါ့ရှိ၊ မရှိ မကြောက်မရွံ့ ပြန်နိုင်၊ မပြန်နိုင် စသည်တို့ကို အကဲခတ်ကာအမှတ်ပေးကြ၏။

ပထမငယ်တန်း ဝင်ရောက်ပြန်ဆိုသူတို့၏ အစီးအနင်းအဆောင်အရွက်မှာ မင်းသားလတ်တို့ အစီးအနင်း အဆောင်အရွက်အတိုင်း ရွှေစလွယ်ကို ဝတ်ဆင်ထားရ၏။ ရွှေပိန်းချ

ပက်လက်လူဆွဲရထားတွင် စီးနင်းစေ၏။ ဆောင်းထီးနှစ်လက် ဆောင်းမိုးရ၏။ ရွှေရထားရှေ့မှ ခေါင်းပေါင်း ဖြူဖော့လုံး အင်္ကျီရှည်ဝတ်ဆင်ထားသောသူများက ရွှေကွမ်းအစ်၊ ရွှေကလပ်စံ၊ ရွှေဖလား၊ ရွှေကတော့စွပ်၊ ရေတကောင်း၊ ရွှေထွေးခံ၊ ရွှေဗောင်းအစ်တို့ကို ကိုင်ပြီး သွားရသည်။ ရွှေရထား၏နောက်က လူပေါင်း(၂၅) ယောက်တို့ ဝန်းရံလိုက်ပါကြရ၏။ ပထမလတ်တန်းနှင့် ပထမကြီးတန်းများ၌ ဝင်ရောက်ပြန်ဆိုသူတို့၏ အစီးအနင်း အဆောင်အရွက်များမှာ ပထမငယ်တန်းကဲ့သို့ပင် ဖြစ်၏။

ပထမကျော်တန်း ပြန်ဆိုနိုင်သော ပုဂ္ဂိုလ်တစ်ပါး၏ အစီးအနင်း အဆောင်အရွက်မှာ ထူးခြား၍ ဆောင်းထီး (၄) လက်၊ ဆောင်းမိုးသော ရွှေဝေါပေါ်တွင် စီးနင်းရသည်။ ရှေ့မှာ ခေါင်းပေါင်းဖြူဖော့လုံးနှင့် အင်္ကျီရှည် ဝတ်ဆင်သည့် ရွှမ်းစည်တော်အတီး၊ သိုင်း (၂) လက်ကိုင်၊ ကျိုင်း (၂) လက်ကိုင်၊ ရွှေယပ်မာ (၂) လက်ကိုင်၊ ရွှေယပ်တောင်ရိုးရှည် (၂) လက်ကိုင်တို့နှင့်အတူ ရွှေကွမ်းအစ်၊ ရွှေတလပ်ခံ ရွှေဖလား၊ ရွှေကတော့စွပ်ရေတကောင်း၊ ရွှေထွေးခံ၊ ရွှေဗောင်းအစ်ကိုင်တို့က သွားကြရ၏။ ရွှေဝေါနောက်မှ လူပေါင်း (၅၀) ဝန်းရံလိုက်ပါကြရ၏။

ပထမငယ်တန်းတွင် ဝင်ရောက်ပြန်ဆိုသူတို့အား စာပြန်ပွဲအတွင်း လဲလှယ်ဝတ်ဆင်နိုင်ရန် ပိုးပုဆိုး (၇) ထည်၊ ရွှေကျင်ခတ်ပုဝါ (၇) ပိုင်၊ ရွှေဇာပြင်သတ်တိုရင်းအင်္ကျီ (၇) ထည်၊



ခေါင်းပေါင်းဖြူအုပ် ပိတ်အုပ် (၇) အုပ်၊ ငွေ (၁၂၀/) တန် မိုးကုတ်တွင်းထွက် ပတ္တမြားကျောက်နီလက်စွပ်တစ်ကွင်း တို့ကို မှန်နန်းတော်ဆောင်တွင် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ချီးမြှင့်တော်မူ၏။ ပထမလတ်တန်းနှင့် ပထမကြီးတန်းတို့၌ ဝင်ရောက်ပြန်ဆိုသူများအား ပတ္တမြားကျောက်နီလက်စွပ် (၁၅၀/-) တန်မှတစ်ပါး အားလုံး ပထမငယ်တန်းအတိုင်းဖြစ်၏။ ပထမလတ်၌ (၂၀၀/-) တန်၊ ပထမကြီးတန်း၌ (၃၀၀/-) တန် အသီးသီး ချီးမြှင့်တော်မူ၏။

ပထမကျော်တန်းတွင် ဝင်ရောက်ဖြေဆိုသူတစ်ဦးမှာ အခြားအတန်းတို့ထက် ထူးခြားစွာ (၃၀၀/-) တန်ရာကျပုဆိုး (၇) ထည်၊ ရွှေကျင်ခတ်ပုဝါ (၇) ပိုင်၊ ရွှေဇာပြင်သတ်ပိုး ကတ္တီပါကြုံအောင်ညို သိုရင်းအင်္ကျီ (၇) ထည်၊ ခေါင်းပေါင်းဖြူအုပ် (၇) အုပ်၊ ပိတ်အုပ် (၇) အုပ်၊ ငွေတစ်ထောင်တန် မိုးကုတ်တွင်းတွက် ပတ္တမြားကျောက်နီ လက်စွပ်တစ်ကွင်း ချီးမြှင့်တော်မူ၏။

စာတော်ပြန်ပွဲ ပြီးဆုံးသည်နှင့် တစ်ပြိုင်နက် ဆရာတော်များ နှင့် မှူးတော်မတ်တော်များက မည်သူများအောင်ပြီး မည်သူ ပထမကျော်ဖြစ်သည်တို့ကို အောင်စာရင်းထုတ်ပြန် ကြေညာပေး၏။

စာတော်ပြန်ပွဲပြီး၍ တစ်လခန့်အကြာတွင် ဘုရင်မင်းမြတ် ကိုယ်တော်တိုင် စာအောင်ပုဂ္ဂိုလ်များအား ပူဇော်ခြင်း အမှုပြု၏။ နန်းတော်တွင် ကြီးကျယ်ခမ်းနားသော ပူဇော်ပွဲကို ကျင်းပ၏။ နန်းတော်လွှတ်ရုံးရှေ့တွင် မဏ္ဍပ်ကနားကြီးများ

ဆောက်၍ ပြင်ဆင် မွမ်းမံထား၏။ စိန်ဆိုင်းမြဆိုင်းများက ငြိမ့်ညောင်းသာယာစွာ တီးမှုတ်နေကြရ၏။ ကြိတ်ကြိတ်တိုးကာ စည်းကားလှ၏။ မင်းမှုးမတ်အိမ်များမှ စာအောင်သူများ စုပေါင်းလျက် ပူဇော်ပွဲအခမ်းအနားသို့ လှည့်လည်လာကြ၏။

ပထမကျော်အောင်သူများကို ရွှေထမ်းစင် ရွှေဝေါဖြင့် လူပေါင်း (၄၀) ခန့် ထမ်းပြီး ရွှေထီးများမိုးလျက်ဝင်လာ၏။ စာတော်ပြန်ပွဲအောင်မြင်သူများသည် ခေါင်းပေါင်းစလွယ်ဝတ်ကာ ဆင်ယင်လျက်လာပြရ၏။ ပထမကျော်၏နောက်မှ အခြားစာအောင်သူများက အဆင့်အတန်းလိုက် ထမ်းစင်ဖြင့် လည်းကောင်း၊ မြင်းဖြင့်လည်းကောင်း၊ နန်းတော်ကို တစ်ပတ်ပတ်ပြီး မဏ္ဍပ်ရှေ့သို့ လာကြ၏။

ထိုအချိန်တွင် ပရိသတ်အပေါင်းက အုတ်အော်သောင်းလဲ ရွှေပေါက်ပေါက် ငွေပေါက်ပေါက်များကြကာ စိတ်ထဲတွင် ကြည်နူးနေကြ၏။ ဤပုဂ္ဂိုလ်များမှာ ပုဂ္ဂိုလ်ထူးများပင်ဖြစ်၏။ အချို့က အနာဂတ်ကာလတွင် ပညာရှိကြီးများဖြစ်လာပြီး တိုင်းပြည်ကို အုပ်ချုပ်သွားကြမည့်သူများဖြစ်၏။ အချို့က ဆရာတော်ကြီးများအဖြစ် သာသနာ့ဝန်ကို ထမ်းဆောင်သွားကြတော့မည်ဟု တွေးတောကြည်နူးကာ ပူဇော်ကြသည်။

ဘုရင်မင်းမြတ်ကိုယ်တော်တိုင်က လွှတ်တော်အပေါ်မှ နေပြီး လောကသာသနာနှစ်ဖြာတွင် အကြီးအကဲဖြစ်လာမည့် ပုဂ္ဂိုလ်များ ဟူ၍ ဝမ်းမြောက်ကြည်နူးတော်မူ၏။ ပထမကျော်ပုဂ္ဂိုလ်ကို



တင်ဆောင်လာသော ရွှေဝေါတော်သည် မဏ္ဍပ်ရှေ့သို့ ရောက်လာ၏။ စာတော်ပြန်ပွဲ အောင်မြင်သူများသည် ဝေါပေါ်မှ လည်းကောင်း၊ ထမ်းစင်ပေါ်မှ လည်းကောင်း၊ မြင်းပေါ်မှ လည်းကောင်း မဆင်းရ။ စီးမြဲနေမြဲအတိုင်း ဘုရင်မင်းမြတ်၏ အပူဇော်ကိုခံယူကြရ၏။ ဘုရင်မင်းမြတ်သည် မိမိရှေ့သို့ စာအောင်သူများ၏ ယာဉ်များချဉ်းကပ်လာသည်နှင့်တစ်ပြိုင်နက် ရွှေကရားဖြင့်ရေသွန်းပြီး ကောင်းချီးပေးတော်မူ၏။ စိန်ဆိုင်းမြဆိုင်းများက တစ်ခဲနက် တီးမှုတ်ကြ၏။ ယင်းပူဇော်ပွဲ အခမ်းအနားတွင် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် အောက်ပါအတိုင်း ချီးမြှင့်တော်မူ၏။

| | |
|---|---|
| ပထမငယ်တန်း ဆုတော်ငွေ ဒင်္ဂါး | ၁၀၀ဝိ |
| ပထမလတ်တန်း ဆုတော်ငွေ ဒင်္ဂါး | ၁၀၀ဝိ |
| ပထမကြီးတန်း ဆုတော်ငွေ ဒင်္ဂါး | ၁၅၀ဝိ |
| ပထမကျော်တန်း ဆုတော်ငွေ ဒင်္ဂါး | ၂၅၀ဝိ |

ပထမငယ်၊ ပထမလတ်၊ ပထမကြီးအောင်မြင်သူတို့၏ မိဘများအား ဈေး၊ ပွဲ၊ ကင်း၊ ကူးတို့စသော အခွန်တော်များ၊ သဿမေဓ အခွန်တော်နှင့် မင်းတိုင်း ၁၂- မှုမှ လွတ်ငြိမ်းချမ်းသာခွင့် ပြုတော်မူ၏။ ပထမကျော်အောင်မြင်သူကို သူ၏ မိဘများအပြင် မွေးချင်းပေါက်ဖော် နီးစပ်ရာ ဆွေမျိုး ၁၅-ဦးအထိ ဈေး၊ ပွဲ၊ ကင်း၊ ကူးတို့ စသော အခွန်တော်များ၊ သဿမေဓ အခွန်တော်နှင့် မင်းတိုင်း ၁၂-မှုမှ လွတ်ငြိမ်းခွင့်ပြုတော်မူ၏။

ပထမကျော်မှာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တစ်နှစ်တစ်ပါး သာအအောင်ပေး၏။ ပထမကျော်အောင်မြင်သူကို ဘုရင်က သားတော်အဖြစ် ကောက်လေ့ရှိ၏။ ဘုရင့်အမှုတော် ထမ်းလိုလျှင် စာရေးအဖြစ်မှ ဝန်ကြီးအထိထမ်းဆောင်ခွင့်ပြု၏။ ဤကား မြန်မာမင်းများ ပရိယတ္တိသာသနာ တိုးတက်ပြန့်ပွားရေးနှင့် လူကောင်းလူတော်ပေါ်ထွက်ရေးကို အားပေးဆောင်ရွက်ပုံ ဖြစ်သည်။

သီပေါမင်း ပါတော်မူပြီးနောက် ၁၂၄၈-ခုနှစ်မှ ၁၂၅၆ ခုနှစ် အထိ ပထမပြန် စာမေးပွဲကို မကျင်းပနိုင်။ ကိုးနှစ်လုံးလုံး အဆက်ပြတ်သွား၏။ သို့သော် (၁၈၈၉) ခုနှစ်တွင် ပထမစာတော်ပြန်ပွဲ ပြန်လည် အသက်ဝင်လာရန် အကြောင်းပေါ်လာခဲ့၏။ ထိုအကြောင်းမှာ အိန္ဒိယပြည်မှ မစ္စတာဂျန်ဗင်ဆိုဖရန်ပုပ် (အမ်-အေ) ပညာမင်းကြီး ဖြစ်လာသောအခါ သူ၏ ကမကထပြုလုပ်မှုကြောင့် ရှေးဘုရင်များ လက်ထက်တော်ကအတိုင်း ဤစာတော်ပြန်ပွဲကို ကျင်းပခွင့်ရ၏။ ၁၈၉၆-ခုနှစ်တွင် ဘုန်းတော်ကြီးများသာမက လူဝတ်ကြောင်များကို ဖြေဆိုခွင့်ပေးခဲ့၏။ ၁၉၀၁-ခုနှစ်တွင် သီလရှင်များကိုလည်း ဖြေခွင့်ပြု၍ သီးခြားစစ်ဆေးခဲ့၏။

စာတော်ပြန်ပွဲကို ရှေးဘုရင်များက သာသနာ့အာဇာနည်များ ပေါ်ထွက်ရန် ရည်သန်ကျင်းပကြသည်။ ယခုအခါမှာလည်း နိုင်ငံတော်အစိုးရက စဉ်လာမပျက် ဆောင်ရွက်ထားပေးလျက်ရှိ၏။ နှစ်စဉ် ပထမငယ်၊ ပထမလတ်၊ ပထမကြီးနှင့်ဓမ္မာစရိယစာချတန်းများကို ကျင်းပလျက်ရှိ၏။

x x x x x

## ဝါဆိုလနှင့်
## ပဥ္စင်းခံပွဲတော်

အုံ့မှိုင်းငယ်တဲ့ နွယ်ရှစ်ခွင်။
ငွေစန်းအာသဠ်နှင့်၊
ယှဉ်ကာမှီပုဏ္ဏားပြည့်တယ်၊ ထွန်းသည့်ဝေဟင်
နတ်မှာ ပြာမှိုန်ပေါလို့၊ ဝဿာခါချိန်စမှာမို့၊
နာဂိန်ပတာရာဆင်၊ အာကာခွင် ကပဖ္လုန်ဖျန်း။
ပဥ္စင်းတော်ခံ၊ မယွင်းတော်အခါတန်ပေါ့၊
မဟာဒါန်အဋ္ဌဂ်ငယ်နဲ့၊ ဘဂဝါ အရဟံရင်ပြင်ဝမှာလ၊
တင်သရန်မာလာကုံးကြတယ်ကွယ်၊ ပုန်းညက်ငွေပန်း။
(ဆရာကြီး ဦးပြုံးချို၏ ဆယ့်နှစ်ရာသီဝါဆိုလဖွဲ့ လေးဆစ်သဖြန်)

### ဝါဆိုလ

ဝါဆိုလသည် မြန်မာဆယ့်နှစ်လတွင် စတုတ္ထမြောက်လ ဖြစ်၏။ နွေဥတုကုန်ဆုံးသောလ၊ နွေရာသီ၏ အဆုံးအဖျားလပင်ဖြစ်၏။

ဝါဆိုဟူသောဝေါဟာရမှာ "ဝါ" သည် ပါဠိစကားလုံး "ဝါသ" မှ ဆင်းသက်လာ၏။ နေခြင်း ဟု အနက်ရ၏။ "ဆို" မှာ ရွတ်ဆိုခြင်းဖြစ်၏။ ထို့ကြောင့် ဝါဆိုအနက်သည် "နေထိုင်ခြင်းကို ရွတ်ဆိုခြင်း" ဟူ၏။

ဗုဒ္ဓသာသနာ ဝန်ထမ်းရဟန်းတော်များသည် ဝိနည်းတော် အတိုင်း ဝါတွင်းသုံးလပတ်လုံး တစ်ရပ်တစ်ပါးသို့ မသွားဘဲ တစ်ကျောင်းတစ်နေရာ၌ သီတင်းသုံးပါမည်ဟု ရွတ်ဆိုအဓိဋ္ဌာန်ပြု ကာ ဝါကပ်ကြသည်ကိုရည်ပြီး ဤလကို ဝါဆိုလခေါ်သည်ဆို၏။

ရှေးက ဤလကို "မြွယ်တာလ" "နွယ်တာနွေကာလ" ဟူ၍ ခေါ်၏။ ဤ၌နွေနှင့်နွယ်သည် ဂိမှာန နွေရာသီကို ခေါ်ဆို၏။ တာမှာ အပိုင်းအခြား အကူးအပြောင်းဟု အနက်ရ၏။ ထို့ကြောင့် နွေမှမိုးသို့ ကူးပြောင်းသောလဟု ဆိုလိုသည်။

ဤလတွင် ရက်ပေါင်း ၃၀ ရှိ၏။ နာရီအားဖြင့် နေ့ ၃၆ နာရီရှိ၏။ ညဥ့် ၂၄ နာရီရှိ၏။ နေ့တာရှည်၏။ ညတာတိုသော လဖြစ်၏။

လဝါဆိုကို ရာသီအလို "ကရကဋ်" ခေါ်ဆို၏။ ပြဗ္ဗာသဠ် နက္ခတ်နှင့် စန်းယှဉ်ကြည့်သည်။ ဗျိုင်းတာယာထွန်းပ၏။ တစ်ချို့ က ဥတ္တရာသဠ်နက္ခတ်နှင့် စန်းယှဉ်ကြည့်ကာ ရာသီရုပ်မှာ ပုဇွန် လုံးဂဏန်းသတ္တဝါပုံဖြစ်၏။

"ဝါဆိုဝါခေါင်-ရေဖောင်ဖောင်" ဆိုစကားရှိ၏ မိုးဖြိုင်ဖြိုင် ရွာနေပြီဖြစ်သော ဤလရာသီတွင် မိုးပွင့်နှင့်အတူ ပွင့်ပြုံလာ ကြသော ရာသီပန်းမှာ ပုန်းညက်ပန်းဖြစ်၏။ "ဖူးခေါင်ညာညွတ်၊ ပွင့်ဝတ်ရက်သုံး၊ ပိတုန်းကုပ်တို၊ မရှည်လို၊ မယ်ညိုခြေကွ ရိုးကတတဝဲဝဲ" ဟု ရာမရကန်တွင် မယ်ညိုငှက်ကို သရုပ်ဖော်ထား၏။



မယ်ညိုငှက်တို့သည် ဝါဆိုလအခါ၌ အသိုက်လုပ်ကြ၏။ ဥဥကြ၍ သားပေါက်ကြ၏။ အသိုက်ကိုရေတွင် ပေါ်နေသော ချုံဖုတ်တို့တွင် လုပ်ကြ၏။ အအုပ်အသင်းဖွဲ့ပြီး ကိုင်းတောများ အကြား အစာရှာစားလေ့ရှိ၏။ မယ်ညိုငှက်သည် ဝါဆိုလ၏ ထူးခြားသော ငှက်ကလေးပင်ဖြစ်၏။

## ဓမ္မစကြာအခါတော်နေ့

ဝါဆိုလပြည့်နေ့သည် "သန္ဓေ၊ တောထွက်၊
ဓမ္မစက်၊ တချက်ပြာဋိဟာ" ဆိုသည့်အတိုင်း
ဘုရားအလောင်းတော်သည် မယ်တော်မာယာ၏
ဝမ်းကြာ တိုက်၌ ပဋိသန္ဓေတည်တော်မူသောနေ့၊
သိဒ္ဓတ်မင်းသားဘဝတွင် နိမိတ်ကြီးလေးပါးကို
မြင်တော်မူ၍ သံဝေဂရပြီး တောထွက်တော်မူသောနေ့၊
ဘုရားအဖြစ်သို့ရောက်ရှိပြီး ဓမ္မစကြာတရားဦးကို
ပဥ္စဝဂ္ဂီငါးဦး တို့အား ဟောကြားတော်မူသောနေ့၊
တိတ္ထိသင်းကို နှိမ်နင်း၍ တန်ခိုးပြာဋိဟာ ပြတော်မူသော
နေ့တို့ ဖြစ်ခြင်းကြောင့် ထူးမြတ်သောနေ့ဖြစ်၏။

ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ရဟန်းသံဃာတော်များ ပုရိမဝါကပ်ဝါဆိုတော်မူကြရ၏။ ထို့အတွက်ကြောင့် ဗုဒ္ဓဘာသာဝင် များက ဝါဆိုလကို လထူးလမြတ်အဖြစ် သတ်မှတ်ထားကြ၏။

"ဝါဆိုလပြည့်၊ စနေနေ့ဝယ်
ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို
မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်
တရားနတ်စည်ရွှမ်းတယ်ကို" ဟူ၍ လယ်တီဆရာတော်ဘုရားကြီးက စာစပ်ခဲ့၏။

မျက်မှောက်သမယတွင် ဝါဆိုလပြည့်နေ့ကို "ဓမ္မစကြာအခါတော်နေ့" အဖြစ် သတ်မှတ်ထားကြ၏။ ဤနေ့၌အခါတွင် ဘုရားစေတီ ပုထိုး၊ ကျောင်းကန်တို့တွင် ကုသိုလ်ကောင်းမှုပြုနေကြသူများဖြင့် အထူးပင်စည်ကားလှ၏။

## ဝါဆိုပန်းကပ်ပွဲ

"ဝါဆိုလ ထုံးမပျက်ခမ်းသာပ၊ ပုန်းညက်ပန်းဘုရားလှူချိန်မို့" ဟူသော ဝါဆိုလဘွဲ့ရှေးစာဆိုအရ ဝါဆိုလပြည့်နေ့တွင်ဖြစ်စေ၊ လပြည့်ကျော်၁-ရက်နေ့တွင်ဖြစ်စေ ဤလ၌ ဖူးပွင့်ကြသော ရာသီပန်းများဖြစ်သည့် ပုန်းညက်ပန်း၊ မိကျောင်းပန်းမှအစ ပန်းမျိုးစုံတို့ကို ခူး၍ စေတီပုထိုးများသို့ သွားရောက်လှူဒါန်းလေ့ရှိကြ၏။

ဤအချိန်တွင် ကျေးလက်တောရွာနှင့်နီးသော အချို့မြို့ရွာများ၌ အမျိုးသမီးတို့သည် အစုအဖွဲ့လိုက် တောထဲသို့ တပျော်တပါး သွားကာ ဝါဆိုပန်းများခူးကြ၏။ ရရှိသောပန်းတို့ကို ဘုရားစေတီပုထိုးတို့၌ ဝါဆိုပန်းကပ်လှူကြ၏။ ဤအစဉ်အလာမှာ မျက်မှောက်ခေတ်တိုင်ပင်တည်ရှိနေ၏။



မျက်မှောက်ခေတ်အခါသမယတွင် ဝါဆိုပန်းကပ်လှူခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဝါဆိုဖယောင်းတိုင်များ လှူဒါန်းခြင်းအမှုများကို ပြုကြ၏။

## ပဋ္ဌာန်းခံပွဲတော်

"မြတ်သည့်သိမ်သို့၊ ငြိမ်ဆိမ်သည်းဝင်၊ သိက္ခာတင်စည်၊ ပဋ္ဌာန်းမြတ်ရဟန်းတည့်လေး" ဟူ၍ ဆိုသည့်ရွှာစား ဦးအောင်ကြီးက ဝါဆိုလလူးတားကဗျာတွင် ပါရှိသည့်အတိုင်း ဝါဆိုလ၌ ပဋ္ဌာန်းခံပွဲကို ကျင်းပသည်။

## ရဟန်းခံပွဲသမိုင်းအစ

သုံးလောကထွတ်ထား ဂေါတမမြတ်စွာဘုရားသည် ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ဝါဆိုလပြည့်နေ့တွင် ပဉ္စဝဂ္ဂီငါးဦးကို မိဂဒါဝုန်တွင် ဓမ္မစကြာတရားကို ရှင်းလင်းဟောကြားတော်မူ၏။

ဤနေ့တွင် ပဉ္စဝဂ္ဂီအဖွဲ့၏ခေါင်းဆောင် ရှင်ကောဏ္ဍညသည် တရားထူးရကာ ဧဟိဘိက္ခုရဟန်းဖြစ်လာ၏။ ရှင်ဝပ္ပက လပြည့်ကျော်တစ်ရက်နေ့၊ ရှင်ဘဒ္ဒိယ နှစ်ရက်နေ့၊ ရှင်မဟာနာမ်က သုံးရက်နေ့၊ ရှင်အဿဇိက လေးရက်နေ့မှာ ဧဟိဘိက္ခုရဟန်းတော်များဖြစ်လာကြ၏။

ဤဝါတွင်းမှာ ယသ သူဌေးသား၊ ယင်း၏သူငယ်ချင်းလေးဦး၊ ယင်းနောက် သူငယ်ချင်းငါးဆယ်တို့ ဧဟိဘိက္ခုရဟန်းများဖြစ်လာကြသည်။

ဧဟိဘိက္ခုရဟန်းဆိုသည်မှာ အခြားမဟုတ်ပါ။ ဘုရားရှင်၏ တရားကို နှစ်သက်လက်ခံပြီး ဘုရားရှင်ထံတွင် "တပည့်တော် အရှင်ဘုရားထံမှာ ရှင်အဖြစ်၊ ရဟန်းအဖြစ်ကိုရလိုပါတယ်" ဟူ၍ လျှောက်ထား တောင်းခံသည့်အခါ ဘုရားရှင်က "ဧဟိဘိက္ခု သွာက္ခာတောဓမ္မော၊ စရဗြဟ္မစရိယံသမ္မာ ဒုက္ခဿ အန္တကိရိယာယ" "ရဟန်းလာလော့၊ တရားကို ကောင်းစွာဟောကြားအပ်ပြီး၊ ဆင်းရဲ ဒုက္ခ၏အဆုံးသတ်ရန်ဖြစ်သော အကျင့်ကို ကောင်းကောင်း ကျင့်လှည့်ပါ" ဟု မိန့်ကြား၏။

ဤသို့ ဧဟိဘိက္ခုစသည် မိန့်ကြားလိုက်လျှင် တောင်းခံသူများ သည် ရဟန်းဖြစ်သွား၏။ ထို့ကြောင့် ဘုရားရှင်၏ ဧဟိဘိက္ခု စသော မိန့်ကြားချက်နှင့် ရဟန်းဖြစ်လာသူများကို ဧဟိဘိက္ခု ရဟန်းဟု ခေါ်ဆိုခြင်းဖြစ်၏။ ယင်းဧဟိဘိက္ခုရဟန်းများသည် ဤဘဝ၌ ရဟန္တာဖြစ်မည့်သူများဖြစ်၏။

ထိုသို့ဘုရားရှင်ကိုယ်တော်တိုင် ဧဟိဘိက္ခုရဟန်းအဖြစ်ကို ပြုပေးနေသည့်အတွက် ရဟန်းပြုလိုသူများကို ရဟန်းတော်များက ဘုရားရှင်ထံခေါ်လာကြရ၏။ ထိုအခါ ရဟန်းများနှင့် ရဟန်း လောင်းများပါ ပင်ပန်းကြသည့်အတွက် ဘုရားရှင်က ရဟန်းတော် များကို "သရဏဂုံသုံးပါး"နှင့် ရဟန်းပြုခွင့်ပြုလိုက်သည်။ ရဟန်းများမှာ သရဏဂုံသုံးပါးကိုခံယူခြင်းဖြင့် ရဟန်းဖြစ်သော သူများဟု ဆိုရ၏။



နောက်ပိုင်းတွင် သရဏဂုံသုံးပါးနှင့် ရဟန်းပြုပေးခွင့်ကို ရုပ်သိမ်းပြီး ဉတ္တိစတုတ္ထကမ္မဝါစာနှင့် ရဟန်းပြုပေးရန် ဘုရားရှင်က ပညတ်၏။ ယင်းသို့ သရဏဂုံသုံးပါးနှင့် ရဟန်းပြုခွင့်ပေးစဉ်က ရဟန်းတစ်ပါးတည်းက ရဟန်းလောင်းကို ရဟန်းပြုပေးနိုင်၏။ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းပြုပေးရသည့်အခါ သံဃအဖွဲ့က သာ ရဟန်းပြုပေးနိုင်၏။

သံဃအဖွဲ့က ရဟန်းပြုပေးရန်အတွက်လည်း သံဃကံကို လွှယ်ကူစွာဆောင်ရွက်ရန် "သိမ်" လိုလာ၏။ သံဃအဖွဲ့က ရဟန်းပြုပေးရာ၌ လိုအပ်သော အဖွဲ့ဝင်ဦးရေမှာ အိန္ဒိယပြည်၊ မဇ္ဈိမဒေသအတွင်းတွင် အနည်းဆုံး ၁၀ ပါးဖြစ်ပြီး သီဟိုဠ်မြန်မာ စသော အခြားနေရာဒေသများတွင် အနည်းဆုံး (၅) ပါးဖြစ်၏။

ဤနေရာတွင် "ဉတ္တိစတုတ္ထကမ္မဝါစာ" အခေါ်ကို အနည်း ငယ် ရှင်းလို၏။ "ဉတ္တ"ဆိုသည်မှာ သိစေခြင်းသို့ သို့မဟုတ် ကြေညာခြင်းဖြစ်၏။ အကျဉ်းအားဖြင့် "သံဃအဖွဲ့က ဤမည်သော ရဟန်းလောင်းကို ဤမည်သော ဥပဇ္ဈာယ်ဆရာနှင့် ရဟန်းပြုပေးမည်" ဟု အသိပေးခြင်း၊ ကြေညာခြင်းကို ပါဠိလို "ဉတ္တိ" မြန်မာလို "ဉတ်ထားတယ်" ဟု ခေါ်၏။ "ကမ္မဝါစာ" ဆိုသည်မှာ ကံပြုကြောင်းအဆိုတင်သော စာဖြစ်၏။ အကျဉ်း အားဖြင့် "သံဃာအဖွဲ့က ဤမည်သော ရဟန်းလောင်းကို ဤမည်သော ဥပဇ္ဈာယ်ဆရာနှင့် ရဟန်းပြုပေးသည်။ ယင်းကို ကျေနပ်သဘောတူလျှင် တိတ်တိတ်နေပါ။ သဘောမတူလျှင်

ပြောပါ" ဟု အဆိုတင်ခြင်းပင်ဖြစ်၏။ ထိုသို့ ရဟန်းခံပေးခြင်း၊ ကထိန်ခင်းခြင်းစသော သံဃကိစ္စ၊ သံဃကံပြုကြောင်း အဆိုပြုသောစာကို ကမ္မဝါစာဟု ခေါ်ခြင်းဖြစ်၏။

ရဟန်းခံသောအခါ ဤကမ္မဝါစာကို သုံးကြိမ်သုံးခါ ရွတ်ဆိုရသည်။ ထိုသို့ ရဟန်းခံပေးခြင်းကို သဘောတူမတူ သုံးကြိမ် သုံးခါမေးခြင်းပင်ဖြစ်၏။ သုံးကြိမ် မေး၍ကန့်ကွက် ပြောဆို သူမရှိဘဲ အားလုံးတိတ်ဆိတ်နေကြလျှင် ဤအဆိုသည် အတည်ဖြစ်သွားပြီး အောင်မြင်သွားပြီဟုဆို၏။ ထို့ကြောင့် တတိယအကြိမ် ကမ္မဝါစာရွတ်ဆိုပြီးသည့်အခါ "ဤရဟန်းလောင်းသည် ဤဥပဇ္ဈာယ်ဆရာနှင့် ရဟန်းဖြစ်သွားပြီ" ဟု အတည်ပြုသောစကားကို နောက်ဆုံး ရွတ်ဆိုကြ၏။ ယင်းသို့ ရွတ်ဆိုထားသော စာကတစ်ကြိမ်၊ ကမ္မဝါစာက သုံးကြိမ်ရွတ်သည့်အခါ တတိယကမ္မဝါစာက ပြောင်းပြန်ရေတွက်လျှင် ဥတ္တိဟာစတုတ္ထဖြစ်နေသည်။ ဤသို့ ပြောင်းပြန်တွက်သည့် နည်းနှင့် "ဥတ္တိဝတုတ္ထ-ကမ္မဝါစာ" ဟု ခေါ်ခြင်းဖြစ်၏။

## ရဟန်းပြုနိုင်သော အသက်အရွယ်

ဗုဒ္ဓသာသနာတော်တွင် ရဟန်းပြုခွင့်ပေးစက အသက်ကို ပိုင်းခြားကန့်သတ်မှုမရှိခဲ့ပါ။ သို့ရာတွင် "ဥပါလိသူငယ်ဦးဆောင်သော သူငယ်အဖွဲ့ ၁၇ ဦး ရဟန်းပြုလာသည့်အခါ ၎င်းသူငယ်များသည် နံနက်အစောကြီးထပြီး အစာရေစာကို တောင်းခံကြ၏။ မရသည့်အခါ ဆူညံစွာအော်ဟစ်ငိုကြွေးကြ၏။ ဤအကြောင်း



အရာကို ဘုရားရှင် ကြားသိသောအခါ အသက်နှစ်ဆယ် မပြည့်သေးသူများသည် အစားအစာ ဆာလောင်မှု၊ အနာရောဂါ ခံစားမှုစသော လောကဓံကိုမခံနိုင်သေး၊ အသက်နှစ်ဆယ်ပြည့်မှသာ လောကဓံကို ခံနိုင်ရည်ရှိ၏။ ထို့ကြောင့် "အသက်နှစ်ဆယ်" ပြည့်သူကိုသာ ရဟန်းပြုပေးရမည်ဟု ပိုင်းခြားသတ်မှတ်ပေးလိုက်၏။

"အသက်နှစ်ဆယ်"ဆိုရာတွင် ပဋိသန္ဓေနေသည့်ရက်ကစပြီး ရက် ၃၀-တစ်လ၊ ၁၂ လ-တစ်နှစ် အတိုင်းအတာအရ အသက်နှစ်ဆယ် ပြည့်ခြင်းကို ဆိုလို၏။ နေ့စွဲလဇ်စွဲမွေးလာသော ယောကျ်ားကလေးအဖို့ မွေးနေ့ကစရေလျှင် ၁၉ နှစ် ၃ လရှိသည့်အခါ ပဋိသန္ဓေနေခဲ့ရသော ၉လတာကို ထည့်ပေါင်း၊ အသက် နှစ်ဆယ် ပြည့်၏။ ထို့ကြောင့် ဤအချိန်တွင် အသက်အရွယ်အရ ရဟန်းခံနိုင်၏။

## အခြားလိုအပ်ချက်များ

အသက်နှစ်ဆယ်ပြည့်သော ရဟန်းလောင်းသည် အောက်ပါ အချက်များနှင့်လည်း ညီညွတ်ရသည်။

(၁) နူနာအစရှိသော အနာကြီးငါးမျိုးမှ ကင်းစင်ရခြင်း
(၂) လူသားစင်စစ်ဖြစ်ရခြင်း
(၃) ယောကျ်ားစင်စစ်ဖြစ်ရခြင်း
(၄) ကျွန် မဖြစ်ရခြင်း
(၅) ကြွေးမြီကင်းစင်ရခြင်း
(၆) မင်းမှုထမ်းမဖြစ်ရခြင်း
(၇) မိဘတို့အခွင့်ပြုခြင်း

(၈) ကိုယ်ပိုင်သင်္ကန်းသုံးထည်၊ သပိတ်တစ်လုံးရှိရခြင်း။

(၉) ဥပဇ္ဈာယ်ဆရာရှိရခြင်း။

ရဟန်းခံရာ၌ ပြည့်စုံရမည့် အင်္ဂါငါးပါးရှိသောကြောင့် ပဉ္စင်္ဂ (ပဉ္စ+အင်္ဂ- ငါး+ အင်္ဂ) ဟူသော အသုံးမှ ပဉ္စင်းဖြစ်လာသည်ဟူ၏။ ပြည့်စုံရမည့် အင်္ဂါငါးရပ်တို့မှာ -

(၁) ရဟန်းလောင်း၏ပြည့်စုံခြင်း။

(၂) ဥ တ်၏ပြည့်စုံခြင်း။

(၃) ကမ္မဝါ၏ ပြည့်စုံခြင်း။

(၄) သိမ်၏ပြည့်စုံခြင်း။

(၅) ပရိသတ်၏ ပြည့်စုံခြင်းတို့ဖြစ်ကြ၏။ ဤငါးပါးနှင့် ပြည့်စုံမှသာ ရဟန်းဖြစ်နိုင်၏။

## ရဟန်းခံပေးပုံ

ထိုအချက်အင်္ဂါများနှင့် ကိုက်ညီသော ရဟန်းလောင်းကို ရဟန်းခံပေးပုံမှာ ဤသို့ဖြစ်၏။

ရဟန်းခံမည့်နေ့ရက်တွင် သက်ဆိုင်ရာကျောင်းတိုက် အတွင်းရှိ ခဏ္ဍသိမ်တွင် ဥပဇ္ဈာယ်ဆရာအပါအဝင် လိုအပ်သော သံဃအဖွဲ့ဝင် ရဟန်းတော်များနှင့်တကွ ရဟန်းလောင်းပါ စုရုံးကြရ၏။ ရဟန်းလောင်းကို သပိတ်၊ သင်္ကန်းအပြည့်အစုံနှင့် သံဃာတော်များအလယ်တွင် ထိုင်ခိုင်းပြီးလျှင် ပထမဆုံး ဥပဇ္ဈာယ်ဆရာ တင်မြှောက်စေရ၏။ ပြီးနောက် ရဟန်းလောင်းဝတ်ရုံထားသော သင်းပိုင်၊ ကိုယ်ရုံ၊ နှစ်ထပ်သင်္ကန်း (ဒုကင်္ဓသင်္ကန်း) နှင့် သပိတ်များကို ယင်းပိုင်ဖြစ်ကြောင်း တစ်ခုစီပြောကြားပေးရ၏။ ထိုမှစပြီး လိုအပ်သော ဥ တ်ထားမှုစသည်ကို ပြုရ၏။



ဤသို့ ဥ တ်၊ ကမ္မဝါစာရွတ်ဆိုသည့်အခါ လွယ်ကူစေရန် ဥပဇ္ဈာယ်ဆရာကို ရှိရင်းဘွဲ့အမည်အစား "တိဿ" ရဟန်းလောင်းကိုလည်း ရှိရင်းဘွဲ့အမည်အစား "နာဂ" ဟု မှည့်ခေါ်ကြောင်း ကြေညာရ၏။ ထိုသို့ ကြေညာပြီး ရဟန်းလောင်းကို သံဃအလယ်မှ ထွက်ခွာပြီး သိမ်အတွင်း သင့်တော်သည့်နေရာတွင် ရပ်နေရန်ပြောကြားရ၏။

ရဟန်းလောင်းသည် မတ်တပ်ရပ်လက်အုပ်ချီပြီး သံဃအလယ်မှ နောက်ဆုတ်ထွက်ခွာပြီး ခပ်လှမ်းလှမ်းမှ ရပ်နေရ၏။ ထိုရဟန်းတော်တစ်ပါးက ရဟန်းလောင်းအား ရဟန်းခံပေးမှုနှင့် သက်ဆိုင်သော အချက်အလက်များကို သွန်သင်ခွင့်ပေးရန် ပန်ကြားပြီး ရဟန်းလောင်းရပ်နေရာသို့သွားကာ အထက် ဖော်ပြပါ အသက်နှစ်ဆယ်ပြည့်မှုစသော အချက်များကို မေးသည့် အခါ ဖြေပုံဖြေနည်းသင်ပေးရ၏။

ရဟန်းလောင်းကို ထိုသို့သင်ပြပြီးသောအခါ၊ ယင်းရဟန်းက သံဃအလယ်သို့ ပြန်ဝင်လာပြီး ရဟန်းလောင်းကို သွန်သင်ဆုံးမပြီးဖြစ်၍ ထိုရဟန်းလောင်းကို သံဃအလယ်သို့ ရောက်လာသည့်အခါ လက်အုပ်ချီပြီး ရဟန်းပြုခွင့်ကို သုံးကြိမ်တောင်းခံရ၏။ ထိုအခါ သင်ထားသည့်ရဟန်းက ရဟန်းလောင်းကို မိမိသင်ထားသည့်အတိုင်း "အနာကြီးရောဂါငါးမျိုးကင်းစင်ရဲ့လား" စသည့် အချက်အလက်များကို မေးမြန်း၏။ မေးမြန်းဖြေကြားသည့် အတိုင်း ရဟန်းခံနိုင်သောအချက်အလက်များနှင့် ညီညွတ်ကြောင်း

တွေ့ရှိရသည့်အခါ ရဟန်းတော်သုံးပါးက အသီးသီးကမ္မဝါစာတစ်စုံစီကိုင်ပြီး "သုဏာတုမေဘန္တေ" အစချီသော ရဟန်းခံကမ္မဝါစာကို ရွတ်ဖတ်ကြ၏။

ကမ္မဝါစာသုံးကြိမ်ရွတ်ဖတ်ပြီးသည့်အခါ ကန့်ကွက်ပြောဆိုမည့် ရဟန်းမရှိလျှင် ရဟန်းအဖြစ်သို့ ရောက်ပြီဖြစ်ကြောင်း အတည်ပြု ရွတ်ဖတ်ပေးရ၏။ များသောအားဖြင့် ကမ္မဝါစာရွတ်ဖတ်ရာမှာ ဌာန်ကရိုဏ်းကျကျဖြစ်အောင် တစ်ပါးပါးကမှားရွတ်မိလျှင် ကျန်ရဟန်းတော်များအမှန်ဖြစ်ရန် ရည်ရွယ်ချက်နှင့် ရဟန်းခံကမ္မဝါစာကို ၃ ပါးတစ်ဆိုင်းအားဖြင့် ၃ ဆိုင်းရွတ်ဖတ်လေ့ရှိ၏။

ရဟန်းဇာတာမှတ်ပုံ

ရဟန်းဖြစ်ပြီဟုဆိုသည်နှင့် တစ်ပြိုင်နက် အဆင်သင့်ထားရှိသော စားပွဲတင်နာရီဒိုင်ခွက်တွင် ရောက်နေသည့်နာရီ၊ မိနစ်၊ စက္ကန့်ကို မှတ်ထားရ၏။ နေသာနေလျှင် သိမ်အပြင်ကို ရဟန်းတော် တစ်ပါးကထွက်ပြီး ဖဝါးတိုင်းရ၏။ ပြီးလျှင် စာရွက်ပေါ်တွင် ရေးချပြီး -

"သာမဏေမည်သူသည် မည်သည့်ကျောင်းတိုက်အတွင်းရှိ ခဏ္ဍသိမ်တွင် မည်သည့်ဆရာတော်ကို ဥပဇ္ဈာယ်မည်သည့်ဘုန်းတော်ကြီးသုံးပါးက ကမ္မဝါစာဆရာရ၍ သာသနာသက္ကရာဇ်မည်မျှ မြန်မာသက္ကရာဇ် မည်မျှ မည်သည့်ဥတု မည်သည့်လမည်သည့်ရက်၊ နံနက်မည်သည့်နာရီ၊ မိနစ်၊ စက္ကန့်



မည်သည့်ဘဝါးအချိန်တွင် ရဟန်းအဖြစ်သို့ ရောက်လတ်သည်ဟုဖတ်ပြ၏။ ရဟန်းသစ်ကလည်း ဤသည်ကို စွဲမြဲစွာမှတ်သားထားရ၏။

လူတို့အတွက်မွေးနေ့သက္ကရာဇ်သည် အရေးပါသကဲ့သို့ရဟန်းတော်များအတွက် ရဟန်းဖြစ်ရက် အချိန်၊ နာရီစသည်တို့သည် အရေးကြီးသည်။ ရဟန်းဖြစ်ချိန်ကလိုက်ပြီး သိက္ခာဝါအကြီးအငယ်ခွဲခြားသိရ၏။ ငယ်သူက ကြီးသူကို အရိုအသေပြုရ၏။ ရဟန်းခံသောသိမ်၊ ဥပဇ္ဈာယ်ဆရာစသည့် မှတ်တမ်းအရဤပုဂ္ဂိုလ်သည် ဝိနည်းတော် နှင့်အညီ တင်မြှောက်ခံရသောရဟန်းအစစ်ပင်ဖြစ်သည်ကို သက်သေပြုနိုင်၏။

မိုရာလေးပါး

ရဟန်းများ၏မှီရာ "သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး" ဟူသော ပစ္စည်းလေးပါးနှင့်ပတ်သက်၍ ခံယူချက်ထားရှိရေးကိုသွန်သင်ရ၏။

- သင်္ကန်းနှင့်ပတ်သက်၍ ကြည်ညိုသူများက လှူဒါန်းလျှင်ပိုးသင်္ကန်း၊ သက္ကလပ်သင်္ကန်းစသည်တို့ကိုခံယူ၍ ဝတ်ရုံနိုင်သည်။ အလှူဒကာမရှိလျှင် အမှိုက်ပုံစသည်၌ စွန့်ပစ်ထားသောအဝတ်စုတ်များကို ကောက်ယူလျှော်ဖွပ်သင်္ကန်းဖြစ်အောင်ချုပ်စစ်ဖန်ရည်ဆိုးပြီး သုံးစွဲဝတ်ဆင်ပါမည်ဟူသော ခံယူချက်မျိုးကိုထားရ၏။

ဆွမ်းနှင့်ပတ်သက်၍ ပင့်ဖိတ်လှူဒါန်းလျှင် သံဃိကဆွမ်းပုဂ္ဂလိကဆွမ်းစသော ဆွမ်းကျွေးကို ခံယူသုံးဆောင်နိုင်၏။

ပင့်ဖိတ်ကျွေးမွေးမည့်သူမရှိလျှင် အိမ်စဉ်မပြတ်ရပ်ခါ တစ်ဇွန်း တစ်ဆုတ် ပေးလှူသောဆွမ်းနှင့် မျှတနေထိုင်မည်ဟူသော ခံယူချက်မျိုးကို ထားရှိရ၏။

ကျောင်းနှင့်ပတ်သက်၍ ကြည်ညိုသူများက လှူဒါန်းလျှင် တိုက်ကျောင်းစသော ကျောင်းအမျိုးမျိုးကို အလှူခံနေထိုင်နိုင်၏။ ထိုကဲ့သို့ ကျောင်းမရှိလျှင် သစ်တစ်ပင်ရင်း ဝါးတစ်ရုံအောက် မှာပင် အိပ်စက်နားနေမည်ဟူသော ခံယူချက်မျိုးကို ထားရှိရ၏။

ဆေးနှင့်ပတ်သက်၍ ကြည်ညိုသူများက လှူဒါန်းလျှင် ထောပတ်၊ ပျားရည်စသော ဆေးကောင်းဝါးကောင်းများကို အလှူခံသုံးဆောင်နိုင်၏။ ထိုသို့သော ဆေးဝါးမျိုးမရရှိလျှင် နွားကျင်ငယ်ရေနှင့် ထုံးထား စိမ်ထားသော ဆီးဖြူသီး၊ ရှစ်ရှားသီး စသော ဆေးကိုပင် မှီဝဲစားသုံးမည်ဟူသော ခံယူချက်မျိုးကို ထားရှိရ၏။

ဤသည်တို့မှာ ပစ္စည်းလေးပါးနှင့် ပတ်သက်သော သဘောထားခံယူချက်ဖြစ်၏။

## ရှောင်ရန်လေးပါး

မှီရာလေးပါးရှိသကဲ့သို့ ရှောင်ကြဉ်ရမည့် အရာမှာမူလေးမျိုး လည်းရှိသေး၏။ ဤလေးမျိုးမှာ. . . "မေထုန်မမှီဝဲခြင်း၊ သူတစ်ပါးပစ္စည်းကို မခိုးယူခြင်း၊ လူကိုမသတ်ခြင်း၊ ဈာန်မဂ်ဖိုလ်ကို မရဘဲ ရသည်ဟုမပြောခြင်း" ဖြစ်၏။ ဤလေးမျိုးလုံးကို လုံးဝရှောင်ကြဉ်ရန်နှင့် အကယ်၍ တစ်မျိုးမျိုးကို ကျူးလွန်မိလျှင်



ရဟန်းမဟုတ်တော့ဆိုသည်ကိုပါ သဘောပေါက်နားလည်အောင် ရှင်းပြရ၏။

စင်စစ်ရဟန်းခံကမ္မဝါစာကို တတိယအကြိမ်ရွတ်ဆိုပြီး ရဟန်းဖြစ်ပါပြီဟု အတည်ပြုကြေညာသည်နှင့် တစ်ပြိုင်နက် ရဟန်းအသစ်အဖို့ ၂၂၇ သွယ်သော သိက္ခာပုဒ်နှင့် ဝိနည်းတော် လာဥပဒေများကို လိုက်နာစောင့်ထိန်းရမည့်တာဝန်၊ ဝိနည်းတော် လာ ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ရမည့် တာဝန်များ အလိုအလျောက် ကျရောက်လာပြီဖြစ်၏။

ဤသို့ တာဝန်များရှိလာသကဲ့သို့ ရဟန်းတော်များ ရယူနိုင်သော အခွင့်အရေးများကိုလည်း အလိုအလျောက်ပင် ရနေပြီးဖြစ်၏။ ထိုတာဝန်နှင့် ရပိုင်ခွင့်များအနက်တွင် အရေး ကြီးဆုံးသော မှီရာပစ္စည်းလေးပါးနှင့် ရှောင်ရမည့် အပြုအမူလေး မျိုးကို ရဟန်းဖြစ်လျှင်ဖြစ်ချင်း သဘောပေါက်သိရှိနေအောင် ဆုံးမ စကားပြောကြားထားခြင်းဖြစ်၏။

## သိမ်ထွက်အလှူ

မှီရာလေးပါး၊ ရှောင်ရန်လေးမျိုးကို ညွှန်ကြားဆုံးမပြီး သည့်အခါ ဥပသမ္ပဒကံခေါ်သော ရဟန်းခံပေးမှု ကိစ္စပြီးဆုံး၏။ ကိစ္စပြီး၍ သိမ်ကထွက်လာသည့်အခါ မြန်မာတို့ပြုလေ့ရှိသည်မှာ သိမ်ထွက်လောင်းလှူခြင်းဖြစ်၏။

ရဟန်းဒကာ၊ ရဟန်းမိဘများနှင့်အတူ ရင်းနှီးသောဆွေမျိုး မိတ်ဆွေများသည် ဖယောင်းတိုင်၊ ဗလာစာအုပ်၊ ခဲတံစသော

လှူဖွယ်ဝတ္ထုများနှင့်အတူ တန်းစီစောင့်ဆိုင်းနေကြ၏၊ ရဟန်းခံပြီး ဥပဇ္ဈာယ်ဆရာအပါအဝင် ရဟန်းတော်များနှင့် ရဟန်းသစ်များ ခဏ္ဍသိမ်အတွင်းမှ ထွက်ကြွလာသည့်အခါ ဆွမ်းတော်ကြီး လောင်းသကဲ့သို့ မိမိတို့လှူဖွယ်ဝတ္ထုများကို ကိုယ်စီကိုယ်ငှ လှူတတ်ကြ၏။

ထိုသို့ လောင်းလှူပြီးနောက် ရှင်ပြုမင်္ဂလာပွဲမှာကဲ့သို့ပင် ပင့်သံဃာနှင့် ရဟန်းသစ်တို့သည် အလှူ့အိမ်၊ အလှူ့မင်္ဂလာ မဏ္ဍပ်သို့ ကြွပြီး ပရိတ်တရား ရဟန်းခံအနုမောဒနာတရားချီးမြှင့် ဟောကြားမှု၊ လှူဖွယ်ဝတ္ထုတို့ကို ရေစက်သွန်းချလှူဒါန်းမှု၊ ညည့်ပရိတ်သတ်ကို ကျွေးမွေးပြုစုမှု စသည်ပြုပြီး ဤဥပသမ္ပဒ မင်္ဂလာအခမ်းအနားကို အဆုံးသတ်သည်။

## ရှေးခေတ်က ပဥ္စင်းခံပွဲတော်

ရှေးမြန်မာဘုရင်များသည် ဝါဆိုလတွင် ပဥ္စင်းခံရှင်ပြုပွဲတော် ကြီးကို ရာသီပွဲတော်အဖြစ် ခြိမ့်ခြိမ့်သဲ ကျင်းပဆင်နွှဲခဲ့ကြ၏။ ထိုပွဲတော်ဖြစ်ပေါ်လာခဲ့သော အချိန်ကာလမှာ ကြာညောင်းခဲ့ပြီ ဖြစ်၏။ သို့သော် မည်သည့်ခေတ်၊ မည်သည့်ဘုရင်လက်ထက်တွင် ယင်းပွဲတော်စတင်ခဲ့သည်ဟု အတိအကျသိရန် မလွယ်ကူတော့ပါ။

သက္ကရာဇ် ၅၇၅-ခုစွဲ၊ ပုဂံမြို့ သံလျင်အိုကပ်သင်ချင် ကျောက်စာတွင် "သာပန်စင်ခံရုယ္ဆ်က ၇၂၁ ဦး၊ နာသရှစ်ကျွာန်နွှာ ဥစ်စာပိယ်ဧ" (သားပန်စင်းခံ၍ တရားဦးနာသရော ကျွန်နွှားဥစ္စာ ပေး၏။) ဟု ရေးထိုးထားသည်ကိုထောက်လျှင်သော်လည်းကောင်း၊



ပုဂံခေတ်အနော်ရထာလက်ထက်တွင် ထေရဝါဒသာသနာ ထွန်းကား၍ ရဟန်းတော်များ အမြောက်အမြားရှိနေသည်ကို ထောက်လျှင်သော်လည်းကောင်း ပုဂံခေတ် ပဥ္စင်းခံမှုများရှိခဲ့ ကြောင်း ထင်ရှား၏။

ပဥ္စင်းခံပွဲတော်သည် နယုန်လစာတော်ပြန်ပွဲနှင့် ဆက်စပ် လျက်ရှိ၏။ စာတော်ပြန်ပွဲတွင် စာအောင်သူများထဲမှ တစ်သက် လုံးဖြစ်စေ၊ ခေတ္တခဏဖြစ်စေ ရဟန်းခံမည့်သူ ၂၅-ယောက်ခန့်ရှိ မည်ဆိုလျှင် ဘုရင်မင်းမြတ်ကိုယ်တိုင်က ထိုပုဂ္ဂိုလ်များ၏ ရဟန်းဒါယကာအဖြစ်ခံယူ၍ ရဟန်းခံပွဲကျင်းပလေ့ရှိ၏။ ယင်းရဟန်းများ သာသနာ့ဘောင်တွင် ပျော်ပိုက်စေရန် ဘုရင်က လိုလေသေးမရှိအောင် ထောက်ပံ့၏။ ကျောင်းအလိုရှိလျှင် ကျောင်းဆောက်ပေး၏။ ရွှေညောင်၊ခေါင်းမိုးအုံး၊စောင်စသည်တို့ကို လည်းကောင်း၊ လိုအပ်သော စာဝါပေထုပ်များကိုလည်းကောင်း ပို့ပေး၏။ သာသနာတော်ကြီး ပြန့်ပွားစေရန်အတွက် ပေပင်ကအစ ပြုစုပျိုးထောင်စိုက်ပေး၏။

ရှေးခေတ် နယုန်လစာတော်ပြန်ပွဲ၌ စာအောင်သူတို့ကိုသာ ပဥ္စင်းခံရှင်ပြုပေးလေ့ရှိသည်။ နောက်ပိုင်းခေတ်များတွင် စာပြန်ပွဲအောင်သူများအပြင် ဆင်းရဲသားများထဲမှ သင့်လျော်သူ များကို ပဥ္စင်းလောင်း၊ ရှင်လောင်းများအဖြစ်ရွေးချယ်ပြီး ငါးရာ တစ်ထောင်စသည်ဖြင့် များပြားစွာ ပဥ္စင်းခံရှင်ပြုပေးလာခဲ့ကြ၏။ ပဥ္စင်းခံရှင်ပြုပွဲကို ဝါဆိုလပြည့်နေ့တွင် ကျင်းပလေ့ရှိ၏။

ဗုဒ္ဓရှင်တော်ဘုရား ခွင့်ပြုမည့်တော်သည်မှ စတင်၍ တည်တံ့ဆင်းသက်လာသည့် ရှင်ပြုရဟန်းခံမင်္ဂလာသည် ထေရဝါဒဗုဒ္ဓသာသနာ တည်နေသော နိုင်ငံတိုင်း၊ မြို့ရွာတိုင်း၌ပင် မျက်မှောက်ခေတ်တိုင်တည်ရှိကျင်းပနေဆဲဖြစ်၏။ မြန်မာနိုင်ငံတွင်လည်း ဤအတိုင်းဖြစ်၏။ ပဉ္စင်းခံပွဲမှာ ဗုဒ္ဓဘာသာရိုးရာယဉ်ကျေးမှုတစ်ရပ်ပင်ဖြစ်၏။

x x x x x

ဝါခေါင်လနှင့်

စာရေးတံပွဲ

ထက်အာကာဘုံစွန်းက၊ တောက်ထွန်းလို့ထိန်ဝါ၊
သရဝဏ် ရွှေကြယ်မင်း၊
လင်းတဲ့ချိန်ခါ။
လေညှင်းငယ်လာ၊ သိဟ်ရာသီမှ။
ရှုတိုင်းငယ်ဘယ်ညာက၊
ပန်းခတ္တာဝတ်မှုံကျင်းတယ်၊
သင်းပျံ့လှိုင်လို့။
(ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်ရာသီ ဝါခေါင်လဖွဲ့သဖြန်)

## ဝါခေါင်လ

ဝါခေါင်လသည် မြန်မာဆယ့်နှစ်လတွင် ပဉ္စမမြောက်လဖြစ်၏။

ဤလကို ပုဂံခေတ်ထိုးကျောက်စာများတွင် "နံကာလ" ဟု သုံးစွဲ၏။ နံကာလ၏ အဓိပ္ပာယ်မှာ "လယ်လုပ်ချိန်လ" ဟူ၍ ဖြစ်၏။ ဝါခေါင်လ၏ အဓိပ္ပာယ်မှာ "ဝါမဆိုရ၊ ဝါမကပ်ရ" သောလဟု ဆို၏။ အချို့က ဝါတွင်းသုံးလ၏ အလယ်ကောင်တွင် ပါဝင်နေသဖြင့် "ဝါလယ်လ" ဟု ခေါ်ကြ၏။ ဝါခေါင်ဆိုသော

ဝေါဟာရတွင် "ဝါ" သည် ရဟန်းတော်များ ဝါဆိုဝါကပ်ခြင်း ဖြစ်၍ "ခေါင်"သည် အလယ်ဗဟိုဖြစ်၏။ ထို့အတွက်ကြောင့် ဝါခေါင်လသည် ဝါတွင်းသုံးလ၏ အလယ်ဗဟိုကို ဆိုလိုခြင်း ဖြစ်၏။

ဤလရာသီအလို "သိဟ်" ရာသီခေါ်၏။ သရဝဏ်ခေါ် ဓနသိဒ္ဓိနက္ခတ်နှင့် ယှဉ်၏။ ဖျိုင်းတာရာ ထွန်းပ၏။ ရာသီရုပ်ပုံမှာ ခြင်္သေ့ရုပ်ပုံဖြစ်၏။

ဤလတွင် ရက်ပေါင်း ၃၀ ရှိ၏။ နာရီအားဖြင့် နေ့တွင် ၃၄ နာရီဖြစ်၏။ ညမှာ ၂၆ နာရီရှိ၏။နေ့တာရှည်၏။ ညတာတိုသောလ ဖြစ်၏။

## ရာသီပန်း၊ အသီးနှင့်ကျေးငှက်

အထက်အညာဒေသတွင် ဤကဲ့သို့ ဝါခေါင်လတွင် မိုးခေါင်မည်ဖြစ်၏။ တစ်နိုင်ငံလုံးအနေနှင့် ခြုံကြည့်လျှင် ဤလအခါသမယသည် လွန်စွာ မိုးသည်းသောကာလ ဖြစ်၏။ မိုးလှိုင်လှိုင်ရွာနေပြီဖြစ်သော ဤလရာသီတွင် မိုးရေအဖျန်းတွင် ပွင့်လန်းလာကြသော ရာသီပန်းမှာ ခတ္တာပန်း ဖြစ်၏။

"ဝါခေါင်တကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ကာ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသဲ" ဟူ၍ ရှေးကဗျာတစ်ပုဒ်တွင် တွေ့ရ၏။ ဝါခေါင်လတွင် ဖွားဖက်တော်အဖြစ် ပန်းသုံးမျိုးကို တွေ့ရ၏။ ထနောင်ပန်း၊ ကြောင်ကျစ်ပန်း၊ ဆူးရစ်ပန်းများဖြစ်၏။

ဆူးရစ်ပန်းတို့ ဤလ၌ ပွင့်ကြ၏။ ဆူးရစ်နွယ်ဝင်ဆူးပုပ်တို့လည်း ပွင့်ကြသော လရာသီပင်ဖြစ်၏။



"သပြေကသီး ရေကကြီးသနဲ့၊ ထန်းသီးကကြွေ၊ မိုးကဇွေ" ဟူ၍ ရှေးစာဆိုတို့စပ်ဆိုခဲ့၏။ ဝါခေါင်လတွင် သပြေသီးများမှည့်၏၊ ကြွေကျ၏။ သပြေသည် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတွင် ရှေးအခါမှစပြီး မျက်မှောက်ခေတ်တိုင်အောင် အောင်အတိတ်အောင်နိမိတ်၏ အဆောင်အယောင်အဖြစ် အသိအမှတ်ပြုခြင်းခံရ၏။ "အောင်ပါစေ-သပြေညိုဆိုတဲ့ ပန်းရယ်နဲ့ ရေချမ်းကိုလောင်း" ဟူ၍ ရှေးရှေးစည်တော်သီချင်းတွင် ဆိုထား၏။

ဝါခေါင်လတွင် ထန်းသီးကြွေချိန်နှင့် ရေကြီးချိန်လည်း တိုက်ဆိုင်နေ၏။

"စစ်စလီငယ်၊ ပြာပီရေကြက်၊ မောက်တင်ငှက်တို့ လယ်ကွက် တစ်ခို၊ ရိုးကျလျှိုကာ၊ လူလိုပဲကြွင်. . ." ဟူ၍ စာဆိုဦးကြီးက စစ်စလီငှက်တို့၏ သဘာဝကိုဖော်ကျူးခဲ့၏။

ဝါခေါင်လတွင် စစ်စလီငှက်တို့သည် သစ်ပင်များပေါ်ရှိ ကျီးကန်းသိုက်ဟောင်းများကို မိမိတို့အသိုက်အဖြစ် အသုံးပြု၍ ဥကြ၏၊ သားပေါက်ကြ၏။ ပျံသန်းရင်းမှ စူးရှလှစွာသောအသံဖြင့် လေချွန်တတ်သောငှက်များပင် ဖြစ်၏။ စစ်စလီငှက်သည် မိုးတွင်းပျော်ငှက်ကလေးပင်ဖြစ်၏။

"မျှော်ယောင်သာ ပန်းတော့တယ်၊ သောင်ကမ်းငယ်ပြည့်လျှံ နဒီငယ်ခြံသည်၊ ပြည်မင်းစံရွှေဘုံတာ၊အကုန်ထူးတဲ့လကိုလေး" ဟူ၍ မဟာအတုလမင်းကြီးက ဝါခေါင်လကို ဖွဲ့ဆိုခဲ့၏။

ထိုလတွင် ကမ်းရေပြည့်မှု လျှံတက်၍ မိုးလေဒဏ်ကြောင့် ငါးဖမ်းမှုလည်း နည်းပါးကာ ငါးရှားပါးလှ၏။ သဘာဝဝန်းကျင်တွင် သဘာဝအတိုင်းသားပေါက်မှုကို အားထားမှု မပြုတော့ဘဲ ဆေးထိုးသားဖောက်ခြင်းဖြင့် ငါးပေါမျှားရန် ဆောင်ရွက်လျက်ရှိ၏။ ငါးရှားသော ဝါခေါင်လတွင် အဆီဝင်းသော ရွှေဝါငါးကြင်းများကို စားသုံးနိုင်ကြ၏။

## ဝါခေါင်လအဓိပ္ပာယ်

ဝါခေါင်လ၏ အဓိပ္ပာယ်ကို ဝေါဟာရလီနတ္ထဒီပနီ၌ "ထိုလကိုပင် ဝါခေါင်လ ခေါ်ဝေါ်သည်မှာ မိုးခေါင်သည်ဟူသော ဝေါဟာရ ကဲ့သို့ ရဟန်းသံဃာတော်တို့ ဝါမဆိုမကပ်၊ (ဝါခေါင်) ဝါဝေးသော လယူရန်ရှိ၏" ဟု ဖွင့်ဆိုထား၏။ ဤ၌ ကျမ်းပြုဆရာ လေ့သင်း အတွင်းဝန်မင်းဆိုလိုသည်မှာ ဝါခေါင်တွင် ခေါင်သည် ဝေးကျူး သီခေါင်၊ ကုန်းခေါင်၊ မိုးခေါင်၊ ယခေါင်တို့၌ကဲ့သို့ ဝေးကွာခြင်းအဓိပ္ပာယ်ရှိ၏။ သို့ဖြစ်၍ ဝါခေါင်ကား ဝါဝေးသည်ဟု ဆိုလို၏။ ဝါဝေးခြင်းဆိုသည်မှာ ရဟန်းတော်များ ဝါမဆိုရ၊ ဝါမကပ်ရသောလဟု အဓိပ္ပာယ်ရ၏။

နံကာဟူသော ဝေါဟာရသည် ဝါခေါင်ဟူသော ဝေါဟာရထက် ရှေးကျသည်။ ပုဂံခေတ်တွင် ဝါခေါင်လကိုအမြဲလိုပင် နံကာဟု ခေါ်ဆိုရေးသားသည်။ ဝါတွင်းဆောင်ရွက်ဖွယ်ကိစ္စတို့နှင့် ပတ်သက်၍သာ ဝါခေါင်ဟူသော ဝေါဟာရကို သုံးလေ့ရှိသည်။



ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ နံကာ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုထားသည်မှာ ဝါခေါင်လကို ပါဠိဘာသာအားဖြင့်နိက္ခမနီယဟု ခေါ်၏။ နိက္ခမနီယဆိုသည်မှာ နေမင်းသည် အတွင်းခရီးမှ အပြင်ခရီးသို့ ထွက်သွားသောလဟု အဓိပ္ပာယ်ရ၏။ ယင်းနိက္ခမနီယ သဒ္ဒါရွေ့လျော၍ မြန်မာဘာသာ နံကာဝေါဟာရဖြစ်သည်ဟု နံကာပုဒ်၏ ရင်းမြစ်နှင့် အဓိပ္ပာယ်ကို ပြဆိုထား၏။

## ဘုရားရှင်လက်ထက်က စာရေးတံပွဲတော်

အခါတစ်ပါး သုံးလောကထွတ်ထား မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူ၏။ ထိုအချိန်တွင် ရာဇဂြိုဟ်တစ်ပြည်လုံးတွင် ငတ်မွတ်ခေါင်းပါးသောဘေးကြီး ကျရောက်လျက်ရှိသည်။ ဒကာများသည် တစ်ကျောင်းတိုက်လုံးရှိ ရဟန်း၊ သံဃာတော်မြတ် များကို ဆွမ်းလှူဒါန်းရန်မတတ်နိုင်ပေ။

အချို့သောဒကာများက သံဃာတော်များထဲမှ တစ်ပါးနှစ်ပါး တစ်ကျိပ်နှစ်ကျိပ်ကိုသာ ရွေးကောက်၍ လှူဒါန်းလိုကြ၏။ အချို့က စာရေးတံမဲချပြီး မိမိတို့ စွမ်းဆောင်နိုင်သမျှ လှူဒါန်းလိုကြ၏။ အချို့ကလည်း ဥပုသ်နေ့တွင်ဥပုသ်သီလ ဆောက်တည်လို၏။ မိမိတို့ စားသောက်ရန် ယူဆောင်လာသော ဆွမ်းခဲဖွယ်ဘောဇဉ်များကို သံဃာတော်အချို့အား ဆက်ကပ် လိုကြ၏။ အချို့ကလည်း ဥပုသ်နေ့တွင် သံဃာတော်များဆွမ်းပေါများကြ၍ ဥပုသ်ကျော် ၁ ရက်နေ့တွင် ဆွမ်းရှားပါးလေ့ရှိသဖြင့် အကျိုးများစေရန် ဥပုသ်ကျော် ၁ ရက်နေ့တွင် ဆွမ်းလှူဒါန်းလိုကြ၏။

ထိုအကြောင်းကို ဒကာ၊ဒကာမများက မြတ်စွာဘုရားသခင်အား လျှောက်ထား၏။ မြတ်စွာဘုရားသခင်က. . .

(၁) သံဃာအားလုံး ဆွမ်းလှူဒါန်းသော သံဃဘတ်။
(၂) တစ်ပါးနှစ်ပါးစသော ရည်ညွှန်း၍ လှူဒါန်းသည့် ဥဒ္ဒေသဘတ်။
(၃) ပင့်ဖိတ်၍ လှူဒါန်းသော နိမန္တဘတ်။
(၄) စာရေးတံမဲချ၍ လှူဒါန်းသော သလာကဘတ်။
(၅) လဆန်းပက္ခ လဆုတ်ပက္ခ၌ လှူဒါန်းသော ပက္ခိကဘတ်။
(၆) ဥပုသ်နေ့၌ လှူဒါန်းသော ဥပေါသထိကဘတ်။
(၇) ဥပုသ်ကျော် ၁ ရက်နေ့၌ လှူဒါန်းသော ပါဋိပဒိကဘတ်။

တို့ကိုလှူဒါန်းနိုင်ကြောင်း ခွင့်ပြုတော်မူလိုက်သည်။ ယင်းသို့ ဘုရားရှင်ခွင့်ပြုတော်မူချိန်မှစပြီး စာရေးတံမဲချကာ လှူဒါန်းရသော ဆွမ်းအလှူသလာကဘတ် (သလာက - စာရေးတံမဲ+ဘတ္တ-ဘတ် - ဆွမ်း) သည် ဖြစ်ပေါ်လာခဲ့၏။

## မဟာဒုက် (မဟာဒုဂ္ဂတ)

တစ်နေ့သ၌ကဿပဘုရားရှင်သည် ရဟန်းသံဃာတော်အပေါင်းကို ခြံရံကာ ဗာရာဏသီမြို့သို့ ကြွချီတော်မူ၏။ မြို့သူမြို့သားတို့သည် ဘုရားရှင်နှင့်အတူ ရဟန်းသံဃာများကို မိမိတို့ တတ်နိုင်သရွေ့ ပင့်ဖိတ်ကာဆွမ်းကျွေးကြ၏။ တစ်နေ့တွင် ဆွမ်းစားပြီးသောအခါ



ဘုရားရှင်သည် လူတို့အား ဒါနနှင့် ပတ်သက်၍ မိမိကိုယ်တိုင်လှူပြီးလျှင် သူတစ်ပါးကိုလည်း လှူရန်တိုက်တွန်းလျှင် ဖြစ်လေရာဘဝတိုင်းတွင် စည်းစိမ်ဥစ္စာ အခြံအရံများတတ်ကြောင်း ဟောကြားတော်မူ၏။

ထိုအခါ ဒါယကာတစ်ယောက်သည် နိဗ္ဗာန်ဆော်လုပ်ရန် ဆုံးဖြတ်လိုက်၏။ လှူဒါန်းမှုပြုရန် ဆော်ဩ၏။ မည်သည့်နေ့ သံဃာမည်မျှ စသည်တို့ကို စာရင်းမှတ်၏။ လှူမည့်နေ့တွင် စာရင်းအလျောက် လိုအပ်သရွေ့ သံဃာတော်တို့ကို စာရေးတံမဲနှိုက်၍ပင့်၏။ ထိုအခါကစ၍ စာရေးတံပွဲ စတင်ပေါ်ပေါက်လာသည်ဟု သိရ၏။

တစ်နေ့သောအခါတွင် ထိုနိဗ္ဗာန်ဆော်သည် မဟာဒုက် (မဟာဒုဂ္ဂတ)အမည်ရှိသော ဆင်းရဲသား လင်မယားနှစ်ယောက်ကို စာရေးတံဆွမ်းလှူရန် နှိုးဆော်ပြန်၏။ ယင်းဇနီးမောင်နှံက ဆင်းရဲလွန်း၍ မလှူနိုင်ဟုငြင်း၏။ သို့သော် ဇွဲကောင်းလှသည့် နိဗ္ဗာန်ဆော်၏ တိုက်တွန်းချက်အရ နောက်ဆုံးတွင် သံဃာတော် တစ်ပါးအတွက် လက်ခံလိုက်၏။

မဟာဒုက် ဇနီးမောင်နှံသည် ယင်းသံဃာတစ်ပါးကို လှူဒါန်းနိုင်ရေးအတွက် တစ်အိမ်တက်ဆင်း အလုပ်ရှာကြရ၏။ ဆွမ်းကျွေးမည့်နေ့သို့ ရောက်လျှင် ဇနီးက ချက်ပြုတ်နေ၏။ ခင်ပွန်းဖြစ်သူက မဲနှိုက်ရန် နိဗ္ဗာန်ဆော်အိမ်သို့သွား၏။ သို့သော် နိဗ္ဗာန်ဆော်က မေ့သွားသဖြင့် စာရင်းမတင်လိုက်ရသည်ကို ဝမ်းနည်းစွာ

ပြောဆို၏။ ခဲလေသမျှ သဲရေကျသွားသဖြင့် မဟာဒုက်၏ ညည်းညူသံကိုကြားရသည်။ ထိုအခါ နိဗ္ဗာန်ဆော်သည် အကြံ တစ်ခုပေး၏။

ထိုနိဗ္ဗာန်ဆော်ပေးသော အကြံအတိုင်း မဟာဒုက်သည် ကျောင်းတော်သို့ ပြေးသွား၏။ ဘုရားရှင် သီတင်းသုံးရာ ဂန္ဓကုဋိတိုက်ခန်း၏ အဝသို့ လူများကို တိုးဝှေ့ပြီး အရောက် သွား၏။ ဘုရားရှင်ထွက်တော်မူသောအခါ သူ့ဆွမ်းကို အလှူခံရန် ရှိခိုးတောင်းပန်ရှာ၏။ ဘုရားရှင်သည် မင်းညီမင်းသား သူဌေး သူကြွယ်တို့ ကမ်းလင့်သော လက်များကို လက်မခံဘဲ ဆင်းရဲသား မဟာဒုက်လက်သို့သာ သပိတ်တော်ကို အပ်တော်မူ၏။

သူကောင်းမျိုးတို့သည် ဘုရားရှင်ကို ဆွမ်းလှူဒါန်းလိုလှ၍ မဟာဒုက်ထံမှ ဘုရားရှင်သပိတ်ကိုရအောင် အသပြာပေးပြီး သွေးဆောင်ကြ၏။ သို့သော်မအောင်မြင်ပါ။ မဟာဒုက်က ဝမ်းသာ အားရဖြင့် "ကျုပ်ကိုယ်တိုင်ကပ်မှာဗျ" ဟုဆိုကာ သပိတ်ကိုပိုက်ပြီး ဘုရားရှင်ကို ပင့်ဆောင်သွား၏။ ထိုအခါမှစပြီး စာရေးတံမဲ ပေါ်ပေါက်လာခဲ့သည်ဟု အဆိုပြု၏။

## ရှေးခေတ်က စာရေးတံပွဲ

ရှေးမြန်မာဘုရင်နှင့် ပြည်သူတို့သည် ဤစာရေးတံမဲ ဆွမ်းအလှူကို ရာသီပွဲတော်အဖြစ် ဝါခေါင်လတွင် အခမ်းအနားဖြင့် ကျင်းပခဲ့ကြ၏။ စာရေးတံမဲဆွမ်းအလှူသည် စောလှဝန်း



ကျောက်စာအရ ပုဂံခေတ်ကပင်ရှိခဲ့၏။ ကျင်းပပုံမှာ ရှေးဦးစွာ ဂါမဝါသီ သံဃာတော်များ၏ ဘွဲ့အမည်တော်များကို (ဝါ) မိမိတို့ မြို့ရွာနှင့်တကွ ပတ်ဝန်းကျင် မြို့ရွာများရှိ သံဃာတော်များ၏ ဘွဲ့အမည်များကို စာရင်းကောက်ယူရ၏။

ယင်းနောက် မဲတံကလေးများ၏ ဘွဲ့ရေးသားရန် ပြုလုပ် ထားသည့် ထိပ်ဖျားတွင် ဘုန်းတော်ကြီးများ၏ ဘွဲ့အသီးသီးကို ရေးသားရ၏။ ပြီးလျှင် ဝါးကျည်တောက်စသော ထည့်စရာတစ်ခုခု ထဲသို့ ထိုးစိုက်ထားရ၏။ ပရိုစုံလင်လျှင် ဒကာ၊ ဒကာမများ၏ အမည်ကို အစဉ်လိုက်ခေါ်ပြီး စာရေးတံမဲကို နှိုက်ယူစေ၏။

ဘုရားရှင်လက်ထက်တော်က မဲတံတွင် ဒကာ၏ နာမည် ရေးသားပြီး ဘုန်းတော်ကြီးများက အလှည့်စဉ်၊ ထေရ်စဉ် မဲနှိုက် ကြရသည်။ မြန်မာတို့ စာရေးတံအလှူတွင် မဲတံတွင် ဘုန်းတော် ကြီး၏ ဘွဲ့ကိုရေးသား၏။ ဒကာ၊ ဒကာမများက မဲနှိုက်ကြ၏။ စာရေးတံ ဆွမ်းဒကာများသည် မိမိတို့ နှိုက်ယူလိုက်သော မဲတံကလေးတွင် ရေးသားထားသည့် ဘွဲ့ရှင် ကိုယ်တော်ကို နောက်တစ်နေ့ နံနက်စောစောပင့်၍ အိမ်တွင် ဆွမ်းကပ် လှူဒါန်းကြ၏။ အချို့က ဘွဲ့ရှင်ကိုယ်တော်ထံ ဆွမ်းအုပ်များပို့ကာ လှူဒါန်းကြ၏။

မည်သည့်ပုဂ္ဂိုလ်ဟူ၍ အစွဲမထား၊ မဲကျသောပုဂ္ဂိုလ်ကို စေတနာသန့်သန့်ဖြင့် လှူဒါန်းကျွေးမွေး၏။ စုစုဝေးဝေးပျော်ပျော် ပါးပါးဖြင့် မဲနှိုက်ကြ၏။ စေတနာထက်ထက်သန်သန်ဖြင့် လှူဒါန်း ကျွေးမွေးကြ၏။ ဤသို့ မိုးရာသီ၌ စာရေးတံပွဲသဘင်ကို ဆင်ယင် ကျင်းပခဲ့ကြ၏။

စာရေးတံဆွမ်းအလှူကို ဘုရားရှင်လက်ထက်ကမည်သည့် လရာသီတွင် လှူဒါန်းရမည်ဟု သတ်မှတ်ချက်မတွေ့ရ။ သို့သော် ဘုရင်အမှူးရှိသည့် ရှေးမြန်မာတို့သည် ဝါခေါင်လတွင် သံဃာတော်များ တစုတရုံးတည်းနေချိန် ဆွမ်းကိစ္စ အခက်အခဲဖြစ်တတ်၍ လွယ်ကူစေရန် ရည်ရွယ်ပြီး ဤစာရေးတံမဲပွဲကို ဝါခေါင်လတွင် ကျင်းပခဲ့ဟန်တူ၏။

အစဉ်အလာအတိုင်း ဆွမ်းကိုသာ လှူဒါန်းခဲ့ကြ၏။ နောက်ပိုင်းတွင် စေတနာ သဒ္ဓါတရား ထက်သန်သည်နှင့်အမျှ ပရိက္ခရာရှစ်ပါးနှင့်အတူ ရဟန်းတို့ အသုံးအဆောင်နှင့် စပ်လျဉ်းသော ပစ္စည်းမျိုးစုံတို့ကို ပဒေသာပင်တွင် သီး၍ စာရေးတံမဲချ လှူဒါန်းကြ၏။

ဘကြီးတော်မင်းတရားလက်ထက် စာရေးတံပွဲ ကျင်းပပြုလုပ်ပုံကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ဒုတိယတွဲ၌ စာမျက်နှာ ၂၂၉ တွင် . . .

"ဝါခေါင်လပြည့်ကျော် ၈ ရက်နေ့ ဂါမဝါသီပုဂ္ဂိုလ်၊ အရညဝါသီပုဂ္ဂိုလ်၊ အရိယာသံဃာတော်အပေါင်းတို့အား ပရိက္ခရာ ရှစ်ပါးနှင့်တကွ ရဟန်းတို့ အသုံးအဆောင်နှင့် စပ်သည်ကို အစေ့အစုံဆွဲ၍ ပဒေသာပင်ရေ ၂၆၀ ကို အတွင်းတော်၌ သွင်းပြီးလျှင် အရှင်မိဖုရားခေါင်ကြီးနှင့်တကွ ရေစက်သွန်းတော်မူ၍ သလာကဘတ် စာရေးတံဆွမ်း လှူတော်မူသည်" ဟူ၍ ရေးသားထား၏။



## သဒ္ဓါတရားခိုင်ခိုင်မြဲ

မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ ရောက်ရှိထွန်းကားလာချိန်ကစ၍ ဤစာရေးတံပွဲတော် ဖြစ်ပေါ်လာသည်ဟု ယူဆရ၏။ စာရေးတံပွဲဆိုသည်မှာ မဲနှိုက်ပွဲတစ်မျိုးပင်ဖြစ်၏။ ရှေးအခါက ဝါးခြမ်းပြားကို ပြုလုပ်ထားသော အချောင်းအတံ၊ စာရေးတံကို အသုံးပြုခဲ့၏။ ထိုစာရေးတံပေါ်တွင် သံဃာတော်များ၏ ဘွဲ့အမည်ကို ရေးမှတ်ပြီး မဲနှိုက်သကဲ့သို့ ယင်းစာရေးတံကို ဒါယကာတို့က နှိုက်ကြ၏။ မိမိတို့ မဲပေါက်သော ရဟန်းတော်ကိုသာ လှူဒါန်းကြရ၏။ ယခုခေတ်ကာလတွင် စက္ကူမဲလိပ်တို့ကို အသုံးပြု၏။ အချို့သော အရပ်ဒေသတို့တွင် ယခုထက်တိုင် စာရေးတံချကာ ဆွမ်းကပ်လှူဒါန်းကြ၏။

မျက်မှောက်ကာလတွင် ဤစာရေးတံပွဲသည် ပျောက်ကွယ်လုနီးပါး ရှိနေလေပြီ။ သို့သော် ရဟန်းသံဃာတော်များအတွက် ဆွမ်းမရှားဘဲ ဒကာ၊ ဒကာမများက စေတနာ သဒ္ဓါတရား ထက်ထက်သန်သန်ဖြင့် ခိုင်ခိုင်မြဲမြဲ လှူဒါန်းနေသည်ကို ဝမ်းမြောက်ဖွယ် တွေ့ရှိနေရ၏။

x x x x x

## တော်သလင်းနှင့်
## လှေသဘင်ပွဲတော်

ခါတမွတ်ပေပ၊ သာလွတ်ကယ်ကန်ခွင်မှာ၊ နှံကြင် ဖော်
ကွေလပ်သူတို့၊ ဖြေကပ်ပုံဆင်ဟန်နှင့်၊ သွင်ဟန်သိဟ်
ကူးပါလှ၊ တိမ်ထူးထွေ။
ပန်းခဝဲလို့၊ တခဲငယ်စိုသည်၊ ညှိုသင်တိုင်းစစ်၊ ဆင်သိုင်းရုံ
ရစ်ပြန်လို့၊ နတ်မြစ်ကယ်ရှိရာ၊ နန်းဝိမာက၊ ရွှာဟန်ပီပီ၊
စယွန်းငယ် ချီသော့ခါ၊ ဗျာဂီရိမြေစွန်မှာ၊ ရွှေပုဇွန်
အောင်သံကျင်းလို့၊ ရန်ကင်း သေလာညွန့်ဆီက၊
မိုးကွန့်တော့စေ။
ခါသဘင်ဝယ်၊ ညီုးရွှင်ရွှေမြန်း၊ ကြွေတဲ့လမ်းနှင့်၊
ညွန့်လန်းယင်းမာ၊ ထုံဆဲခါကို၊ ပြုဗ္ဗာမည်မှတ်၊ ဖဆိုင်
နတ်လဲ၊ နိုးလတ်ကယ်ဘုံစွန်၊ ယုန်စန်းပွန်နှင့်၊ အလွန်
တူမျှ၊ စံစပွာယ်ပပါတဲ့၊ သမယနောင်၊ လတန်ဆောင်မို့၊
သာဘောင်ငယ်ထွေသည်၊ စုံခြေတောင်တောက၊ တင့်ပါဘိ။





သီတာငယ်ပြန့်ဦး၊ သန့်သင်ဖြူးမှာ၊ ခန့်ကူးသဘင်၊
မြွတ်ပွဲဆင်လို့၊ မင်္ဂလာရက်၊ ချိန်သည်စက်တွင်၊ အသက်
ကယ်ဝေနှံ၊ ဆွေနတ်ဟန်လဲ၊ဖြေညာဏ်မပိုင်၊ ညွတ်နူးသာ
ယိုင်လီမ့်၊ မာသ်ရှစ်ဆိုင်ပြည့်ရင်နယ်မှာ၊
စိတ်လျှပ်နွယ်ခြယ် ဆင်ပျိုးလို့၊ မိုးကဆော်ချီ။

(လူဦးမင်း၏ ဆယ့်နှစ်ရာသီ
တော်သလင်းလဖွဲ့လေးချိုး)

### တော်သလင်းလ

တော်သလင်းလသည် မြန်မာဆယ့်နှစ်လတွင် ဆဋ္ဌမမြောက်
လဖြစ်၏။

တော်သလင်းလဟူသော ဝေါဟာရသည် "တော်သလံ-
နှစ်သက် ဝမ်းမြောက်ခြင်း" ဟူသော ပါဠိမှ ဆင်းသက်လာ၏။
ထိုလတွင် စပါးကောက်ပင်များ ထူထောင်ရှင်သန်လာပြီ ဖြစ်၏။
ထို့ကြောင့် လယ်သမားတို့ စိတ်ကို နှစ်သက်ရွှင်လန်းစေသော
ကြောင့် တော်သလင်းလဟု ခေါ်ဆို၏။

အချို့က တော်သလင်းဆိုသည်မှာ သတင်းအတွင်းကို
ဆိုလိုသည်ယူ၏။ သတင်းကို သလင်းဟု အက္ခရာကို လပြုခြင်း
ရ၏။ တောမှာအတွင်းဟု အဓိပ္ပာယ်ရ၏။ ထို့ပြင် သလင်းတော
ဖြစ်လာ၏။ ယင်းသတင်းအတွင်းမှ အဓိပ္ပာယ်ရသည့် သလင်း
တောကို (အက္ခရာဝိပရိယာယ) အက္ခရာရှေ့နောက်
ပြန်ပြောင်းခြင်း ဘာသာဗေဒနည်းဖြင့် တော်သလင်း ဖြစ်လာ၏။

တော်သလင်းကိုအခေါ်အဝေါ် ပြေပြစ်စေရန် "တော"မှ "တော်" ဖြစ်လာ၏။ အတ္တဘောကို အတ္တဘော်၊ မနောကို မနော် ပြုသကဲ့သို့ တောကိုလည်း တော်သို့ ပြောင်းလဲ လိုက်ခြင်းဖြစ်၏။

တချို့က မြန်မာဆန်ဆန် တွေးဆပြန်၏။ တော်သလင်းတွင် "တော်"မှာ အမြင့်ကောင်းကင်ဖြစ်၏။ "သလင်း" မှာ သာလင်း-သာယာထွန်းလင်းခြင်းဖြစ်၏။ တော်သလင်းဟူသည် ကောင်းကင်တခွင် သာယာကြည်လင်သောလ ဖြစ်သည်ဆို၏။

ထိုလတွင် ရက်ပေါင်း (၃၀) ရှိသည်။ နာရီအားဖြင့် နေ့တွင် ၃၂ နာရီရှိ၏။ ညဥ့် ၂၈ နာရီရှိ၏။ နေ့တာရှည်၏။ ညတာတို၏။

ရာသီအလို ကန်ရာသီခေါ်ဆို၏။ ဘဒြခေါ် ပြုဗ္ဗာဘဒြနက္ခတ် နှင့် စန်းယှဥ်ပြည့်၏။ ဘရဂုဏ္ဏိနက္ခတ်နှင့် နေမင်းတို့ ယှဥ်ကြ၏။ မျိုင်းတာရာထွန်းပ၏။ ရာသီရုပ်မှာ ကညာပျို့ရုပ်ဖြစ်၏။

## တော်သလင်းအဓိပ္ပာယ်

ပုဂံခေတ်ကျောက်စာများတွင် (တ်သ္လင်၊ တာ်သ္လ၊ တာ်သလင်) စသည်ဖြင့် ရေးထိုးခဲ့ကြ၏။ ဝေါဟာရလီနတ္ထဆရာက မြန်မာဘာသာမှာ ကညာဟူသော ကမ္ဘာဦးကာလ မူလဘာသာတွင် ညအက္ခရာကို နအက္ခရာပြု၍တံခွန်တင်ပြီးလျှင် ကန်ရာသီဟု ခေါ်ဆိုကြသည်။ ကညာသဒ္ဒါသည် မိန်းမငယ် သမီးကညာကို ဟော၏။ ယောကျ်ားကို နှစ်သက်စေတတ်သူဟု အဓိပ္ပာယ်ရသည်။ ပါဠိဘာသာတွင် ကညာပုဒ်ကဲ့သို့ နှစ်သက်စေခြင်း အဓိပ္ပာယ ရှိသည်၊ "တောသ" ပုဒ်လည်းရှိ၏။ ထိုကညာနှင့် အဓိပ္ပာယ်တူ



သော တောသပုဒ်ကို အစွဲပြု၍ ရှေးမြန်မာကြီးများက ဤလကို တော်သလင်းဟု နာမည်မှည့်ခဲ့ကြ၏။

ဝိဂြိုဟ်ဆိုရသော် "ပုရိသာနံ တောသိတုံ အလန္တိ တောသလံ" ဟုလည်းကောင်း၊ "ကဿကာနံ တောသိတုံ အလန္တိတောသလံ" ဟု လည်းကောင်း ဆိုနိုင်သည်။ အဓိပ္ပာယ်မှာ ယောကျ်ားတို့ကို နှစ်သက်စေခြင်းငှာ စွမ်းနိုင်သောလ သို့မဟုတ် လယ်လုပ်သား တို့ကို နှစ်သက်စေခြင်းငှာ စွမ်းနိုင်သောလဟူ၍ ဖြစ်သည်။ ယင်းသို့ ကျမ်းပြုဆရာ လေ့သင်းအတွင်းဝန်က တော်သလင်း အမည်ကို ပါဠိစာပေနယ်တွင် ရှာဖွေ၍ ပါဠိ သက်ပုဒ်အဖြစ် ယူဆ ဆုံးဖြတ်ခဲ့သည်။

ပုဂံခေတ်နှင့် ပထမအင်းဝခေတ်ထိုး ကျောက်စာတို့တွင် တော်သလင်းလကို သစ်ဆင်းလဟု ခေါ်ဆိုရေးသားခဲ့သည်ကို မတွေ့ရ၊ သစ်ဆင်းဟူသော စကားအသုံးကို အင်းဝခေတ်ကဗျာ တို့တွင် ရှေးဦးစွာ တွေ့ရ၏။ ကျောက်စာတို့တွင် ဟံသာဝတီ ဆင်ဖြူရှင်လက်ထက်ရောက်မှ တွေ့ရ၏။ တော်သလင်းအမည်မှာ သစ်ဆင်းအမည်ထက် ရှေးကျ၏။

## ပန်းနှင့်လုပ်ငန်း

"ကန်ရာသီဟု ၊ အာနိမြခိုင်၊ ရင်းမာလှိုင်က၊ မွှေးကြိုင်နံ့ရှင်၊ တော်သလင်းကား" ဟူ၍ စာဆိုဦးအောင်ကြီး၏ ရာသီဖွဲ့လူးတား ကဗျာအရ တော်သလင်းလတွင် ရင်းမာပန်းကို ရာသီပန်းအဖြစ် အသိအမှတ်ပြု၏။

ကချင်ပြည်နယ်တွင် ထွက်ကုန်အများအပြားရှိ၏။ ထိုအထဲတွင် ဆေးဖက်ဝင်သော ခန်းတောက်မြစ်သည် တစ်ခုအပါအဝင် ဖြစ်၏။ မေခ မေလိခဖြစ်ဖျားဒေသ၌ ပေခြောက်ထောင်မှ တစ်သောင်းကြားရှိ တောင်တန်းများတွင် ခန်းတောက်ပင်များ စိုက်ပျိုး၏။ တန်ခူးလတွင် စတင်စိုက်ပျိုး၏။ တော်သလင်းလမှစ၍ ခန်းတောက်မြစ်များကို တူးဖော်ကြ၏။

တော်သလင်းလတွင် ရေလုပ်ငန်းအနေဖြင့် ပင်လယ်ငါးဖမ်းလုပ်သားတို့ လုပ်ငန်းစချိန်ဖြစ်၏။ ရရှိသော ပင်လယ်ငါးတို့မှာ ငါးကွမ်းရှပ်၊ ငါးသလောက်၊ ငါးမန်းအမျိုးမျိုးတို့ ဖြစ်၏။

မြန်မာနိုင်ငံအထက်ပိုင်းရှိ သစ်တောကြိုးဝိုင်းများမှ ကျွန်းသစ်များကို သစ်တောလုပ်သားကြီးများ သစ်ဖောင်ဖွဲ့ကာ ဧရာဝတီမြစ်ရိုး အတိုင်း စုန်မျှောပြီး ရန်ကုန်ဆိပ်ကမ်းအရောက် ပို့ဆောင်ကြ၏။ အထူးသဖြင့် သစ်မျှောရန် အကောင်းဆုံး အခါရာသီမှာ တော်သလင်းလဖြစ်၏။

## လှေသဘင်ပွဲတော်

ထိုလတွင် ရေပြင်ကိုကြည့်လျှင် "တော်သလင်းကို၊ မြစ်တွင်းသင်ဖြူးခင်း" ဆိုစကားရှိ၏။ ရာသီဥတု ကြည်လင်သာယာ၏။ မြစ်ပြင်တွင် လှိုင်းလေငြိမ်သက်၍ ရေသင်ဖြူးခင်းထားဘိသကဲ့သို့ ရှိ၏။ ထို့ကြောင့် ရှေးမြန်မာဘုရင်တို့သည် သာယာငြိမ်သက်သည့် ရေပြင်တွင် လှေပြိုင်ပွဲသဘင်ကို ဆင်ယင်ကျင်းပခဲ့ဟန်ရှိ၏။



လှေသဘင်ပွဲတော်ကို "ပန်းလှသဘင်၊ ရေပွဲသဘင်၊ မြစ်ယံပွဲ" စသည်ဖြင့် အမျိုးမျိုးခေါ်၏။ လှေသဘင်ပွဲတော်ကို မြန်မာဘုရင်တို့ နှစ်သက်မြတ်နိုး၏။ ဘုရင်နှင့်တကွ လှော်ကားမှူးကြီးများ ကြပ်မတ်၍ ခင်းကျင်းပြုလုပ်လေ့ရှိ၏။ ဘုရင်ကိုယ်တော်တိုင် ဗိုလ်ပါမှူးမတ်များ ခြံရံပြီး "ပြည်ကြီးမွန်" မည်သော ရွှေလှေတော်ကြီးပေါ်မှ လေညှင်းခံပြီး လှေပွဲသဘင်ကို ရှုစားတော်မူလေ့ရှိ၏။

ပြည်ကြီးမွန်လှေ ဆိုသည်မှာ မြန်မာမင်းကို တရားဟောမင်းတို့ ညီညွတ်ဟန် ဦးမှ ပဲအထိ လက်ဝဲလက်ယာအရုပ်ငါးဆယ်စီ ထုလုပ်တန်ဆာဆင်ထားသော ဘုရင့်ရွှေလှေတော်ကြီးဖြစ်၏။ ဘုရင်ကိုယ်တိုင် ထွက်ရှုတော်မူ၍ ဤလှေသဘင်ပွဲတော်သည် ကြီးကျယ်စည်ကားလိမ့်မည်ဟု ခန့်မှန်းရ၏။

လှေပြိုင်ပွဲကို တော်သလင်းလဆန်း (၈) ရက်၊ လပြည့်နေ့၊ လပြည့်ကျော် (၈) ရက်၊ လကွယ်နေ့များတွင် ကျင်းပပြုလုပ်၏။ ထိုပြိုင်ပွဲတွင် လှော်ကားလှေတော်ကြီး၊ လှော်ကားတော်၊ လှော်လှေတော်၊ ခတ်လှေတော်၊ လောင်းတော်၊ ရဲလှေစသည်တို့ကို အမျိုးအစားအလိုက် ပြိုင်ဆိုင်စေ၏။ ပြိုင်ပွဲဝင်အဖွဲ့များတွင် ဘုရင့်ရေတပ်မတော်အဖွဲ့များ၊ ရပ်ကွက်ထဲမှ နာမည်ရအဖွဲ့များ ပါဝင်၏။ အချို့သော မင်းများလက်ထက်တွင် ရပ်ကွက်အဖွဲ့များကို ဝင်ခွင့်မပြုပါ။

မြစ်တွင်းအပြည့်အနက် ဂျူန်ငှက်သဏ္ဌာန် မာန်တဝင့်ဝင့်နေကြသော ပြိုင်လှေများပေါ်တွင် နီမြန်းပါးလွှာသည့် အဝတ်အစားများကို အချိုးကျကျ ဝတ်ဆင်ထားကြ၏။ ရွှေခြူးပန်းများကို ဆင်ယင်ထားသော လှေတော်သားများမှာ အဆင်သင့်ရှိနေကြ၏။

ထိုသို့ ဆင်ယင်ထားသော ရွှေဦးထုပ်များနှင့် ငွေလက်ကျပ်များသည် နေရောင်တွင် တပြောင်ပြောင် တောက်ပလျက်ရှိ၏။ ထိုသူတို့၏ စိတ်ဓာတ်များသည် မြူးကြွတောက်ပနေ၏။ လှေတော်သားတို့သည် လှော်တက်များကို အချီအချ ညီညွတ်စွာဖြင့် လှော်ခတ်ခြင်းကို လှပစွာ တက်ရေးပြလျက် ရှိ၏။

ပြိုင်ပွဲဝင်ရန် အလှည့်ကျသော လှော်လှေခတ်လှေတို့သည် "ရွှေသားစက်ကွင်း" ရှိရာသို့ အကြိတ်အနယ် လုယက်ပြိုင်တက်၍ လှော်ခပ်ကြရ၏။ ရွှေသားစက်ကွင်းဆိုသည်မှာ အဝါရောင်စက္ကူတွင် အလယ်၌ အမဲကွက်ပြုလုပ်ထားသော စက်ကွင်းဖြစ်၏။ ပန်းတိုင်တွင် စက်ကွင်းကိုထား၏။ လှော်လှေခတ်လှေတို့တာမှ ထွက်သည်နှင့် တစ်ပြိုင်နက် စည်၊ ဗုံ၊ မောင်းစသော တူရိယာတို့ မြူးကြွစွာ တီးမှုတ်ပေးကြ၏။

အမရပူရကောင်းစားစဉ်က ရွှေခဲလှေတော်၊ နတ်မြှားလှေတော်၊ ရွှေတုံးရွှေလှေတော် စသည်ဖြင့် နာမည်ကျော်များ ရှိခဲ့၏။ ထိုပြိုင်လှေကျော်များမှ လှေတော်သားတို့သည် မိမိတို့လှေကို ဂုဏ်တင်ပြီး လှေချင်းသံများကို မြစ်လုံးညံမျှ သီဆိုကျူးရင့်လေ့ရှိ၏။

လှေပြိုင်ပွဲပြီးလျှင် ဘုရင့်ရေတပ်မတော်မှ လှေခွင်လှေကွင်းပြုလုပ်ပြီး မင်းစီးလှော်ကားလှေတော်ကိုရှေ့ဆုံးတွင် ထား၏။ နောက်ပိုင်းတွင် ရာထူးရာခံအလိုက် အရာရှိလှေတော်များ လိုက်ပါလာ၏။ လှေတပ်ကြီးဖွဲ့၍ မြူးကြွသော တူရိယာသံများကြားတွင်



လှေချင်းများ သီဆိုပြီး တက်ရေး ၃၇-ပါးအလိုက် အစုန်အဆန် သိုက်မြိုက်စွာ လှော်ခတ်ကြ၏။

ရှေးမြန်မာဘုရင်များ လက်ထက်တွင် ကျင်းပပြုလုပ်ခဲ့သော လှေသဘင်ပွဲတော် အခမ်းအနားကို ခန့်မှန်းနိုင်စေရန် ဖော်ပြပါ၏။ သီပေါမင်းတရားလက်ထက် ၁၂၄၅ - ခုနှစ် တော်သလင်းလ လှေသဘင်ပွဲတော် အကြောင်းကို ကုန်ဘောင်ခေတ် မဟာရာဇဝင်ကြီးတွင် ရေးသားဖော်ပြထားသည်မှာ . . .

ယင်းသည့်လဆန်း တစ်ဆယ့်တစ်ရက်နေ့ နှစ်စဉ် ကျင်းပမြဲရေသဘင်ပွဲတော်ပြုလုပ်ရန် မှူးတော်မတ်တော်အရာရှိတို့ ရွှေမြို့တော် အနောက်မျက်နှာ ဧရာဝတီမြစ်ဆိပ်သို့ ထွက်လာကြပြီးလျှင် လှေချလွှတ်ရန် သမ္ဘာန်ကို ဝန်ထောက် ဝက်မစွတ်မြို့စားမင်းကြီး မင်းထင်မဟာစည်သူ သွားရောက်ဖက်စပ်ချထားရသည်။ ပထမလှေ ရှေ့ဖျားတွဲဖက်မရှိ၍ စုန်သွားစေရသည်။

ပြီးလျှင် လက်ရွှေကြီး၊ လက်သစ် လှော်ကားတော်ကြီးနှစ်စင်း၊ ၎င်းနောက် ပြည်လုံးအုံ့နှင့် ရွှေးကြီးတွဲဖက်ပြိုင်ဆိုင်စေရသည်။ ပြီးလျှင် လှော်ကားတော်စင်းရေ တစ်ဆယ့်နှစ်၊ ပြီးလျှင် ပုလိပ်ရွှေခဲ၊ အစေခံတောင်လုံး၊ ပွဲတိုင်းကျော်၊ ထွက်ဆိုင်းရစေသော လှော်လှေတော်စင်းရေ နှစ်ဆယ့်နှစ်၊ ပြီးလျှင် ရွှေတုံး၊ မင်းစံ၊ တောင်လုံးမှိုင်း၊ ရွှေလောင်းကြီးယင်ပုံ၊ မင်္ဂလာရန်နှင်း၊ ခိုတောင်ရွှေခဲ စသော ခက်လှေတော်နှစ်ဆယ့်ရှစ်စင်း၊ ပြီးလျှင် သုံးလူတောက်ပ၊ သုံးလူပူဇော် စသော လောင်းတော်စင်းရေနှစ်ဆယ့်ကိုး၊ ပြီးလျှင် သေနတ်အစု အမှုထမ်းကို ရဲလှေစင်းရေလေးဆယ့်ငါး၊ ပြီးလျှင်

မှူးတော်မတ်တော်တို့ လှော်ကားချင်းပြိုင်ဆိုင်ရသည်။ ငှင်းလဆန်း တစ်ဆယ့်နှစ်ရက်နေ့ ငှင်းနည်းတူပြိုင်ဆိုင်ရ၏။

ငှင်းလဆန်းတစ်ဆယ့်သုံးရက်နေ့ ပင်လယ်သွား စကြာယာဉ်ပျံ သင်းဘောတော်၊ ဧရာဝတီမြစ်သွား ရတနာယာဉ်သာ၊ ရတနာ ယာဉ်ပျံ၊ စကြာရန်လွင် စသော သဘော်တော်စင်းရေနှစ်ဆယ့် နှစ်ကို တွဲဖက်ပြိုင်ဆိုင်ရသည်။ ပြီးလျှင် အထက်နေ့က ခိုတောင် ရွှေခဲ ခတ်လှေတော်နှင့်မင်္ဂလာရန်နင်း ခတ်လှေတော်ပြိုင်ဆိုင်ရာ မင်္ဂလာရန်နင်း ရှုံးနိမ့်သည်ကို စိတ်မကြေ ထပ်မံပြိုင်ဆိုင်ရန် အမိန့် တော်မြတ်ခံပြီးဖြစ်သည့်အတိုင်း ငှင်းလှေတော်နှစ်စင်း ပြိုင်ဆိုင်ကြ ရာ မင်္ဂလာရန်နင်းနိုင်၍ ပန်းရသည်။ ပြီးလျှင် ရေပွဲသဘင်တော် သိမ်းသည်" ဟု ဖော်ပြထား၏။

အမြော်အမြင်ကြီးမားသော ရှေးမြန်မာကြီးတို့သည် လှေ သဘင်ပွဲတော်ကို "ရေကြောင်းလှေကြောင်းလည်း ကျွမ်းကျင်ကြ စေ၊ ပျော်လည်းပျော်ရွှင်ကြစေ" ဟူသောသဘောဖြင့် ကျင်းပခဲ့ ကြ၏။ မြန်မာဘုရင်တို့ ကျင်းပပြုလုပ်ခဲ့သော လှေပြိုင်ပွဲသည် ပျော်ပွဲသက်သက်မဟုတ်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် ရေတပ်အင်အားကို စမ်းသပ်လေ့ကျင့်ခြင်းဖြစ်၏။ တစ်နည်းဆိုရ သော် ရေတပ်မတော်သားများ၏ အရည်အသွေးကို တိုးတက်စေ သောပွဲတော်ဖြစ်၏။

မျက်မှောက်ခေတ်တွင် တော်သလင်းလ လှေပြိုင်ပွဲသည် ပျောက်ကွယ်သလောက်ရှိနေ၏။ အချို့သောအရပ်ဒေသတို့တွင်



ထိုလှေပြိုင်ပွဲသဘင်ကို စဉ်လာမပျက် ဆက်လက်ကျင်းပလျက်ရှိ ကြသည်မှာ ချီးကျူးထောပနာပြုဖွယ်ရာကောင်းလှ၏။

သစ်ဆင်းပွဲခေါ်ဆိုခြင်းမှာ

သစ်ဆင်းပွဲနှင့်ပတ်သက်ပြီး အမျိုးမျိုးယူဆကြ၏။

ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် "တော်သလင်းကို မြစ်တွင်း သင်ဖြူးခင်း" ဟူသည့် ရှေးသူဟောင်းတို့ဆိုရိုးစကားနှင့်အညီ တော်သလင်းတွင် ရေစီးအဟုန် မညံ့မဖျင်းဖြစ်၏။ မြစ်တွင်သာ၍ သစ်ဖောင်ဝါးဖောင်များ စုန်ဆင်းလေ့ရှိ၏။ ဤသည်ကို အကြောင်းပြု၍ တော်သလင်းလကို သစ်ဆင်းလဟု ခေါ်ခြင်း ဖြစ်၏။ ရှေးမင်းတို့ လှေသဘင်ပွဲတော်ပြုလုပ်သော ကာလ ရေပေါ် ၁၀ တောင်၊ ၁၅ တောင်မြင့်သည့် တိုင်ထိပ်ထိပ်ဖျားက လူကိုခုန်၍ ဆင်းသည်ဟူသောစကားမှာ မဟုတ်မမှန် ကြံဖန် ပြောဆိုချက်သာ ဖြစ်၏ဟု ဖော်ပြထား၏။ ထိုကျမ်းပြုဆရာ၏ အာဘော်မှာ သစ်ဆင်းဆိုသည်မှာ အခမ်းအနားဖြင့် ပြုလုပ် ကျင်းပသော ပွဲမျိုးမဟုတ်၊ သစ်ဖောင်များ စုန်ဆင်းခြင်းကို အစွဲပြု၍ သစ်ဆင်းခေါ်ခြင်းဖြစ်သည်ဟု ဆိုလို၏။

ဝေါဟာရလီနတ္ထဒီပနီကျမ်းဆရာ လှေသင်းအတွင်း ဝန်မင်း၏ ဆရာရင်းဖြစ်တော်မူသည့် မုံရွေးဇေတဝန် ဆရာတော် ဘုရားကြီးက သမ္ဗန္ဓစက္ခုဒီပနီ (ပထမအုပ်) တွင် သစ်ဆင်းလ ဆိုသည်မှာ တော်သလင်းလကို ဆိုလို၏။ သစ်ဆင်းသဘင်ဆို သည်မှာ လှေပွဲသဘင်ကို ဆိုလိုသည်ဟုလည်းကောင်း၊ ကုသဖျို့ အပိုဒ် ၃၁ ၌လည်းကောင်း ရေးသားဖွဲ့ဆိုခဲ့၏။ ဤအရေး အသားတို့ကို ထောက်ရှု၍ ဆရာတော်ဘုရားကြီး၏အလိုမှာ

တော်သလင်းလတွင် သစ်ဆင်းပွဲဟူ၍ ပွဲသီးခြားမရှိ၊ လှေပွဲသဘင်ကိုပင် သစ်ဆင်းပွဲခေါ်သည်ဟု ယူဆတော်မူ၏။

မင်းဇေယျရန္တမိတ်၏ မင်းရဲနေရာ ချေင်းတို့ကိုထောက်လျှင် လှေသင်းအတွင်းဝန် ယူဆသကဲ့သို့ သာမန် သစ်ဖောင်များ စုန်ဆင်းခြင်း မဖြစ်တန်ရာ ပျော်ပျော်ပါးပါး ခမ်းခမ်းနားနား ကျင်းပပြုလုပ်သော ပွဲမျိုးသာ ဖြစ်တန်ရာ၏ဟူ၍ ဆိုထားပြန်၏။

အချို့သော ချေင်းများနှင့် ဦးအောင်ကြီး၏ကန်ရာသီဘွဲ့ လူတားတို့တွင် တော်သလင်းလတွင် လှေပြိုင်ပွဲနှင့် သစ်ဆင်းပွဲ နှစ်ခုစလုံးကိုပင် တစ်ခုစီခွဲ၍ ဖော်ပြလျက်ရှိသည်ကို တွေ့ရ၏။ သစ်ဆင်းဟူသည် သစ်ဖောင်စုန်ဆင်းခြင်းများကို ဆိုလိုသည့် ဝေါဟာရ မဟုတ်၊ အခမ်းအနားဖြင့်ကျင်းပသော ပွဲမျိုးကို ခေါ်သော ဝေါဟာရ ဖြစ်မည်။ ထိုပွဲသည် လှေပြိုင်ပွဲနှင့်အတူ ကျင်းပဖွယ်ရှိ၏။ လှေပွဲသဘင်မှ သီးခြားဖြစ်သော ပွဲတစ်ပွဲဖြစ်သည်ဟု ကောက်ချက်ချ ရမည်ဖြစ်၏၊ သစ်ဆင်းပွဲကျင်းပသောလ ဖြစ်၍ တော်သလင်းလကို သစ်ဆင်းဟု ခေါ်ဝေါ်သုံးစွဲ၏။

သစ်ဆင်းပွဲကျင်းပပုံမှာ ရှေးဦးစွာ မနိမ့်လွန်းမမြင့်လွန်းသော သစ်တိုင်လေးကို လှေနှစ်စင်းတွင် ချည်နှောင်စိုက်ထူထား၏၊ လေးတိုင်စင်ကလေး ဆောက်လုပ်ကာ ထိပ်တွင် ပုဆိုးနီနီမိုးထား၏၊ ထိုလေးတိုင်စင်မြင့်ပေါ်သို့ လူတက်ရ၏။ မြစ်တွင်းသို့ ခုန်ဆင်းသောအခါ ထိုလူ ရေစီးတွင် မျောမပါသွားစေရန် ရေပေါ်တွင် ပိုက်ကွန်ကိုပါ ဖြန့်ကြက်ခံထားရ၏။

တောင်သူလယ်သမားတိုင်း မိုးကောင်းရေးကို အထူးပင် လိုလားတောင့်တကြ၏။ မိုးဆိုသည်မှာ ရာသီဥတု သဘာဝတရားများဖြစ်၏။ လူ့တို့ကောင်းအောင် ဖန်တီး၍ ရနိုင်သော



အရာမဟုတ်ပါ။ ထို့ကြောင့် အယူသီးသော လယ်သမားကြီးများသည် မိုးကောင်းစေရန် နည်းအမျိုးမျိုးတို့ဖြင့် ကြံဖန်ပြုလုပ်ပြီး ဆုတောင်းလေ့ရှိ၏။

သစ်ဆင်းပွဲသည်လည်း ထိုနည်းအမျိုးမျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်တန်ရာ၏။ လူတို့သည် နတ်ပွဲများတွင် ငါးကြော်၊ မုန့်ဖြူမုန့်နီစသည်ဖြင့် ပူဇော်ပသလေ့ရှိ၏။ နတ်ဆိုင်းများတီးပြီး သစ်ဆင်းပွဲသဘင်ကို ကျင်းပကြ၏။ နတ်ဆိုင်းတီးနေချိန်တွင် လေးတိုင်စင်မြင့်ပေါ်မှ ကခုန်ပြီးဆင်းရ၏။ အကယ်၍ ခုန်ဆင်းသူသည် မှောက်လျက်ကျလျှင် မိုးကောင်းမည်၊ ပက်လက်ကျလျှင် မိုးမကောင်းဟု ယူဆကြ၏။ ထိုပွဲသဘင် သည် အင်းဝခေတ်တွင် လ၏အမည်ကို စွဲမြဲမှတ်သားလောက် အောင် လူတို့အလေးဂရုစိုက်ပြီး ကျင်းပလေ့ ရှိခဲ့သည်ဟု ခန့်မှန်းရ၏။

ယင်းပွဲမျိုးကို ပြုလုပ်ကျင်းပရာတွင် လူ့အသက်များ ပျက်စီးတတ်၍လည်းကောင်း၊ လူတို့ထိုပွဲကို မလိုလား၍ လည်းကောင်း၊ လူ့ယဉ်ကျေးမှုတို့ တိုးတက်မြင့်မားလာ၍ ကောက်ယူသည့် နိမိတ်များကို မယုံကြည်ကြသောကြောင့် လည်းကောင်း ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ ထိုသစ်ဆင်းပွဲသည် လုံးဝကွယ်ပျောက်ခဲ့၏။ ထို့အတွက်ကြောင့် ကုန်းဘောင်ခေတ် ဆယ့်နှစ်ရာသီပွဲတော်များတွင် ဤသစ်ဆင်းပွဲအကြောင်းကို လုံးဝမတွေ့ရခြင်းဖြစ်၏။

x x x x x

## သီတင်းကျွတ်နှင့်
## ဆီမီးထွန်းပွဲတော်

"သောင်းဒီပါထိန်ညီးအောင်၊ ထွန်းဆီမီးရောင်ညီ၊ သီတင်းကျွတ်တူရာသီမှာ၊ အဿဝဏီကြယ်မောင်း၊ နေ့နှင့်ည နာရီမှာ၊ သုံးဆယ်စီမြဲမှန်ဘိခြင်း။

ဆယ့်ငါးလုံးသုံးပါဒ်မှီတွင်၊ ကြာငါးမည်ကြိုင်သင်း၊ ရာသီပိုင်ဘုရင်မင်းတို့၊ ခြေနင်းရင်းဗဟိုရ်၊ ရွှေမြင်းမိုရ်ရ တောင်တော်ပွဲကိုတဲ့၊ ခြိမ့်သဲအောင် ထွက်စံမြဲကိုး။

တည်တံ့ဖွားရိပ်ခိုဝယ်၊ ယဉ်စလို ရွှေခါးချပ်ကယ်နှင့်၊ အသားမြတ်ခိုင်နှစ်စုံ၊ ပန်းကြာပွင့်ငုံ၊ မြင်ရသူဆတ်ဆတ်တုန်သည်၊ မသေရုံ ကျန်ခဲ့ရှင်လေး။

(စာရေးတော်ကြီး စလေဦးပုည၏ ဆယ့်နှစ်ရာသီ သီတင်းကျွတ်လဖွဲ့တေးထပ်)

### သီတင်းကျွတ်လ

သီတင်းကျွတ်လသည် မြန်မာတစ်ဆယ့်နှစ်လတွင် သတ္တမမြောက်လဖြစ်၏။ ဝါတွင်းသုံးလ၊ သီတင်းသီလကျင့်သုံးဆောက်တည်နေထိုင်သည့်ကာလမှ ကျွတ်လွတ်သောကြောင့် "သီတင်းကျွတ်လ" ဟူ၍ ခေါ်၏။





ရဟန်းတော်များ ဝါဆိုဝါကပ်ခြင်းနှင့် ကျွတ်လွတ်သောလဖြစ်၍ "ဝါကျွတ်လ" ဟူ၍လည်းခေါ်၏။

ရှေးအခါက "သန်ကူလ" ဟူ၍လည်း ခေါ်ဆိုသေး၏။ "သန်" မှာ ဝဿာနမိုးဥတုရာသီဟု အဓိပ္ပာယ်ရ၏။ "တူ" မှာ တူလ (ချိန်ခွင်) ဟူသော ပါဠိပျက်ပုဒ်ဖြစ်၏။ ထို့ကြောင့် သန်တူကို "သသန္တဥတု၊ တူရာသီ" ဟု ဖွင့်ဆို၏။

ထိုလတွင် ၂၉ ရက်ရှိ၏။ နာရီအားဖြင့် နေ့ ၃၀ နာရီဖြစ်၏။ ညဉ့် ၃၀ နာရီဖြစ်၏။ နေ့တာညတာတူညီ၏။ ထိုလကို ရာသီအလို "တူရာသီ"ဟု ခေါ်ဆို၏။ အဿဝဏီနက္ခတ်နှင့် စန်းယှဉ်ကြည့်ကာ စိတြနက္ခတ်နှင့် နေမင်းတို့ ယှဉ်၏။ ကျီးတာရာ ထွန်းပ၏။ ရာသီရုပ်မှာ ချိန်ခွင်ကိုင်နေသော ကုန်သည်ပုံဖြစ်၏။

သီတင်းကျွတ်လရာသီမှာ မိုးမကုန်သေးသော်လည်း နေရောင်ခြည်ဖြာစ ပြုလာပြီဖြစ်၏။ သာယာတော့မည့် ဆောင်းရာသီ၏ အရှေ့ဦးအချိန်ဖြစ်၏။

### သီတင်းကျွတ်လအဓိပ္ပာယ်

၈၇၁- ခုနှစ်စွဲ သံဃရာဇာကျောင်း ကျောက်စာ၊ ၉၂၅- ခုနှစ်စွဲ စုဋ္ဋာတေးကျောင်း ကျောက်စာ စသည်တို့တွင် သတင်းကျွတ်ဟူ၍ သသက်သက်ဖြင့်သာ ရေးလျက်ရှိ၏။

၉၅၂-ခုနှစ်တွင် မူလ မင်းရဲကျော်စွာ ထိုးခဲ့သော စစ်ကိုင်း ပုညရှင်စေတီကျောက်စာကို ၁၁၃၇-ခုနှစ်တွင် ဘိုးတော်

မင်းတရား ဆင့်ထိုးတွင်ပင် ဆင့်ထိုးအပုဒ်၌ "သက္ကရာဇ် ၁၁၄၂-ခု သီတင်းကျွတ်လပြည့်ကျော်" ဟု ပါရှိ၏။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်တော်တိုင် "သတင်းကျွတ်" ဟူ၍ သသက်သက်ဖြင့် ရေးလျက်ရှိ၏။

ပုဂံစေ၁ရဟန်းသိမ်ကျောက်စာတွင် "သတင်းတိုင်း၊ သတင်းချွတ်" ဟူသော အရေးတို့၌လည်းကောင်း၊ အခြား ပုဂံခေတ်ထိုး ကျောက်စာတို့တွင် သတင်းနေ့၊ သတင်းသည်၊ သတင်းတည်ကုပ်ဟူသော အရေးတို့၌လည်းကောင်း၊ အင်းဝ ခေတ်မှ ကုန်းဘောင်ခေတ် ဘိုးတော်မင်းတရားလက်ထက်တိုင် ရေးထိုးခဲ့သော မူလကျောက်စာတို့တွင်လည်းကောင်း သီတင်းဟု မျက်မှောက်ကာလတွင် ရေးသားသကဲ့သို့ သတွင် လုံးကြီး တင်ဆန်ခတ်လျက် မရေးဘဲ သတင်းဟု သသက်သက်ဖြင့်သာ ရေးသည်ကို မှတ်သားရ၏။

သီတင်းကျွတ်လ ခေါ်ဆိုသည်မှာ ဝါဆိုလပြည့်နေ့မှစ၍ ဝါတွင်းသုံးလ ရက်ပေါင်း ၉၀၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ သီတင်းဝါလကျွတ်၍ သီတင်းကျွတ်လဟူ၍ သာသနာ ကျမ်းအလို ခေါ်ဆိုကြောင်း သိသာသည်ဟု ဝေါဟာရလီနတ္ထ ဒီပနီ ဆရာက သီတင်းကျွတ်လ ခေါ်ဆိုပုံကို ဖွင့်ဆို၏။

## ပွင့်သောပန်း

သီတင်းကျွတ်လ၏ ရာသီပန်းမှာ ကြာပန်းဖြစ်၏။ ထိုလရာသီ တွင် အင်းအိုင်ရေကန် စသည်တို့တွင် ကြာဖြူ၊ ကြာနီ၊ ကြာညို၊



ကြာတံဆိပ်၊ ကြာခေါင်းလောင်း (ပဒုမ္မာ) ဟူသော ကြာမျိုးငါးပါး ဖူးပွင့်ဝေဆာကာ သာယာလှသောအချိန် ဖြစ်၏။

ဘုရားငါးဆူပွင့်မည့် ပုဗ္ဗနိမိတ်အားဖြင့် ဤဘဒ္ဒကမ္ဘာ ပေါ်စအခါ၌ (သက်န်းပရိက္ခရာအစုံအလင်နှင့်တကွ) ကြာငါးပွင့် ပါလာသည်ဆို၏။ ကြာသည် သန့်ရှင်းစင်ကြယ်ခြင်း၊ မြင့်မြတ် ခြင်းသဘောကို ဆောင်လာခဲ့သည်ဆို၏။

## မင်္ဂလာဆောင်ပွဲ

သီတင်းကျွတ်လပြည့်ကျော်မှ စပြီး အမြို့မြို့အနယ်နယ်တွင် လက်ထပ်မင်္ဂလာပွဲများ ဆင်နွှဲကြ၏။ လောကအစဉ်အလာအရ သတ္တဘာဂနတ်မင်းဟု ခေါ်ဆိုသည့် ဖူးစာရေးနတ်မင်းသည် ဝါတွင်းသုံးလတွင် အနားယူအိပ်စက်သည်ဟု တင်စားပြော ဆိုကြ၏။ ထို့အတွက်ကြောင့် ဝါဆိုလပြည့်မှ သီတင်းကျွတ် လပြည့်အထိ မြန်မာတို့မင်္ဂလာပွဲ ပြုလုပ်ခြင်းကို ရှောင်ကြဉ်ကြ၏။

## မီးပုံးပျံလွှတ်ပွဲ

မီးပုံးပျံလွှတ်ပွဲသည် မြန်မာ့လေ့တစ်ခုဖြစ်၏။ မီးပုံးပျံ ပုံစံချိုးရာတွင် ဖိုးသူတော်ရုပ်၊ ဆင်ရုပ်၊ ကျားရုပ် စသည်ဖြစ် အောင် ပြုလုပ်တတ်ကြ၏။ တချို့သော မီးပုံးပျံကြီးများမှာ ကြီးမားလွန်းလှ၏။ ရေနံချေးမှိုင်းခံရာတွင် အချိန်အတော်ကြာ အောင် ခံရ၏။ ရေနံချေးတစ်ပုံးမှ နှစ်ပုံးအထိ ကုန်တတ်၏။

မီးပုံးပျံလွှတ်ခြင်း၏ ရည်ရွယ်ချက်မှာ အပျော်သက်သက် လွှတ်ခြင်းမဟုတ်။ တာဝတိံသာနတ်ပြည်တွင် သိကြားမင်း

တည်ထားကိုးကွယ်သော စူဠာမဏိစေတီတော်ကို ရည်မှန်း မီးပူဇော်ကြခြင်းပင်ဖြစ်၏။ ရှေးအခါက မီးပုံးပျံလွှတ်ပွဲများ တခမ်း တနားကျင်းပခဲ့ကြ၏။ မျက်မှောက်ခေတ်အချိန်တွင် ပျောက်ကွယ် လုနီးပါး ရှိနေခဲ့၏။

## သီတင်းကျွတ် ဆီမီးမြင်းမိုရ်ပွဲတော်

ထိုပွဲတော်ကို သီတင်းကျွတ်ပွဲတော်ဟူ၍ လည်းကောင်း၊ မီးမြင်းမိုရ်ပွဲဟူ၍ လည်းကောင်း၊ တာဝတိံသာပွဲဟူ၍လည်းကောင်း ခေါ်၏။ မြန်မာ့ ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်၏။

သုံးလောကထွတ်ထား မြတ်ဘုရားသခင်သည် မဟာ သက္ကရာဇ် ၁၀၉ ခုနှစ်၊ ဝါဆိုလပြည့်နေ့ ညနေပိုင်းတွင် သာဝတ္ထိ ပြည်အနီး၊ ကောသလဘုရင်၏ ဥယျာဉ်မှူး မောင်ကဏ္ဍသည် ဘုရားရှင်၏ မိန့်တော်မူချက်အတိုင်း စိုက်ပျိုးသော ကဏ္ဍမ္ဗမည် သည့်သရက်ဖြူပင်အနီးတွင် တိတ္ထိတို့ကို နှိမ်နင်းတော်မူရန် ရေမီး အစုံ တန်ခိုးပြာဋိဟာ ပြပွဲကြီးကို အဆန်းတကြယ် ဖန်ဆင်းပြသ တော်မူခဲ့၏။

ယင်းနေ့ တန်ခိုးပြာဋိဟာပြပွဲကြီးအပြီး မယ်တော်မိနတ်သား ကို အဘိဓမ္မာတရားဟောကြားတော်မူခြင်းဖြင့် ကျေးဇူး တော်ဆပ်ရန် ခြေလှမ်းနှစ်လှမ်းဖြင့် တာဝတိံနတ်ပြည်သို့ ကြွရောက်တော်မူပြီး သတ္တမဝါကပ်တော်မူ၏။

ဗုဒ္ဓမြတ်စွာဘုရား တာဝတိံသာနတ်ပြည်သို့ကြွတော်မူသည်ကို တန်ခိုးပြာဋိဟာပြပွဲရှိ လူပရိသတ်တို့ လုံးဝမသိရှိလိုက်ပါ။



ဘုရားရှင်ပျောက်ကွယ်သွား၍ အရှင်အနုရုဒ္ဓါမထေရ်မြတ်အား မေးမြန်းလျှောက်ထားရာ "တာဝတိံ" သာနတ်ပြည်ဝယ် ပင်လယ် ကသစ်ပင်ရင်း ခင်းထားသော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာတွင် ဝါကပ်တော်မူ၍ မယ်တော်မိနတ်သား အမှူးပြုသော နတ်ဗြဟ္မာ အပေါင်းတို့အား အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူရန် ကြွတော်မူကြောင်း သိရှိကြရ၏။

အဝန်းသုံးဆယ့်ခြောက်ယူဇနာရှိသော လူထုပရိသတ်ကြီး သည် ဘုရားရှင်အား မဖူးမြော်ရဘဲ ငါတို့မသွားကြကုန်ဟု တိုင်ပင်ကြပြီး ထိုအရပ်၌ ယာယီမဏ္ဍပ်များ ဆောက်လုပ်နေထိုင် ကြ၏။ သီတင်းကျွတ်လုနီး၍ သီတင်းကျွတ်လပြည့် မဟာ ပဝါရဏာနေ့တွင် ဗုဒ္ဓမြတ်စွာသည် တပည့်ကြီး ရှင်သာရိပုတ္တရာ ဝါကပ်တော်မူရာ သင်္ကဿမြို့သို့ ကြွဆင်းတော်မူမည့်အကြောင်း ကို ရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်ကြီးထံမှ တစ်ဆင့် ကြားသိရ၏။ ယူဇနာသုံးဆယ် ကွာဝေးသောသင်္ကဿမြို့သို့ တစ်စုတစ်ဝေးတည်း သွားရောက်ကြရန် ကြိုတင်ပြင်ဆင်လျက်ရှိ၏။

ဗုဒ္ဓမြတ်စွာဘုရားသခင်သည် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူ၏။ သန္တုသိတ မည်သော မယ်တော် မိနတ်သား အမှူးပြုသည့် တတိခေတ်စကြာ ဝဠာပေါင်း တိုက်တစ်သောင်း တို့မှ ခညောင်းရောက်ရှိလာသော နတ်ဗြဟ္မာ ပရိသတ်တို့အလယ်တွင် အဘိဓမ္မာတရားတော်မြတ်ကို ဝါတွင်း သုံးလပတ်လုံး နေ့ညမစဲ ဟောကြားတော်မူ၏။ သီတင်း ကျွတ်လပြည့်နေ့၌ ပြီးဆုံး၏။

သီတင်းကျွတ်လပြည့်နေ့၌ ဗုဒ္ဓရှင်တော်ဘုရားသည် သိကြားမင်းအား "ဒါယကာ သိကြားမင်း. . . ငါဘုရားသည် လူ့ပြည် ခရီးသို့ ပြန်ကြွပေတော့အံ့"ဟူ၍ မိန့်ကြားတော်မူ၏၊ ဤတွင် သိကြားမင်းက ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း သုံးသွယ်ကို ဖန်ဆင်းပေး၏။ ယင်းစောင်းတန်းသုံးသွယ်၏ အခြေကို သင်္ကဿမြို့တံခါးတွင် တည်ကုန်၏၊

စောင်းတန်းဦးမှာ မြင်းမိုရ်တောင်ထိပ်၌ တည်၏၊ ယင်းစောင်းတန်းသုံးသွယ်အနက် လက်ယာဘက်က ရွှေစောင်းတန်းမှာ နတ်များအတွက်ဖြစ်၏၊ လက်ဝဲဘက်က ငွေစောင်းတန်းမှာ ဗြဟ္မာကြီးများအတွက် ဖြစ်၏၊ အလယ်က ပတ္တမြားစောင်းတန်းမှာ ဗုဒ္ဓမြတ်စွာအတွက် ဖြစ်၏။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းမည့်အခါ မြင်းမိုရ်တောင်ထိပ်တွင် ရပ်တော်မူကာ ရေမီးအစုံစုံ တန်ခိုးပြာဋိဟာတို့ကို ပြတော်မူပြီး အထက်ကောင်းကင်သို့ ကြည့်တော်မူ၏။

ထိုအခါ အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင်သော အရပ်တို့မှာ အဆီးအတားမရှိ ဟင်းလင်းဖြစ်သွား၏။ အောက်အရပ်သို့ကြည့်တော်မူလျှင် အဝီစိငရဲကြီးတိုင်အောင်သော အရပ်တို့မှာ အပိတ်အပင် အဆီးအတားမရှိဟင်းလင်းဖြစ်သွား၏။ ထို့နောက် ထောင့်အရပ်တို့ကို ကြည့်တော်မူလျှင် ပတ်ဝန်းကျင် စကြာဝဠာတိုက်ပေါင်းထောင်ပေါင်းများစွာတို့ အဆီးအတားမရှိ ဟင်းလင်း



ဖြစ်ကုန်၏။ နတ်ဗြဟ္မာတို့က လူတို့ကို မြင်ရ၏၊ လူတို့ကလည်း နတ်ဗြဟ္မာတို့ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရ၏။

ဗုဒ္ဓရှင်တော်ဘုရားသည် ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် လှပတင့်တယ်စွာ အလယ်ဗဟို၌ရှိသော ပတ္တမြားစောင်းတန်းဖြင့် သက်ဆင်းကြွမြန်းတော်မူ၏။ နတ်အပေါင်းက လက်ယာဘက် ရွှေစောင်းတန်းဖြင့် လိုက်ပါသက်ဆင်းလာကြ၏။ ဗြဟ္မာကြီးများက လက်ဝဲဘက် ငွေစောင်းတန်းဖြင့် သက်ဆင်းလာကြ၏။ ပဉ္စသိခနတ်သားက သုံးဂါထာဝုတ်ပမာဏရှိသော ဗေဠုသုတ်စောင်းကြီးကို လက်သံကုန်တီး၍ ပူဇော်ကာ လက်ယာနံပါးမှ သက်ဆင်းလိုက်ပါလာ၏။ မာတလိနတ်သားက နတ်၌ဖြစ်သော ပန်းနံ့သာ အမွှေးအကြိုင်တို့ကို ကိုင်စွဲလျက် ဘုရားရှင်ကို ရှိခိုးပူဇော်ကာ လက်ဝဲနံပါးမှ သက်ဆင်းလိုက်ပါလာ၏။

သုယာမနတ်မင်းသည် ဝါမရီသားမြီးယပ်ကို ခပ်လျက်လည်းကောင်း၊ သန္တုသိတနတ်မင်းသည် ပတ္တမြား ယပ်ဝန်ကို တလွဲလွဲခပ်လျက်လည်းကောင်း၊ သိကြားမင်းသည် ဝိဇယုတ္တရခရုသင်းကို မှုတ်လျက်လည်းကောင်း လက်ယာဘက်မှ ပူဇော်သက်ဆင်းပြီး လိုက်ပါလာကြ၏။

ထိုနည်းတူစွာ စကြာဝဠာတိုက်တွင် နေထိုင်ကြသော နတ်တို့သည်လည်း အမျိုးမျိုးသော ပူဇော်မှုကိုပြုလျက် သက်ဆင်းလိုက်ပါလာကြ၏။ လက်ဝဲဘက်ရှိ ငွေစောင်းတန်းမှ

သဟံပတိပြဟ္မာကြီးသည် ပြဟ္မာ့ထီးဖြူကြီးကို ဆောင်းမိုးပူဇော်ကာ သက်ဆင်းလိုက်ပါလာကြ၏။

မြတ်စွာဘုရားသခင်သည် နတ်ပြဟ္မာအပေါင်းတို့ခြံရံလျက် တာဝတိံသာနတ်ပြည်မှ သက်ဆင်းတော်မူခဲ့၏။ လူ့ပြည်သို့ အရောက် စောင်းတန်းဦး၌ လက်ယာခြေတော်ကိုချမိလျှင် ဘုရားရှင် ကို တပည့်ကြီးရှင်သာရိပုတ္တရာမထေရ်သည် ရှေးဦးစွာ ရှိခိုးပူဇော်၏။ ထို့နောက်မှကျန်သော ပရိသတ်တို့ မြတ်စွာဘုရားကို ရှိခိုးပူဇော်ကြ၏။ ထိုသင်္ကဿမြို့တံခါးဝ၌ စောင်းတန်းမှ ရှေးဦးဆုံး လက်ယာခြေတော်ချသောအရပ်သည် နောင်သောအခါ "အစလ စေတိယဌာန" ဟူ၍ အမည်ထင်ရှား၏။

ရှင်သာရိပုတ္တရာ အမှူးရှိသော လူနတ်ပြဟ္မာ သတ္တဝါမျိုးစုံပါဝင်သည့် ပရိသတ်အပေါင်းက ဘုရားရှင်အား သောင်းသောင်းဖျဖျ ပူဇော်ပွဲကြီးကို ဆင်ယင်ကြ၏။ မြန်မာနိုင်ငံသို့ သာသနာရောက်လာချိန်တွင် ယင်းပူဇော်ပွဲကြီးကို အစွဲပြု၍ မြန်မာ့ယဉ်ကျေးမှုရာသီပွဲတော်အဖြစ်ဖြင့် သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားရှင်ကို ရည်မှန်း၍ မီးရှူး၊ မီးပန်း၊ မီးပုံး၊ ဆီမီးရောင်စုံတို့ဖြင့် ပူဇော်မှု ပြုခဲ့ကြ၏။

မြန်မာတို့သည် ဗုဒ္ဓမြတ်စွာဘုရားရှင် တာဝတိံသာမှ ဆင်းသက်တော်မူခဲ့သည်ကို အကြောင်းပြု၍ "တာဝတိံသာပွဲတော်" ဟုလည်းကောင်း၊ တာဝတိံသာနတ်ပြည် တည်ရှိရာ မြင်းမိုရ်



တောင်ထိပ်မှ ဆင်းသက်တော်မူသည်ကို အကြောင်းပြုပြီး "မီးမြင်းမိုရ်ပွဲ" ဟူ၍လည်းကောင်း အမျိုးမျိုးခေါ်ဝေါ်ကြ၏။

## ရှေးခေတ်မီးထွန်းပွဲတော်

ပုဂံခေတ်ထိုးကျောက်စာများရှိ ကောင်းမှုစာရင်းတွင် ကထိန်အလှူ၊ ပံသုကူအလှူ၊ မီးဖုန်းအလှူနှင့် ညောင်ရေသွန်းအလှူစသည်တို့တွေ့ရ၏။ သီတင်းကျွတ်မီးပူဇော်ပွဲကို မတွေ့ရပါ။ သို့သော် ထိုခေတ်က ရေးဆွဲခဲ့သော နံရံဆေးရေးပန်းချီကားချပ်ကို ထောက်ရှုပြီး ပုဂံခေတ်တွင် မီးထွန်းပွဲတော်ပြုလုပ်ခဲ့ကြောင်း ယူဆနိုင်၏။

ယင်းပန်းချီကားကို မြင်းကပါ ဂူပြောက်ကြီးဘုရားတွင် တွေ့ရ၏။ ယင်းပန်းချီကားသည် သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာသည် တာဝတိံသာနတ်ပြည်မှ သင်္ကဿမြို့သို့ ကြွဆင်းလာပုံကို ပီပြင်စွာ သရုပ်ဖော်ရေးဆွဲထား၏။ ရေးဆွဲပုံမှာလည်း သရုပ်ပေါ်လွင်လှ၍ အလွန်နှစ်သက်ကြည်ညိုဖွယ်ရာလည်း ဖြစ်၏။

ယင်းပန်းချီကား၌ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သီတင်းကျွတ် လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်မှ သင်္ကဿမြို့သို့ ကြွဆင်းတော်မူ၏။ သိကြားမင်း ဖန်ဆင်းပေးသော ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းမှဟူသော စောင်းတန်း သုံးသွယ်အနက် ပတ္တမြားစောင်းတန်းမှ တင့်တယ်စွာ ကြွဆင်းတော်မူလာပုံကို သရုပ်ဖော်ရေးဆွဲထား၏။

ပဥ္စသိခမည်သော ဂန္ဓဗ္ဗနတ်သားက နတ်စောင်းကြီးကို တီးကာ ပူဇော်၍လည်းကောင်း၊ မာတလိနတ်သားက ပန်းနံ့သာ စသည်တို့ဖြင့်ရှိခိုးပူဇော်၍လည်းကောင်း၊ သုယာမနတ်သားက စာမရီသားမြီးယပ်ကိုလည်းကောင်း၊ သဟံပတိဗြဟ္မာကြီးက ထီးဖြူကြီးကို မိုး၍လည်းကောင်း မြတ်စွာဘုရားအား ခြံရံလိုက်ပါ လာကြပုံကို ရေးဆွဲထား၏။ ယင်းပန်းချီကားကို ထောက်ရှု၍ သီတင်းကျွတ်လပြည့်နေ့ကို အထူးအလေးထားကြောင်း ထင်ရှား၏။ ပုဂံခေတ်က အချို့သော ပန်းချီကားများတွင် ဆီမီး ခွက်များကို တွေ့ရှိရ၏။ ပုဂံခေတ်က ပုဂံသားတို့သည် သီတင်း ကျွတ်လပြည့်နေ့တွင် ဗုဒ္ဓဘုရားသခင်အား ရည်မှန်းပြီး ဆီမီးထွန်းညှိပူဇော်ပွဲကို ပြုလုပ်ကြမည်ဟု ယူဆနိုင်၏။

အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းခေတ်တို့တွင် ဆီမီးမြင်းမိုရ် မီးထွန်းပွဲတော်ကို ဘုရင်များကိုယ်တိုင်ဦးစီး၍ လုပ်ဆောင်ခဲ့သည်။ ထိုခေတ်တွင် မင်းရင်ပြင်၌ မြင့်မားသော ပြာသာဒ်ကြီးများတည် ဆောက်၏။ လှေကားသုံးသွယ် ဆင်ယင်ပြီးဆီမီးများ ထွန်းညှိ ပူဇော်၏။ ဘုရားစေတီတော်များတွင် ဆီမီးထွန်းညှိပူဇော်၏။

ထိုမီးမြင်းမိုရ်ပွဲသဘင်ကို မင်းနေပြည်တော်နှင့် အခြားသော မြို့ရွာများတွင်လည်း အလားတူ ပွဲသဘင်များကို ဆင်ယင်ကျင်းပလေ့ရှိ၏။ သီတင်းကျွတ်လဆန်း (၁၄) ရက်၊ လပြည့်ကျော် (၁) ရက်နေ့၊ အခါ ၃ ရက်တွင် မြို့တွင်း ရွှေစည်းခုံ၊ ကူတော်သစ်၊ မာရ်အောင်ရတနာ၊ ရွှေရင်းရဲ၊ ရန်အောင်မြင်၊ မဟာမြတ်မုနိ၊



တံတားဦး၊ မင်္ဂလာစေတီ၊ ပန်းယရွှေစည်းခုံ၊ တုရွှင်းခြေဘုရား၊ စစ်ကိုင်းချမ်းသာကြီး၊ ရှင်ဖြူရှင်လှ၊ ပုညဝေတီ၊ ပတ္တမြားစေတီ၊ ရာဇမဏိစူဠာသည်ဘုရားများကို ဘုရားတစ်ဆူလျှင် ဆီမီးခွက် ထွန်းပြာသာဒ်၊ မီးခွက် ၁၀၀၊ မီးစာခုံနှင့် ဆီ ၃-ပိဿာ၊ မီးထွန်း ကြပ်သွေးသောက်စု မြင်းတော်သည် ရွှေပန်းပန် ၂-ယောက်စီ ခန့်ပြီး ၃-ရက် မီးပူဇော်ရ၏။

မင်းတုန်းမင်းတရားလက်ထက်တွင် သီတင်းကျွတ်လ၌ မင်းတုန်းမင်း မယ်တော်က ရွှေနန်းစောင်ကြီးမှသည်ခမည်းတော် မင်းတရားကြီးဘုရား ကုသိုလ်တော်ဖောင်းကလော ကန်ဦး လောကမဏိစူဠာစေတီတော်အရောက် မီးစောင်းတန်းကြီးကို လည်းကောင်း၊ တောင်ဆောင်တော်၊ မြောက်ဆောင်တော် စသည်တို့ကလည်း ရွှေနန်းတော်ကြီးမှ ရွှေမြို့တော်လေးထောင့် ရွှေကွန်အုပ်ဘုရား၊ ရွှေစံကားဘုရား၊ ရွှေလင်းပင်ဘုရား၊ ဆင်ကြို့ရွှေဂူဘုရားများသို့ အရောက် မီးစောင်းတန်းကြီး လေးသွယ်တို့ကိုလည်းကောင်း အသီးသီး ထွန်းညှိပူဇော်လေ့ရှိ၏။

သီပေါမင်းတရားလက်ထက် မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်၊ သီတင်းကျွတ်လတွင် ကျင်းပခဲ့သည့် မီးထွန်းပွဲတော်မှာ ကြီးကျယ်စည်ကားလှ၏။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော် ကြီး တတိယတွဲမှ ကောက်နုတ်တင်ရပြလျှင်. . .

"သီတင်းကျွတ်လအခါ ဆီမီးမြင်းမိုရ် ထွန်းညှိပူဇော် တော် မူခြင်း၊ မင်းပွဲသဘင် ဆင်တော်မူမြဲ အစဉ်ထုံးစံရှိသည့်အတိုင်း

ဆီမီးမြင်းမိုရ် ထွန်းညှိပူဇော်တော်မူရန် နန်းမြို့တော်အတွင်း လွှတ်တော် မြောက်တော် အရှေ့မြင်းမိုရ်နှင့် ရုပ်စုံစင်၊ ဝင်းတော် လေးမျက်နှာတွင် ရွှေဆင်တော်ထားရန် တန်ဆောင်လေးရပ်နှင့် ရုပ်စုံစင်၊ အထူးပူဇော်တော်မူရန် မြေနန်းတော်ယာဘက်တွင် ယာယီစံနန်းဘော်နှင့်တကွ အရှေ့ဝက်ပါတော်၊ အနောက် စမုတ်တော် ဝဲယာတွင် လေးကျွန်းမြင်းမိုရ် ဝက်ပါတော်၊ ပွဲသဘင် ခင်းကျင်းရန် တောင်နန်းတော်ဦး ပွဲကြည့်ဆောင်တော် ရှေ့တွင် စက်ယန္တရားများဖြင့် လုပ်ဆောင်ရသော ပါရသီဇာတ်ရုံတော်ကြီး နှင့် ဇာတ်ရုံတော်ရှေ့တွင် ဝဲယာခွဲဝေ ဖွင့်လှစ်ထားနိုင်သော အခြေစက်ဘီးတပ် လက်ယှက်ရုပ်စုံစင်တော်၊ တစ်ဆယ့်ခြောက်ဌာန ဘုရားရှင်များတွင် ပွဲသဘင်ခင်းကျင်းရန် ရုပ်စုံစင်တော်၊ အလုပ်အဆောင်များနှင့် အထွတ်ထုပိကာတင် ရွှေထီးစိုက်တန် ဆောင်း ဆင်ရှင်နှင့်တကွ လှူဒါန်းရန် ရွှေဆင်တော်လေး၊ ဆင်နီတော်တစ်၊ အလုပ်အဆောင်များမှာ အလုပ်ရုံ ဌာန အရာရှိတို့က ဆင်ဖြူတော်၊ ဆင်နီတော် အောက်မားရုံဆင်တော် များမှာ ဆင်ဝန်အရာရှိတို့က မြင်းယာဉ်တော်များမှာ စီးတော်မြင်းဝန်အရာရှိတို့က ဖောင်တော်လှေတော် သဘော်ာ သမ္ဗန်တော်များမှာ လှေဖောင်အရာရှိတို့က ထိုက်ကျီကြတော် များမှာ ကျီဝန်အရာရှိတို့က မီးပဒေသာ၊ မီးဥပါစသော မီးမျိုးစုံများမှာ တရုတ်၊ ကုလား၊ ယိုးဒယား၊ လင်းဇင်း၊ မီးပန်းအရာရှိတို့က တစ်ဆယ့်ခြောက်ဌာန ဘုရားရှင်များသို့



မီးစောင်းတန်းသွယ်တန်း၍ အထူးပူဇော်တော်မူရန် မှန်မီးပေါင်း ကျောက်ဖယောင်းတိုင် သေတ္တာများနှင့် ရွှေနန်းတော်ကြီးက မဟာမုနိဘုရားရောက် သွယ်တန်းသည့် မီးစောင်းတန်းမှာ ဝဲယာမီးတိုင် တစ်ထိုင်လျှင်တစ်စင်းကျ စိုက်ဆောက်ရန် နိုင်ငံခြားဖြစ် အထူးအဆန်း ပန်းမျိုးစုံ၊ နိုင်ငံတော်ဖြစ် ဘော့ပန်းမျိုးစုံတို့ဖြင့် လုပ်ဆောင်အပ်သော ပန်းထံအမျိုးမျိုး သွယ်တန်းရန် ပန်းဆိုင်းပန်းတံခွန်အမျိုးမျိုးများမှာ ရွှေတိုက်တော်အရာရှိတို့က အသီးသီးဆိုင်သင့်ရာရာ ပွဲတော်အခါမတိုင်မီ ပြီးပြေအောင် စရိတ်ငွေတော်နှင့် လုပ်ဆောင်အသင့် ရှိစေပြီးလျှင် သီတင်းကျွတ် လဆန်းကိုးရက်နေ့က ယင်းသည် လဆန်းတစ်ဆယ့်လေးရက်နေ့ အထိမှာ ဝင်းတော်လေးမျက်နှာရုပ်စုံစင်များက ညစဉ်တစ်ပြိုင် တည်း ရုပ်စုံသဘင် ခင်းကျင်းပြသရသည်။

အရှေ့မြင်းမိုရ် အနောက်မြင်းမိုရ် အရှေ့ဝက်ပါ၊ အနောက် ဝက်ပါတော်များမှာ ယင်းသည် လပြည့်ကျော်တစ်ရက်နေ့ ညက သုံးရက်ညအထိ တစ်ပြိုင်တည်း ဆီမီးထွန်းညှိပူဇော်တော်မူသည်။ မြင်းမိုရ် နှစ်ရပ်တွင်လည်း ညနေသုံးချက်တီးခန့် အချိန်က လေးချက်တီးကျော်အထိမှာ ယိုးဒယားဇာတ်ကြီး အတီးအကဲ၊ မြန်မာဇာတ်ကြီး အတီးအက၊ ကျွမ်းထိုး၊ တိုင်တက်၊ ကြိုးတန်း လျှောက်၊ တရုတ်နဂါး၊ အတီးအကစုံများကို ခင်းကျင်းပြသ ရသည်။ ညလေးချက်တီးကျော် အချိန်က ညနှစ်ချက်တီးအချိန်ထိ မှာရုပ်စုံပွဲသဘင် ခင်းကျင်းပြသရသည်" ဟူ၍ မှတ်တမ်းပြုထား၏။

## ပဝါရဏာပွဲတော်

သာသနာ့ဝန်ထမ်း ရဟန်းတော်များနှင့်သာ သက်ဆိုင်သော ပွဲတော်ဖြစ်၏။ ရဟန်းတော်များသည် သီတင်းကျွတ်လပြည့်နေ့ တွင် မိမိတို့ ဝါဆိုကြသော ကျောင်းတိုက်ရန်သိမ်၌ ထိုပွဲတော်ကို နှစ်စဉ်ကျင်းပမြဲဖြစ်၏။

ရဟန်းတော်များမှာ ဘုရားရှင်၏ ပညတ်တော်အရ လပြည့်လကွယ်နေ့တိုင်း စာတုဒ္ဒသီဉပုသ်၊ ပန္နရသီဉပုသ်များကို ထိုက်သလို ပြုကြရ၏။ သို့သော် သီတင်းကျွတ်လပြည့်နေ့တွင် ဝိနည်းဒေသနာတော်အရ ဥပုသ်အစား ပဝါရဏာပြုကြရ၏။

ပဝါရဏာဆိုသော ပါဠိမှာ "ဖိတ်ကြားခြင်း၊ တောင်းပန် တိုက်တွန်းခြင်း" ဟု အဓိပ္ပာယ်ရ၏။ ရဟန်းတော်များအချင်းချင်း အပြန်အလှန် ဖိတ်ကြားသည် (ဝါ) တိုက်တွန်းတောင်းပန် သောပွဲပင် ဖြစ်၏။

သီတင်းကျွတ်လပြည့်နေ့ သင့်လျော်သော အချိန်တွင် ရဟန်းတော်များသည် ပဝါရဏာပွဲ ကျင်းပရန်သိမ်တွင် အားလုံး လာရောက် စုရုံးကြရသည်။ သံဃာပရိသတ်စုံလင်လျှင် ဥပုသ်ပြု သည့်နည်းအတိုင်း ပဝါရဏာမပြုမီ ပြုလုပ်ရမည့် တံမြက်လှည်းခြင်း၊ သောက်ရေတည်ထားခြင်း၊ နေရာခင်းခြင်းစသော ပုဗ္ဗကရဏ၊ ပုဗ္ဗကိစ္စ၊ ပတ္တကလ္လအင်္ဂါစသည်တို့ကို သမ္မုတိရသော ရဟန်းတော် နှစ်ပါးက အမေးအဖြေပြုလုပ်ကြရ၏။

မေးဖြေပြီးလျှင် အဖြေရဟန်းတော်က ပဝါရဏာကံအတွက် ခုတ်ထား (ပဝါရဏာပြုတော့မည်ဟု သံဃာကို ရှေးဦးစွာ



အသိပေးခြင်း) ရသည်။ ထို့နောက်တွင် သိက္ခာဝါ အကြီးဆုံး မထေရ်ကြီးက လက်ဝဲတစ်ဖက်ပုခုံးထက်၌ ကေစီ စမွယ်တင် ဆောင့်ကြောင့်ထိုင်ပြီး. . .

ငါ့ရှင့်တို့တပည့်တော်သည် သံဃာကို ဖိတ်ကြားပါ၏။ တပည့်တော်၏အပြစ်ကိုမြင်သော်လည်းကောင်း၊ ကြားသော်လည်း ကောင်း၊ သံသယရှိသော်လည်းကောင်း၊ တပည့်တော်အား သနားသောအားဖြင့် ပြောဆိုသတိပေးကြပါ။ အပြစ်ကိုရှု၍ ကုစားပါမည်" ဟု သုံးကြိမ်တိုင်တိုင် သံဃာအားဖိတ်ကြားတိုက်တွန်း ရ၏။

ထို့နောက်တွင် ထေရ်စဉ်ဝါလိုက် သံဃာကုန်သည်အထိ သုံးကြိမ်စီ ရှိသေစွာ ဖိတ်ကြားကြရ၏။ ဖိတ်ကြားပြီးတိုင်း ကျန်သံဃာများက သာဓုသုံးကြိမ် ခေါ်ကြရ၏။ သံဃာအားလုံး ဖိတ်ကြားပြီးသောအခါ တစ်ခါတစ်ရံ အကြီးဆုံးသံဃာ့နာယက မထေရ်က သံဃာများအားဩဝါဒစကား မိန့်ကြားတော်မူတတ်၏။

ယင်းသို့ရဟန်းတော်များ အချင်းချင်း အပြန်အလှန် ဖိတ်ကြားတိုက်တွန်းသောပွဲကို ပဝါရဏာပွဲဟု ခေါ်၏။ ထိုပွဲမှာ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် ရှိခဲ့သောပွဲဖြစ်၏။ သံဃာတော်ချည်းသက်သက် ပြုလုပ်သောပွဲဖြစ်၍ လူများပါဝင် ဆင်နွှဲရသော ကထိန်ပွဲတော်လောက် ထိုပွဲကို လူသိမများပါ။

ထိုပဝါရဏာပွဲသဘင်မှာ သီတင်းသုံးဖော် ရဟန်းတော်များ အချင်းချင်း တစ်ပါးသော ပုဂ္ဂိုလ်အပေါ်တွင်ဖြစ်စေ၊ မိမိအပေါ်တွင်ဖြစ်စေ၊ တရားတော်နှင့် မလျော်ညီ၊ ဖိလာပြစ်မှုရှိခဲ့သော် အချင်းချင်း စုပေါင်းဝေဖန်ကြသောပွဲ၊ သုံးသပ်ကြသည့်ပွဲ၊ အမှားကို ပြုပြင် အမှန်ကို ဝန်ခံကြသောပွဲပင် ဖြစ်၏။ ဗုဒ္ဓမြတ်စွာ၏ ပဝါရဏာ

ပွဲတော်သည် သူတစ်ပါးတို့၏ ဝေဖန်ရေးကို အနူးအညွတ် ဖိတ်ခေါ်သောပွဲဖြစ်ပြီး လမ်းစဉ်ကောင်းကြီးတစ်ခု ဖြစ်၏။ ထိုလမ်းစဉ်ကောင်းဖြင့် သံဃာတော်အချင်းချင်း စည်းလုံးညီညွတ်ရေး၊ ပုဂ္ဂိုလ်သန့်စင်ရေးတရားများကို ရယူနိုင်ခဲ့ပြီး နှစ်ပေါင်း ၂၅၀၀ ကျော် တည်တံ့အောင် ထိန်းသိမ်းနိုင်ခဲ့၏။

## သက်ကြီးဝါကြီးပူဇော်ပွဲများ

သီတင်းကျွတ်လျှင် သံဃာတော်များက ဘုရားရှင်အား ဖူးမြော်ကန်တော့သည့် အစဉ်အလာတစ်ခုရှိ၏။ ဗုဒ္ဓမြတ်စွာ တပည့်သာဝကများဖြစ်သော ရဟန်းတော်များသည် အရပ်ဒေသ တစ်ပါးတွင် ဝါကပ်ဆိုကြရသည့်တိုင် သီတင်းကျွတ်လျှင် ဝိသုဒ္ဓိ နတ်ဖြစ်တော်မူသော ဘုရားရှင်မျက်မှောက်သို့ အရောက်လာကာ ဘုရားရှင်အား ဖူးမြော်ကန်တော့လေ့ရှိ၏။

ထိုဗုဒ္ဓဘာသာ အစဉ်အလာကို အကြောင်းပြုပြီး လောက သမုတိနတ်များဖြစ်သော မြန်မာဘုရင်နှင့်မိဖုရားတို့သည် သီတင်းကျွတ်သောအခါ ရွှေနန်းတော်ကြီးအတွင်း၌ ကန်တော့ခံပွဲကို ကျင်းပလေ့ရှိ၏။ သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့တွင် နန်းတော်တွင်းရှိ မင်းညီမင်းသား မင်းဆွေမျိုးစုရုံး၍ ဘုရင်နှင့် မိဖုရားတို့ကို ကန်တော့ကြရ၏။

ယင်းအစဉ်အလာများကို အစွဲပြု၍ ရှေးရှေးကပင် မြန်မာဗုဒ္ဓဘာသာဝင်တို့သည် သီတင်းဝါလကျွတ်သောအခါ သက်ကြီးဝါကြီး များအား ပူဇော်ကန်တော့ကြရသော ဓလေ့ထုံးစံ ကောင်းတစ်ခုကို တီထွင်ခဲ့ကြဟန်တူ၏။

ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် ထိုဓလေ့ထုံးစံကို မျက်မှောက်ခေတ်အထိ လိုက်နာကြပြီး သီတင်းကျွတ်သည့်အခါတိုင်း



ရွာဦးကျောင်းဘုန်းတော်ကြီးအားလည်းကောင်း၊ နှစ်ဘက်မိဘ ဘိုးဘွားများအားလည်းကောင်း၊ ဆရာသမားများအားလည်းကောင်း၊ နှစ်ဘက်ဆွေမျိုးများထဲမှ သက်ကြီးဝါကြီးများအားလည်းကောင်း၊ ရပ်ကွက်မြို့ရွာများရှိ သက်ကြီးရွယ်အိုများအားလည်းကောင်း မုန့်၊ မျက်နှာသုတ်ပဝါ၊ဝတ်စုံစသော ပစ္စည်းဝတ္ထုများဖြင့် အသီးသီး ပူဇော်ကန်တော့လေ့ရှိ၏။

မျက်မှောက်ခေတ်ကာလတွင် မိသားစုအလိုက် သွားရောက်ပြီး တစ်ဦးစီ နှစ်ဦးစီအား ကန်တော့ကြသော သာမန်ပူဇော် ကန်တော့နည်းမျိုး ရှိသကဲ့သို့ ရပ်ကွက်ကျေးရွာအလိုက်၊ မြို့နယ် အလိုက် စုပေါင်းပြီး ရပ်ကွက်ကျေးရွာထဲရှိ သက်ကြီးရွယ်အို များအား အခမ်းအနားဖြင့် အထူးပူဇော်ကန်တော့သည့် နည်းမျိုးလည်းရှိ၏။ ကျောင်းအလိုက် ကျောင်းသူကျောင်းသားများ စုပေါင်း၍ ဆရာသမားများအား ပူဇော်ကန်တော့ကြသော အာစရိယပူဇော်ပွဲမျိုးလည်းရှိ၏။

ဗုဒ္ဓစာပေတွင် အာမိသပူဇာ၊ ဓမ္မပူဇာဟု ပူဇော်နည်းနှစ်မျိုးရှိ၏။ ဝတ္ထုပစ္စည်းတစ်ခုခုကို ပေးကမ်းလှူဒါန်း၍ ပူဇော်ခြင်းသည် အာမိသပူဇာမည်၏။ လှူဒါန်းပေးကမ်းဖွယ်သော ပစ္စည်းဝတ္ထု မပါဘဲ လက်အုပ်ချီမိုး ရှိခိုးခြင်း သက်သက်ဖြင့်သာ ပူဇော်ခြင်း ကိုမြတ်စွာဘုရား၏ ဩဝါဒတရားကို လိုက်နာကျင့်သုံးရာ ရောက်၍ ဓမ္မပူဇာမည်၏။ သက်ကြီးဝါကြီး ပူဇော်ပွဲများသည် ဝတ္ထုပစ္စည်းတို့ဖြင့်လည်းကောင်း၊ လက်အုပ်ချီမိုး ရှိခိုး ကန်တော့

ခြင်းဖြင့် လည်းကောင်း ပူဇော်ကန်တော့သည့်ပွဲဖြစ်၍ ပူဇော်နည်းနှစ်မျိုးဖြင့် ပူဇော်သောပွဲများဖြစ်၏။

လောကအကြောင်းအနေဖြင့် ကြည့်လျှင် သက်ကြီးရွယ်အိုများထံမှ အဖိုးတန်သော ဆုံးမစကားများကို နာကြားရခြင်း၊ ပညာရှိသူတော်ကောင်းများ၏ ချီးမွမ်းခြင်းကို ခံရခြင်း၊ လူချစ်လူခင်ပေါ်များခြင်း၊ ယဉ်ကျေးသူများဟု အသိအမှတ်ပြုခံရခြင်းစသော အကျိုးတရားများကို ရရှိနိုင်၏။

ဓမ္မကြောင်း ရှုထောင့်မှကြည့်လျှင် ပူဇာစ ပူဇနေယျာနံ မင်္ဂလာ၊ ဒါနမင်္ဂလာ၊ ဂါရဝမင်္ဂလာ၊ နိဝါတမင်္ဂလာ၊ ကတညုတာမင်္ဂလာ၊ သောဝစဿတာမင်္ဂလာ တရားတော်များဖြင့် အကျိုးထူးများကို ခံစားနိုင်ကြောင်း ဘုရားရှင်ဟောကြား ထားသည်ကို တွေ့ရ၏။

သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ခြင်းသည် အပြစ်ကို ကုစားသော (ဝါ) အပြစ်ကို ပပျောက်စေနိုင်သော နည်းတစ်နည်းဖြစ်၏။ သံသရာခရီးတွင် သတ္တဝါများသည် အတိတ်ဘဝများ၌ဖြစ်စေ၊ မျက်မှောက်ဘဝ၌ဖြစ်စေ ကိုယ်နှုတ်နှလုံးသုံးပါးတို့တွင် တစ်ပါးပါးဖြင့် တစ်ဦးပေါ်တစ်ဦး ပြစ်မှားခဲ့မှုများရှိနိုင်၏။ ယင်းအပြစ်များကို တောင်းပန်ပူဇော်ကန်တော့သောနည်းဖြင့်ပပျောက်စေနိုင်သည်ဟု ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့၏။



ထိုသက်ကြီးဝါကြီး ပူဇော်ကန်တော့ပွဲသည် အပြစ်ကြီးငယ်တို့ကို ပပျောက်စေနိုင်သော၊ အကျိုးရှိသော အစဉ်အလာ ဓလေ့ကောင်းဖြစ်၍ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် အစဉ်ရှိအပ်၏။

x x x x x

## တန်ဆောင်မုန်းနှင့် ကထိန်ခင်းပွဲတော်

"ကြင်ဖွယ်သာ လှိုင်းတော့တယ်၊ ရှုတိုင်းဆယ်ထပ်က၊ ခြယ်လှျပ်ရောင်၊ ဆယ့်ရှစ်ကယ်လုံးညီ၊ ပါဒ်ပြည့်ငယ်မှိုသည်၊ ရာသီကဏ္ဍ၊ ဒုတိယတု၊ကြိုစ္ဆဝေါဟာ၊ သရဒါမှာ၊ စကြဖလ်မြတ်၊ ယုန်ပြာသာဒ်နှင့် ကြတ္တိကာကြယ်၊ တည်မွန်းဆွယ်လို့၊ ရောင်နွယ်ယှဉ်ကာ၊ မြင်းတာရာလဲ၊ အာကာတသွန်၊ သနားဖွယ် လွန်တော့တယ်၊ ဘုန်းမွန်ကြော့ယဉ်ဆောင်မှာ၊ မြင်လေအောင် သီသီကူးလို့၊ တောင်ဦးယုဂန်မြင့်မှာ၊ မြန်းသင့်အခေါင်။

ရုက္ခမှိုဝယ်၊ ဝါဒီမြတ်လေ့၊ စုဏာင်မွေ့သည်၊ မပေါသီကျော် တောရပ်ပျော်လို့၊ လူ့ဘောင်ယှဉ်ကာ၊ ဂါမဝါဟု အရိယာမျိုး၊ သူတို့ကြိုးသည်၊ မဆိုးမစိမ်၊ ဖန်ရည်မှိန်လျက်၊ ကထိန်းသကူ၊ ပွဲတော်မှာ ဆူတော့ပ၊ လှူဖာန်းဆောင်ငယ်၊ ရွှေရောင်ထွန်းညီ သဘင်နှင့်။

ကျူးစည်ငယ်ဖြိုးလျက်၊ နတ်နိုးရက်မှာ၊ တောင်လက် ကယ်ဖျော့တော့၊ မွေးပျော့ပျော့နှင့် တောတောင် ခန်းဝါ၊





တနန်းမှာလဲ၊ ရောင်ဝါခဝဲ၊ ခိုင်ချင်းနွဲ့လို့၊ ငှက်ပွဲဖော်ကြင်၊ သိုက်စုလျား ပြင်ကြတယ်၊ သို့စဉ်ပွဲသာခေါင်ကို၊ ကြာဗွေဆောင် တဖော်မွေ့ငယ်တို့၊ လွမ်းကြွေပွေဆင်"။

(ဦးဖြေ၏ ဆယ့်နှစ်ရာသီ တန်ဆောင်မုန်းလဖွဲ့ လေးချိုး)

### တန်ဆောင်မုန်းလ

တန်ဆောင်မုန်းလသည် မြန်မာတစ်ဆယ့်နှစ်လတွင် အဋ္ဌမ မြောက်လဖြစ်၏။ တန်ဆောင်မုန်းကို ပုဂံခေတ် ကျောက်စာ "တန်ဆောင်မှုန်"တို့တွင်"တန်ဆောင်မှုန်း"ဟု ရေးထိုးကြ၏။ ယင်းမှတစ်ခါ "တန်ဆောင်မုန်း" ဖြစ်လာသည်ဆို၏။

တန်ဆောင်သည် မီးရှူး၊ မီးတိုင်၊ ဆီမီးဟု အဓိပ္ပာယ်ရ၏။ "မှုန်း" မှာ တောက်ပစေခြင်း၊ ထွန်းညှိခြင်းဟု အဓိပ္ပာယ်ရ၏။ ထို့ကြောင့် တန်ဆောင်မုန်းသည် ဆီမီးတန်ဆောင် ထွန်းပြောင်သောလဟူ၏။

ဤလတွင် ရက်ပေါင်း (၃၀) ရှိ၏။ နာရီအားဖြင့် နေ့ ၂၈ နာရီရှိ၏။ ညဉ့် ၃၂ နာရီရှိ၏။ နေ့တာတို၏။ ညတာရှည်သောလဖြစ်၏။ ရာသီအလိုကြိစ္ဆာခေါ်၏။ ကြတ္တိကာနက္ခတ်နှင့် စန်းယှဉ်ပြည့်ကာ ကျီးတာရာ ထွန်းပ၏။ရာသီရုပ်မှာ ကင်းမ လက်မဲပုံဖြစ်၏။

ကြတ္တိကာနက္ခတ်နှင့်စန်းယှဉ်သော တန်ဆောင်မုန်းလပြည့်နေ့ တွင် ဆေးပင်အပေါင်းကို စောင့်သောနတ်တို့သည် မဲဇာလီပင်စောင့် နတ်မင်းအား တညီတညွတ်တည်း အခစားလာရောက်ကြသည်ဆို၏။

ထို့အတွက်ကြောင့် မဲဇလီပင်သည် ဆေးပေါင်းခသည့်အပင်ဖြစ်သည်ဟု ရှေးအယူရှိကြ၏။ ရှေးဆေးကျမ်းကြီးများတွင် မဲဇလီဖူးသုတ်ကို စားရခြင်းဖြင့် ရောဂါအန္တရာယ်မျိုး ၉၆-ပါး ကင်းစင်သည်ဟု ဖော်ညွှန်းပြဆိုထား၏။

"ခဝဲပွင့်ချိန်၊ ခင်းကထိန်" အစချီသော ကင်းဝန်မင်းကြီး၏ သံပေါက်လင်္ကာအရ တန်ဆောင်မုန်းလ၏ ရာသီပန်းမှာ ခဝဲပန်းဖြစ်၏။ ဤလတွင် ပွင့်သောပန်းမှာ နက္ခတ်ကြိုက်ပန်းဟု ဆို၏။

ထို့ပြင် အသီးတွင် ခေါင်းပါရှိသော မားခဝဲများလည်း ရှိသေး၏။ မားခဝဲသည် ချက်ပြုတ်စားရာတွင် အရသာရှိ၏။ တောင်သူလယ်သမားဦးကြီးများအတွက် အားဖြည့်ပေးသော အာဟာရတစ်မျိုးပင်ဖြစ်၏။

"တောင်သူရှင်ပြုး၊ တန်ဆောင်မုန်း" ဟု ဆို၏။ တန်ဆောင်မုန်းလသည် ကောက်စောစပါးများ မှည့်ဝင်ငိုက်တွဲကုန်ပြီ ဖြစ်၏။ သို့ကြောင့် ကောက်ရိတ်သိမ်းမှုကို ပြုကြ၏။

စင်ရော်ငှက်ကို မြန်မာနိုင်ငံတွင် အများအပြား တွေ့ရ၏။ စင်ရော်ငှက်တို့သည် တစ်နေရာတည်း၌ တစ်နှစ်ပတ်လုံး နေကြသည်မဟုတ်၊ ရာသီအလိုက် ခရီးလှည့်လည်နေတတ်၏။ ဆောင်းရာသီအစဖြစ်သော တန်ဆောင်မုန်းလတွင် မြန်မာနိုင်ငံသို့ ရေခြားမြေခြားမှ ရောက်ရှိလာကြ၏။



## တန်ဆောင်မုန်းအဓိပ္ပာယ်

ပုဂံခေတ်ကျောက်စာတို့တွင် ထိုခေတ်ရေးထုံးအတိုင်း အမြစ်ဝိသဇ္ဇနီမပါဘဲ "တန်ဆောင်မှုန်" ဟု အမြဲတစေ ရေးထိုးလေ့ရှိ၏။ မျက်မှောက်ခေတ်၌ အမြစ်ဝိသဇ္ဇနီထည့်ပြီး "တန်ဆောင်မှုန်း" ဟု ရွတ်ဖတ်ပြောဆိုကြ၏။

တန်ဆောင်မှုန်းဟူသောပုဒ်၏ အဓိပ္ပာယ်ကို တစ်လုံးစိစိတ်ဖြာကြည့်လျှင် တန်သည် တန်ခိုးပုဒ်၌ ရှိသော တန်ကဲ့သို့ အလင်းရောင်ဟူသော အနက်အဓိပ္ပာယ်ကို ဆောင်၏။

ဆောင်ဟူသော ပုဒ်သည် အသားဆောင်စသော ပုဒ်တို့၌ လာရှိသော ဆောင်ကဲ့သို့ ထွန်းလင်းခြင်း အဓိပ္ပာယ်ကိုလည်းကောင်း၊ သယ်ဆောင်၊ ယူဆောင်တို့၌ပါရှိသော ဆောင်ကဲ့သို့ သယ်ပိုးခြင်း၊ ယူငင်ခြင်း အဓိပ္ပာယ်ကိုလည်းကောင်း ဖော်ပြ၏။

မှုန်း၏ အဓိပ္ပာယ်မှာ လှေသင်းအတွင်းဝန်မင်း၏ ကဝိလက္ခဏာဒီပနီကျမ်းတွင် "ရေယာဉ်ရစ်မှုန်း၊ တိုက်ဖျက်ဖြုန်း၊ ကျင်းကုန်းပြိုပျက်ကွဲ" ဟူသော သတ်ပုံလာ စကားရပ်ကို ကိုးကား၍ တန်ဆောင်မှုန်း၌ မှုန်းသည် ချေဖျက်ခြင်း၊ ချေမှုန်းခြင်း အဓိပ္ပာယ်ရှိသည်ဟု ဖော်ပြ၏။

ထို့ကြောင့် တန်ဆောင်မှုန်းလဆိုသည်မှာ မီးရှူး၊ မီးတိုင်၊ ဆီမီးတို့ကို တောက်ပစေသောလ၊ ဆီမီးညှိထွန်းသောလ၊ အမိုက်မှောင်ကို မီးရှူးတန်ဆောင်ဖြင့် ဖျောက်လွင့်ချေမှုန်းသောလဟု အဓိပ္ပာယ်ရ၏။

## ကထိန်ခင်းပွဲတော်

ကထိန်ခင်းပွဲဆိုသည်မှာ ကထိန်သင်္ကန်းကပ်လှူ ပူဇော်ပွဲကို ဆိုလို၏။ "မိုးနောက်ဆုံးလ ကထိန်းခင်းရသည့်ချိန်ခါ" ဟူသော စကားစဉ်ရှိ၏။ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်မှ တန်ဆောင်မုန်းလပြည့်တိုင် တစ်လမျှအတွင်း ခင်းကျင်းရသော ပွဲဖြစ်၏။ မြို့တိုင်း ရွာတိုင်း နှစ်စဉ်မပျက် အားကြိုးမာန်တက် တခမ်းတနား ကျင်းပလေ့ရှိသော ပွဲတော်ကြီးဖြစ်၏။ ထိုကထိန်ခင်း ပွဲတော်ကြီး၏ သမိုင်းကြောင်းမှာ. . .

ဗုဒ္ဓမြတ်စွာဘုရားရှင်လက်ထက်တွင် ပါဝေယျတိုင်းသား ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော ဘုရားရှင်ထံသို့ ဖူးမြော်ရန် လာကြ၏။ ဝါဆိုရန် နီးကပ်လာ၍ သာဝတ္ထိပြည်သို့ မရောက်နိုင်တော့ဘဲ သာကေတမြို့မှာပင် ဝါဆိုနေထိုင်ကြရ၏။

ရဟန်းတော်များအားလုံးသည် ပံ့သကူစုတင်၊ အာရညကင်စုတင်၊ ပိဏ္ဍပါတိကစုတင်၊ တိစီဝရိတ်စုတင် များကို ဆောင်ကြသူတွေချည်းဖြစ်၏။ ဝါကျွတ်၍ ပဝါရဏာပြုပြီး ဘုရားရှင် သီတင်းသုံးရာ သာဝတ္ထိပြည်သို့ ကြွလာကြ၏။

လမ်း၌ မိုးရွာသည်နှင့် ကြုံနေရ၍ ရဟန်းတော်များသည် မိုးထဲရေထဲမှာ မိုးစိုနေသည့် သင်္ကန်းများဖြင့် ပင်ပန်းဆင်းရဲစွာ ဇေတဝန်ကျောင်းကို ရောက်လာကြ၏။ ပံ့သကူစုတင် ဆောင်ကြသူများဖြစ်၍ ရဟန်းတော်များ ဝတ်ရုံနေသော သင်္ကန်းများသည် ပံ့သကူသင်္ကန်းများဖြစ်၏။



ပံ့သကူသင်္ကန်းဆိုသည်မှာ သုံး၍မဖြစ်အောင် ဟောင်းနွမ်း ညစ်ပေစုတ်ပြတ်နေသဖြင့် သူတကာတို့ စွန့်ပစ်ထားသော အဝတ်ဟောင်းများကို ကောက်ယူကာ ကောင်းနိုးရာရာတို့ကို ချုပ်စပ်ဖာထေးကာ ဖန်ရည်ဆိုးသော သင်္ကန်းများဖြစ်၏။ တိစီဝရိတ်စုတင်ကိုပါ ဆောင်ထားကြ၍ မိမိတို့နှင့် ဆောင်ထားသော သင်္ကန်းသုံးထည်သာ ရှိကြ၏။ ရေစိုသဖြင့် လဲရန်အခြားသင်္ကန်း အပိုမရှိ။ ထို့ကြောင့် သီတင်းကျွတ်ပြီးစ မိုးရေထဲမှ လာရသည့် အခါ ဤမထေရ်သုံးကျိပ်သည် အတော်ပင် ဆင်းရဲပင်ပန်းကြ၏။

ထိုသို့ ဆင်းရဲပင်ပန်းစွာနှင့်ပင် ၆-ယူဇနာ ဝေးကွာသော သာကေတမြို့မှ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ဤမထေရ်သုံးကျိပ်ရောက်လာကြ၏။ ဘုရားရှင်က ဤရဟန်းတော်များနှင့် နှုတ်ခွန်းဆက်စကားပြောကြားရင်း ခရီးလမ်းအကြောင်းစသည်ကို မေးမြန်းတော်မူ၏။ ရဟန်းတော်များက ခရီးလမ်းတွင် မိုးထဲရေထဲမှာ ဆင်းရဲပင်ပန်းစွာ လာရပုံကို လျှောက်ထားကြ၏။ ဤသည်ကို အကြောင်းပြု၍ ဘုရားရှင်က ကထိန်ခင်းခြင်းကို အခွင့်ပြုတော်မူ၏။ ကထိန်အကျိုးငါးပါးကိုပါ ရကြောင်း၊ တစ်ဆက်တည်း မိန့်ကြားပြီး ကထိန်ခင်းပုံကိုပါ ညွှန်ပြတော်မူ၏။

### ကထိန်ခင်းပုံ

ကထိန်သင်္ကန်းကို လူပုဂ္ဂိုလ်သာမဟုတ်၊ မည်သည့်ပုဂ္ဂိုလ်မဆို လှူဒါန်းနိုင်၏။ ရဟန်းသာမဏေများပင် အခြားသောရဟန်း

များကို ကထိန်သင်္ကန်း လှူဒါန်းနိုင်၏၊ သို့သော် ကထိန်ခင်းခြင်းမှာ ရဟန်းတို့နှင့်သာ သက်ဆိုင်၏၊ ရဟန်းကသာ ကထိန်ခင်းနိုင်၏။

တစ်ဦးချင်းသို့မဟုတ် စုပေါင်းပြီး သံဃာအား လှူဒါန်းလာသော ကထိန်သင်္ကန်းကို ဤသံဃအဖွဲ့က ကထိန်ခင်းလိုက်သောရဟန်းကို ရွေးချယ်ပေးအပ်ရ၏၊ ရွေးချယ်ရာတွင် သင်္ကန်းရှားပါးသော ရဟန်းကို ဦးစားပေးရ၏၊ သင်္ကန်းနွမ်းပါးသည့် ရဟန်းနှစ်ပါး သုံးပါးရှိနေလျှင်သိက္ခာဝါကြီးသော ရဟန်းကို ဦးစားပေးရ၏၊ သင်္ကန်းနွမ်းပါးသောရဟန်းမရှိလျှင် သိက္ခာဝါ အကြီးဆုံး မထေရ်ကို ရွေးရ၏၊ ထိုသို့ ရွေးချယ်ပြီးသောအခါ သိမ်တွင်းသို့ အနည်းဆုံး ငါးပါးပါဝင်သော သံဃအဖွဲ့နှင့် ကထိန်ခင်းမည့် ရဟန်းပါသွားပြီး ကမ္မဝါစာ ရွတ်ဖတ်ကာ ကထိန်သင်္ကန်းကို ပေးအပ်ရ၏။

ကထိန်ခင်းမည့် သင်္ကန်းမှာ သင်းပိုင်၊ ကိုယ်ရုံ နှစ်ထပ်သင်္ကန်း ဆိုသော သင်္ကန်းသုံးမျိုးအနက် တစ်မျိုးမျိုးဖြစ်၏၊ ထိုကထိန်ခင်းမည့်သင်္ကန်းကို အထက်ကပြောဆိုခဲ့သည့်အတိုင်း ပေးအပ်ပြီးသောအခါ ကထိန်ခင်းမည့် ရဟန်းတော်သည် ထိုသင်္ကန်းကို ကျောင်းတိုက် အတွင်းရှိ သံဃာများရှေ့မှောက်တွင် "ဤသင်္ကန်းဖြင့် ကထိန်ခင်း ပါမည်" ဟု ကြေညာရ၏၊ ဥပမာ- သင်းပိုင်နှင့် ကထိန်ခင်းမည်ဆိုလျှင် မိမိဝတ်ထားသော သင်းပိုင်ကို "ဤသင်းပိုင်ကို စွန့်ပါ၏" ဟု ပထမစွန့်ပယ်ရ၏၊ ယင်းကို ဝိနည်းအခေါ်အရ ပစ္စုဒ္ဓိုရ် ပြုသည်ဟုခေါ်၏၊ ထို့နောက်



ကထိန်သင်္ကန်းဖြစ်သော သင်းပိုင်ကို "ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ" "ဤသင်းပိုင်ဖြင့် ကထိန်ခင်းပါ၏" ဟု ဆိုရ၏၊ အလားတူပင် ကိုယ်ရုံ ကေသီနှင့် ခင်းမည်ဆိုလျှင် ဝတ်ထားသော ကိုယ်ရုံကို ဝိနည်းဥပဒေအတိုင်း ပစ္စုဒ္ဓိုရ်ပြုပြီး "ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ" "ဤကိုယ်ရုံကေသီဖြင့် ကထိန်ခင်းပါ၏" ဟု ဆိုရ၏၊ နှစ်ထပ်သင်္ကန်းနှင့် ခင်းမည်ဆိုလျှင် မိမိ၏ နှစ်ထပ်သင်္ကန်းကို ပစ္စုဒ္ဓိုရ်ပြုပြီး "ဣမာယ သင်္ဃာဋိယာ ကထိနံ အတ္ထရာမိ" "ဤနှစ်ထပ်သင်္ကန်းဖြင့် ကထိန်ခင်းပါ၏" ဟု ဆိုရ၏။

ထိုသို့ ကထိန်ခင်းပြီးသည့်အခါ ထိုရဟန်းတော်ကပင် "အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒထ" အရှင်ဘုရားတို့ သံဃအဖွဲ့သည် ကထိန်ခင်းလိုက်ပါပြီ၊ ကထိန်ခင်းမှုသည် ဝိနည်းကံနှင့် လျော်ညီပါသည်၊ အရှင်ဘုရားတို့ ဝမ်းမြောက်အနုမောဒနာပြုကြပါ" ဟု ကျောင်းတိုက်သံဃာကို ပန်ကြားရပါ၏၊ သံဃအဖွဲ့ဝင်များကလည်း "ဤဝိနည်းကံနှင့်လျော်ညီစွာ ကထိန်ခင်းမှုကို ဝမ်းမြောက်သာဓုခေါ်ပါသည်" ဟု အနုမောဒနာ ပြုရ၏။

## ကထိန်အကျိုး

ကထိန်ခံ ကထိန်ခင်းသည် ရဟန်းတော်နှင့် ကထိန်အနုမောဒနာပြုသော ရဟန်းတော်များပါ ကထိန်ခင်းသည့်နေ့မှစပြီး တပေါင်းလပြည့်နေ့ထိ အောက်ဖော်ပြပါ အကျိုးငါးမျိုး ခံစားရ၏။

(၁) အနာမန္တစာရ - ကျောင်းတွင်ရှိသော ရဟန်းတစ်ပါးကို မပန်ကြား မပြောဆိုဘဲ မြို့တွင်း၊ ရွာတွင်း ဆွမ်းစားပင့်ထားသည့်အိမ်သို့ သွားနိုင်ခြင်း (ကထိန်အကျိုးမရသော အခါ ယခုလိုသွားလျှင် အာပတ်သင့်သည်။)

(၂) အသမာဒါနစာရ - အဓိဋ္ဌာန်တင်ပြီး ဆောင်နေသော သင်္ကန်းကို မယူဆောင်ပဲ သွားနိုင်ခြင်း။
(အခြားအခါမှာ ဤသို့သွားလာလျှင် အာပတ်သင့်သည်။)

(၃) ဂဏဘောဇနံ - ထမင်းစားကြွပါ စသည်ဖြင့် မအပ်မရာ ပင့်ဖိတ်သော ဆွမ်းကို စားနိုင်ခြင်း။
(အခြားအခါမှာ စားလျှင် အာပတ်သင့်သည်။)

(၄) ယာဝ ဒတ္ထစီဝရ - ရလာသမျှသော သင်္ကန်းများအဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ ထားနိုင်ခြင်း (အခြားအခါမှာ ဤသို့ထားလျှင် အာပတ်သင့်သည်။)

(၅) ယောစ တတ္ထစီဝ ရုပ္ပါဒ- ဤကျောင်းတိုက်အတွင်း၌ သံဃကို ရည်စူးလှူဒါန်းသော သံဃိက သင်္ကန်းကို ဤရဟန်းများသာ ရပိုင်ခွင့်ရှိခြင်း (ကထိန်း အကျိုးကို မရရှိသော ရဟန်း၊ ကထိန်ခင်းပြီးမှ ဤကျောင်းတိုက်၌ လာရောက်နေထိုင်သော ရဟန်းများသည် ဤသံဃိက သင်္ကန်းကို ခွဲဝေယူခွင့်မရရှိပါ။)

ကထိန်သင်္ကန်းလှူဒါန်းသော အလှူရှင်များမှာလည်း သဒိသပါကံ ဇနေတိ (တူသောအကျိုးကို ဖြစ်စေ၏) ဆိုသကဲ့သို့



ကထိန်ခင်းသော သံဃာတော်များအလား အကျိုးတရားများကို သွယ်ဝိုက်သောနည်းအားဖြင့် ခံစားခွင့် ရှိကြ၏။ ထိုအကျိုးများမှာ . . .

(၁) သွားလေရာရာ အရပ်တို့၌ အနှောင့်အယှက်မရှိ ဘေးကင်းစွာ သွားရခြင်း။

(၂) မိမိပိုင်ပစ္စည်းများကို ရန်သူတို့ မဖျက်ဆီးနိုင်ခြင်း။

(၃) စားကောင်းသောက်ဖွယ် အထူးပေါများ၍ အစား အတွက် ဘေးမဖြစ်နိုင်၊ အဆိပ်မသင့်နိုင်ခြင်း။

(၄) မိမိပိုင်ပစ္စည်းများကို ကာလကြာမြင့်စွာ မေ့လျော့ နေသော်လည်း မဆုံးပါးနိုင်ခြင်း။

(၅) ပစ္စည်းရှာရာတွင် သူတကာထက် ထူးပြီး ထိပေါက် သကဲ့သို့ အစုလိုက်အပုံလိုက် ရခြင်း။

(၆) ဥမ္မာဒန္တီမင်းသမီးကဲ့သို့ ချောမောလှပခြင်း။

စသည်တို့သည် အလှူရှင်များ ရနိုင်ခွင့်ရှိသော အကျိုး တရားများပင် ဖြစ်သည်။

## ကထိန်ပွဲ

ကထိန်ခင်းရန် လှူဒါန်းသော သင်္ကန်းကို ကထိန်သင်္ကန်း သို့မဟုတ် ကထိန်လျှာသင်္ကန်းဟု ခေါ်သည်။ ကထိန်ပွဲမှာ ကထိန်ခင်းမည့်သင်္ကန်း တစ်မျိုးသာမဟုတ်၊ ကထိန်းသင်္ကန်း၏ အရံအဖြစ်နှင့် ထီး၊ ဖိနပ်အစရှိသော ရဟန်းအသုံးအဆောင်များ၊ ဆန်၊ ဆီ အစရှိသည့် ဆွမ်းရိက္ခာများကို ထည့်သွင်းလှူဒါန်း လေ့ရှိ၏။

ကထိန်သင်္ကန်းကပ်လှူပွဲကို တစ်ဦးတစ်ယောက်တည်းက ပေးလှူသည်လည်း ရှိ၏။ စေတနာရှင်များ စုပေါင်းသည့် ဘုံကထိန်အနေမျိုးနှင့်လည်း လှူဒါန်းလေ့ရှိ၏။ အချို့သော အသင်းအဖွဲ့များသည် ကထိန်သင်္ကန်းကပ်လှူပွဲအတွက် လစဉ် အသင်းသားများထံမှ အချိုးကျ အလှူငွေများ ကောက်ခံစုဆောင်း လေ့ရှိ၏။ အချို့က ကြိုတင်စုဆောင်းမှု မပြု။ ကထိန်ခင်းခါနီးမှ စေတနာအလျောက် ထည့်ဝင်သော အလှူငွေ၊ သင်္ကန်းစသည့် အလှူပစ္စည်းများ စုဆောင်းပြီးဘုံကထိန်ပွဲ ကျင်းပတတ်၏။

ထိုသို့ ရပ်ကွက်အလိုက်၊ အသင်းအဖွဲ့အလိုက် ခင်းကျင်းသော ကထိန်ပွဲများမှာ အလွန်ကြီးကျယ်ခမ်းနား၏။ ဝင်ငွေ ကောင်းသော အသင်းဝင်များ ပါဝင်သော ဈေးအသင်း၊ မော်တော်ယာဉ်အသင်း စသည်တို့က ဦးစီးပြီး ခင်းကျင်းသော ကထိန်ပွဲများသည် လှူဖွယ် ပစ္စည်းများလှကာ ခမ်းနားစည်းကားလှ၏။

သာမန်အားဖြင့် သင်္ကန်းကို အချိန်မရွေး ပေးလှူနိုင်၏၊ ကထိန်သင်္ကန်းကိုတစ်နှစ်အတွင်း တစ်လတာသော ရက်အတွင်း မှသာ လှူဒါန်းခွင့် ရှိ၏။ ထိုရက်လေးအတွင်းမှာ တစ်ကျောင်းမှာ တစ်ကြိမ်သာ ကထိန်ခင်းခွင့်ရှိ၏၊ ကထိန်ခင်းမည့် ရဟန်းတော် သည် ပုရိမဝါ ကပ်သူ ဖြစ်ရမည်၊ ဝါတွင်းမှာ ဝါကျိုးဝါပျက်စသော အပြစ်မျိုး မရှိစေဘဲ သီတင်းကျွတ် လပြည့်နေ့မှာ ပဝါရဏာပြုပြီး ဝါကျွတ် လာသည့်သူလည်း ဖြစ်ရမည်၊ ထိုသို့သော ရဟန်းတော် သာ ကထိန်သင်္ကန်းကို အလှူခံခွင့်၊ ကထိန်ခင်းခွင့်ရှိ၏။



ကထိန်သင်္ကန်းသည် စေတနာ သဒ္ဓါသက်သက်နှင့် လှူဒါန်း လာသော သင်္ကန်းဖြစ်ရမည်။ ရဟန်းတော်များသည် မိမိ မိဘကိုပင် ကထိန်းသင်္ကန်းပေးလှူရန် ပြောပိုင်ခွင့်မရှိ။ အခြား ဒကာ၊ ဒကာမများကိုလည်း တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး ကထိန်သင်္ကန်းကို အလှူခံခွင့်မရှိ။ မိုးပေါ်ကကျလာသလို အလှူရှင်တို့၏စေတနာ၊ သဒ္ဓါတရားသက်သက်ဖြင့် ပေါ်ပေါက် လှူဒါန်းလာသော သင်္ကန်းနှင့်သာ ကထိန်ခင်းခွင့်ရှိ၏။ ရဟန်း တော်များအနေဖြင့် တစ်နှစ်မှာ တစ်ကြိမ်သာ ကထိန်ခင်းနိုင် ခွင့်ရှိ၏။ ကထိန်အလှူရှင်အနေဖြင့် တစ်ကျောင်းမှာတစ်ကြိမ်စီ မိမိတတ်နိုင်သရွေ့ ကျောင်းများစွာမှ ကထိန်သင်္ကန်း လှူဒါန်း နိုင်၏။

ကထိန်ခင်းနိုင်သောကာလမှာ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လသာဖြစ်၏။ ထိုတစ်လအတွင်း မိမိနှစ်သက်သောရက်ကို ရွေးချယ်၍ ကျောင်းတိုက်ရှိ သံဃာတော်များကို ကထိန်သင်္ကန်း လှူဒါန်းနိုင် ၏။ လှူဒါန်းသောအခါ မိမိ၏ ဆရာရဟန်းစသော ပုဂ္ဂိုလ်တစ် ပါးပါးကို မရည်စူးဘဲ ရဟန်းအပေါင်းဆိုသော သံဃာကို ရည်စူးရ ၏။ “ဤကထိန်းသင်္ကန်းကို သံဃာအား ပေးလှူပါ၏။” ဟုလည်း နှုတ်မှ မြွက်ဆိုလှူဒါန်းရ၏။

ကထိန်သင်္ကန်းကို အလှူခံသော သံဃာအဖွဲ့ကလည်း သင်္ကန်းရရှိသောနေ့မှာပင် ကထိန်ခင်းရ၏။ ယနေ့ ကထိန်

သက်န်းကို အလှူခံပြီး မနက်ဖြန်မှ ကထိန်ခင်းမည်ဟု ထားနိုင်ခွင့်မရှိ။ ယခုခေတ်မှာ ချုပ်ပြီး၊ ဆိုးပြီး အဆင်သင့်ဖြစ်နေသော ကထိန်သင်္ကန်းမျိုးမဟုတ်၊ သင်္ကန်းလျာဖြစ်သည့် ပိတ်ပိုင်း၊ ပိတ်စကို ကထိန်သင်္ကန်းအနေဖြင့် လှူဒါန်းသောအခါ နေ့ချင်းပြီး သင်္ကန်းဖြစ်အောင် ဖြတ်၊ ချုပ်၊ ဆိုးရ၏။ ရဟန်းတစ်ပါးတည်း မတတ်နိုင်လျှင် ရဟန်းအားလုံးက ယနေ့အပြီး သင်္ကန်းဖြစ်လာအောင် စုပေါင်းလုပ်ကိုင်ရ၏။ ယင်းသို့ နေ့ချင်းပြီး သင်္ကန်းမျိုးနှင့်သာ ကထိန်ခင်း၍ ရသည့်အတွက် ကထိန်သင်္ကန်းကို "မသိုးသင်္ကန်း" ဟုလည်း ခေါ်၏။

ထိုသို့ သတ်မှတ်ထားသော ရက်တာအတွင်း၌သာ လှူဒါန်းနိုင်ခြင်း၊ ဝါကျိုးဝါပျက်မရှိဘဲ ပုရိမဝါမှထသည့် ရဟန်းများသာ ကထိန်ခံ ကထိန်ခင်းနိုင်ခြင်း၊ ထိုကထိန်ခင်းသော ရဟန်းတို့က ကထိန်အကျိုးငါးပါးကို လက်ငင်းရရှိခြင်း၊ ပုဂ္ဂလိက အလှူမဟုတ်ဘဲ သံဃိကအလှူဖြစ်ခြင်းဟူသော အကြောင်းအချက်များကြောင့် ကထိန်သင်္ကန်းလှူဒါန်းခြင်းသည် သာမန်သင်္ကန်းကို လှူဒါန်းခြင်းထက် ပိုမိုအကျိုးများ၏။

ရဟန်းတော်များသည် ငါးပါးနှင့်ညီမျှသော ကောင်းကျိုးကို ရရှိလိမ့်မည်ဟုလည်း ယုံကြည်ကြ၏။ ကထိန်းသင်္ကန်းကပ်လှူပွဲကို တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ၊ နှစ်စဉ် ကြီးပမ်းအားထုတ်ခြင်း ဖြစ်၏။



ကထိန်သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုများကို ပဒေသာပင်ပြုလုပ်ပြီး ရပ်ကွက် သို့မဟုတ် အသင်းတည်ရာမှာ ခင်းကျင်းထားရှိ၏၊ ယင်းသို့ မထားမီ အလှူရှင်များ စေတနာထက်သန်လာစေရန် လှူဖွယ်ဝတ္ထုများကို စီတန်းလှည့်လည်ပြတတ်၏။ ခင်းကျင်းထားရှိသည့်အခါမှာလည်း အတီးအက၊ အကျွေးအမွေးနှင့် တခမ်းတနားပြုလေ့ရှိ၏။ သတ်မှတ်ထားသောရက်တွင် ယင်းကထိန် အလှူပဒေသာ ခမ်းနားသိုက်မြိုက်စွာနှင့် မိမိတို့ ရည်ရွယ်ထားသော ကျောင်းတိုက်သို့ ပို့ဆောင်လှူဒါန်းကြ၏။

အချို့သော အသင်းအဖွဲ့များသည် ကထိန်ရက်တာအတွင်း ကထိန်ပွဲအခမ်းအနား ကျင်းပရန် အချိန်ရက်အားမရသည့်အတွက် ကထိန်သင်္ကန်းကို ရည်ရွယ်ထားသောကျောင်းတွင် ကထိန်ခင်းနိုင်ရန် ကြိုတင်လှူဒါန်းထားကြ၏။ တနည်းအားဖြင့် ကထိန်ခင်းထားကြသည်။ တန်ဆောင်မုန်းလပြည့်ကျော်လာပြီး အချိန်ရက်အားရသည့်နေ့မှ လှူဖွယ်ဝတ္ထုများကို အခမ်းအနား ကျင်းပပြီး သက်ဆိုင်ရာကျောင်းတိုက်သို့ ပို့ဆောင်လှူဒါန်းတတ်ကြ၏။

ဗုဒ္ဓမြတ်စွာဘုရားသခင် ခွင့်ပြုသော အချိန်မှစပြီး ဗုဒ္ဓသာသနာတော်တွင် ကထိန်ခင်းပွဲ ပေါ်ပေါက်လာရ၏။ ယနေ့အထိပင် ထေရဝါဒဗုဒ္ဓဘာသာကို လက်ခံယုံကြည်သော နိုင်ငံများတွင် ကထိန်ခင်းကြ၏။ မြန်မာနိုင်ငံတွင် အထက်၌ဖော်ပြသကဲ့သို့ နှစ်စဉ် ကျင်းပသော ကထိန်ခင်းပွဲတော်ဖြစ်၏။

## မသိုးသက်န်း

မသိုးသင်္ကန်းဆိုသည်မှာ ကထိန်သင်္ကန်း၏ နာမည်တစ်မျိုးပင်ဖြစ်၏။ ရှေးခေတ်က ရဟန်းသံဃာများသည် ကထိန်ခင်းရန် လှူထားသော သင်္ကန်းကို ညသိပ်သိမ်းဆည်းမထားဘဲ အရုဏ်မတက်မီ အတွင်းသင်္ကန်း အပ်နှင်းမှု၊ ချုပ်ဆိုးမှုကိစ္စများပြီးစီးအောင် လုပ်ဆောင်ကြရ၏။ ထိုသို့ ကိစ္စအားလုံးကို နေ့ချင်းပြီးအောင် လုပ်ဆောင်နိုင်သော သင်္ကန်းမျိုးကို မသိုးသင်္ကန်းဟုခေါ်၏။

သင်္ကန်းချုပ်ဆိုးနေစဉ် အရုဏ်တက်ခဲ့လျှင်ဖြစ်စေ၊ အပ်နှင်းမှု ချုပ်ဆိုးမှုတို့ကို လုံးဝမပြု ညသိပ်ထားလျှင်ဖြစ်စေ သင်္ကန်းသိုးသည်ဟု ဆို၏။ ဥပမာ-ထမင်းဟင်း စသည့် အာဟာရများကိုအချိန်မီ မစားဘဲ အချိန်လွန်သည်အထိ ညသိပ်ထားသဖြင့် သိုးသွားသည့်အခါ ထမင်းသိုး၊ ဟင်းသိုး စသည်ခေါ်သကဲ့သို့ဖြစ်၏။

မသိုးသင်္ကန်းရက်လုပ်ကြပုံမှာ တန်ဆောင်မုန်းလဆန်း (၁၄) ရက်နေ့ နေဝင်သည်နှင့်တစ်ပြိုင်နက် လူအများကို ဖိတ်ကြားပြီး ဝါစေ့ကို စတီသဘော ကြပက်ကြရ၏။ ထို့နောက် ဝါကိုကောက်ပြီး ဝါဖန်ကြ၏၊ ဝါကြိတ်ကြ၏။ ရသော ဝါဂွမ်းကို ဖတ်ကြရ၏။ ဂွမ်းဖတ်ကိုဗိုင်းထောင့်လိပ်ကြပြန်၏။ ဗိုင်းထောင့်ကို ချည်ငင်ကြ၏၊ ချည်ခင်ကို ယောက်ကြ၏။ ယောက်ပြီး ချည်ခင်ကို ချည်းဆိုးအစာတင်ပြီးလျှင် မီးတွင်လှန်းကြ၏။ သွေ့ခြောက်သော ချည်ကို ရက်ဖောက်ကြပြီး ရက်ကန်းရက်ကြ၏။ ဤအဆင့်ဆင့်သော လုပ်ငန်းများကို စေတနာရှင်များ စုပေါင်း၍ တစ်ယောက်တစ်လက်ဆိုသကဲ့သို့ ဆက်တိုက် ကြိုးပမ်းကြ၏။



ထို့နောက် ယက်ကန်းစင်သို့တင်ကာ အရုဏ်မတက်မီ သင်္ကန်းအဖြစ်ရောက်အောင် တပျော်တပါး စုပေါင်းအင်အားဖြင့် ရက်လုပ်ကြ၏။ မသိုးသင်္ကန်းရက်လှူပွဲသည် ပျော်ပျော်ရွှင်ရွှင် နေချင်လေ့ရှိသော မြန်မာတို့၏ ပင်ကိုစိတ်တွင် ထက်သန်သည့် ကုသိုလ်စေတနာ ယှဉ်တွဲပေါင်းစပ်လိုက်ရာမှ ဗုဒ္ဓယဉ်ကျေးမှု ပွဲတော်ကြီးတစ်ရပ်ပင်ဖြစ်၏။

## ပံသုကူသက်န်း

ပံသုကူပစ်ပွဲသည် တန်ဆောင်မုန်းလ၏ ပွဲတစ်ပွဲဖြစ်၏။ အခြားသော ပွဲများကဲ့သို့ လူစုလူဝေးဖြင့် ထင်ထင်ရှားရှား ကျင်းပပြုလုပ်သော ပွဲမျိုးမဟုတ်၊ လူအများကွယ်ရာတွင်ဖြစ်စေ၊ ညမှောင်ချိန်တွင်ဖြစ်စေ သင်္ကန်းစသော သံဃာ့အသုံးအဆောင် ပစ္စည်းများကို တိတ်တဆိတ် စွန့်ပစ်လှူဒါန်းကြသော ပွဲမျိုးဖြစ်၏။ အခမ်းအနားဖြင့်ကျင်းပသည့်ပွဲမျိုးမဟုတ်၊ ရှေးအခါက ပံသုကူပစ်၍ လှူဒါန်းသူ အလွန်များသဖြင့် အများပြုလုပ်သည်ကို စွဲပြီး ပံသုကူပစ်ပွဲဟုခေါ်၏။

ဗုဒ္ဓဘာသာ၏ ကျင့်စဉ်ဓမ္မများဖြစ်သော ဓုတင် ၁၃-ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့် ပံသုကူဓုတင်ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာသောပွဲဖြစ်၏။ ပံသုကူ၏မူလအမည်မှာ ပံသုကူလဟူသော ပါဠိပုဒ်ဖြစ်၏။ ထိုပါဠိမှ ပံသုကူဟုလည်းကောင်း၊ ပုံ့သကူဟုလည်းကောင်း မြန်မာမှု ဖြစ်ပေါ်လာ၏။ ပံသုကူလ၏ ရင်းမြစ်အဓိပ္ပာယ်မှာ မြေမှုန့်ဖုန်မှုန့်များအပေါ်တွင် မြစ်ကမ်းသဖွယ်

မြင့်တက်နေသော အဝတ်ပိုင်းဟု ဆိုလို၏။ (ပံသု - မြေမှုန့်ဖုန်မှုန့် + ကုလ - မြစ်ကမ်းသဖွယ်မြင့် တက်သော အဝတ်ပိုင်း) ကမ်းသည် မြစ်ရေအထက်တွင် မြင့်တက်နေသကဲ့သို့ ဤအဝတ်ပိုင်းသည်လည်း ကုန်းမြေအထက်တွင် မြင့်တက်နေလေရာ မြင့်တက်ပုံချင်းတူ၍ မြစ်ကမ်းနှင့် ဥပမာပြုထားခြင်းဖြစ်၏။ တစ်နည်း မြေမှုန့်ဖုန်မှုန့်များ လိမ်းကပ်နေသောကြောင့် မြေမှုန့်၊ ဖုန်မှုန့်များပမာ စက်ဆုပ်ရွံရှာဖွယ်ရာအဖြစ်သို့ ရောက်နေသော အဝတ်ပိုင်းဖြစ်သည်ဟုလည်း ဖွင့်ဆိုကြသေး၏။ ပံသုကူစုတင် အကျင့်ဆိုသည်မှာ ဒကာ၊ ဒကာမများကတိုက်ရိုက်လှူဒါန်းသော သင်္ကန်းကို ပယ်ပြီး အမှိုက်ပုံစသော လူတို့စွန့်ပစ်ထားသော အဝတ်များကို ကောက်ယူစုဆောင်း၍ ချုပ်စပ်သည့် သင်္ကန်းကိုသာ ဝတ်ရုံခြင်းဖြစ်၏။

တစ်စုံတစ်ခုသော ပိုင်ရှင်မဲ့ပစ္စည်းကိုဖြစ်စေ၊ မိမိလုံ့လ ပယောဂမပါဘဲ အလိုအလျောက် ဖြစ်ပေါ်လာသည့် အမဲသားငါး စသောပစ္စည်းတို့ကိုဖြစ်စေ ပံ့သကူဟု မြန်မာလူမျိုးတို့ ခေါ်ဝေါ်ကြ၏။ ယင်းပံ့သကူကို ပင့်သကူဟုလည်းကောင်း၊ ပင့်တကူဟု လည်းကောင်း ပြောဆိုရေးသားကြ၏။ (ပံသု - မြေမှုန့်ပမာ + ကု - စက်ဆုပ်ရွံရှာဖွယ်အဖြစ်သို့ + ဥလရောက်သည့်အဝတ်ပိုင်း)။

ပံသုကူသင်္ကန်းသည်ဆိုသည်မှာ အမှိုက်ပုံ၊ သုသာန်သချိုင်း စသည်တို့တွင် စွန့်ပစ်ထားသည့် မြေမှုန့်၊ ဖုန်မှုန့်ပမာ စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အဝတ်ပိုင်းများကို ကောက်ယူ လျှော်ဖွတ်ပြီး ဖာထေးချုပ်စပ်ထားသော သင်္ကန်းပင်ဖြစ်၏။



မြန်မာနိုင်ငံတွင် ပံသုကူပစ်ပွဲ ဖြစ်ပွားထွန်းကားသော အချိန်တွင် မြန်မာလူမျိုးတို့သည် ဒွံစုံ ( အပေါ်ရုံ+ခါးဝတ်) ကို ဖြစ်စေ၊ နှစ်ထပ် (ဒုကုဋ် - ဒုဂုဏ်) သင်္ကန်းကြီးကိုဖြစ်စေ၊ အပေါ်ရုံ ကေသီသင်္ကန်းကိုဖြစ်စေ၊ ခါးဝတ်သင်းပိုင်ကိုဖြစ်စေ မိမိတို့ စွမ်းအားရှိသမျှ ပံသုကူပစ်၍ လှူဒါန်းလေ့ရှိ၏။

ပံသုကူကုသိုလ်ရှင်သည် ကျောင်းတိုက်အတွင်း သံဃာများ သွားလာလေ့ရှိသော (ဝါ) သံဃာများ မြင်နိုင်တွေ့နိုင်လောက်သော သိမ်၊ ဘုရားကျောင်း၊ ကုဋီ၊ နတ်လမ်းနှင့် ကျောင်းဝင်ဝ စသော နေရာတို့၌လည်းကောင်း၊ ကျောင်းတိုက်အပြင်ဘက်၌သော်လည်းကောင်း ညမှောင်ချိန်တွင် စွန့်ပစ်ထားလေ့ရှိ၏။

ထိုသို့စွန့်ပစ်လှူဒါန်းထားသော သင်္ကန်းစသည်တို့ကို ပထမဆုံး တွေ့ရှိသည့် သံဃာက ပံသုကူအဖြစ် ကောက်ယူတော်မူ၏။ ပထမတွင် ပံ့သုကူဆောင် သံဃာများအတွက် စွန့်ပစ်လှူဒါန်း လေ့ရှိ၏။ ပံသုကူစုတင်ဆောင် သံဃာများမရှိသလောက် ရှားပါးလာသော နောက်ပိုင်းခေတ်တွင် ပံသုကူဆောင် မဆောင် မရွေးချယ်တော့ဘဲ "ဦးစွာတွေ့ရှိသော သံဃာကောက်ပါစေ" ဟူသော ရည်မှန်းချက် စေတနာမွန်ဖြင့် စွန့်ပစ်လှူဒါန်းကြ၏။

နောက်ပိုင်းတွင် ပံသုကူကုသိုလ်ရှင်သည် သင်္ကန်းကို သာမဟုတ်၊ ထီး၊ ဖိနပ်၊ သပိတ်၊ သေတ္တာ၊ ကော်ဇော၊ အိပ်ရာခင်း၊ လက်ကိုင်ပဝါ၊ မျက်နှာသုတ်ပဝါစသော သံဃာအသုံး အဆောင် ပစ္စည်းများကို ပံသုကူပစ်ကာ တိုးချဲ့လှူဒါန်းလာကြ၏။ အချို့က

သပိတ်ချည်းသက်သက် မပစ်ဘဲ သပိတ်ထဲတွင် မွှန်မြတ်သောဆွမ်းနှင့်ဟင်းတို့ကို အပြည့်ထည့်ကာ ပံသုကူပစ်ကြသည်ကို တွေ့ရ၏။

ပံသုကူဒါနရှင်တို့သည် မိမိတို့ပံသုကူဒါန၏ အယုတ်အမြတ်အလိုက်ထိုက်သလို အကျိုးတရားများကို ရရှိ၏။ အယုတ်သဖြင့်ဘဝတိုင်းဘဝတိုင်းတို့၌ ဉာဏ်ပညာကြီးခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း၊ ခွန်အားကြီးခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်းစသော အကျိုးတရားများအပြင် ပဒေသရာဇ်၊ ကေရာဇ်၊ စကြာမင်း၊ သိကြားမင်းစသော လောကီစည်းစိမ် အမျိုးမျိုးတို့ကို အကြိမ်ပေါင်းများစွာ ခံစားစံစားရ၍ နောက်ဆုံးဘဝတွင် ဟေဟိဘိက္ခုရဟန္တာဖြစ်နိုင်ကြောင်း ဘုရားရှင်ဟောထားခဲ့၏။

## ဆီမီးထွန်းပွဲတော်

တန်ဆောင်တိုင်ဆီမီးထွန်းပွဲတော်၏ အစမူလ မြစ်ဖျားခံရာပွဲမှာ နက္ခတ်ပွဲသဘင်ဖြစ်၏။ တန်ဆောင်တိုင်ပွဲတော်သည် ဗုဒ္ဓဘာသာမှာ ဆင်းသက်လာသော ဘာသာရေးပွဲတော် မဟုတ်လောကီပျော်မှု ရွှင်မှုတို့ကို ပိုမိုအလေးပေးထားသော နတ်ပူဇော်ပွဲတစ်မျိုးသာ ဖြစ်၏။

နက္ခတ်ပွဲသဘင်မှာ ဗုဒ္ဓမပွင့်မီ နှစ်ပေါင်းထောင်ပေါင်းများစွာကပင် ထွန်းကားခဲ့သော ပွဲတော်ဖြစ်၏။အမှန်စင်စစ် ယင်းပွဲတော်သည် အစဉ်အလာအားဖြင့် ရှေးမင်းအဆက်ဆက်တို့ နှစ်စဉ်ကျင်းပမြဲဖြစ်သော မီးထွန်းပွဲဖြစ်ကြောင်း ဇာတ်နိပါတ်တော်များတွင် တွေ့ရ၏။ ဤလ ဤရက်တွင် ရှေးဘုရင် ကေရာဇ်တို့သည်



ဆီမီးရောင်ရှိန် တထိန်ထိန်ထွန်းညှိခြင်းဖြင့် တန်ဆောင်တိုင်နက္ခတ်ပွဲကို ခြိမ့်ခြိမ့်သဲ ကျင်းပဆင်နွှဲခဲ့ကြ၏။ ဆီမီးထွန်းပွဲသည်ပင်ယခင်က ကြတ္တိကာနက္ခတ်အတွက် ဖြစ်ခဲ့သည်။ ယခုအခါ ဘုရားမြတ်စွာကို ရည်မျှော်ကာ ပူဇော်ကြခြင်းဖြစ်၏။

x x x x x

# နတ်တော်လနှင့်
# နတ်ပွဲတော်

"ရှုလေတိုင်းကိုတဲ့ဝေမှိုင်းငယ်ဖြာဖြာ၊လေညင်းငယ်လာသည်၊
ဖော်မပါ တူမစုံလို့၊ လွှာခြုံပြီးပြန်တော့တယ်လေး။
ဆယ့်နှစ်ဖြာငယ်၊ ရာသီမနေ၊ ရွှေဟသာ်လဲ၊ တာရာပြုလို့၊
ဇေယျုငယ်ပြဟွာ၊ ဟေမ္တာမို့၊ မဟာပိန္န၊ နတ်မင်းပွဲမှာ၊
ကျွေးမြပူဇော်၊ လ-နတ်တော်ကို၊ ရှုမြော်တိမ်ဆီ၊ မိဂသီလဲ့၊
ခါညီမွှန်းလယ်၊ ထွန်းရောင်ခြည်ခြယ်သောခါ၊ နတ်ရွှေဝ
ဥကင်မှာ၊ ဂမုန်းအင် သဇင်မင်းငယ်က၊ သင်းလှတယ်လေး"

(မဟာအတုလမင်းကြီး၏
ဆယ့်နှစ်ရာသီ နတ်တော်လ လွမ်းချင်း)

## နတ်တော်လ

နတ်တော်လသည် မြန်မာလတစ်ဆယ့်နှစ်လတွင် နဝမလ ဖြစ်၏။ နတ်တော်လကို ပုဂံခေတ်ထိုးကျောက်စာတို့တွင် နတ္တာဝ်၊ နတ်တာဝ်၊ နတ္တဝ်၊ နတ်တင်ဟု အမျိုးမျိုးရေးထိုးခဲ့ကြ၏။ အဓိပ္ပာယ်မှာ နတ်များကို ပူဇော်ပသသောလဟုဆို၏။





နတ်တော်လဟူသည် နတ်ကိုအကြောင်းပြု၍ ပေါ်ပေါက်လာသည်ဆို၏။ ဤလတွင် နတ်တို့ပျော်မြူးလေ့ရှိ၍ "နတ်ပျော်လ" ဟု ခေါ်ဆိုရာမှ နတ်တော်လ ဖြစ်လာသည်ဆို၏။

ဤလတွင် ရက် ၂၉ ရက်ရှိ၏။ နာရီအားဖြင့် နေ့ ၂၆ နာရီဖြစ်၏။ ညဥ့် ၃၄ နာရီဖြစ်၏။ နေ့တာ တို၏။ ညတာရှည်၏။ ဤလကို ရာသီအလို "ဓနု"ခေါ်၏။ မိဂသီနက္ခတ်နှင့် စန်းယှဉ်ပြည့်ကာ ပြုဗ္ဗာသဠ်နက္ခတ်နှင့် နေမင်းတို့ ယှဉ်၏။ ဟသ်ာတာရာထွန်းပ၏။ ရာသီရုပ်မှာ အထက်ပိုင်းလူ၊ အောက်ပိုင်းမြင်းပုံသဏ္ဌာန်ရှိပြီး လေးလက်နက်စွဲကိုင်ထားသော ယောကျာ်းရုပ်ဖြစ်၏။ တချို့က ရှေ့ပိုင်းလူ နောက်ပိုင်းမြင်းသဏ္ဌာန်ရှိသည်ဟု ယူဆကြ၏။

နတ်တော်လ၏ ရာသီပန်းမှာ သဇင်နှင့် ဂမုန်းပန်းဖြစ်၏။ အချို့က နတ်တော်လတွင် ပွင့်သော နတ်ပန်းဟု အယူရှိ၏။ သဇင်ပန်းသည် တောတောင်အတွင်း၌သာ ပေါက်၍ တောတွင်းပန်းဖြစ်၏။ သို့သော် ထီးသုံးနန်းသုံးဖြစ်၍ တော်ဝင်ပန်းဟုသတ်မှတ်ကြ၏။ ရှေးခေတ်ကဆိုလျှင် သဇင်ပန်းကို နန်းတော်သူ၊ နန်းတော်သားတို့ အသုံးပြုပြီးမှ ပြည်သူလူထုက ဆွတ်ယူပန်ဆင်ခွင့်ရှိ၏။ ယခုအချိန်တွင် သဇင်ပန်းသည် ပြည်သူအားလုံးနှင့် သက်ဆိုင်သောပန်း ဖြစ်နေ၏။

"နတ်တော်လရောက် ကောက်ဆွပေါက်" ဆိုစကားရှိ၏။ ရိတ်သိမ်းပြီးသော ရွှေဝါရောင်ကောက်လှိုင်းစည်းတို့ကို လှည်းဖြင့်

တိုက်၍ မိမိတို့လုပ်ငန်းခွင်တလင်းသို့အရောက် သယ်ဆောင်ကြ၏၊ ကောက်ဆိုင်းပုံမှသည် ကောက်ပြန့်ခင်း၍ နွား၊ ကျွဲများဖြင့် စပါးနယ်ရ၏၊ နင်းနယ်ပြီးသော ကောက်ပြန့်များကို ကောက်ရိုးတစ်ခြား၊ စပါးတစ်ခြားဖြစ်အောင် လယ်ယာလုပ်သားကြီးတို့က ကောက်ဆွပေးရ၏။

ရှေးခေတ်က စစ်မက်အင်္ဂါပြည့်စုံစေရန် ဆင်တပ်၊ မြင်းတပ်စသည်တို့က အဓိကဖြစ်၏။ ဆင်တပ်၊ မြင်းတပ်ပြည့်စုံသောတိုင်းပြည်က စစ်ရေးစစ်ရာတွင် အသာရရန်များ၏။ ရှေးခေတ်က မြန်မာဘုရင်တို့သည် နတ်တော်လတွင် ဆင်ဖမ်းပွဲကို တခမ်းတနားကျင်းပခဲ့ကြောင်းကို တောင်ငူခေတ်စာဆိုအကျော် တစ်ဦးဖြစ်သော မင်းရဲဒေယျရဇ္ဇမိတ်က ဖွဲ့ဆိုခဲ့၏။

နတ်တော်လတွင် ရှေးမြန်မာဘုရင်တို့သည် စစ်ဖက်၊ စာပေဖက်၊ အုပ်ချုပ်ရေးဖက်တွင် ထူးချွန်သောပညာရှင်များ မင်းညီမင်းသား မှူးမတ်စသည်တို့အား ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်လေ့ရှိ၏။ ထိုသို့ တွဲ့နှင်းသဘင်ပွဲ ဆင်ယင် ကျင်းပခြင်းဖြင့် နိုင်ငံတော်တွင် စစ်သူရဲကောင်း၊ စာပေ သူရဲကောင်း၊ အုပ်ချုပ်စီမံမှု ထူးချွန်သူများ ထွက်ပေါ်လာအောင် ဖန်တီးပေးရာရောက်သဖြင့် တိုင်းပြည်အတွက် အကျိုးရှိသော ပွဲတော်မျိုးဖြစ်၏။

## နတ်တော်လအဓိပ္ပာယ်

ထိုလတွင် နတ်များကို ပူဇော်ပသလေ့ရှိ၏။ ၎င်းသည်ကို အစွဲပြုပြီး မြန်မာမှုတွင် "နတ်တော်လ" ဟု အနုတ္တသညာ ခေါ်ဝေါ်သမုတ်ခဲ့ကြခြင်းဖြစ်၏။ နတ်တော်လတွင် နတ်ဟူသော



ဝေါဟာရသည် ပါဠိဘာသာနာထပုဒ်မှ ဆင်းသက်လာသော ပါဠိသက်ဝေါဟာရ ဖြစ်သည်။ (နာတ-နာထ်-နာတ်-နတ်) အဓိပ္ပာယ်မှာ ကိုးကွယ်ရာ ဆိုလို၏။

တော်ဟူသော ပေါရာဏစကားမှာ "အိုးကြီးဒေါမား၊ တော်ကားအရှင်" ဟူသော ပေါရာဏလင်္ကာအရ အရှင်သခင် ကြီးကဲသူ၊ မြင့်မြတ်သူဟု အဓိပ္ပာယ်ရ၏။ မြန်မာစာပေတွင် ရတနာသုံးပါးနှင့်သော်လည်းကောင်း၊ မင်းမိဖုရားနှင့်သော်လည်းကောင်း စပ်လျဉ်းရာ၌ "တော်" ကို သုံးလေ့သုံးထရှိ၏။ ထို့ကြောင့် နတ်တော်လဟူသည် အရှင်နတ်မင်း (နတ်တော်) များကို ပူဇော်ပသသောလဟု ဆိုလို၏။

ဝေါဟာရလီနတ္ထဒီပနီဆရာကြီးက ပူဇော်ပသသော နတ်တော်အကြောင်းကို နှစ်မျိုးဖွင့်ဆိုထား၏။ ပထမတွင် "ဂေါဇာနေမင်း ပြိတ္တာချင်း၍" အစချီသော တိတကာရီကျမ်းလင်္ကာကို ကိုးကား၍ လည်းကောင်း၊ "သဇင်ပွင့်ပေါ်၊ လနတ်တော်ကား ပူဇော်ကြီးစွာ၊ မင်းဆရာတို့၊ မဟာပိန္နဲ၊ ရွှေညဲကြည်ငင်" ဟူသော ဦးအောင်ကြီး၏ ဆယ့်နှစ်ရာသီ လူးတားကိုထောက်၍လည်းကောင်း ကမ္ဘာဦး ကာလက နတ်တော်လတွင် မဟာပိန္နဲနတ်မင်းကို ပူဇော်ပသလေ့ ရှိကြသည်ဟု ဖွင့်ဆို၏။

တစ်ဖန် ပုဂံခေတ်သေလည်ကြောင်မင်းလက်ထက်မှစပြီး ပုဂံမင်း အဆက်ဆက်တို့သည် မဟာဂီရိ နတ်မောင်နှမကို ပုပ္ပားတောင်သို့ တက်ပြီး နှစ်စဉ်ပူဇော်ပသလေ့ရှိသည်ဟု

နောက်တစ်မျိုးက ပြဆိုပြန်၏။ ယင်းပြဆိုချက်များအရ နတ်ပူဇော်ပွဲကျင်းပသောလ ဖြစ်သောကြောင့် ဤလကို မြန်မာမှုတွင် နတ်တော်လဟု အမည်ပေးခဲ့ကြခြင်း ဖြစ်၏။

## မဟာဂီရိနတ်ပွဲ

မြန်မာလူမျိုးအများစု၏အိမ်တွင် ကြွက်မြီးပါသော အုန်းသီး၌ ရှာနီရှာဖြူတို့ကိုပတ်၍ ကိုးကွယ်သည့် နတ်မောင်နှမဖြစ်၏။ ထိုနတ်မောင်နှမကို "အိမ်တွင်းနတ်" ဟူ၍ခေါ်၏။ ယင်းနတ်မောင်နှမ အနက် မောင်တော်နတ်အား ပုပ္ပားတောင်ကြီး၌ ကနားရ၏။ ထိုတောင်ကြီး၌ ပင့်နေသည်ကိုစွဲပြီး တောင်ကြီးဟော ပါဠိ ဘာသာဖြင့် မဟာဂီရိ (မဟာ - ကြီးသော + ဂီရိ - တောင်) ဟုလည်းကောင်း၊ နှမတော်နတ်အား မြန်မာဘာသာဖြင့် တောင်ကြီးရှင်ဟု လည်းကောင်းခေါ်ကြ၏။

ထိုနတ်မောင်နှမအကြောင်းမှာ ရှေးအခါက တကောင်းပြည်တွင် ပန်းပဲမောင်တင့်ထော်၌ မောင်တင့်တယ်ခေါ်သော သားတစ်ယောက်ရှိ၏။ မောင်တင့်တယ်သည် ငယ်စဉ်ကပင် ဆန်တစလယ်ချက်၊ တစ်ခွက်ချက်စသည်ဖြင့် တိုး၍တိုး၍ စားသောက်လာခဲ့၏။ ဆယ့်ခြောက်နှစ်သားအရွယ်တွင် ဆန်တစ်စိတ်ချက် ထမင်းကိုပင် ကုန်အောင်စားနိုင်၏။ အင်အား ကောင်းလွန်း၍ ဆင်စွယ်ကိုပင် ချိုးနိုင်သည့်ပြင် ဆင်ပြောင်ကြီးကိုပင်ချီ၍ ပစ်နိုင်၏။ လုံးပတ်ထွားဆိုင် အလျားလေးတောင်ရှိသော



သံချောင်းကြီးကို ဦးခေါင်းပေါ်တင်ပြီး လက်နှစ်ဘက်ဖြင့် ဆွဲသော် လောက်လေးကိုင်း ကဲ့သို့ ကွေးညွတ်လာသည်ဆို၏။

ထိုသတင်းကို တကောင်းဘုရင်ကြား၏။ ရွှေနန်းစည်းစိမ်ကို လုယူမည်စိုး၏။ ထို့ကြောင့် မောင်တင့်တယ်ကို ဖမ်းဆီးသတ်ပစ်ရန် အမတ်တို့ကို အမိန့်ပေး၏။ မောင်တင့်တယ်မှာ အသက်ဘေးမှလွတ်ရန် တောကြီးထဲသို့ ထွက်ပြေးပုန်းအောင်းနေရရှာ၏။

မင်းကြီးသည် မောင်တင့်တယ်၏နှမကို သိမ်းပိုက်ပြီး မိဖုရားမြှောက်၏။ ကာလအတန်ကြာသော် မင်းကြီးက ပရိယာယ်ဖြင့် မောင်တင့်တယ်အားခေါ်ရန် အမိန့်ပေး၏။ မိဖုရားသည် မင်းကြီးစကားကိုယုံကြည်၍ သူ့မောင်ကိုခေါ်ယူခဲ့၏။ မောင်တင့်တယ်သည် မင်းပရိယာယ်ကို နားမလည်ရှာ၍ တကယ်ထင်မှတ်ပြီး လိုက်လာခဲ့၏။

မင်းကြီးသည် ဥပါယ်တမျဉ်ဖြင့် မောင်တင့်တယ်အား စကားပင် တွင်ချည်ပြီး ဖိုကျင်ထိုးသတ်စေ၏။ ထိုအခါ မိဖုရားက ငါ့မောင်သည် ငါ့ကြောင့်သေရသည်ဟုဆိုပြီး မီးထဲသို့ခုန်ဆင်းကာ မောင်နှင့်အတူ အသေခံလိုက်၏။ မင်းကြီးသည် ဆံထုံးကို ဆွဲလိုက်၏၊ တကိုယ်လုံး မီးလောင်ကျွမ်းနေပြီဖြစ်၍ ခေါင်းနှင့် မျက်နှာကိုသာ ရလိုက်၏

၎င်းတို့မောင်နှမသည် နတ်ဖြစ်ပြီး စကားပင်တွင်ပင် နေကြရ၏။ ထိုစကားပင်အောက်သို့ ရောက်လာသော လူသူဆင်မြင်း၊

ကျွဲနွားအားလုံး သေဆုံးလေ့ရှိ၏။ ထို့ကြောင့် ဘုရင့်အမိန့်အရ စကားပင်ကို အမြစ်ကတူးပြီး ဧရာဝတီမြစ်တွင် မျှောလိုက်၏။ စကားပင်သည် အခက်အလက်များပြတ်၍ ဧရာဝတီမြစ်စဉ်အတိုင်း မျှောလာ၏။ ညောင်ဦးမြို့ဆိပ်ကမ်းတွင် ပင်စည်ချည်းတင်၏။

ထိုအချိန်တွင် ပုဂံပြည်တွင် သေလည်ကြောင်မင်းစိုးစံနေသော အချိန်ဖြစ်၏။ တကောင်းမှမျှောလာသော စကားပင် ညောင်ဦးဆိပ်ကမ်းတွင် တင်သည့်နေ့၌ မင်းကြီးသည် ထိုစကားပင်ကို နတ်မောင်နှမအရုပ်ထုလုပ်၍ ကိုးကွယ်ရမည်ဟု အိပ်မက်မြင်မက်၏။ ထိုအခါ မင်းကြီးသည် အိပ်မက်အတိုင်း စကားတုံးကို သယ်ယူ၍ နတ်မောင်နှမအရုပ်ထုလုပ်ပြီး ပုပ္ပားတောင်တွင် ထား၏။

နတ်တော်လသို့ရောက်လျှင် မင်းမိဖုရား၊ မှူးမတ်ဗိုလ်ပါများနှင့်အတူ ပုဂံပြည်သူ ညောင်သားအပေါင်းတို့သည် ပုပ္ပားတောင်သို့ တက်ပြီး ကျွဲဖြူ၊ နွားဖြူ၊ ဆိတ်ဖြူ၊ ကြက်ဖြူ၊ သေရည်သေရက်စားပွဲများဖြင့် ပူဇော်ပသကြ၏။ ထိုအခါ နတ်မင်းနှစ်ပါးသည် နှစ်လိုဝမ်းသာစွာ စကားပြောသည်ဆို၏။ ထိုမင်းလက်ထက်မှစ၍ ပုဂံမင်းအဆက်ဆက်တို့သည် ပုပ္ပားတောင်သို့ တက်ပြီး မဟာဂိရိနတ်ပူဇော်ပွဲကို နှစ်စဉ်ကျင်းပ ပြုလုပ်လေ့ရှိ၏။

မှန်နန်းမဟာရာဇဝင်တော်ကြီးကို ထောက်ရှု၍ မဟာဂိရိနတ်သည် ပင်းယခေတ်၌ နန်းတွင်းနတ်အဖြစ် အရေးပါကြောင်း သိရှိရ၏။ မြန်မာနိုင်ငံတွင် နတ်ကိုးကွယ်မှုများသည် တစ်ခါတစ်ရံ တစ်ဖက်စွန်းသို့ ရောက်လာတတ်၏။ ထို့ကြောင့် မြန်မာဘုရင်



မင်းကောင်းမင်းမြတ်တို့သည် မင်းအာဏာဖြင့် နှိမ်နင်းခဲ့ကြရသည်ကို မြန်မာ့သမိုင်းများတွင် တွေ့ရှိရ၏။

အနော်ရထာမင်းလက်ထက်တွင် လူတို့သည် မိမိတို့၏ အိမ်ရှေ့တွင် နတ်အိမ်ငယ်များ ဆောက်လုပ်၍ နတ်ရုပ်များသွင်းကာ နေ့စဉ်အစားအစာများကိုတင်၍ ပူဇော်လေ့ရှိ၏။ ထိုအချိန်တွင် မင်းမဟာဂိရိနတ်မောင်နှမတို့ ထင်ရှားခေတ်စားနေချိန်ဖြစ်၏။ အနော်ရထာမင်းသည် မင်းမိန့်ဖြင့် ထိုနတ်အိမ်များကို ဖျက်စေ၍ ပုဂံသူ ပုဂံသားတို့သည် မင်းမိန့်ကို မတော်လှန်ကြပေ။ နတ်ရုပ်တို့ကို သံကြိုးဖြင့်ချည်တွဲကာ ပုဂံရွှေစည်းခုံဘုရား တစ်နေရာ၌ စုထားစေ၏။ ယခုတိုင် ဘုရားရင်ပြင်တော်၏ တစ်ထောင့်တွင် ၃၇ မင်းနတ်ရုပ်များရှိ၏။

မိမိတို့အိမ်တွင်း၌ အုန်းသီးများဆွဲကာ နတ်တို့၏ ကိုယ်စား အဖြစ်လည်းကောင်း၊ ပူဇော်ပသခြင်းအဖြစ်ဖြင့်လည်းကောင်း ကိုးကွယ်ထားကြ၏။ ယင်းအချိန်မှစပြီး မဟာဂိရိနတ်သည် အိမ်တွင်းသို့ ရောက်သွားဟန်ရှိ၏။

အိမ်တွင်းတွင် အုန်းသီးချိတ်ဆွဲ၍ ကိုးကွယ်သောနတ်ကို အိမ်တွင်းမင်းမဟာဂိရိဟု ခေါ်ဆိုနေ၏။ အုန်းသီးစိမ်းကို နတ်အုန်းသီးအဖြစ် တင်မြှောက်ပသခြင်းဖြစ်၏။ မဟာဂိရိနတ်မှာ စကားပင်တွင် ချည်နှောင်၍ ဖိုကျင်းထိုးပြီး အသတ်ခံရ၏။ ထို့ကြောင့် မီးကိုအလိုမရှိ၊ မီးရောင်ကိုပင် အမြင်မခံလို၊ မီးရောင် မထိအောင် ကာဆီးထားရ၏။ အုန်းသီးစိမ်းရေသည် မီးလောင်

ခံရသူတို့ကို အပူသက်သာစေ၏။ ယင်းအဓိပ္ပာယ်ဖြင့် မဟာဂီရိနတ်ကို အုန်းသီးစိမ်းဖြင့် ပူဇော်ပသထားခြင်းဖြစ်၏။ ရှာနီရှာဖြူမှာ နတ်ခေါင်းပေါင်းများအဖြစ် ပူဇော်ထားသော နတ်အသုံးအဆောင်များဖြစ်၏။

ဘုရင့်နောင်လက်ထက်တွင် နတ်ကိုးကွယ်ပသမှုတို့သည် အလွန်ကြမ်းတမ်းလာ၏။ မင်းမိန့်ဖြင့် နှိမ်နင်းတားမြစ် ဖျက်ဆီးယူရ၏။ ထိုအချိန်မှစပြီး မဟာဂီရိနတ်မောင်နှမသည် သက်သက်လွတ်ဘောဇဉ် အာဟာရများဖြင့် ပူဇော်ပသရ၏။ နောက်ပိုင်းတွင် နတ်တော်လ၌ မဟာဂီရိနတ်မောင်နှမအား ပူဇော်ပသမှုသည် တစစကွယ်ပသွား၏။

မြန်မာဘုရင်များသည် နတ်တော်လကျရောက်သောအခါ မဟာပိန္နဲနတ်ကိုသာ ရထားတင်ဆွဲစေပြီး ပူဇော်ပသကြ၏။ ဒုတိယအင်းဝခေတ်ဦးပိုင်း နတ်တော်လတွင် မဟာဂီရိနတ်ပွဲအစား မဟာပိန္နဲနတ်ပွဲကို ရာသီပွဲအဖြစ် ပြောင်းလဲကျင်းပသည်ဟု ခန့်မှန်းရ၏။

## မဟာပိန္နဲနတ်ပူဇော်ပွဲ

မဟာပိန္နဲနတ်မင်းသည် နတ်ကြီးငါးပါးတွင် တစ်ပါးအပါအဝင် ဖြစ်သော ပရမီသွာ နတ်မင်းကြီး၏ မိဖုရားဟာရိနီမည်သော ဥမ္မာဒေဝီတွင် ဖွားမြင်သောသားဖြစ်၏။ ဖခင် ပရမီသွာနတ်မင်း နှင့်တူ၏။ ကွဲပြားခြားနားစေလို၍ လည်ပင်းတွင် ဆည်းလည်း ဆွဲထား၏။ စန္ဒကုမာရဟုလည်းခေါ်၏။



ဥဒေါင်းယာဉ်ကိုစီး၏။ ဇမ္ဗူဒီပါ တောင်မျက်နှာအရပ်တွင်လည်းကောင်း၊ မြောက်မျက်နှာ အရပ်ဖြစ်သော စိန့်တိုင်းတွင်လည်းကောင်း နေသည်ဟု လောကပညတ္တိကျမ်း၌ ဆို၏။ တန်ဆောင်မုန်းလတွင် မွေးဖွား၍ အစွယ်တစ်ချောင်းရှိကြောင်း၊ ဆင်မျက်နှာနှင့်တူကြောင်း၊ လုံ့လက်နက်စွဲကိုင်ကြောင်း၊ ဥဒေါင်းယာဉ်ရှိကြောင်း၊ နတ်စစ်သူကြီးဖြစ်ကြောင်း၊ သက္ကတအဘိဓာန်၌ဖွင့်ကြ၏။ အမရကောသ အဘိဓာန်ကျမ်းတွင် မဟာပိန္နဲနတ်၏ အမည်များကို ဝိနာယကစသည်ဖြင့် ရှစ်မျိုးပြဆိုထား၏။

မြန်မာနိုင်ငံတွင် ပဒေသရာဇ်ခေတ်က နတ်တော်လရောက်သည့်အခါ မင်းနှင့်တကွ ပြည်သူတို့သည် ပွဲတော်ကျင်းပကာ မဟာပိန္နဲနတ်မင်းကို တခမ်းတနား ပူဇော်ပသလေ့ရှိ၏။

နတ်တော်လဆန်း ၁၃ ရက်နေ့တွင် မဟာပိန္နဲနတ်ရုပ်ထုအစဉ်ထားသောဇရပ်တွင် အတီးအမှုတ်၊ အကအခုန်တို့ဖြင့် သဘင်ခံကြ၏။ နတ်တော်လပြည့်နေ့ ရောက်သည့်အခါ မဟာပိန္နဲနတ်ရုပ်ထုတော်ကို အဖိုးတန်ရတနာများဖြင့် စီခြယ်ထားသော ပြာသာဒ်တင်ဒေါင်းယာဉ်ပျံပေါ်သို့တင်၍ နန်းတော်ထဲသို့ ပင့်ဆောင်ကြ၏။

နန်းတော်ထဲတွင် ဘုရင်နှင့်တကွ နန်းတော်သူ၊ နန်းတော်သားတို့က နွားနို့ထောပတ်စသော အချိုအဆိမ့်တို့ဖြင့် ပူဇော်ပသ၏။ ရွှေငွေစသော ရတနာများကိုလည်း နတ်ပွဲတွင် ဖြန့်ကြလှူဒါန်း၏။ တိုင်းပြည်သာယာဝပြောရန်အကြောင်း ဆုမွန်

ကောင်းများကိုလည်း တောင်း၏၊ လပြည့်ကျော်တစ်ရက်နေ့တွင် မင်းညီမင်းသား၊ မင်းမြေး၊ မှူးမတ်တို့ အိမ်များသို့ လှည့်လည်ပင့်ဆောင်၏၊ အပူဇော်ခံစေ၏၊

ဆိုးတော်မင်းတရား မေးလျှောက်၍ ပထမမောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီးဖြေဆိုတော်မူသည့် အမေးတော်ဖြေကျမ်းတွင် မဟာပိန္နဲနတ်ပူဇော်နည်းကို ပဉ္စဒေဝတာကျမ်း၊ တန္တြသာရကျမ်းတို့နှင့်အညီ ဤသို့ပြဆိုထား၏။

ဖျင်ပုဆိုးတွင် ပွင့်ချပ်ရှစ်ခု၊ ဝတ်မှုန်ရှစ်ဆံပါသော ပဒုမ္မာကြာကိုရေးပြီး ယင်းအချပ်ရှစ်ခုနှင့် အလယ်ဝတ်မှုန်တွင် မန္တန်ကိုးပါးကိုချပြီး ဒေါင်းယာဉ်ပုံရထားပေါ်တွင် ထိုပုဆိုးကိုခင်းရ၏။ ပုဏ္ဏားရှစ်ယောက်က အရပ်ရှစ်မျက်နှာ၌ အသီးသီး ရပ်လျက် နတ်ပင့်မန္တာန်များကို ရွတ်ဖတ်၍ နတ်ဆင်းထုကို ရထားပေါ် သို့ပင့်ရ၏။

ရထားပေါ်တွင် နေရာချပြီးသောအခါ မန္တန်တိုကလေးများကိုတစ်ပုဒ်ဆီ ရွတ်ဖတ်ပြန်၍ ခြေဆေးရေ၊ ချိုးရေ၊ သောက်ရေတို့ကို ပသရ၏။ တစ်ဖန် နံ့သာရည်၊ ပန်း၊ ဆီမီး၊ သစ်သီး၊ အချိုအချဉ်၊ နွားနို့ထမင်း၊ အဖျော်များနှင့် ကွမ်းတို့ကို ပူဇော်ရ၏။ ထို့နောက် ပုဏ္ဏား ရှစ်ယောက်တို့က ဂါထာရွတ်ဖတ်ရှိခိုးပြီး ဆုတောင်းဆုပန်ပြုကြရ၏။

ထိုမဟာပိန္နဲပူဇော်ပွဲမှာ မြန်မာ့ရိုးရာပွဲတစ်ခု ဖြစ်သည်။ သို့သော် ဗုဒ္ဓဘာသာ ကျမ်းဂန်များအရ ဖြစ်ပေါ်လာသော (ဝါ)



ဓမ္မကြောင်းနွယ်သည့် မြန်မာ့ယဉ်ကျေးမှုပွဲတော်မျိုး မဟုတ်ပါ။ ဟိန္ဒူ၊ ဗြဟ္မဏ ပုဏ္ဏားတို့က ဘုရင်မင်းမြတ်များ၏ လောကီကျိုးအတွက် သက်သက်ရည်ရွယ်ပြီး လောကီကျမ်းများအရ စီမံခဲ့ကြသော ပူဇော်ပွဲမျိုးသာ ဖြစ်၏။

ဘိုးတော်ဘုရားလက်ထက်က အဂ္ဂမဟာရာဇာဂုရု ဗြဟ္မဏ ပုဏ္ဏားဆရာကြီးက မဟာပိန္နဲနတ်မင်းကို နတ်တော်လတွင် ပူဇော်ပသခြင်းမှာ ရာဇမတ္တဏ်ကျမ်းထွက်နှင့် မညီ၍ တန်ဆောင်မုန်းလထဲ၌ ကျင်းပစေရန် အမိန့်တော်ထုတ်ပေးရန် လျှောက်ထားဖူး၏။ အမေးတော်ဖြေကျမ်းတွင်လည်း မောင်းထောင်သာသနာပိုင်ဆရာတော်ကြီးက တန်ဆောင်မုန်း လပြည့်နေ့တွင် ပူဇော်ပသအပ်သည်ဟု ဘိုးတော်မင်းတရားအား အဆုံးအဖြတ်ပေးခဲ့၏။

ဘုရင်မင်းမြတ်က ဤအတိုင်း အမိန့်ထုတ်ပြန်ရန် သက်ဆိုင်ရာသို့ လွှဲအပ်ခဲ့၏။ သက္ကရာဇ် ၁၁၇၃-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်နေ့တွင် နာခံတော်ဇေယျသင်္ခယာက ယင်းအမိန့်ကို ထုတ်ပြန်လိုက်၏။ ထိုသို့ အမိန့်ထုတ်ပြန်လိုက်သော်လည်း အစဉ်အလာဖြစ်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်၍ ပြည်သူ့ဆန္ဒက နတ်တော်လကိုသာ စွဲလမ်းနေကြသည်။ အမိန့်က တစ်မျိုး၊ ပြည်သူ ပြုလုပ်ပုံမှာ တစ်ဖုံ ဖြစ်နေသည်မှာ ပဒေသရာဇ်ခေတ်ကုန်ဆုံးသည် အထိပင်ဖြစ်၏။

ယခုအချိန်တွင် နတ်တော်လ၌ နတ်ပူဇော်ပွဲများ မရှိကြတော့ပါ။ တောင်းပြုံးနတ်ပွဲ၊ ရတနာ့ဂူနတ်ပွဲ၊ ရိုးရာနတ်ကပွဲများသာ ရှိ၏။ ထိုနတ်ပွဲများမှာ နတ်တော်လရာသီပွဲမှ သီးခြားဖြစ်၏။

x x x x x

## ပြာသိုလနှင့်
## မြင်းခင်းသဘင်ပွဲတော်

မကန်းငွေချာမာလာပြို့သည်ခွာပြာအညီ့သင်းကြည်ကြည်၊
ပြာပြာမချို့နှင့် လည်လည်ဝယ်၊ ညွှင်းလေစည်စည်
ဆော်လှာလိမ့် မစုံသန့်တဲ့၊ ဘုံပြန့်မယ်မှာ၊ လုံအုံ
ဘယ်နှယ်ခြုံထွေး ရှာတတ်လိမ့်။
တောင်ရွှေရုံ့က မှောင်ဟန့်ပြန်သည်၊ ဝဿန့် သဏ္ဍာန်
တူပစိမ့်၊ မတန့်ရကန် မြူအနိမ့်နှင့်၊ ကြူကြူသံအိမ်
ထက်ကာနှောင်၊ ဖုဿျှပုဏ္ဏယုန်ငွေနတ်တို့၊ ဂုဏ်နေဖြိုး
ပြိုင်ထွန်းသာတင့်ဆောင်။ ။ စက်ယာဉ်သွင်းနှင်
မြင်းခင်း ဆောင်တို မင်းမင်း တန်ဆောင် ထွတ်စံသိမ်းလို့၊
အောင်ကိန်း သံညို သျှန္တိမန္တာန်၊ ကြင်းသီဖွဲ့ညံ၊
ဗြဟ္မာဆက်တဲ့ ရက်မြတ်မှန်ဝယ်၊ ‘နက္ခတ်သကြ်န်
ခေါ်မြဲသာပလေး”

(စာရေးတော်ကြီး ဦးမောင်ကလေး၏ ပြာသိုလဖွဲ့
ရှစ်ဆယ်ပေါ် တေးထပ်)

## ပြာသိုလ

ပြာသိုလသည် မြန်မာလတစ်ဆယ့်နှစ်လတို့တွင် ဒသမ မြောက်လဖြစ်၏။

ပြာသိုလကိုပုဂံခေတ်ကျောက်စာတို့၌ ပ္လသေဝ္လဖုသိုပ္လယိုင်ဟူ၍ ရေးသားခဲ့ကြ၏။ ဤ၌ "ပ" သဒ္ဒါသည် တောက်လောင် ထွန်းညီ ခြင်းအနက်ကို ဟော၍ "လ" သဒ္ဒါသည် ချိပ်၊ ဖယောင်းအနက်ကို ဟော၏။

ဤနေရာတွင် ပ-နှင့် ယှဉ်တွဲနေသည်။ လ-သဒ္ဒါမှာ ဖယောင်း တိုင်ကိုသာ ဟောနိုင်၏။ ထို့ကြောင့် ပျားဖယောင်းစု၍ အများဆုံး ရသောလဟု အဓိပ္ပာယ်ရ၏။

ရှေးအခါက တောနေတောင်သား မြန်မာများသည် ထိုရာသီ တွင် ပျားဖယောင်းတို့ကို မီးထွန်းရန် တောလုံးအနှံ့ရှာဖွေ သိုလှောင်၏။ ယင်းကို အစွဲပြု၍ "ပြာသိုလ" ခေါ်ဆိုကြသည် ဟူ၏။

ဤလတွင် ရက်ပေါင်း (၃၀) ရှိ၏။ နာရီအားဖြင့် နေ့ (၂၄) နာရီ၊ ညဥ့် (၃၆) နာရီ ရှိ၏။ နေ့တာတို၏။ ညတာရှည်၏။ လပြာသိုကို ရာသီအလို မကာရ ခေါ်ဆို၏။ ဖုသျှနက္ခတ်နှင့်စန်း ယှဉ်ပြိုင်ပြည့်ကာ ဥတ္တရသန်နက္ခတ်နှင့် နေမင်းတို့ ယှဉ်၏။ ပုဇွန် တာရာထွန်းပ၏။ ရာသီရုပ်မှာ သမင်နှင့် ငါးရုပ် (တနည်း) ရေထမ်းသမား (ငါးနည်း) မကာရ်ရုပ် ဖြစ်သည်ဆို၏။



ပြာသိုလ၏ ရာသီပန်းမှာ ခွာညိုပန်းဖြစ်၏။ "တိမ်ခြေငယ် ရှင်းပါလို့၊ မြူနှင်းငယ်စိုစို၊ လပြာသိုမှာ၊ နွယ်ခွာညို မြိုင်မြိုင်နှင့်၊ လှိုင်လှိုင်သင်းတဲ့လကိုလေး" ဟူ၍ စာဆိုမဟာ အတုလမင်းကြီးက သူ၏ ဆယ့်နှစ်လရာသီဘွဲ့ လွမ်းချင်းတွင် စာပန်းချီခြယ်ခဲ့၏။

ခွာညိုပင်သည် နှစ်ရှည်ခံအပင်မျိုးဖြစ်၏။ အုတ်နံရံ ခြံစည်းရိုး၊ သစ်ပင်စသည်တို့တွင် နွယ်ပတ်ပြီး ပေါက်လေ့ရှိ၏။ အများအပြား စိုက်လေ့ရှိသည့် ခွာညိုမျိုးမှာ အဖြူမျိုးဖြစ်၏။ အပွင့်မှာ ဆွတ်ဆွတ် ဖြူ၏။ အနံ့မှာ မွှေး၏။ ခွာညိုပန်းအပြာမျိုးလည်း ရှိသေး၏၊ ဂျပန်နိုင်ငံ၌ စတင်ပေါက်ဖွားခဲ့၏။ အခြားသော နိုင်ငံများက ထိုပန်းမျိုးကိုယူပြီး စိုက်ပျိုးကြ၏။ ခွာညိုပန်းပြာမျိုးသည် မြေဩဇာ ကောင်းမွန်သည့် မြေတွင်သာ ဖွံ့ဖြိုးပေါက်ရောက်၏။

### ပြာသိုလအဓိပ္ပာယ်

မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် ပြာသိုလမှာ ပျားဖယောင်း စုဆောင်း၍ အရဆုံးသောလဖြစ်၏။ ရှေးပဝေသဏီ ကာလမှစပြီး ယခုမျက်မှောက်ခေတ်တိုင် တောကြီးတောင်ကြီးတို့တွင် နေထိုင်ကြသော သူတို့သည် ယင်းလအခါတွင် ပျားဖယောင်းများ ကို စုဆောင်းလေ့ရှိ၏။

ရှေးပုဂံခေတ်တွင် ယခုမျက်မှောက်ခေတ်ကဲ့သို့ မီးထွန်း ရန်ပစ္စည်းကိရိယာများမပေါ်များ၊ မလွယ်ကူ၊ မီးထွန်းရေးကိစ္စ များတွင် ပျားဖယောင်းများကိုသာ အဓိက မှီခိုအားထားခဲ့ဟန်

ရှိ၏။ ပျားဖယောင်းရှာဖွေရရှိရေးသည် ထိုခေတ်က လူများအတွက် အလွန်အရေးကြီးသော လုပ်ငန်းကြီးတစ်ရပ်ဖြစ်၏။ ထို့ကြောင့် ရှေးမြန်မာကြီးများသည် ပျားဖယောင်းရှာဖွေရန်အတွက် အကောင်းဆုံးသော အချိန်ကို လ၏ အမည်၌ စွဲမှတ်ပြီး "ပြာသိုလ" ဟု သမုတ်ခဲ့ဟန်ရှိကြောင်း ယူဆရ၏။

လေ့သင်းအတွင်းဝန်၏ ဝေါဟာရလီနတ္ထ ဒီပနီကျမ်းတွင် ပြာသိုလအကြောင်းကို ဤသို့ ဖွင့်ဆို၏။ အမရကောသ အဘိဓာန်ကျမ်းတွင် မကာရရာသီတွင် ဖုဿနက္ခတ်နှင့် ယှဉ်သော လပြည့်နေ့ကို ပေါသျှိဟုခေါ်၏။ ရာဇမတ္တ၏ကျမ်းတွင် "ပေါသီ-ပြာသိုလ"ဟု အနက်ဆို၏။ ထိုပေါသီပင် သက္ကတ အလိုအရနှင့် ပြောသီဖြစ်၍ ကာလရှည်ကြာသောအခါ ယင်းပြောသီမှ မြန်မာဘာသာ ပြာသိုဖြစ်လာသည်ဟုဖွင့်ဆိုထား၏။ ဖုဿနက္ခတ် နှင့်ယှဉ်ပြီး လပြည့်သောလဟု အဓိပ္ပာယ်ရ၏။ အချို့ပညာရှင်များက ပရသီတလဟူသော ပါဠိပုဒ်မှ မြန်မာဘာသာ ပြာသိုသို့ ပြောင်းလဲလာသည်ဟု တစ်နည်းကြံပုံကို လေ့သင်းအတွင်းဝန်က ဆက်လက်ဖော်ပြ၏။ ပရသီတလဆိုသည်မှာ " အခြားသော ကာလများထက် ပိုလွန်ချမ်းအေးသောလ" ဟုဆို၏။ ဤနည်းသည် ကျမ်းဂန်၌ တိုက်ရိုက်မလာသော်လည်း ယုတ္တိရှိ၏။ ပျားသွန်သောလ၊ မီးဖိုကပြာမသွန်ကောင်းသောလဟု ဆိုကြသည်မှာ သား၊ မိန်းမစကားနှင့်တူသည်ဟု ဝေါဟာရလီနတ္ထ ဆရာကမှတ်ချက်ချခဲ့၏။



## ပြာသိုလမိုး

မိုးတွင်းကာလရွာချိန်တွင် ရွာသောမိုးကို "ကာလမိုး" မိုးကုန်မှ ရွာသောမိုးကို အကာလ အခါမဲ့၌ ရွာသောမိုးဟု ကျမ်းဂန်တို့၌ ဆို၏။

တောင်သူဦးကြီးတို့သည် နှမ်းပျိုးစအချိန်၌ မိုးကို အမြတ်တနိုးတောင့်တမျှော်ကိုးသည်၊ ယာမှကျွတ်၍ နှမ်းခါချိန်ရောက်သောအခါ မိုးကိုအလွန်ကြောက်၏။ ထိုအချိန် ရွာသောမိုးကို "နှမ်းပုံဖျက်မိုး" ဟု အမည်တပ်၍ "ပြာသိုချမ်းပြင်း၊ ဆီးနှင်း ရောယှက်၊ နှမ်းပုံဖျက်" ဟူ၍ ရှေးလူကြီးသူမတို့ ဆိုစမှတ်ပြုခဲ့ကြ၏။

## မြင်းခင်းသဘင်ပွဲတော်

ရှေးမြန်မာမင်းများသည် ငွေနှင်းစိုစို လပြာသိုတွင် မြင်းခင်းသဘင်ပွဲတော်ကို ရာသီပွဲတော်အဖြစ် ကျင်းပခဲ့သည်။ ထိုပွဲတော် သည် အခြားသော ရာသီပွဲတော်များကဲ့သို့ ရက်ပိုင်းမျှကျင်းပသည့် ပွဲတော်မျိုးမဟုတ်။ ပြာသိုလတစ်လလုံး ကျင်းပသောပွဲများဖြစ်၏။

မြင်းခင်းသဘင်ဟုသာ အမည်တပ်ထားသည်၊ ကျင်းပသောပွဲများမှာ မြင်းခင်းတစ်ခုတည်းသာမဟုတ်၊ ဆင်စမ်း၊ မြင်းစမ်း၊ လေးစမ်း၊ ဓားခုတ်၊ လှံထိုး၊ စက်ထိုး၊ ဗလီခတ်၊ သေနတ်ပစ်နှင့် သိုင်းအမျိုးမျိုး တို့ကို တစ်ပွဲပြီးတစ်ပွဲ ကျင်းပသွားခြင်းဖြစ်၏။

မြင်းခင်းသဘင်ပွဲသည် သူရသတ္တိနှင့် လက်ရုံးရည်ဘက်တွင် ထူးချွန်သူတို့၏ အရည်အချင်းပြပွဲကြီးဖြစ်သည်။ တစ်နည်း ဆိုသော် သူရဲကောင်းရွေးပွဲကြီးတစ်ခုဖြစ်သည်။ နန်းတော် အိမ်တော်မှစပြီး မင်းမှူးမတ် သူဌေးသူကြွယ်တို့ မိမိတို့သမီးငယ် များအား သူရသတ္တိရှိပြီး လက်ရုံးရည်ထူးချွန်သောသူများနှင့် မှန်းထားလေ့ရှိကြသည်။ ထို့ကြောင့် ဤပွဲတော်ကို အထူးပင် စိတ်ဝင်စားကြသည်။

ထိုပွဲတော်ကို သမီးရှင်များ၏ သမက်လောင်းရှာပွဲ မင်းသမီး၊ သူဌေးသမီး၊ မှူးမတ်သမီးတို့၏ ကြင်ဖက်တော်ရွေးပွဲဟုလည်း တစ်နည်းခေါ်ဆိုနိုင်သည်။ ဤပွဲသဘင်တွင် သူမတူအောင် အရည် အချင်းပြနိုင်ပါလျှင် သမီးရှင်များက မျက်စေ့ကျပြီး မကြာမီ မိဘနားပေါက်၍ အိမ်ထောင်ဖက် ရသွားတတ်သည်။ ထိုပွဲသဘင် တွင် မင်းသမီးကလေးများ၏ ပန်းပစ်ပေးမှုကို ခံကြရသည်။ ဘုရင်နှင့် မိဖုရားတို့ကိုယ်တိုင် လက်တော်ဖြင့် ဆုတော်၊ လာဘ် တော်များ ချီးမြှင့်ခြင်းကိုလည်း ခံယူကြရ၏။

## မြင်းခင်းသဘင်

မြန်မာ့မြင်းခင်းသဘင်သည် သက္ကရာဇ် ၆၇၄-ခုနှစ်ခန့် ပင်းယတစီးရှင်သီဟသူလက်ထက်က စတင်ပေါ်ပေါက်လာခဲ့ သည်ဟုယူဆကြ၏။ ဘိုးတော်ဘုရားလက်ထက်က ပညာရှိကမူ မြင်းခင်းသဘင်ပွဲသည် ဒုတိယအင်းဝခေတ်အစ ညောင်းရမ်းမင်း လက်ထက်တွင် ပေါ်လာသည်ဟုယူဆကြ၏။



ရှေးမြန်မာဘုရင်များသည် မြင်းခင်းသဘင်ပွဲတော်ကို ရွှေနန်းတော်ကြီး၏ မြောက်ဘက်တွင် ပြုလုပ်လေ့ရှိ၏။ ရတနာပုံ မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီး လက်ထက်တွင် မြင်းခင်းသဘင်ကို လွှတ်တော်ရှေ့ရှိ လေဟာပြင်ကွက်လပ်၌ ပြုလုပ်လေ့ရှိ၏။

ထိုကွင်းသည် အလျားတစ်မိုင်၊ အနံနှစ်ဖာလုံခန့်ရှိ၏။ ယင်းကွင်းထဲတွင် စက်ကွင်းလှံထိုးသောနေရာ၊ မြင်းရေး ၃၇ ရေးစီးသောနေရာ၊ မြင်းရည်ထက်သို့ ဓားခုတ်လှံထိုးသောနေရာ၊ ဗလီကစားသောနေရာ စသည်ဖြင့် သုံးနေရာနှင့်သူ ရှိ၏။

မြင်းခင်းသဘင်အပြီးတွင် လေးသည်တော်များ လေးပစ်စွမ်း ရည်ပြပွဲများ၊ သိုင်းဗန်တိုဗန်ရှည်စသော ကာကွယ်မှုများ၊ ဆင်စစ်သည်တော်များ၏ စွမ်းရည်ပြပွဲများ၊ သေနတ်စစ်သည် တော်များ၏ စွမ်းရည်ပြပွဲများ စသည်ဖြင့် ထိုကွင်းထဲတွင် တစ်လလုံးလုံး ပွဲဆက်မပြတ် ကျင်းပသွား၏။

မြင်းရေး ၃၇ ရေးပြသည့် မြင်းခင်းကွင်းတွင် မင်းမိဖုရားနှင့် သမီးတော်များ ရှုစားတော်မူရန် ယာယီမဏ္ဍပ်နန်းများ ဆောက်လုပ်ထား၏။ ကွင်း၏ လက်ယာဘက်တွင် စက်ကွင်း လှံထိုးရန် စက်ခုံများရှိသည်။ ထိုစက်ခုံတွင် အမြင့် ၂၅ တောင်ရှိ စက်ခွက်တစ်ခုရှိ၏။ အတောင် ၄၀ ရှိ စက်ခွက်တစ်ခု၊ အတောင် ၆၀ ရှိ စက်ခွက်တစ်ခုရှိ၏။ စက်ခွက်တိုင်၏ ထိပ်မှ ကြိုးခိုင်ခိုင် တစ်ချောင်းကို အောက်သို့ ဆွဲထား၏။

ထိုကြိုးမှာ စက်ခွက်တွင် လုံးစူးဝင်နေလျှင် ထိုလုံကို အောက်မှ လှုပ်၍ဆွဲချနိုင်ရန်ဖြစ်သည်။ စက်ခွက်၏ အနီဝိုင်းအကွက်တစ်ခု ရှိသေးသည်။ မြင်းသည်တော်များ၊ မှူးမတ်များနှင့် မင်းညီမင်းသား များသည် ထိုစက်ခွက်ကို မြင်းနှင့် ဝိုင်းရင်းနှင့်ပင် ထိုးကြရ၏။ ဘုရင်သည် မင်္ဂလာမဏ္ဍပ်တော်မှ ရှုစားတော်မူနေ၏။

စက်ကွင်းလုံထိုးပွဲသို့ မင်းညီမင်းသား၊ မှူးမတ်များအားလုံး ဝင်ရောက်စွမ်းရည်ပြကြရသည်။ ပုန်းအောင်းခိုကပ်နေ၍ မရပါ။ ပြိုင်ပွဲမဝင်လျှင် အရည်အချင်းမဲ့သူအဖြစ် အထင်သေးခံကြရသည်။

ထိုပြိုင်ပွဲသို့ဝင်လျှင် အဝတ်အစားများကို တင်းကျပ်စွာ ချည်နှောင်ဝတ်ဆင်ထားရသည်။ ပုဆိုးကျွတ်ခြင်း၊ ဗောင်းကျွတ် ခြင်း၊ ခါးကျွတ်ခြင်း စသည်များ မရှိစေရ။ ဘုရင့်ရှေ့တော်တွင် သပ်ရပ်စွာ ရှိရန်လိုအပ်သည်။ အစွမ်းပြနေစဉ် အဝတ်အစားကျွတ် ကျခြင်းသည် ကန္ဒြေမဲ့သည်ဟု အယူရှိခဲ့၏။ မြင်းစီးနေစဉ် အဝတ်အစား ကျွတ်လျှင်ချက်ချင်း ဒဏ်ခတ်ခံရသည်။ မြင်းခင်းသဘင်မှ ဆွဲထုတ်ခံရပြီး အရှက်တကွဲအကျိုးနည်း ဖြစ်ရ၏။ မြင်းနှင့်အတူ တစ်နေကုန် ရပ်နေရခြင်း၊ အဝတ်အစားချွတ်၍ နေလှန်းခံရခြင်း စသည့် အပြစ်ဒဏ်တို့ကိုလည်း ခံရကြ၏။

ပြိုင်ပွဲများ ပြီးသောအခါတိုင်း ထူးချွန်သူများသည် ကွင်းကို ပတ်ပြီး မင်းမိဖုရားများရှေ့တော်သို့ မြင်းစီးလျက်ဟန်လှနှင့် ဝင်ကြရ၏။ ထိုအခါ မိဖုရားကြီးက ရွှေကျင်ခတ်ပုဝါများကို



ပစ်ပေးတော်မူ၏။ မင်းသမီးများက မိမိတို့၏ခေါင်းမှ သဇင်ပန်း များကိုဖြုတ်၍ ပစ်ပေးကြသည်။ ထိုပန်းများကို လက်ဖြင့်ခံယူ၍ နား၌ပန်ဆင်၏။ ရွှေကျင်းခတ်ပုဝါကို ရင်မှာစည်းပြီး ရှေ့တော်သို့ တစ်ပတ်ပတ်၍ လာရသည်။ ထိုအခါ ပွဲခင်းရှိပရိသတ်က အုန်းအုန်း ကျက်ကျက် လက်ခုပ်လက်ဝါးများတီးပြီး ထောပနာပြုကြသည်။ မိဖုရားပေးသော ရွှေကျင်ခတ်ပုဝါကို ၃-ကြိမ်တိုင်တိုင်ရသောသူသည် ထိုပွဲ၌ ထူးချွန်သူဖြစ်၏။

## စက်ကွင်းလုံထိုး

စက်ကွင်းလုံထိုးပြိုင်ပွဲ ဝင်ရောက်သူများသည် မြင်းနှင့်စိုင်း ၍ စက်ခွက်ကို ထိုးစိုက်ရသည်။ မြင်းကိုစိုင်းနှင်သည်ဟုဆိုသော်လည်း ဒုန်မစိုင်းရ။ ကွင်းတစ်ပတ်လေးဘက်လှလှ အသားကျ အောင် စီးပြီးမှ စက်ခုံနှင့်အနီးဆုံး ၁၅-တောင်၊ အဝေးဆုံး အတောင် ၆၀-အကွာမှ လုံဖြင့်ပစ်ထိုးရသည်။

ရှေးဦးစွာ ၂၅-တောင်မြင့်သော စက်ကွင်းခွက်ကို ထိုးရသည်။ ထိုးတိုင်းစက်ကွင်းကို ထိသည်မဟုတ်။ မထိသော် အပြစ်မယူ။ သို့သော် ဆယ်ကြိမ်ထိုး၍မှ တစ်ချက်မျှ မစွဲလျှင် အရှက်ရကြ သည်။ ကွင်း၏တစ်ဖက်တွင် မြင်းတော်ခံကစောင့်နေသည်။ မြင်းတော်ခံသည်ပြေး၍ မြင်းကိုဇက်သပ်ပေးရသည်။ လုံတော် ဖမ်းက လုံတစ်ချောင်းပြီးတစ်ချောင်း ဝင်ဆက်ရသည်။ စက်ကွင်း

ထိုးလုံများမှာ အရိုးအရည်လှ ငါးတောင်ခန့်သာရှိသည်၊ အဖျား တွင် ပန်းပွားများ တပ်ဆင်ထားသည်၊

လုံကိုလွှတ်တင်လိုက်သောအခါ ထိုးတက်သွားပုံမှာ ကြည့်၍ အလွန်ကျက်သရေရှိသည်၊ စက်ခွက်ကို လုံစွဲနေသည့်အခါတွင် ပရိသတ်၏ ဩဘာပေးသံများမှာ ဆူညံသွားတော့သည်၊ စွဲနေ သောလုံကို ထိပ်မှကျနေသောကြိုးဖြင့် ရိုက်ချရ၏၊

မြင်းနှင့်စိုင်းပြီး စက်ကွင်းကိုလုံဖြင့် ထိုးရခြင်းမှာ လွယ်ကူ သည့်အလုပ် မဟုတ်ပါ။ အရည်အချင်း အတော်အတန် ပြည့်စုံသူ သည် ၂၅ တောင် အမြင့်ကို ထိုးစိုက်နိုင်သည်၊ သို့သော် အတောင် ၄၀ အမြင့်ကိုထိုးစိုက်ရာတွင် အခက်အခဲရှိသည်၊ အမြင့်အတောင် ၆၀ စက်ကွင်းကို တော်ရုံတန်ရုံ သူရဲကောင်းများ အနားမျှပင် မကပ်နိုင်ကြပါ။

## မြင်းရေး ၃၇ ရေး

စက်ကွင်းလုံထိုးပွဲပြီးလျှင် မြင်းရေး ၃၇ ရေးကို စီးပြကြရ၏၊ မြင်းကို နိုင်နင်းစွာ စီးတတ်မှသာလျှင် တစ်ဖက် ရန်သူနှင့် ယှဉ်ပြိုင်၍ စီချင်းထိုးနိုင်သည်။ ရှေးအခါက တစ်ဖက်နှင့်တစ်ဖက် လုံကိုလုံချင်း၊ ဓားကိုဓားချင်း ခုတ်နိုင်ထိုးနိုင်ရသည်၊

မြင်းရေး ၃၇ ချင်းကို မင်းသားများ၊ အမတ်များ စီး၍ ပြနေချိန်တွင် မြင်းရေး ၃၇ ချင်းဟုခေါ်သည့် သီချင်းကို စိန်ဆိုင်း မြဆိုင်းများက တီးမှုတ်ဖျော်ဖြေနေကြရ၏၊ သီချင်းစည်းချက်နှင့်အညီ



မြင်းများကို စီတန်းပြီး ဘုရင့်ရှေ့တော်မှောက် တွင် မြင်းရေးပြကြရ သည်၊ မြင်းရေးချင်းကို ဆိုင်းတော်ကတီးသည်၊ သီချင်းနှင့်စည်းချက် ကျကျ အလှည့်အပိုက် အကွေ့အဝန်းညီစွာစီးပြရသည်၊

## လုံထိုးပြိုင်

ထို့နောက်တွင် သီကြားတန်ဆောင်တိုင်သီချင်းကို နောက်ဆုံး တီးမှုတ်ပြီးလျှင် စွမ်းရည်ပြပွဲကို စကြတော့သည်၊ မြင်းကို ဒုန်းစီးပြီး ဘုရင့်ရှေ့တော်သို့ရောက်လျှင် ရှောက်သီးလုံးကို အထက်သို့မြှောက်၍ ပစ်ပေးလိုက်၏၊ ထိုစဉ် မြင်းပေါ်က မင်းသားက ပြေးရင်းပင်လုံဖြင့် ထိုးယူလိုက်၏၊ ထိုသို့ မင်းသားများ စွမ်းရည်ပြပြီးသော မြင်း ၆- စီး တွဲထွက်လာပြီး မြေပေါ်သို့ ရှောက်သီးလုံးများကို လှိမ့်ပေးလိုက်၏၊ မင်းသားများက မြင်းနှင့်ပြေးရင်းနှင့်ပင် ရှောက်သီးလုံးများကို လုံဖြင့် ထိုးယူပြီး အထက်သို့ မြှောက်ပစ်လိုက်ရ၏၊ အောက်သို့ပြန်ကျ သော ရှောက်သီးများကို လုံဖြင့်ခံ၍ စိုက်ဝင်အောင် လုပ်ကြရသည်၊ တစ်ခါတစ်ရံ လုံများတွင် ပုတီးစေ့များသီထားသကဲ့သို့ ရှောက်သီး ၁၀-လုံး၊ ၁၂-လုံးအထိ ရကြ၏၊ ထိုလူများကို ဆုပေးစော်မှုသည်၊

## ဓားခုတ်ပြိုင်

လုံထိုးပြိုင်ပွဲအပြီးတွင် ဓားခုတ်ပြိုင်ကြရ၏၊ မြင်းဖြင့်ပြေးရင်း ဘုရင့်ရှေ့တော်၌ စိုက်ထားသော ငှက်ပျောပင်ရှင်၊ ကြံပင်ရှင်များ ကို ဓားဖြင့် ဘယ်ပြန်ညာပြန်တိတိရိရိ ပြတ်အောင် ခုတ်ကြရ၏၊ ပြတ်လုပြတ်ခင် ယိုင်လဲသောအပင်များကို နောက်မှစီးလာသော

မြင်းကဘယ်ပြန်ညာပြန် ခုတ်ပိုင်းလိုက်ရသည်။ ယင်းသို့ ခုတ်ပိုင်းရသည်မှာလည်း မလွယ်ပါ။ ညာဝိုက်ခုတ်ခြင်းတွင် မကျွမ်းကျင်လျှင် မိမိမြင်း၏ ခြေကိုအရှိန်လွန်ပြီး ခုတ်မိတတ်၏။ ဘယ်ဝိုက်ခုတ်ပိုင်းခြင်း မကျွမ်းကျင်လျှင် မိမိမြင်း၏ ဦးခေါင်း၊ နားရွက်တို့ကို ခုတ်မိတတ်၏။

ထို့နောက်တွင် ရေပြည့်အိုးငယ်များ တင်ထားသော ငှက်ပျောပင်ငုတ်တိုများကို မြင်းနှင့်ပြေးလာရင်း ခုတ်ပြရပြန်သည်။ ငှက်ပျောပင်လည်းမလဲရ၊ ရေအိုးလည်း အောက်သို့မကျရ။ ခုတ်ရာကို ကြည့်သောအခါ တိတိရိရိပြတ်ပြီး အပင်မလဲ အိုးမမှောက်ဘဲ တည်ရှိနေလျှင် "လူရည်ချွန်" အဖြစ် ဩဘာပေးခြင်း ခံကြရသည်၊ ဆုတော်များရကြ၏။

မြင်းများသည် များစွာ လိမ္မာကျွမ်းကျင်ကြသည်။ မြင်းကို လွှတ်လိုက်သည်နှင့် တိမ်မဲဆွတ်မည့်နှယ် ဟုန်းကနဲ ထိုးတက်လာသော မြင်းမျိုးဖြစ်သည်။ ဘုရင့်ထံတွင် ထိုသို့သော မြင်းလိမ္မာမျိုးပေါင်း ၆၀၀ မှ ၁၀၀၀ အထိရှိသည်။ မြင်းရေးပြချိန်တွင် တီးသောဆိုင်းမှာ မြင်းရေးတွင် ကျွမ်းကျင်သည့်ဆိုင်းဖြစ်၏။ ဓားစွမ်းပြခြင်းမှာ ဓားချက်ငြိမ်ခြင်း၊ ခုတ်အားနက်ခြင်း၊ လျင်မြန်ခြင်းတို့ဖြစ်၏။

ထိုသို့ မြင်းနှင့် အစွမ်းပြရသောပွဲမျိုးကို မြင်းခင်းသဘင်ပွဲဟုခေါ်သည်၊ ယင်းပွဲမျိုးမှာ မင်းညီ မင်းသားများအတွက် အလွန်အရေးကြီးသည်၊ မင်းတရားကြီး သဘောကျလျှင် ဆုတော်များ



သာမက မြို့စားရွာစား ရာထူးများအထိရသည်၊ တစ်ခါတစ်ရံ မိဖုရားများ သဘောတော်ကျလျှင် သမီးတော်များနှင့်လက်ထပ်ထိမ်းမြားပေးပါရန် မင်းတရားကြီးထံ လျှောက်ထားတောင်းဆိုခြင်းခံရ၏။

## လေးစွမ်းပြ

မြင်းခင်းသဘင်ပွဲပြီးလျှင် ပြီးဆုံးသွားသည် မဟုတ်၊ လေးသည်တော်များက အစွမ်းပြကြရသည်၊ လေးသည်တော်များက ဘုရင်၏ရှေ့တွင် လေးကိုအမျိုးမျိုးပစ်ပြကြရ၏။ မိမိတို့သားသမီးများ၏ ခေါင်းပေါ်တွင် သံပုရာသီးကိုတင်ထား၏၊ သံပုရာသီးကို မှန်အောင်ပစ်ကြရ၏။

မြင်းမြီးဖြင့် တွဲလောင်းချည်ထားသော သံပုရာသီးကို လှုပ်ပေးပြီး အဝေးမှ ပစ်ရသည်။ မြင်းမြီးကိုလည်း နှစ်ခြမ်းကွဲသွားအောင်ပစ်ရသည်။ လောက်လေး၊ ဒူးလေးနှစ်မျိုးစလုံးကိုပင် ပြိုင်ကြရ၏။

ကလေးထိပ်ပေါ်ရှိ သံပုရာသီးကို လောက်လေးဖြင့် ပစ်သောအခါ လောက်စာလုံးဖြင့် ပစ်ရသည်မဟုတ်၊ မာကျစ်နေအောင် လုံးထားသောအဝတ်လုံးကလေးများဖြင့် ပစ်ရသည်၊ ဒူးလေးဖြင့် ပစ်ရာ၌ မြင်းမြီးနှစ်ခြမ်းကွဲအောင် ပစ်နိုင်မှသာ ဆုတော်ရ၏။ အပေါ်သို့ မြှောက်ပေးလိုက်သော သံပုရာသီးကိုလည်း လောက်လေး ဖြင့်ဖြစ်စေ၊ ဒူးလေးဖြင့်ဖြစ်စေ မှန်အောင်ပစ်ရ

သည်၊ ထို့နောက် အလွန်ထက်သောဓားကို နံရံ၌ အသွားလှဲ ထောင်ထားသည်၊ ဓားသွားကို သံပုရာသီးဖြင့် ပစ်ရသည်၊ ကွဲသွားသောသံပုရာခြမ်းကို ကွဲချက်ညီမညီ ချိန်ခွင်တွင် ချိန်ကြည့်ရသည်၊ အလယ်တည့်တည့် နှစ်ခြမ်းကွဲလျှင် ဆုရ၏။

## ဗလီခေတ်ပြိုင်

ဤကစားနည်းမှာ အင်းဝခေတ်တွင် ပေါ်လာသည်၊ တောင်ငူခေတ်တွင်ပြန့်ပွားလာ၏။ နတ်သျှင်နောင်သည်ပင် ဤကစားနည်းမျိုးကို ရတုသဖွယ်ထားခဲ့သေးသည်၊ ထိုကစားနည်းကို ကူလီရိုက်ကစားနည်းဟုလည်းခေါ်၏။

သရက်မြစ်ဆုံတစ်ခုကို လုံးနေအောင် ပွတ်တင်၍ ကူလီသီးအဖြစ် အသုံးပြုကြ၏၊ ထိုကူလီသီးကို ထုံးဖြူရည်တွင် စိမ်ရသည်၊ အသားမာသော သစ်သားတံကို ကူလီပြု၍ အတံထိပ်တွင် ကြေးဝါကောက်တံ ဘုလုံးတစ်ခုကို စွပ်ရသည်၊ ထိုအတံဖြင့် တစ်ဖက်နှင့် တစ်ဖက် ကူလီသီးကို လှိမ့်၍ ယူသွား၏၊ တစ်ဖက်ကလည်း ထိုအသီးကို မိမိဘက်ပါအောင် လုယူရ၏၊

အချို့က ကွင်းပြုလုပ်၍ ကစားကြသည်၊ အချို့က ကွင်းမပြုလုပ်ဘဲ မြေပြင်ရှိရာ ချိုင့်ဝှမ်းကုန်းမြောင်များကိုဖြတ်၍ ကစားသည်၊ တစ်ခါတစ်ရံ ရိုက်ရင်းရိုက်ရင်း ၁၀-မိုင် ခရီးခန့် ရောက်သွားတတ်သည်၊ ထိုကစားနည်းမှာ စစ်ရေးစစ်ရာအတွက် မြင်းနှင့် ကျင့်သားရအောင် ပြုပေးခြင်းပင်ဖြစ်၏၊ မြင်းပေါ်မှ ရိုက်ကစား နည်းမျိုးဖြစ်



၏။ လျင်မြန်ဖျတ်လတ်ခြင်း၊ မြင်းစီးကျွမ်းကျင် ခြင်းအကျိုးတို့ကို ရ၏။

## သေနတ်ပစ်

ဗလီခေတ်ကစားပွဲပြီးလျှင် သေနတ်ပစ်ပွဲကို ကျင်းပ၏၊ သေနတ်ကိုင်တပ်သားများ သေနတ်ကိုယ်စီကိုင်ပြီး ထွက်လာကာ အဝေးရှိ စက်ခွက်ကိုပစ်ကြရ၏။ အကွာအဝေးမှာ အမျိုးမျိုး ဖြစ်၏၊ စစ်ကွင်းကိုမလွဲအောင် ပစ်နိုင်သူများသာ ဆုရကြ၏၊ အတောင်တစ်ရာ နှစ်ရာအကွာအဝေးရှိ နေရာတွင် ဘူးသီးကိုတင်ထား၍ ပစ်ရခြင်း၊ ဒင်္ဂါးကိုထောင်ထား၍ ပစ်ရခြင်းမျိုးလည်းရှိ၏၊

## ဆင်ခင်း

နန်းတော်တွင် တိုက်ဆင်များနှင့် စီးတော်ဆင်များဟူ၍ ခွဲခြားထား၏၊ တိုက်ဆင်များကို ယတြာရဆင်ဟုခေါ်၏၊ ယတြာရဆင်ရွေးပုံမှာ ဆင်အကောင်တစ်ရာခန့်ကို တောစပ်သို့ခေါ်သွား၍ လွှတ်ထား၏၊ ထို့နောက်တွင် ဆင်များမမြင်နိုင်သော ခြုံကွယ်များမှ ဒိုင်းသံ၊ ကာသံ၊ သံပုသံနှင့် သေနတ်မီးဖောက်သံများကို ထိတ်လန့်အောင်အမှတ်တမဲ့ပြုလုပ်ကြရသည်၊ ဒိုင်းသည် အသံဟိန်းအောင်မြည်ရန် အရေးကြီးသည်၊ ထိုအသံများ ပြု၍မှု မလန့်သော ဆင်များကို ရွေးထုတ်ကြရသည်၊

ထို့နောက်တွင် ဆင်များကို တောတွင်းသို့ ခေါ်ဆောင်သွား၍ တောစပ်မှ ထွက်လာသော တကယ့်ကျားနှင့်တွေ့ဟန် ပြုလုပ်ကြ၏၊ ကျားရုပ်ကိုတူအောင်လုပ်၍ ကျားရည်ကိုသွေးပြီးကျားနံ

ရအောင်ပက်ဖြန်းထားရ၏။ ကျားရုပ်နှင့်ရင်ဆိုင် ရတ်တရက်တွေ့၍ မပြေးဘဲခုခံရန် မူနေသည့်ဆင်ကိုသာ ယကြာရဆင်အဖြစ် ရွေးကြ၏။

ထို့ပြင် တောတွင်းတစ်နေရာတွင် လူအများက ညံသံပေးကာ အနားကပ်လုံ့ဖြင့် ထိုးကြ၏။ ကျည်ဆန်သေးများ ထည့်၍ သေနတ်ဖြင့်ပစ်ကြသည်။ မပြေးဘဲကြံ့ကြံ့ခံနေလျှင် ယကြာရဆင်ဖြစ်သည်။ ထိုအချိန်အခါမျိုးတွင် မုန်ယိုပြီးလိုက်ထိုးလျှင် သာ၍ကောင်းသည်။ တစ်ခါတစ်ရံတွင် တစ်ကောင်နှင့်တစ်ကောင် မမှတ်မိလေအောင် ဟသ်ပြဒါးများ သုတ်လိမ်းပေး သည်။ ထိုအခါ တစ်ကောင်နှင့်တစ်ကောင် ရန်သူမှတ်၍ အစွယ်ယှက်ထိုးကြ၏။ ဤသို့ ဆင်ချင်းတိုက်၍ အနိုင်ရသော ဆင်မျိုးကို ဘွဲ့အမည်ပေး၍ စစ်ပွဲအတွက်အသုံးပြု၏။

## မင်းအဆက်ဆက်

မြန်မာမင်းတို့၏ မြင်းခင်းသဘင်သည် မင်းအဆက်ဆက် ကျင်းပပြုလုပ်လာခဲ့သည်။ စနေမင်း၊ တနင်္ဂနွေမင်း၊ ဟံသာဝတီပါ မင်း ၃-ဆက်တိုင်တိုင် အမှုထမ်းခဲ့သော အင်ရှုံဝန်ကြီးက အင်းဝခေတ် မြင်းခင်းသဘင်အစီအစဉ်ကို လောကဗျူဟာကျမ်းတွင် မှတ်တမ်းတင်ထားခဲ့၏။

မြန်မာဘုရင်များသည် ဤပွဲတော်ကို အပျော်အပါးသက်သက် ကျင်းပပြုလုပ်ခဲ့ကြသည်မဟုတ်ပါ။ တိုင်းပြည်စည်ပင်ဝပြောရန်နှင့် တိုင်းပြည်ကာကွယ်ရေးအတွက် လူစွမ်းကောင်းများပေါ်ထွက်လာစေရန် စသည်တို့ကိုရည်ရွယ်၍ ကျင်းပခဲ့ကြခြင်းဖြစ်၏။



ဤပွဲတော်ကြောင့် ကျန်းမာကြံ့ခိုင်သူ၊ မြင်းရေး၊ ဆင်ရေး ကျွမ်းကျင်သူနှင့် ဓားခုတ်လှံထိုး အမျိုးမျိုးတို့ကို ထူးချွန်စွာ ကျွမ်းကျင်သူ လူရည်ချွန်သူရဲကောင်းများ အမြောက်အမြား ပေါ်ထွက်ခဲ့၏။ အထူးသဖြင့် ဤပွဲသဘင် ကျင်းပခြင်းသည် အမျိုးသားကာကွယ်ရေးတွင် များစွာ အကျိုးရှိ၏။

x x x x x

# တပို့တွဲလနှင့် ယာဂုထမင်းနှဲပွဲတော်

"ခြောက်ပါးသာကြည်၊ တံဆိပ်မည်နှင့်၊ ခြောက်ပြည် ဘုံလုံး
စိုးယူကျုံးသည်၊ လက်ရုံးတစ်သောင်း၊ ထွတ်ဘုန်းခေါင်။ ။
ဝန်းခြောက်ပတ်ကုံး၊ ရှုမဆုံးအောင်၊ မီးပုံပွဲနှင့်၊ ယှဉ်၍ပွင့်သား၊
ပင်မြင့်နီမြနီး၊ သည်လပန်းကို၊ ဦးစွန်းရွက်ကာ၊ ဆက်တိုင်း
ပါရှင့်၊ တိမ်ပြာညို့ညို့၊ ကိုးတောင်ပို့နှင့်၊ ရွှေမြို့သာစည်၊
မြတ်သည့်ပြည်က၊ ရွှေခြည်မပြောင်၊ စိတ်အပေါင်းသည်၊
နွဲ့နှောင်းခေါက်တုံတင်ကိုလည်း၊ လျှောက်ထားပါမည်။
ရဲစွမ်းရည်နှင့်၊ မူနည်းညှံပျောင်း၊ မတ်ကြီးလောင်းလျှင်၊
ချစ်ကြောင်းကြိမ်ဖန်၊ အတန်တန်တည့်၊ ယုံကျွန်ထွေပြား၊
လျှောက်ဖန်များလည်း၊ နဂါးရာဇာလှည့်လည်ကာလျှင်၊
နေရာပြောင်းရွှေ့၊ ငါးကြိမ်စေ့တွင် သိမ်မွေ့တော့သည်၊
ဖြောင့်သားမည်ဟု၊ ချစ်ရည်တူဘိ၊ အများသိမူ၊ ကတိမမှန်၊
ယွင်းဖောက်ပြန်ခဲ့၊ ရှေးဟန်ချစ်ကြောင်း၊ ဆုယူတောင်းသည့်





ဖွဲ့ပေါင်းခြောက်စုံ ရှင်ကိုလည်း"
(စာဆိုတော်ဦးယာ၏ ဆယ့်နှစ်ရာသီဖွဲ့တပို့တွဲလဖွဲ့
အဖြည့်ခံရတု)

## တပို့တွဲလ

တပို့တွဲလသည် မြန်မာလဆယ့်နှစ်လတို့တွင် ဧကဒသမ မြောက်လဖြစ်၏။ တပို့တွဲလကို ပုဂံခေတ်ကျောက်စာတို့၌ တပိုင်ကွယ်၊ တပို့တွဲ၊ တပိုင်ကွယ်၊ တပိုင်ထွဲဟူ၍ အမျိုးမျိုးရေးထိုးထားသည်ကို တွေ့ရ၏။

တပို့တွဲလဟူသောအမည်သည် ထိုလရာသီတွင် ဖူးကြသီးကြသော ထန်းပင်ကိုအကြောင်းပြုကာ ပေါ်လာသည်ဟူ၏။ ထိုလတွင် ထန်းဖူး၊ ထန်းခိုင်တို့ကို အောက်သို့တွဲလောင်းကျအောင် ပြုလုပ်၍ ထန်းရည်နင်းသည်ကို အစွဲပြုကာ တပို့တွဲလဟု တွင်လာသည်ဆို၏။

ဤလတွင် ရက်ပေါင်း ၂၉-ရက်ရှိ၏။ နာရီအားဖြင့် နေ့ ၂၆ နာရီရှိ၏။ ညဉ့် ၃၄နာရီရှိ၏။ နေ့တာတို၏။ ညတာရှည်သောလဖြစ်၏။ တပို့တွဲလကို ရာသီအလို ကုံရာသီခေါ်ဆို၏။ ဤလတွင် မာဃနက္ခတ်နှင့်စန်းယှဉ်ကြည့်၏။ သရဝဏ်နက္ခတ်နှင့် နေမင်းတို့ယှဉ်ပြိုင်ကြ၏။ ဤလတွင် ချိန်တာရာ ထွန်းပသည်။ ရာသီရုပ်မှာ ရေထမ်းသမားဆင်းရဲသားပုံဖြစ်၏။

တပို့တွဲရာသီမှာ ထန်းဖိုပင်မှထန်းရည်စတင်ခံယူသော ထန်းဖိုဦးရာသီဖြစ်၏။ ထန်းဖိုဦးရာသီတွင် ထန်းသမားတို့သည် ထန်းပင်ပေါ်သို့ တက်၏။ ထန်းပြင်ခြင်းခေါ်သော ထန်းရည်ခံယူရန် အမှုကိစ္စကို ပြင်ဆင်ကြရ၏။

ထန်းလုပ်ငန်းကို ထန်းပင်ပေါသော မြန်မာနိုင်ငံမြေလတ်ပိုင်း ဒေသတို့နှင့် အထက်အညာဒေသတို့တွင် အများအားဖြင့် လုပ်ကိုင်ကြ၏။ ထန်းရည်ကို ကျိုပြီးသကာရည်နှင့် ထန်းလျက်များထုတ်လုပ်ရရှိ၏။

ထန်းရည်နင်း၊ ပေါက်ကင်းတဲ့လဲငုံ၊ ဆက်ရက်ကပင်၊ သာရကာနှင့်၊ ရော်ရွက်ဝါတမာနု၊ လွမ်းသူ့ပုပ်ပုံဟူ၍ ဦးကြင်ဥ၏စာ၌ ဆိုထား၏။

တပို့တွဲလတွင် ပေါက်ပန်းနှင့်လဲပန်းတို့ ပွင့်ကြ၏။ ပေါက်ပန်းကို ပေါက်ပင်ကပွင့်၏။ လဲပန်းကို လက်ပံပင်ကပွင့်သော်လည်း လက်ပံပန်းဟု မခေါ်၊ လဲပန်းဟုသာ ခေါ်ကြ၏။ အကြောင်းမှာ လက်ပံသီးမှ လဲကိုရသောကြောင့် ဖြစ်၏။

တပို့တွဲလအဓိပ္ပာယ်

တပို့တွဲလကို ပုဂံခေတ်ကျောက်စာတို့၌ တပိုဒ်တွယ်၊ တပိုတွဲ၊ တပိုဒ်တွယ်၊ တပိုင်တွဲဟူ၍ အမျိုးမျိုး ရေးထိုးထားသည်ကို တွေ့ရ၏။ ကျောက်စာအချို့၌ တပို္ဒ်တွယ်ဟု ဒုတိယအက္ခရာတွင် အပြစ်ထည့်၍ ရေးထိုးခဲ့၏။ ထို့အတွက်ကြောင့် ပုဂံခေတ်၌



ရေးထိုးခဲ့သော အရေးအသားကို မျက်မှောက်ခေတ်၌ ခေတ်ကာလရေးနည်း၊ ဖတ်နည်းအတိုင်း တပို့တွဲရေးကြ ဖတ်ကြခြင်းဖြစ်၏။

ဒုတိယကျော်အောင်စံထား ဆရာတော်ဘုရားကြီး၏ ဝေါဟာရတ္ထပကာသနီကျမ်းတွင် လယ်သမားများသည် လယ်ယာကိစ္စအချို့ပြီး၍ လယ်ယာလုပ်ကိရိယာများဖြစ်သော ထမ်းပိုးများကို ဆွဲထားလေ့ရှိသောကြောင့်တပို့တွဲလဟူသော စကားတို့မှ ဖြစ်ပေါ်လာသည်ဟု မြန်မာဆန်ဆန် ကြံစည်ယူဆဟန် ရှိ၏။

လေ့သင်းအတွင်းဝန်ပြုစုသည့် ဝေါဟာရလီနတ္ထဒီပနီကျမ်း၌မူ ဒုတိယကျော်အောင်စံထား ဆရာတော်၏ဝါဒကို သေးငယ်သည်ဟု ထင်မိ၏ဆိုကာ ပယ်ယောင်ပြုထား၏။ ယင်း၏ဝါဒမှာ ထို (ကုံ) ရာသီကိုစွဲပြီး တပို့တွဲလဟု မြန်မာဘာသာခေါ်ဝေါ်သည်မှာ အမရကောသအဘိဓာန်ကျမ်း သဂ္ဂဝဂ်တွင် "တပါ-ပူပန်ရာ ဖြစ်သောလ၊ ဘယ်၊ ဤတပါသဒ္ဒါသည်၊ ဟယေ့ တပို့တွဲလ၌၊ ဘဝတီဖြစ်၏ဆိုသည်၊ တပါသဒ္ဒါကျေ၍ မြန်မာ ဘာသာမှာ တပို့တွဲခေါ်ဝေါ်သည်။ - ယူရန်ပါ၌မှီနည်းပါး၏။ လေ့သင်းအတွင်းဝန်၏အလိုအားဖြင့် တပဓာဝယမှ တပို့ခွဲ တပို့တွဲ အဆင့်ဆင့် ဖြစ်လာ၏။ အဓိပ္ပာယ်မှာ "ပူသောလ" ဖြစ်သည်ဟု ဆိုလို၏။

## ယာဂုထမင်းနဲပွဲတော်

ထမင်းနဲ (ထမနဲ) ပွဲသည် တပို့တွဲလ၏ရာသီပွဲဖြစ်၏။ ကောက်သစ်ဦးပေါ်ချိန်ဖြစ်၍ လဆန်းစချိန်မှ လပြည့်နေ့တိုင်း နိုင်ငံအနှံ့ပြား၊ ကျေးလက်တောရွာတောင်သူလယ်သမားကြီး များ ထမင်းနဲထိုးပွဲများ ဆင်ယင်ကျင်းပလေ့ရှိ၏။ ယင်းပွဲမှာ ယခုကာမှ ပေါ်လာသည်မဟုတ်၊ ရှေးမြန်မာဘုရင်များ လက်ထက် မှစ၍ ဆင်ယင်ကျင်းပခဲ့ကြ၏။

ထမင်းနဲသည် ကောက်ညှင်းကို နှမ်း၊ နှမ်းဆီ၊ အုန်းသီး၊ မြေပဲ၊ ဂျင်းစသည်တို့ဖြင့် စီမံပြုလုပ်ထားသော ချိုဆိမ့်မွှေးသည့် မြန်မာ့ အစားအစာတစ်မျိုးဖြစ်၏။ ကောက်ညှင်းထမင်းအိုးကို ထပ်ပြန် တလဲလဲ ကော်ပတ်စာများနဲ့ဘိအလား နဲ့ရသောကြောင့် ထမင်းနဲ ဟု အစိပ္ပာယ်ရှိရှိ မှည့်ခေါ်ထားခြင်းဖြစ်၏။

ယခုခေတ်ကာလတွင် စကားပြောသံအတိုင်း ထမနဲဟုပင် ရေးသားကြ၏။ နှမ်းဆီနှင့်နှမ်းနိုင်နိုင်ထည့်ရသည်ကို အကြောင်း ပြုပြီး နှမ်းမနဲ့ဟုလည်း အမည်တစ်မျိုးတွင်သေး၏။ အချို့ အရပ် ဒေသများတွင် ထမင်းနဲ့ကို ယာဂုဟုလည်း ခေါ်ဝေါ်ကြ၏။

ထမင်းနဲ့ပွဲမှာ အခြားသောပွဲတော်ထက် ထူးခြား၏။ ကုသိုလ် ရရေးထက် ကျန်းမာပျော်ရွှင်ရေးကို အဓိက ဦးတည်ချက်ထား၏။ အစာလည်းဆေး၊ ဆေးလည်းအစာဆိုစကားရှိ၏။ အေးမြသော



ဟေမန္တဥတုတွင် ထမင်းနဲသည် ဆေးဘက်ဝင်သောအခါ ဖြစ်သည်ဟု ရှေးမြန်မာ့ဆေးပညာရှင်ကြီးများက ယူဆခဲ့ကြ၏။

ထမင်းနဲ့သည် ဆီနိုင်ပြီး အပူစာချည်းလိုလို ပါဝင်သော အစာဖြစ်သည်။ တပို့တွဲလသည် အလွန်အေးမြပြီး အဆီ ခြောက်ခန်းချိန်ဖြစ်၏။ ထိုထဲတွင် ဆီနိုင်သည့်အပူစာထမင်းနဲ့ကို သုံးဆောင်လျှင်အသားအရေစိုပြေ၏။ အပူဓာတ်ရလာနိုင်သည် ဆို၏။ ပထဝီပျက်သူများ ထမင်းနဲ့စားသင့်သည်ဆို၏။ ရှေးမြန်မာ ကြီးများသည် နှာရည်ယိုရှဲတပို့တွဲတွင် ထမင်းနဲ့ကို ဆေးပညာ ရှုထောင့်မှ ရှုမြင်သုံးသပ်ပြီး ကျန်းမာရေးအတွက် တပို့တွဲလ၏ ရာသီစာအဖြစ် သတ်မှတ်ခဲ့ကြဟန်ရှိ၏။

ထမင်းနဲ့ထိုးရာတွင် အချိန်အဆရှိ၏။ အချိန်အဆမှန်ပြီး ထိုးနိုင်လျှင်ထမင်းနဲ့သည် အလွန်စားကောင်းသည်။ ရက်ရှည်လည်း အထားခံသည်။ ထမင်းနဲ့ထိုးသောအခါ ထည့်ရမည့် အမျိုးအစား များကို ရှေးပညာရှင်များက တေးထပ်ဖြင့် မှတ်တမ်းပြုခဲ့သည်ကို လည်းတွေ့ရ၏။

ထမင်းနဲ့ထိုးသောအခါ ပထမကောက်ညှင်းဆန် လေးပြည်ကို ရေစင်အောင်ဆေးထားရ၏။ ဆီတစ်ပိဿာကို ဒယ်တွင်ထည့်ကာ ဂျင်းသုံးကျပ်သားနှင့်ဆီသတ်ပြီး ကောက်ညှင်းထည့်နှပ်ရသည်။ ကောက်ညှင်းနပ်၍ ဆီပြန်လျှင် ဖိုမှချ၍ ကြေအောင်နဲ့ရ၏။ နဲ့ရာတွင် ယောက်မနှစ်လက်ဖြင့် ပွတ်ချေရ၏။ ကြေသွားသော

ကောက်ညှင်းတွင် မြေပဲ-၈-ကျပ်သား၊ နှမ်း ၃၂ ကျပ်သား၊ အုန်းသီးစိပ် ၂၀ သား၊ ဆား ၇ ကျပ်သား နှံ့အောင်ထည့်၍ မွှေလျှင် ထမင်းနှဲဖြစ်တော့၏။

ယခုခေတ်ထိုးနည်းမှာ ရှေးခေတ်ဟောင်းနည်းဖြင့် အနည်း ငယ်ကွာခြားသည်။ ယခုခေတ်တွင် ရှေးဦးပထမ ကောက်ညှင်း ဆန်ထဲ၌ ဆားထည့်၍သမစေသည်။ ဒယ်အိုးတွင် ဆီကျက်လျှင် အုန်းသီးဆံနှင့်ဂျင်းတို့ကိုထည့်ပြီး ဆီသတ်သည်။ နွမ်းသွားလျှင် ကောက်ညှင်းနှင့်ရေထည့်ပြီး နှပ်ထားရ၏။ ရေမခန်းမီ မကြာခဏ မွှေပေး၍ ရေခန်းသွားလျှင် နာနာမွှေပေးရင်း နှမ်း၊ မြေပဲဖြူးရ၏။ အချို့က ဒယ်ချပြီးမှ နှမ်းဖြူးလေ့ရှိကြ၏။ ထမင်းနှဲထိုးရာတွင် အရေးကြီးဆုံးမှာ ထမင်းနှဲကြေရန် နာနာမွှေပေးရ ခြင်းဖြစ်သည်။ ထို့ကြောင့် ထမင်းနှဲထိုးကြရာတွင် အားကောင်း မောင်းသန်သော ယောကျ်ားကြီးများပင် ချွေးဒီးဒီးကျ အောင် ထိုးကြရခြင်းဖြစ်၏။

မြန်မာဘုရင်တို့သည် တပို့တွဲလတွင် မီးဖုန်းပွဲနှင့်အတူ ယာဂုကိုပါ နန်းတော်တွင်း၌ ရာသီပွဲအဖြစ် စဉ်လာမပျက် ကျင်းပ ခဲ့ကြ၏၊ သီပေါမင်းလက်ထက် ယာဂုပွဲတော်ကျင်းပပုံကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌တွေ့ရ၏။

မင်းတုန်းမင်းတရားကြီးလက်ထက်၌ နန်းတွင်း၌သာမဟုတ်၊ နေပြည်တော်တစ်ရပ်လုံးတွင် ကျင်းပပြုလုပ်ကြ၏။ ရွှေမြို့တော် လေးပြင်ရပ်လုံးရှိ အိမ်ရှိလူကုန် တရုတ်ကုလားလူမျိုးခြားမှစ၍



သူတော်၊ သီလသည် ဖော်ဂျီ၊ ကျွန်သီးတော်၊ ထောင်တန်း၊ စဏ္ဍာလ၊ စုသေး၊ စုနုပ်တို့ပါမကျန် လူဦးရေစာရင်းကို စုထိန်း၊ စုအုပ်၊ အရပ်အုပ်၊ သွေးကြီး၊ သွေးဆော်၊ အကွက်ခေါင်းကြီးတို့ထံမှ တောင်းယူတော်မူ၏။

လူတစ်ကိုယ်လျှင် ဆန်တစလယ်ကျစီနှင့် ဆီ၊ ဆား၊ နှမ်း စသည် အစုံပေးတော်မူ၏။ အတွင်းတော်က ယာဂုကျိုသည်နှင့် တစ်ပြိုင်နက် အမြောက်သံကြားအခါပေးသည်။ နေပြည်တော် တစ်ဝန်းလုံးရှိ လူအားလုံးတို့သည် အသီးသီး ယာဂုချက်ကျို လုပ်ကိုင်စားသောက်ကြရ၏။ ထိုအချိန်က ကောက်ညှင်းဆန်၊ ဆီ၊ ဆား၊ နှမ်း၊ ဂျင်း၊ မြေပဲ၊ အုန်းသီး၊ သစ်ကြားသီး ကိရိယာ အစုံအတွက် ဘုရင်မင်းမြတ်၏ ကုန်ကျငွေပေါင်းမှာ တစ်သောင်းကျော် သောဟူ၏။

ထိုသို့ ရှေးမြန်မာဘုရင်များဦးစီးကျင်းပပြုလုပ်ခဲ့သော ထမင်းနှဲပွဲသည် မြေရှင်ပဒေရာဇ်ခေတ်နှင့်အတူ ပျောက်ကွယ်ခဲ့ပြီး ဖြစ်၏။ သို့သော် မျက်မှောက်ခေတ်တွင် ပြည်သူတို့ဘဝကြားဝယ် ထမင်းနှဲပွဲကား ဆက်လက်တည်မြဲလျက်ရှိ၏။ မျက်မှောက်ခေတ် ကာလတွင် မိမိတို့အင်အားအလိုက် ထမင်းနှဲပွဲကို တပျော် တပါးကျင်းပပြုလုပ်လျက်ရှိ၏။ တစ်ဦးတစ်ယောက်တည်း အမြောက်အမြားအကုန်အကျခံကာ ပြုလုပ်သော ပုဂ္ဂလိကထမင်း နှဲပွဲရှိသကဲ့သို့ လေးဦးဖြစ်စေ၊ ငါးဦးဖြစ်စေ၊ လမ်းအလိုက်၊

ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် စုပေါင်းပြုလုပ်သော ထမင်းနဲ့ပွဲ လည်းရှိ၏။

အချို့သော ထမင်းနဲ့ပွဲတို့မှာ သာမန်ပွဲမျိုးမဟုတ်၊ ပိုမိုစိတ်ဝင်စားစရာ၊ ပျော်ရွှင်စရာကောင်းအောင် ပြိုင်ပွဲအသွင် ဖန်တီးပြီး ထမင်းနဲ့ထိုးကြသည်မှာ ရွှင်မြူးဖွယ်ရာ အလွန်ကောင်း၏။ ထမင်းနဲ့ပွဲများ၌ အိုးကြီးအိုးငယ် အသွယ်သွယ်တို့ဖြင့်အုပ်စုလိုက် အပြိုင်အဆိုင် ထမင်းနဲ့ထိုးနေကြစဉ် ရွာထဲရပ်ထဲရှိ လုလင်ပျိုတို့ လေ့ကျင့်ထားသော ဒိုးပတ်ဝိုင်းများဖြင့် အလှည့်ကျတီးပြီး ကပြကြသည်မှာ ကြားရမြင်ရသူတိုင်း ပျော်မြူးဖွယ်ရာ ဖြစ်၏။

## မီးဖုန်းပွဲတော်

မြန်မာရိုးရာယဉ်ကျေးမှုပွဲတော်များသည် အများအားဖြင့် ဘာသာရေးကို အခြေခံ၍ ကုသိုလ်ရရေးပျော်ရွှင်ရေးတို့ကို အဓိကဦးတည်ချက်ထားကြ၏။ မီးဖုန်းပွဲတော်၏ အခြေခံဦးတည်ချက်မှာလည်း ထိုနည်းအတိုင်းပင်ဖြစ်၏။

မီးဖုန်းပွဲဆိုသည် မီးကုသိုလ်ပွဲ၊ မီးအလှူပွဲဟု အဓိပ္ပာယ်ရ၏။ အမှန်အားဖြင့် အလွန်အေးမြသော ဤတပို့တွဲလတွင် ဘုရားဆင်းတုများရှေ့တွင် မီးဖို၍ ရဟန်းသံဃာတော်များနှင့် သက်ကြီးရွယ်အိုများ မီးဖို၍လှုံရန် နံ့သာထင်း၊ မယ်ဖျူ (မီးအိုးကင်း) စသည်တို့ကို ကျောင်းဘုရားတို့သို့ လှူဒါန်းသည့်ပွဲကို မီးဖုန်းပွဲခေါ်၏။ ဤပွဲမှာ



ဘုရားရှင်အား မီးအလှူပေးသော (ဝါ) မီးကုသိုလ်လုပ်သောပွဲဖြစ်၏။

ဘုရားရှင်တစ်ဝါအရတွင် မြတ်စွာဘုရား၏ ထင်ရှားသော တေဒဂ်ဘွဲ့ခံမဟာသာဝကကြီးဖြစ်လာမည့် ဥရုဝေလ ကဿပ သည်ပင်လျှင် တပည့် ရသေ့ပေါင်း ငါးရာတို့နှင့်အတူ တိတ္ထိတို့သဘာဝအတိုင်း ဆောင်းရာသီအတွင်း နှင်းအလွန်ကျပြီး အေးလွန်လှသော နတ်တော်မှ ပြာသိုလအကူး အဋ္ဌရဋ္ဌက ညထူးများ၌ နေရဉ္ဇရာမြစ်အတွင်းတွင် ရေငုပ်ပွဲကြီး နှင့် မီးပုံပွဲကြီးတို့ကို ဆင်နွှဲခဲ့ဖူး၏။ ထိုနေရာသို့ ဘုရားရှင်ကြွလာပြီး တန်ခိုးပြာဋိဟာ အမျိုးမျိုးပြကာ ထိုမိစ္ဆာအယူဝါဒများကို နှိမ်နင်းခြေချတ်တော်မူခဲ့ရ၏။

ရှင်တော်ဗုဒ္ဓသည် တိစီဝရိတ်ခေါ် သင်္ကန်းသုံးထည်သာ ဆောင်ယူခွင့်ရက်ကို တပို့တွဲလနှင့် တပေါင်းလအကူးအဋ္ဌရဋ္ဌကရက်အတွင်း ညတစ်ည၌ ကိုယ်တော်တိုင်လက်တွေ့ စမ်းသပ်ပြတော်မူပြီးမှ ပညတ်တော် မူခဲ့သည်ကိုတွေ့ရ၏။

ထိုရက်အတွင်း တစ်ခုသောည၌ ညဦးယံတွင် သင်္ကန်းတစ်ထည်မျှဖြင့် ကွင်းပြင်၌ နေစမ်းတော်မူ၏။ ပထမတွင် ထိုသင်္ကန်းတစ်ထည်ဖြင့်သာ နေနိုင်သော်လည်း ညဦးယံ လွန်လာသည့်အခါ အချမ်းဒဏ်ကိုမခံနိုင်၊ နောက်ထပ် တစ်ထည်ကို အသုံးပြုတော်မူ၏။ သန်းခေါင်ယံလွန်ပြန်သော် ပိုချမ်းတော်မူလာ၍ နောက်တစ်ထည်ထပ်တော်မူရပြန်၏။ မိုးသောက်ယံလွန်၍

အရှက်တကက်ချိန်ရောက်လာသော အအေးဒဏ်ကိုမခံနိုင်၍ စတုတ္ထသင်္ကန်းတထည်ကို ထပ်တော်မူရပြန်၏။

ယင်းသို့ သင်္ကန်းလေးထည်ခြုံတော်မူမှ အချမ်းလုံနိုင်မည်ကို ဉာဏ်တော်ဖြင့် သိတော်မူပြီးလည်း တစ်ဖက်စီးနင်းအတင်း ပညတ်တော်မူသည်ဟု လူအများစွပ်စွဲစရာ မဖြစ်လေအောင် ကိုယ်တော်တိုင်လွင်တီးခေါင်၌ လက်တွေ့စမ်းသပ်ပြတော်မူပြီးမှ ရဟန်းတော်များကိုတိစီဝရိတ်ခေါ် သင်္ကန်းသုံးထည်သာ ဆောင်ယူကြရမည်ဟု ပညတ်တော်မူခဲ့၏။ (မူလစမ်းသပ်တော်မူစဉ်က လေးထည်ဖြစ်သော်လည်း သင်္ကန်း ၂ ထည်ကို ထပ်ချုပ်၍ နှစ်ထပ်သင်္ကန်း (ဒုကုဋ်) ဟု တစ်ထည်တည်းလုပ်လိုက်သောကြောင့် သုံးထည်ဖြစ်သွား၏။)

မီးဖုန်းပွဲဖြစ်လာပုံသည် အထက်ပါ အဋ္ဌကထာရက်များနှင့် ပတ်သက်လျက်ရှိ၏။ မီးဖုန်းပွဲဖြစ်ပေါ်လာပုံအကြောင်းမှာ ဤသို့ တင်ပြထား၏။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲ စာ-၅၄၄ တွင်

"တပို့တွဲလ၊ ပန္နရာသီ၊ တိတိထွန်းစည်၊ လပြည့်နေ့အခါဝယ်၊ ခြောက်ပါးရောင်လက်၊ ဝင့်တိုင်းစက်သော အဋ္ဌာဒ္ဓန္တ၊ ပြောင်မှန်၊ ဝပင်၊ အေးမြသောအစွယ်ရှိသည်ဖြစ်၍ သုံးလူထွတ်ထားမြတ် ဘုရားလျှင် မီးရှိန်ခံတော်မူသည်ကို ရည်ပြီးလျှင် (လ) မီးဖုန်းတော်များကိုလှူဒါန်းပူဇော်တော်မူသည်။" ဟူ၍လည်းကောင်း၊



ဆရာကြီး ဒဂုန်နတ်ရှင်၏ စာပေဝတ်ဆံ ၅ တွင် ---

"မီးပုံးလှူဒါန်းကြခြင်းမှ တပို့တွဲလပြည့်နေ့တွင် ဖြစ်ပါသည်။ တပို့တွဲလပြည့်နေ့ ညဉ့်၂-ချက်တီးကျော် (လပြည့်ကျော် ၁ ရက်အဝင်) တွင် မြတ်စွာဘုရားသခင်အား အချမ်းသက်သာစေ ရန် ရှင်အာနန္ဒာက ဒုကုဋ်တော်ကို တင်လှမ်းပေးခြင်းကို ကျမ်းဂန်များ၌ တွေ့ရပါသည်။ ထို့ကြောင့် နံ့သာထင်းများဖြင့် ဘုရားကို ရည်စူး၍ လှူဒါန်းကြခြင်း ဖြစ်ပါသည်။" ဟူ၍လည်းကောင်း ရေးသားဖော်ပြထားကြ၏။

ယင်းမိန့်ဆိုချက်များအရ တပို့တွဲလ အဋ္ဌရဋ္ဌကညများ၌ ဆီးနှင်းများပြင်းထန်စွာကျပြီး ခိုက်ခိုက်တုန်အောင်ချမ်းအေးလှ၍ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပင် အချမ်းဒဏ်ကိုခံနိုင်ရန် (ဝါ) ဓာတ်ကြီးလေးပါးမျှတစေရန် မီးအိုးတွင်းတွင် ရွှေလက်တော်တင်ကာ မီးလှုံတော်မူရခဲ့ဖူးသည် (ဝါ) ဒုကုဋ်သင်္ကန်းထပ်ခြုံတော်မူရခဲ့ဖူးသည်။ ထိုသို့သောအကြောင်း အတ္ထုပ္ပတ္တိကို အစွဲပြုပြီး ရှေးမြန်မာရဟန်းရှင်လူတို့ ရာသီပွဲတော်အဖြစ် တပို့တွဲလတွင် မီးအလှူပွဲ (ဝါ) မီးကုသိုလ်ပြုပွဲ (မီးဖုန်းပွဲ) တစ်ခုကျင်းပပြုလုပ်ခဲ့ကြခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ရ၏။

ရှေးအခါက မီးဖုန်းပွဲကို မြန်မာဘုရင်များကိုယ်တိုင် ဦးစီး၍ ခမ်းခမ်းနားနားကျင်းပပြုလုပ်ခဲ့ကြ၏။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲ စာမျက်နှာ ၅၄၄-၅၄၅ တွင် --

ဓာတ်တော်မွေတော်ရုပ်ပွားတော် ကိန်းဝပ်ရာ စွယ်တော်စင် ဘုရား (လ) မဟာမုနိဘုရား၊ စုစုဘုရားတဆဲ့ငါးဆူ၊ ရွှေဂူစေတီ သရီရမြတ် မွေတော်၊ ဓာတ်တော်တို့အား နှစ်စဉ်ပူဇော် လှူဒါန်းမြဲ နံ့သာမျိုးဆယ်ပါးတို့တွင် သာရဂန္ဓအစစ် အနှစ်နံ့သာတို့ဖြင့် ပြည့်သော မီးခံနှင့်တကွသော မီးဖုံးပြာသာဒ် ဆူရေတဆဲ့ငါး ကောက်သုံးပါးတို့တွင် ဩဇာလေးနက် အကျိုးတက်သော ကောက်ကြီး ဆန်မြတ်ပေါ်ထက်လတ် ဦးဆွတ်ယူခူးသော ကောက်ဦးဆွမ်း အဖြစ်ဖြင့် ယင်းသည့်လဆန်း တစ်ဆယ့်လေးရက်နေ့ညကပင် ရွှေရုံးတော်ရှေ့တွင် ပွဲသဘင်စုံကျင်းပစေလျက် လွှတ်တော်အရာရှိ တို့ကြီးကြပ်၍ အခွံနွှေးနွှေး နစ်နစ်ပြေးမျှ၊ မြတ်လေးငုံသဏ္ဍာန် အစေ့ဝန်သော ကောက်သစ်ဆန်များကို ဆပ်ခြင်းကင်းစေလျက် မြိန်ဆိမ့်သော အဖွယ်အရာတို့ဖြင့် ကောင်းစွာ ကျိုချက်ကပ်သော မွန်မြတ်သောယာဂုဆွမ်း အလှူတော်များကို စာရင်းပါတဆဲ့ငါးဆူသော ဘုရားရှင်တို့အား သဇင်ပန်း၊ ဆီမီးတန်ဆောင်စသော အလှူတော် များနှင့်တကွ အရာရှိမှူးတော်မတ်တော်တို့ ကြီးကြပ်စေပြီးလျှင် ကောင်းမွန်စွာ အရုဏ်ဆွမ်းကပ်၍ မီးဖုန်းတော်များကို လှူဒါန်းပူဇော်တော်မူ သည်။" ဟူ၍ ရေးသားဖော်ပြထား၏။

ဤပွဲတော်သည် မြန်မာနိုင်ငံအထက်ပိုင်း အညာဒေသ အချို့၌သာ စဉ်လာမပျက်ကျင်းပလျက်ရှိ၏။ လူများစုအသိနည်း သော ရာသီပွဲဘဝသို့ရောက်နေ၏။ အထူးသဖြင့် ဤတပို့တွဲလတွင်



နောက်မှပေါ်လာသော ထမင်းနဲ့ပွဲကိုသာ ပွဲတော်အဖြစ် သိကြ တော့၏။

အညာဒေသရှိ တချို့သောအရပ်များတွင် တပို့တွဲလ ဆန်းလာလျှင် တောထဲသို့သွား၍ သနပ်ခါးထင်းများခုတ်ကာ နေပူလှမ်းထားကြ၏။ တပို့တွဲလပြည့်နေ့သို့ ရောက်သောအခါ ခြောက်နေပြီး ဖြစ်သော နံ့သာထင်းများကို စေတီပုထိုးရုပ်ပွား တော်များရှေ့၌ စေတီသဏ္ဍာန်၊ ပြာသာဒ်သဏ္ဍာန် စုပုံကာ စနစ်တကျ မီးပူဇော်ကြ၏။ မီးကုသိုလ်၊ မီးအလှူရကြ၏။

ကျောင်းဇရပ်ပေါ်ရှိ ရုပ်ပွားဆင်းတုတော်များရှေ့တွင် မီးအိုး ထင်းများတွင် အမွှေးနံ့သာထင်းများထည့်၍ မီးအလှူပေးကြ၏။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသကဲ့သို့ အချို့ အရပ် ဒေသများတွင် ဘုရားကိုသာ ပူဇော်ကြသည်မဟုတ်၊ ဆရာ တော်၊ သံဃာတော်များအားလည်းကောင်း၊ အဘိုးအဘွား သက်ကြီးရွယ်အို များအားလည်းကောင်း အမွှေးနံ့သာထင်းများနှင့်အတူ မယ်ဖျူး ခေါ် မီးအိုးထင်းများကို လှူဒါန်းလေ့ရှိ၏။

အညာဒေသများတွင် အရပ်သူ အရပ်သားများသာ ဤမီးဖုန်းပွဲကို ပြုလုပ်ကြသည်မဟုတ်၊ ဘုန်းတော်ကြီးကျောင်း များ၌လည်း ဘုန်းတော်ကြီးများကိုယ်တိုင် ဦးစီးပြီး တပို့တွဲ လပြည့်နေ့ နံနက်တစ်ချက်တီး နှစ်ချက်တီးအချိန်ထ၍ ရုပ်ပွားစေတီတော်များအား နံ့သာထင်းများဖြင့် မီးပူဇော်လေ့ရှိ၏။

အညာဒေသများတောများတွင် နံ့သာထင်းများ မရှိသလောက် ရှားပါးလာ၍ မီးဖုန်းပွဲပြုလုပ်သူများလည်း တစတစ နည်းပါးလာ၏။ ဤမီးဖုန်းပွဲတော်မှာ ချမ်းအေးလှသော ရာသီနှင့်အလိုက် ကုသိုလ်ရေးကို ဦးတည်ပြီး ရှေးမြန်မာကြီးတို့ တီထွင်ခဲ့သော ပွဲတော်ဖြစ်၏။

x x x x x

## တပေါင်းလနှင့် သဲပုံစေတီပွဲတော်

"ကသိုဏ်မှ ညိုညိုလေ၊ ကြယ်ရေစေတီ၊ နယ်သိဂီမှာ၊
နာရီငါးရပ်၊ သုညပါဒ်နှင့်၊ ရဟာတ်ကယ်စက်ချင်း၊ ချမ်းရေးပြင်းကြသည်၊ တောင်မြင်းမိုရ်ငယ်နှင့်လေ။
ရွှေလိုမှုရစ်ဆင့်၊ သဲပုံပြိုပြို၊ သာမျိုးညီအောင်၊ စေတီရတနာ၊ လှည့်လက်ယာကို၊ မြေငါမြင့်လို့၊ ကျုံးရင့်မှ
နတ်စည်၊ ကြက်ဆောင်းအလှန်း၊ ဆီးဖြန်းဖြန်းနှင့်၊ မိုးပန်းဆွတ်ခြွေ၊ မှိုင်းမှိုင်းဝေလို့၊ နေမတည်သည်၊ မျက်ရည်ကို ရွှေတဘက် ကယ်နှင့်၊ သုတ်ရက်ပြီဘူး။
နွှေဦးမှတိမ်ခ၊ တောတောင်တလီ၊ မည်သရီနှင့်၊ ကတ္တီပါပေါင်း၊ ရွက်သစ်ကယ်လောင်း၊ ရွက်ဟောင်းဖျံလို့၊ ခက်ရုံမှဝေဝေ၊ အင်ကြင်းသရဖီ၊ ပန်းစုံစီနှင့်၊ သိဂီရောင်သွေးကြိုင်ကြိုင်ငယ်မွှေးလို့၊ ငှက်ကျေးငယ်ခြွေသည်၊ တောင်လေ ပြေ မုန်တိုင်းနှင့် ရေလှိုင်းသံကိုး။
ပြည်မိမိလာ၊ ချိန်တာရာသည်၊ တံငါပျော်ကြ၊ သို့သည်လကို၊ မရရင်ငွေ၊ တကိုယ်လေ့တို့၊ မွှေ့မွှေ့သိမ့်သိမ့်၊ ကြည်နူးရန် ခြိမ့်လိမ့်မယ်။

မိန်ရာသီလတပေါင်းတဲ့၊ တစ်သောင်းလုံး စိတ်ငယ်
အောင်၊ ပတ်လယ်ကို မှုံရီမှိုင်းနှင့်၊ မြေဘ်တိုင်းညိုး"
(စာဆိုတော်မယ်ခွေ၏ ဆယ့်နှစ်ရာသီတပေါင်းလဖွဲ့
အဲချင်း)

## တပေါင်းလ

တပေါင်းလသည် မြန်မာဆယ့်နှစ်လတွင် ဖွါဒသမမြောက်လ ဖြစ်၏။

တပေါင်းလကို ပုဂံခေတ်ထိုးကျောက်စာ၌ "တပေါင်" ဟု ရေးထိုးခဲ့ကြ၏။ အင်းဝခေတ်၌ ဝိသဇ္ဇနီရေးထုံးပေါ်ပေါက် လာပြီ ဖြစ်၏။ ယခုခေတ်ရေးသကဲ့သို့ "တပေါင်" ဟုပင် ရေးခဲ့ကြ၏။

တပေါင်းဟူသောအမည်သည် တပို့တွဲကဲ့သို့ပင် ထန်းပင်ကို အကြောင်းပြုကာ ပေါ်လာသည်ဟူ၏။ ဤရာသီတွင် ထန်းရည်များကို ပေါင်းစပ်ကြိုချက်ကြ၍ "ထန်းပေါင်း" ဟု ခေါ်ဆိုရာမှ "တပေါင်း" သို့ ရွေ့လျောလာခဲ့သည်ဆို၏။

သို့သော် တချို့က ဤလရာသီတွင် နက္ခတ် ၁၂ လုံး စုပေါင်းပေါ်ထွက်ခြင်းကြောင့် တပေါင်းလဟု ခေါ်သည်ယူ၏။ ဤလတွင် ရက်ပေါင်း ၃၀- ရှိ၏။ နာရီအားဖြင့် နေ့ ၃၆ နာရီဖြစ်၏၊ ညဥ့် ၂၄ နာရီရှိ၏။ နေ့တာရှည်၏၊ ညတာတို သောလ ဖြစ်၏။ ထိုလတွင် ဖဂ္ဂုဏ ခေါ် ဥတ္တရဘဂုဏ္ဏီနက္ခတ် နှင့်စန်းယှဉ်ပြည့်၏၊ ပြုဗ္ဗာဘဒြပိုဒ်နက္ခတ်နှင့် နေမင်းတို့ ယှဉ်ကြ၏။ ဤလတွင် ဆံကျင်တာရာ ထွန်းပ၏။ ရာသီရုပ်မှာ ငါးနှစ်ကောင်ရေကူးနေပုံ ဖြစ်၏။



ရွက်သစ်လောင်း၍ ရွက်ဟောင်းမြေခသော တပေါင်းလတွင် သရဖီတို့ ပွင့်ကြ၏။ သရဖီပင်သည်ပုန်းညက်ပင်နှင့် မျိုးတူဖြစ်၏။ ပူအိုက်သော ရာသီဥတုရှိသည့် ဒေသများတွင် ပေါက်ရှင်၏။ တနင်္သာရီတိုင်း အမြဲစိမ်းတောများတွင် အများအပြား ပေါက်ရောက် လေ့ရှိ၏။

"ရွှေဥဩတွန်သံသာ၊ နွေဦးပေါက်တော့မှာ" ဟုဆို၏။ နွေဦးကာလ၌ ဥဩငှက်ကလေးများ၏ အသံကို ကြားကြရ၏။ ဥဩငှက်သည် မြန်မာနိုင်ငံအနှံ့တွင် နေထိုင်ကြ၏။

ဥဩငှက်သည် အသိုက်ဆောက်လေ့ မရှိ။ ဥဩနှင့် ဥ ဥချိန်တူသည့် ကျီးများ၏ အသိုက်ထဲ၌သာဝင်၍ ဥတတ်ကြသည်၊ ဥဩသည် အခါရာသီအလိုက် ပြောင်းရွှေ့တတ်၏။ နွေနှောင်း ကာလတွင် မြန်မာနိုင်ငံမှထွက်ခွာသွားကြတော့၏။

## တပေါင်းလအဓိပ္ပာယ်

ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် နှစ်မျိုးပြဆိုထား၏၊ ပထမ အဓိပ္ပာယ်မှာ အမရကောသ အဘိဓာန်ကျမ်းတွင် ကပသျှား - ပူပန်ခြင်းကောင်းသော တပေါင်းလဟု ပရိယာယ်ရှိ၏။ ကာလ ရှည်လျားသောကြောင့် သက္ကတဘာသာ တပသျှား - ပုဒ်မှ ဖျက်၍ မြန်မာဘာသာ တပေါင်းလဖြစ်သည်ဟု မိမိ၏ အယူအဆကို ရှေးဦးစွာတင်ပြ၏။

ထိုတပေါင်းလကို "တပံအာတပံ ဩဂစ္ဆန္တော ဂစ္ဆတီတိ တပေါင်း" ဟူ၍ ရှေးဆရာမြတ်တို့ ဝိဂြိုဟ်ကြဲကြ၏။ [တပံအာ တပံ၊ ပူသော နွေဥတုရာသီသို့၊ ဩဂစ္ဆန္တော၊ သက်လျက်၊ ဂစ္ဆတိ၊ သွားတတ်၏။ဣတိတသ္မာ၊ ထို့ကြောင့် တပေါင်း၊ တပေါင်းလ မည်၏။] အမရကောသ သလာ တပဿျား - ပူသော တပေါင်းလ ပရိယာယ် ပါဠိနှင့် ဆီဆိုင်သင့်လျော်၏။ ငှ့ူညချမ်းဆိုရိုးတမ်း နှင့်လည်းတော်၏ဟု အာစရိယဝါဒကို ဒုတိယ အယူအဆ တစ်မျိုးအဖြစ် တင်ပြထား၏။

## သဲပုံစေတီပွဲတော်

ရှေးလွန်လေပြီသော ကမ္ဘာတစ်သိန်းကာလက ဒေဝလမည်သော ရသေ့တစ်ပါးရှိခဲ့ဖူး၏။ ထိုရသေ့သည် ဟိမဝန္တာတောင်တွင် နတ်တို့ ဖန်ဆင်းပေးသည့် ကျောင်းသင်္ခမ်း၌ နေထိုင်၏။ ထိုရသေ့တွင် အလုပ်အကျွေးတပည့်ပေါင်း ထောင်သောင်းမက ရှိ၏။

အခါတပါးတွင် ရသေ့ဆရာကြီး ဒေဝလသည် ကျောင်းသင်္ခမ်းမှထွက်ပြီး သဲများကို စေတီပြုကာ ပန်းအမျိုးမျိုး တို့ဖြင့် ထိုစေတီကို ပူဇော်၏။ သဲပုံစေတီ၌ မြတ်စွာဘုရားတို့၏ ဂုဏ်တော်တည်ဟူသော အာရုံနိမိတ်ကိုယူ၍ ကြည်လင်သန့်စင် သည့် စိတ်ဓာတ်ကို ပြင်စေပြီးမှ သင်္ခမ်းကျောင်းသို့ ပြန်လာခဲ့၏။ တပည့်အပေါင်းသည် ဆရာရသေ့ကြီး၏ ထူးခြားသော



အခြင်းအရာကို မြင်တွေ့ကြရ၏။ ထို့ကြောင့် ဆရာရသေ့ကြီးထံ တစ်စုတစ်ဝေးတည်း ရောက်ရှိလာကြပြီး သဲပုံစေတီတည်၍ ရှိခိုးပူဇော်သော အကြောင်းကို မေးမြန်းကြ၏။

ဤတွင် ဆရာရသေ့ကြီးက . . .

"ငါ့ရှင်တို့. . . ရှေးဟောင်းဗေဒင်ကျမ်းများ၌ အခြံအရံများ စွာရှိသော သမ္ဗုဒ္ဓတညာဏ်ရှင်ဘုရားသခင်ကို ညွှန်းပြထားသည် မဟုတ်လော။ ထိုဘုရားရှင်ကို ရှည်မှန်း၍ သဲပုံစေတီကို ငါရှိခိုးပူဇော်၏" ဟု ပြောကြား၏။

ထို့နောက်တွင် တပည့်ရသေ့များက ထပ်ဆင့်မေးမြန်းကြ၏။ မြတ်စွာဘုရား၏ လက္ခဏာတော်များနှင့် အံ့ဩဖွယ်ရာသဘော ဓမ္မတာများ၊ ဂုဏ်ကျေးဇူးတော်များနှင့် အကျင့်သီလများကို ကြည်ညိုဖွယ်ရာ ဆက်လက်မိန့်ကြားတော်မူ၏။

တပည့်အပေါင်းတို့သည် ဆရာရသေ့ကြီးကဲ့သို့ ကျင့်ကြံ အားထုတ်ကြကာ ဘုရားရှင်တို့၌ ယုံကြည်လေးစားသော စိတ်ထားဖြင့် သဲပုံစေတီကို အကြိမ်ကြိမ်ပူဇော်ကြဖူး၏။

ထို့ပြင် အပဒါန်ပါဠိတော်တွင် ရှေးလွန်လေပြီသောအခါ ပုလိနထူပိယမထေရ်အလောင်း နာရဒရှင်ရသေ့တစ်ပါးသည် မြစ်ကမ်းထိပ်မှ တရားအားထုတ်၏။ နွေရာသီရောက်၍ မြစ်တွင် သောင်ထွန်းလာသောအခါ ထိုရသေ့သည် သဲများကိုစုပုံ၍ သဲပုံစေတီ တည်ထားကိုးကွယ်၏။

ထိုကဲ့သို့ ကိုးကွယ်နေသည်ကို တချို့က အဓိပ္ပာယ်မဲ့သည်ဟု ကဲ့ရဲ့ပြစ်တင်ကြ၏။ ရသေ့သည် စိတ်လက်ရှည်ရှည် ရှင်းပြ၏။ သူသည် အကြောင်းမဲ့ သံပုံစေတီကို တည်ထားကိုးကွယ်သည်မဟုတ်။ ရှေးဟောင်းဝေဒကျမ်းများအရ ပရိနိဗ္ဗာန်စံလွန်လေပြီးသော ဘုရားများနှင့်တကွ ဗုဒ္ဓဂုဏ်တော် များ၊ ကိုယ်ပွားတော်များ၊ စေတီတော်များအကြောင်းကိုလည်း သိကြောင်း၊ ဘုရားရှင်၏ စေတီများသည် ဤသံပုံစေတီကဲ့သို့ပင် ရှိမည်ထင်ရကြောင်း၊ ထိုဘုရားရှင်တို့ကို အာရုံပွား၍ ဤသံပုံစေတီကို တည်ထားကာ ဝတ်ပြုခြင်းဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းပြ၏။

ကမ္ဘာ ကမ္ဘာ ရှေးလွန်လေသောအခါကပင် ပေါ်ပေါက်ခဲ့သည့် သံပုံစေတီကိုးကွယ်သည့် အလေ့အထကို ရှေးမြန်မာကြီးတို့သည် နှစ်နှစ်သက်သက်ထိန်းသိမ်းခဲ့ကြ၏။ သံပုံစေတီပွဲတော်မှာ ဗုဒ္ဓဘာသာမှ ဆင်းသက်လာသော မြန်မာ့ယဉ်ကျေးမှုပွဲတော် ဖြစ်၏။ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာစတင် ထွန်းကားလာချိန် ကပင် ရှိခဲ့သောပွဲတော်ဟု ယူဆရ၏။

သံပုံစေတီပွဲတော်သည် ပုဂံခေတ် သို့မဟုတ် ပုဂံခေတ်မတိုင်မီကပင် ပေါ်လာသည့်ပွဲတော်ဟု ဆိုနိုင်၏။ အနော်ရထာမင်းစောသည် ပုဂံမြို့အနီးရှိ ရောဝတီဖြစ်ကမ်းသဲခုံ တွင် စွယ်တော်မြတ်ကို ဌာပနာ၍ စေတီတော်ကြီးတစ်ဆူ တည်ထားခဲ့၏။ ယင်းစေတီ



တော်ကြီးမှာ သဲခုံပေါ်တွင် တည်ထားသဖြင့် ရွှေစည်းခုံစေတီဟု ဘွဲ့တော်သတ်မှတ်ခဲ့ရာ ယခုတိုင် အထင်အရှားတည်ရှိနေ၏။

တပေါင်းလသို့ ရောက်လာလျှင် မြစ်များ၊ ချောင်းများ၌ ရေစစ်ကာ သဲခုံသောင်ခုံ ဖြူဖြူဖွေးဖွေးကလေးများ ထိုမှ ဤမှ ပေါ်ထွန်းလာတတ်၏။ ထိုရာသီတွင် လယ်ထွက်ယာထွက် သီးနှံများကို ရောင်းချချိန်ဖြစ်၏။ တောင်သူဦးကြီးများ ငွေစရွှင်သည့် ရာသီဖြစ်၏။ လယ်ယာလုပ်ငန်းများ ပြီးစီး၍ လုပ်ငန်းခွင်မှ အနားယူချိန်ဖြစ်၏။

ထိုသို့သောအကြောင်း ညီညွတ်သောအချိန်တွင် မြန်မာဘုရင်များသည် ထိုလတွင် သဲပုံစေတီပွဲကို ရာသီပွဲအဖြစ် သတ်မှတ်၍ ရွှေနန်းတော်ကြီးမှသည် ကျေးလက်တောရွာ ကလေးများအထိ ခြိမ့်ခြိမ့်သဲ ဆင်နွှဲကျင်းပခဲ့ကြ၏။

ယင်းအချိန်တွင် မင်းမိဖုရားနှစ်ပါးတို့သည် မင်းညီမင်းသား၊ မှူးတော်မတ်တော်များနှင့်အတူ သောင်ပြင်သို့ ထွက်စံတော်မူကာ သဲပုံစေတီများကိုတည်ပြီး ပူဇော်ကန်တော့ကြလျက် ပွဲလမ်းသဘင် ဆင်ယင်ကျင်းပကြ၏။

ရှေးအခါသမယက တောင်သူဦးကြီးများသည် သဲပုံစေတီတော်များကို မူလတည်ကာစအချိန်က အုတ်များဖြင့် မပြုလုပ်နိုင်ကြပေ။ ရိုင်ပတ်ဆင့်၍ တည်ထားလေ့ရှိ၏။ ရိုင်ပတ်များကို အဆင့်ငါးဆင့် တည်၍ ဆောက်ကြ၏။

ထိုအဆင့်ငါးဆင့်မှာ မြင်းမိုရ်တောင်ရှိ အာလိန်ငါးဆင့်ပုံကို ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်၏။ ယင်းအာလိန်ငါးဆင့်တွင် သန့်စင်သောသဲများ အပြည့်သိပ်ထည့်ရသည်။ ထို့နောက် တံခွန်ကုက္ကား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကာ အလှူအတန်းပွဲများ ပြုလုပ်၏။ နှစ်ကာလကြာသော် အုတ်တို့ဖြင့် စေတီကိုင်ုလျက် စေတီကြီးအဖြစ်သို့ ဆက်လက် တည်ဆောက်ကြသည်ဟု ဆို၏။ သဲပုံစေတီပွဲတော်မှာ မျက်မှောက်ခေတ်ကာလတွင် ပျောက်ကွယ်လုနီးပါးရှိ၏။ မန္တလေးစသော မြန်မာနိုင်ငံ အထက်ပိုင်းရှိ မြို့ရွာ အနည်းငယ်၌သာ ကျင်းပတော့သည်ဟု သိရ၏။

x x x x x

# ရှေးရှေးစာဆိုတော်များအမြင်

## တန်ခူးလ
## စာဆိုတော်များအမြင်

ကဗျာညဏ်ကျက်စားသော ကဝိစာဆိုတော်တို့သည် ရာသီစက်ဝန်းတစ်ပတ်အတွင်း တစ်လပြီးတစ်လ ဖြစ်ပေါ် ပြောင်းလဲလျက်ရှိသော ပတ်ဝန်းကျင်သာယာပုံများကို တစ်ပုံတစ်ဖွဲ့စီ ညဏ်ချဲ့သီကုံးကြရာ ဆယ့်နှစ်ရာသီဖွဲ့ ကဗျာလင်္ကာများ ထင်ရှားပေါ်ပေါက်ခဲ့၏။ ထိုအထဲမှ လတန်ခူးနှင့် ပတ်သက်၍ ဖွဲ့ဆိုရေးသားချက်အချို့ကို ထုတ်နုတ် ဖော်ပြရလေသော် -

ဦးယာ၏ ဆယ့်နှစ်ရာသီဖွဲ့ အဖြည့်ခံရတုတွင် တန်ခူးလကို ဖွဲ့ဆိုထားပုံမှာ . . .

" . . . မကိုဋ်ထားတည်၊ ထွတ်ဘုန်းစည်လျှင်၊ ကြွလည်းမြွက်ပိတ်၊ မိန့်ဗျာဒိတ်ကြောင့်၊ နိမိတ်ငါးဆူ၊ ပေါ်သောဟူရှင်၊ နတ်လူတည်ကြွ၊ သောပူရတွင် သတ္တနာမံ၊ ကမ္ဘည်းခံသည်၊ တောင်ယံမြင့်မား၊ မင်းခြောက်ပါးတို့၊ ရှေးဖျားစတည်၊ ငါးမာရ် နည်းကို၊ ထူးမည်သာလှ ကပ်သာရထက်၊ ဇိနဘုန်းလျှံ၊ သိဒ္ဓတ်စံသည်၊ ရွှေနံ့တူပန်း၊ တင်ဆက်မြန်းရှင်၊ မာတ်ဆန်း လေးစုံ၊ ကိန်းဝပ်ပုံသည် . . . "





ဦးအောင်ကြီး၏ဆယ့်နှစ်ရာသီဖွဲ့ တန်ခူးလူးတားဖွဲ့တွင် . . .

" . . . ကောင်းကင်းမိုးလ၊ စိတြနှင့်၊ မိဿရာသီ၊ အညီခါကျော်၊ နှစ်ဦးပေါ်က၊ ကံ့ကော်ရင်ခတ်၊ ပင်တိုင်းညွှတ်လျက်၊ ပွင့်ဝတ်ဝေဝေ၊ တောင်လေသုတ်ဖြူး၊ လတန်ခူးကို၊ မြူးတူး ပျော်ရွှင်၊ တာသဘင်ဝယ်၊ ဆင်ယင်တုပ၊ လွ-ရဂွတည့်၊ ငြိမ့်မျှစောင်းငြင်း၊ အဲသီချင်းနှင့်၊ ထုံသင်းနံ့သာ၊ ရေသီတာဝယ်၊ စမ္ပာ ကရမက်၊ ပန်းပေါင်းဖက်၍၊ ရွှေခွက်အပြည့်၊ မွှေးမျိုး ထည့်က၊ လည်လှည်ဆူလှ ယ် တင့် စံ ပ ယ် လျ က် မြူးရယ် ရွှင်သားလွှန်ပျော်ပါးသည်။ ကစားထုံရည်ဖျန်းတည့်လေ . . . "

ဦးကြော့၏ ဆယ့်နှစ်ရာသီ တန်ခူးတေးထပ်မှာ. . .

" . . . ငွေသလင်းကျောက်ဆိုင်၊ ရွှေပယင်းတပေါက်လိုဏ်မှာ၊ပိတောက်မြိုင်ကြူစွာ၊ ပန်းရင်ခတ်လေဖြန့်ဆော်သည်၊ ရွှေကုံ့ကော်သင်းတဲ့မာသ။ ။

နွေနဝင်းသူဆင်းလျှင်မူ၊ ရွှေမင်းလွင်မြူကြ၊ ခါဂိမှာန်မိတ္ထာ၊ စိတြရာသီ၊ တာရာတော် ရွှေဆံကျင့်ငယ်နှင့်၊ ရွှေရံတင့်လမင်း စန္ဒီ။ ။

ဒိဝါရက်သုံးဆယ်စီငယ်၊ ပါဒ်နာရီခွေညောင်းလို့၊ ရွှေမောင်း တော်ဗဟိုရ်သံ၊ သံငြိမ့်ငြိမ့်ညံ၊ ရေသွန်းပွဲရာ၊ မင်းခံသည်၊ တာ သကြိန်နှစ်ကူးမို့လေး . . . "

ဖိုးဝဇိရ၏ ဆယ့်နှစ်ရာသီ တန်းခူးလဖွဲ့မှာတမ်းတွင် . . .

“ . . . လတန်ခူးခေတ်၊ မြဖူးလှစ်တဲ့၊ ထူးသစ်ကယ်ခါနွေ၊
သာသရေတွင်၊ ညာရွှေကော်ကံ့၊ ကြိုင်ဆုံးတုံ၊ ခိုင်ကုံးပုံနှင့်၊
မြိုင်လုံးကုံပျံ့တော့ကို၊ မခံ့တဲ့သည်သဲဆိုင်က၊ ကြည်ခဲ့နိုင်
ပွေပွေ နှောင့်ပါလို့၊ ဖြေဖြေအောင့်ခက်တဲ့သူက၊
မြွက်ဖွဲ့ကြူလင်းလိုက် ရပါတော့သည် . . . ”

ကင်းဝန်မင်းကြီး၏ ဆယ့်နှစ်ရာသီ တန်ခူးလဖွဲ့သံပေါက်မှာ . . .

“ . . . တန်ခူးမိဿ၊ သိကြွလနှင့်ယှဉ်ပြိုင်ထွန်း၊ ရင်ခတ်
ကံ့ကော်၊ ထုံသင်းပျော်၊ ပွဲတော်အတာညွန်း . . . ”

ဆရာကြီးဦးပုညချီ၏ ဆယ့်နှစ်ရာသီ တန်ခူးလဖွဲ့လေးဆစ်သဖြန်တွင် . . .

“ . . . နှစ်လုံးရယ်တဲ့ ပါဗ်မို၊
ရေသွန်းစံပျော်လို့၊ ငွေကံ့ကော် ဝိတောက်ပန်းရယ်၊
လန်းတဲ့ ရာသီ။
စိတြရွှေကြယ်မြတ်ကယ်နဲ့၊ စန်းသမသတ်ပြည့်ခါမို့၊
ညဥ့်နာရီ နေခင်း။
မျှမပိုလ-အလိုခါထူးပါတဲ့၊ တန်ခူးသည်ဂိမှေဦ၊
ရပိန်နေမဋ္ဌေ နန်းမှာ မြန်းမည့်အတွင်း . . . ”



မယ်ခွေ၏ ဆယ့်နှစ်ရာသီဖွဲ့သီချင်းတွင် တန်ခူးလကို ဖွဲ့ဆိုရာ၌ . . .

“ . . . ကံ့ကော်ဝတ်မှုန်၊ မွှေးထုံထုံနှင့်၊ ရဂုံမြိုင်ဖျား၊ တော
တလွှားတည်း၊ ငှက်ခါးတောင်လို၊ ပူအောင်မယ့်ကိုယ်၊
မိုးကြီးတဖွဲ၊ လေတလှဲ့နှင့်၊ တကယ့်ခြောက်တိုင်၊
မပြတ်ကယ်ဆိုင်းလို့၊ မှိုင်းမှိုင်းငယ်ညိုသည်၊ မ ဖိုသီတာ၊
ဆိတ်ကယ်ကချစ်ရိပ်ညိုနွဲ့။ ပြင်နာရီကား၊ ငါးဖိုထားလို့၊
ဝါးသုံးအင်၊ မိဿခွင်မှာ၊ မရှင်နိုင်တယ်။ စန်းလွန်းပင်
ပြတ်ခဲ့ပြီ။ မြတ်ဆံကျင်ကာရာက၊ တေဇာတော်မချိုး
ပါနှင့်တော့ ဝေသာလီပြည်ကြီးကထိန်ညီးရဲ့”

ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်ရာသီဖွဲ့ သဖြန်တွင် တန်ခူးလဖွဲ့ကို ဖွဲ့ဆိုထားပုံမှာ . . .

“ . . . ပေါင်းရွက်ညှာခါလှစ်လို့ ကာသစ်ကယ်တဲ့နုံကြိုင်။
သုတ်ဖြူးလေဆော်က၊ ပန်းကံ့ကော်စတ်မှုံကျင်း၊ သင်းပျံ့
လို့လှိုင်။
ကြယ်နှစ်ပြိုင်၊ သွယ်ဆိုင်ပဝင်း။
စိတြငယ်နှင့်ငွေလသော်တာတို့ ယုဂန်ချာတောင်တော်စွန်း
မှာ၊ ထွန်းထိန်လို့လင်း”

လှူဦးမင်း၏ ဆယ့်နှစ်ရာသီဖွဲ့ တန်ခူးလလေးချိုးတွင်. . .

" . . . ခါသကြံန်ဝယ်၊ မျက်ပုံဝရက်၊ ဥကင်မြတ်တွင်၊ နောတတ်ကယ်ဂဂါ၊ ထုံသီတာနှင့်မဟာသဘင်၊ ရေဖျန်းဆင်လို့၊ အပြင်ဗွေပြန့်၊ ကွန်းရွှေမန့်က၊ သွန်းအုံ့အနေ၊ အမှူးဆွေလဲ၊ စည်ရွှေရောင်ငြိမ်ညှင်းသဲသာတော့ပ၊ ရွာမန်ငယ်သုန်သည်၊ အမွှန်မင်ဖူးညွန့်တိုးနယ်ဆင့်။ ယုန်ငွေငယ်စန်းလ၊ စိတြနှင့်၊ နန်းလှကျင်၊ အာကာခွင်မှာ စက်ရှယ်ယတြာ၊ လှည့်ဝန်းဖြာလို့၊ ယဉ်သီဒါပြ၊ သောင်သာစွထက်၊ နောင်တစီကျာ၊ ငှက်ညီ လာလဲ၊ ပျူငှာကိုယ်စီ၊ ကြင်မူရာပိတော့တယ်၊ မူမှိုဝံ့ကုမ္ဘာဝယ်၊ အုံ့ညောင်ကြာ၊ ရွှေတောင်ဝန်းက၊ လွမ်းထိုက်ပေသင့်"

ဦးဖြေ၏ ဆယ့်နှစ်ရာသီဖွဲ့ တန်ခူးလလေးချိုးတွင်. . .

" . . . တာဝသန်ငယ်၊ သကြံန်သစ်ညောင်း၊ နှစ်အကြောင်းဝယ်၊ တသောင်းလုံးရှင်၊ ရာဥကင်လဲ၊ ရောင်ကဥနာ၊ ညောင်သဥ္စာထက်၊ စကြာနှစ်လီ၊ ထွက်မြန်းချီလို့၊ ညီလာခြံရံ၊ ရေသွန်းဘဲခံတော့ပ၊ မြန်တနယ်ဝယ်၊ တိုင်းကျယ်ပြည်ကြီး မြတ်သူတို့။ ကံ့ကော်ရင်ခတ်၊ မွှေးရင်သတ်နှင့်၊ ခေါင်ချပ်ကယ် ကေလျှင်၊ စုစည်းဆင်လို့၊ ရွှေပင်နန်းနေ၊ မယ်လျှဆွေနှင့်၊ ရွှေမြေဘုံသူ၊ ပျော်ပွဲဘဲယူကြတယ် . . . "



မဟာအတုလမင်းကြီး၏ ဆယ့်နှစ်ရာသီဖွဲ့ တန်ခူးလလွမ်းချင်း မှာ. . .

" . . . နွေခါမိဝယ်၊ ရာသီမိဿ၊ ဝိမှာနမို့ စိတြကြယ်၊ တိမ်မိုးလယ်မှာ၊ စံပယ်ကွန့်က၊ တိမ်ဗွေချာဝယ်၊ ဒေသစာလှမ်း၊ လှည့်လည်ငယ်မြန်းလို့၊ နှစ်ဆန်းငယ်သကြံန်၊ သစ်သစ်သာပန်တော့တယ်၊ နိုင်ငံကြော့ပြည်သူမှာ၊ ပန်ဆူယူတာရေသွန်းချိန်မို့၊ လွမ်းလှတယ်လေ . . . "

တိုင်းတာမြို့သူကြီး ဦးဖက်၏ ဆယ့်နှစ်ရာသီဖွဲ့ တန်ခူးလ တေးတပ်မှာ . . .

" . . . သမုဒ္ဒရာန်ညာလေသွန်းလို့၊ ကျွန်းဝတိန်ထက်ခွင်၊ ကသစ်ဝိုင်သူရာမင်းလို၊ ဗျူဟာမင်းစစ်ရေးစုံဆင်း။ ။ သဟ္တာင္ရစည်ရန်နှင့် ငယ်သံပဲ့တင်ကြော်ကြွေးလို့ ဖော်ဝေးသူပွေစေဖန်၊ ပြုပေ့တညာဏ်၊ မြဝသုန်မြေမှန်မှန်မှာ၊ ရေသကြံန်ကြိမ်မြဲပလေလား၊ ဥကင်သရိပ်စံမှာ ရွှေသဟာံချိန်ပွဲလလေး . . . "

စာရေးတော်ကြီး ဦးမောင်ကလေး၏ ဆယ့်နှစ်ရာသီဖွဲ့ တန်ခူးလ ရှစ်ဆယ်ပေါ်တေးထပ်မှာ . . .

" . . . မြဝန်းရစ်ခွေ မြူခြေခြံသည်၊ ဆူကြွေခမန့်တာအကြုံ၊ မမှုံတမှုံတမှုံငယ်၊ မအုံ့တအုံ့ရွာပြန်ရင်း၊ ရွာဟန်ပြုနှင့်ခုလာထင်အောင်၊ မသားပြင်ပြင်သီကျူးညံ့ရက်လင်း၊ ယုဂနန်း မြင့် လမ်းထိပ်သာမူ၊ စန်းစိတြာဆံကျင်းမင်း၊

နန်းမိတ်သဟာ သဘင်ကျင်းလို့ ယှဉ်ပိုင်မယွင်း ထွန်းလျှံထိန်၊
ရင်ခတ်လျှော် ရွှေဂေါ်ငွေဝတ်ကို၊ ဆော်လေခူးဆွတ်
ညွတ်တဲ့အချိန် . . . "

စာဆိုတော် ဦးကြင်ဥက တန်ခူးလရာသီဖွဲ့ ညည်းချင်းတွင် . . .

" . . . ဩဘ်-ဘုံစိတြာ၊ ယုန်ဣန္ဒာလဲ၊ လိတ္တာလုံးညီ၊
တင့်ဆုံးမှီ တဲ့၊ ရာသီတော်ခါ၊ သကြံန်တာဝယ်၊ စံရာ
ပန်းသတ်၊ နန်းဝရက် က၊ မြတ်သမ္ဘာကြွယ်၊ ယဉ်ဓာ
မွတ်ကျူး၊ လှလွတ်နွန်းသည်။ တဘုန်းမယ်တို့၊ လွမ်းနယ်
ပြားပြန့်၊ တားမတံ့အောင်၊ သားခြံ ငယ်သိန်ညီ၊ တိမ်စဉ်
စီကို ပန်းချီငိုရေးက မောက်တော့တယ်"

စလေဆရာကြီး ဦးပုည၏ ဆယ့်နှစ်ရာသီ တန်ခူးလ တေးထပ်တွင်. . .

" . . . နေ့နှင့်ညနာရီမှာ၊ သုံးဆယ်စီမကြူး၊ နှစ်လုံးညီတပါဒ်
ကူးလို့၊ နှစ်သစ်ဦးတခါ၊ ပန်းကံ့ကော်ရွှေရင်ခတ်တယ်တို့
ဖူးပွင့် ချပ်စီလို့သာဖြာ။ ။ တည်ဘုံးဖဝါးရိပ်ဆာယာမှာ၊
တူမကွာ မောင်၊ မယ်နဲ့လို့ မြတ်သည့်ပွဲသကြံန်တော်၊ တီးခြိမ့်ခြိမ့်
ကြော်၊ထီးကမ္ဘူရိပ်ပျော်ငယ်၊ ခေါင်းလျှော်တော်မူမြဲထင်လေး
. . . "



## ကဆုန်လ

## စာဆိုတော်များအမြင်

စာဆိုတော် ဦးယာ၏ ဆယ့်နှစ်ရာသီဖွဲ့ အဖြည့်ခံ ရတုတွင် ကဆုန် လဖွဲ့တွင် . . .

" . . . နတ်သိကြားလို၊ စည်းစိမ်ကိုတည်၊ နှိုင်းဆိုမယွင်း၊
ရှင်နတ်မင်းသာ၊ ဖန်ဆင်းတော်မူ၊ ကျွန်းဇမ္ဗူတွင်၊
ရိပ်ဖြူချက် ထွက်၊ လ-ဗြိုဟ်နတ်လျှင်၊ လေးမြတ်ဟန်နှင့်
မယ့်ကိုကျင်၍၊ ရှေးနှင့်မတူ၊ ဆယ့်နှစ်မြူလျက်၊
စိတ်ပူပင်ရေး၊ ခိုနှယ်သွေးခဲ့၊ မြတ်လေးစေနာ၊ သူမှာ
သာလျှင်၊ ကြင်နာစုံမက်၊ ဘုန်းချင်း ရှက်သည်။ ။
ပြိုးပြက်လင်းပွင့် စည်လှသော် . . . "

ဦးအောင်ကြီး၏ ဆယ့်နှစ်ရာသီဖွဲ့ လူးတား ကဆုန်လ ဖွဲ့မှာ . . .

" . . . ခါနွေသတင်၊ နှစ်သစ်ဝင်၍၊ ကောင်းကင်သော်တာ၊
ဝိသာခါနှင့်၊ ပြည့်လာအညီ၊ ရာသီပြီသော၊ အလှကြိုင်မြူး၊
ကွန့်ဖူးစံကား၊ လှိုင်ပျံ့ရှားသည်၊ မိုးသားကျူးစ၊ ကဆုန်လ
ဝယ်၊ လောကထွင်ရှုထား၊ ဘုရားသခင်၊ ရွှေပလ္လင်ထက်၊
ရွှေယှဉ်ရောင်တောက်၊ ညောင်တော်အောက်၌၊ ပေါက်သည်
ကိုမူ၊ အကြောင်းယူ၍၊ ပဉ္စူလှရာ၊ ပန်းတကာကို၊ မြူတာ
တကောင်၊ ပသင်းတောင်းဗယ်၊ သွန်းလောင်းရေပြည့်၊

ဖြိုးမျှထည့်လျက်၊ ပတ်လှည့်ညာကြေ၊ ရှင်တော်မွေ့ကို၊
ရှိသေသဘင်၊ ပွဲကြီးယင်၍၊ ကြည်လင်သဒ္ဒါ၊ ငြိမ်းကြောင်း
ရှာသည်။ ။ အခါညောင်ရေ သွန်းတည့်လေ။ ။
ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝ နန်း တည့်လေ . . . ”

မယ်ခွေ၏ ဆယ့်နှစ်ရာသီ အဲချင်းတွင် ကဆုန်လ အဖွဲ့မှာ . . .

“ . . . ကဆုန်ငယ်မှရတု၊ မြနီလာစစ်၊ အပြာရစ်နှင့်၊
ရှစ်မျက်နှာ ဆို၊ တောတခိုမှာ၊ ပျိုနုနုနှင့်၊ ကျီးဥမှာလဲ့ပြာ၊
စကားထုံသင်း၊ ဂေါဇာချင်းတွင်၊ တုကင်းလွှတ်ကွာ၊
ငှက်ပေါင်းသာလို့၊ ညာခြေ ငယ်စံသည်၊ ယုဂန်မှာတိမ်
တပုံက၊ ဂဠုန်လိုပဲ . . . ”

ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်ရာသီဖွဲ့ သဖြန်တွင် ကဆုန်လကို ဖွဲ့ဆိုထားရာတွင် . . .

“ . . . စကားဝါငုံသင်းလို့၊ ကြယ်မင်းတဲ့ ဝိသာခါ။
တိမ်ဗွေမှာ ရောင်ခြည်ရွှန်း၊ ထွန်းတဲ့ချိန်ပါ။
စုံကန္တာ မဟာမြိုင်ထဲ။
ရွှေကျေးပျံသင်လို့၊ စံပျော်ရွှင်သည်၊ ဟိုကူးလို့ငယ်၊
မြူကြစမြဲ . . . ”



လှူဦးမင်း၏ ဆယ့်နှစ်ရာသီလေးချိုး ကဆုန်လဖွဲ့တွင် . . .

“ . . . ပန်းနံ့စကားရွှေ ပျံ့ရှားငယ်ခြွေသည်၊ နွေသမယ၊
ချိန်ညောင်ရေလတွင်မှ၊ သူဇာ့ချစ်နှံ့၊ ကသစ်စံလဲ၊ ငြိုးမာန်
တော်ဝင်၊ ရန်သူရာဆင်ဆဲထင့်၊ သောင်းခွင့်မြေမဟီမှာ၊
ခုနစ်လီကုန် ဆန်းလို့၊ ချိပ်ပန်းလှုပ်ခြည်ညွန့်နှင့် မိုးကွန့်မှုန်။
အာကာငှဝယ် မှောင်မြူလင်းပွင့်၊ ကြည်ကြည်ကြီး
တင့်ပါတဲ့၊ စန်းမင်းကျက်သရေ နန်းဖြင့် ငွေနှင့်ကြယ်၊
ဗေသာခီ၊ တည့်မွန်ညီလို့၊ ကြိုင်ဆီသင်းပျံ့၊ ရဂုံကလဲ၊
ဘာသာ့အလို၊ မယ်မောင်ဖိုတို့၊ နှစ်ကိုယ်ချင်းသာ၊
ခေါ်ခြင်းသံသာတော့ပ၊ ခါကဆုန်ကို၊ မစုံဖော်လပ်သွား
ဆွေးရန်ဖို့ . . . ”

ဦးဖြေ၏ ဆယ့်နှစ်ရာသီဖွဲ့ လေးချိုး ကဆုန်လ ဖွဲ့မှာ . . .

“ . . . ကဆုန်ပြိုသာ၊ ဝေါဟာရမှာ၊ ဆန်းမြရောင်နွယ်၊
စန်းနီ ကာယ်လည်း၊ ကြယ်ဝိသာခါ၊ ပတ်ဆိုင်းသာနှင့်၊
ယှဉ်ကာကူးသီ၊ တည့်မွန်းဘဲညီကြတယ်၊ သိနေရူဖလ်ဝါမှာ၊
ရွှေဟသာ တာရာနန်းငယ်နှင့်၊ တင်မြန်းစံပယ်လေ့ပါဘိ၊
ချမ်းမြေ့ပေရာ။
သွာစွထွေငယ်၊ ခါရေညောင်ဆက်၊ ကန်တော့ရက်ငယ်၊
ဖိုလ် မဂ် ကယ်ရွယ်ချူ ဆုကြီးယူဟု၊ သယမ္ဘူဓာတ်၊

သုံးလူနတ်နှင့်၊ ဆောင်ရပ်ဥကင် နန်းကြော့ပြင်မှာ၊
သဘင်ပွဲရေ၊ ဆက်မြဲပေ ဧတော့ပ၊ ရေမြုတော့ငယ်၊
နံ့သာပန်းသစ်မွှေးရက်နှင့် . . . ”

မဟာအတွာလမင်းကြီး၏ ဆယ့်နှစ်ရာသီ လွမ်းချင်း ကဆုန်
လဖွဲ့တွင် . . .

“ . . . မြူခြေငယ်စွန့်ပါလို့၊ နေဝန်းငယ်စက်ရှိန်၊ တောက်
ရှလောင်ငယ်ထိန်သည်၊ ဖလ်သူရိန် ဇောဇာကြောင့်၊ ပူဗျာပါကဲ
တဲ့လကိုလေး။
ရာသီငယ်ပြီသသ၊ မဟောသီလဲ့ရွှေညီခတို့၊ ပန်းမြစကားဝါ၊
ဝိသာခါနှင့်၊ တာရာခြံရံ စန်းငွေ ယုန်ပန်သည့်နှယ်၊ ဆဒ္ဒန်
ပိုင်ဘွဲ့ဘုံမှာ၊ လ-ကဆုန်ညောင်ရေပွဲပေမို့ သဲလှတယ်လေး
. . . ”

တိုင်းတားမြို့သူကြီးဦးဖက်၏ ဆယ့်နှစ်ရာသီဖွဲ့ ကဆုန်လ
တေးတပ်မှာ . . .

“ . . . ခိုင်စကားဂါဠငွေလျှံခလို့၊ စိတြဂိဝါ၊ ခိုသွေးတဲ့
လဲပြာပြာ၊ နဂါးသွဲ့ညှာစုံနန်း၊ ချောင်းထိုက်လုံးသပြေဝယ်၊
သွန်းညောင်ရေပွဲကတခန်း၊ ကြယ်ပတ်ဝိုင်းတေဇာ၊
ရွှေတံငါ တင့်ဆန်း၊ ဘုံယုဂန်ဇွဲကြင့်နန်းဆီက၊ ခြွေမြန်းကြ
တလီ၊ လ-သော်တာငွေပြာသာဒ်ကယ်နှင့်၊ တည့်မွန်းမတ်
စုံကြတူညီ။



ပြိုသဘာတဲ့ချိန်ဆီကို၊ တိမ်ပန်းချီမင်စက်နှင့်၊ ဆင်ချက်တယ်
ဝေမှုန်မှုန်၊ ခိုးငွေ့သုန်သုန်၊
ပြက်သခြွေသမ္ဘုန်ငယ်၊ ဘယ်မာန်ဂုဏ်ဒုန်သိလေး၊
လမ်းဆွတ်သူဆယ်ဖြာမှာ၊ နယ်ဇဘ္ဘာဆူကဲ့ဘိလေး. . . ”

စာရေးတော်ကြီးဦးမောင်ကလေး၏ ဆယ့်နှစ်ရာသီဖွဲ့
ရှစ်ဆယ်ပေါ် တေးထပ်ကဆုန်လဖွဲ့တွင် . . .

“ . . . ကြက်နန်းရဝေ ကြွက်ရွှေဖားနှင့်၊ ငွေငါးဗျာ
မန်းမြတ်တင်ဆီ၊ ထွေပြားကာခြံပဥ္စသီသည်၊ ပင့်ပန်း
ပန်းချီခြယ်လှယ်တင့်၊ စုပြိုပ့သို့မြူလွှာမှောင်တယ်၊
အသူရာမောင်မာန်ပျိုးချိန်မို့ထင့်၊ စန်းစန္ဒီနှင့် မြန်းညီဖြာ
သည်၊ နန်းဝိသာခါ တံငါပွင့်၊ တျမ်းရှိအလား ကမ္ဘာဝင့်လို့၊
အာကာတခွင့်သိရ်တာဂုဏ်၊ ပယင်းချပ်လွှာညာမြသွား၊
စကားရွှေညော်လေသောက်ခါအကြုံ။ ။
သောင်ငွေသဲတဲ့ ပုလဲဥဝယ်၊ မကွဲဆွေစုံမောင်နှံ့ငှက်တို့၊
တောင်ပံနွဲ့ယှက်ချစ်တင်းညီတဲ့ အောင်. . . ”

စာဆိုတော်ဦးကြင်ဥ၏ ရာသီဖွဲ့ ညည်းချင်း ကဆုန်လ
ဖွဲ့မှာ . . .

“ . . . ခြော်. . . ဖော်ဧးမစုံ၊ ဆွေးဘို့ကြုံအောင်၊
တပုံတခန်း၊ ဇာဆုန်ဆန်းမိုပ၊ ယုန့်စန်းငွေလ၊ စန္ဒရနှင့်၊
ပုဏ္ဏား တာရာ၊ ကြယ်ဝိသာလဲ၊ အာကာမြင့်ခေါင်၊ ကွန့်ရွှန်း
ငယ်ပြောင်သည်၊ တိမ်မှောင်ခြွေလို့ လင်းတော့တယ်။

သံဝှန်းငယ်ညောင်းငြိမ့်၊ စည်မောင်းလှိမ့်လို့ ဝတိန်ခွန်ဆွတ်၊
နတ်များထွက်ကို၊ သခွတ်ခါးငယ်၊ ပြည်သမီးရင်း၊ လက်စ
ကြွင်းကြောင့်၊ ရန်ကင်းငယ်လှယ်သည်၊ စစ်ဆွယ်ပြိုင်လို့၊
ကျင်းတော့တယ်. . . ”

စာဆိုတော် စလေဆရာကြီး ဦးပုည၏ ဆယ့်နှစ်ရာသီဖွဲ့ ကဆုန် လဖွဲ့တေးထပ်မှာ . . .

“. . . ဖဝါးနှစ်ခုစွန်းကယ်သည်၊ သွင်နတ်နွယ်လုံလေးနှင့်၊
မွေးနိုင်မျှမေတ္တာရေ၊ သွန်းလို့မပြေ၊ နွေယွန်းသစ်ဂိမှေဝယ်၊
သွန်းညောင်ရေပွဲပေရှင့်လေး. . . ”

ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့ ကဆုန်လတေးထပ် တွင် . . .

“ . . . ဝိသာခါထွန်းပပနှင့်၊ လွမ်းစရာ့ပြိုသာ၊
ကွန်းသကလရိပ်ကြာမှာ၊ မိတ်လျှာတော်စုံဘဲ၊ ဖိုးရွှေလ
တံငါတာ၊ သာ့တသာဗိန်းပိတ်လို့မဲ။
ရှောက်ရွာမိုး မဟိဒ္ဓိန်ငယ်၊ ဝိဇ္ဇဝိန်လျှပ်ကြ၊ ဖိတ်ဖိတ်ရှိန်
ထက်ကဲလို့၊ ရပ်မစဲပဋ္ဌန်၊
မန်းသေလာ အောင်မြေကြော့မှာလ၊ ညောင်ရေတော်ပွဲရတု
ကြုံ။ ။
ရွှေစံကား ခရားထုံသည်၊ စလျှားလှုံလှယ်သစ်မယ့်၊



နှစ်ဆယ့် ရှစ်ညဉ့်နာရီခေါ်၊
ငြိမ်းစည်တော်၊ ကဆုန်လခါမှီခေါ်သည်၊ ရာသီတော်သာ
ဆုံးမို့လေး. . . ”

ဖိုးဝဇီရ၏ ဆယ့်နှစ်ရာသီဖွဲ့ ကဆုန်လဖွဲ့မှာတမ်း မှာ . . .

“. . . ယ-ကဆုန်နွေ၊ မြစုံခြေမှာ၊ ရွှမ်ရွှေခိုင်စကားငယ်နှင့်၊
ပြိုင်ခရားပေါ်ရက်ခါကို၊
ကြော်-ခက်စွာ ခင်ခင်သိအောင်လို့ ယဉ်ယဉ်ညိုလွှာကိန်းပုံ
နှင့်၊ သာသိမ်းခြုံလှစ်လိုက်ရပါတော့မယ်. . . ”

ဆရာကြီးဦးပြုံးချို၏ ဆယ့်နှစ်ရာသီဖွဲ့ ကဆုန်လဖွဲ့ သဖြန့်တွင် . . .

“ . . . နေနန်းရယ်တဲ့ ဖလ်သူရိန်၊ တန်ခိုးဥဏှာဝှနဲ့၊
ကဆုန်ဟူသည် မာသမှာ၊ ပြင်းပြပူရှိန်။
ဝိသာခါယှဉ်ပြိုင်ဝန်းပါလို့၊ ထွန်းလှတဲ့ ဇင်္ဂတာရိန်ငယ်၊
ဒွတ္တိသနေ့စွဲ။
ပန်းစကားဝါ၊ နန်းအမရာကေသီဆင်လို့ ရွှေပြည်ခွင်ဗိုလ်ပါ
ပေါင်းရယ်လို့၊ ငြိမ့်ညောင်းအောင် ထာဝစဉ်ဖြင့်၊
ခါသဘင် ညောင်ရေသွန်းကြတယ်၊ လွမ်းစရာ့ပွဲ. . . ”

## နယုန်လ
## စာဆိုတော်များအမြင်

ဦးယာ၏ ဆယ့်နှစ်ရာသီဖွဲ့ အဖြည့်ခံရတု နယုန်လဖွဲ့တွင် . . .

" . . . ဘုန်းပန်းမဉ္ဇူ သောင်းလုံးကြူသား၊ ဗိန္ဒုမင်းသွေး၊
ခံမြေရွှေ၍၊ လေးခုနှစ်လီ၊ မော်ယွန်းချီးသား၊ ပုရိအောင်ဖျို၊
သာသည်မြို့၌၊ တောင်ညို့မှိုင်းမှိုင်း၊ ဝတ်တန်တိုင်းတို့၊
နောက်ခိုင်းလှည့်လည်၊ ထားခဲ့တည်သား၊ ဘုန်းစည်
ဆောင်ရိုက်၊ ထွတ်မကိုင်ရှုံကို၊ လျှောက်ဆိုက်မတန်၊
လျှောက် တောင်းပန်သည်။ ။
ရွှေညာဏ်ထောက်မကူ လှည့်သောဝ်။ ။
နှုန်းနှုန်းရည်တူ၊ ကြာနန်းသူလျှင်၊ ညွန့်လူကြမှ၊
ဖွားမြင်စသို့၊ နူလှသက်ရှယ်၊ ယဉ်သည်မယ်ကို၊
ချစ်ဖွယ်နေ့တိုင်း၊ စညွတ် ရှိုင်းလျက်၊ မ-ဂိုဏ်းနက္ခတ်၊
သ-ဂိုဏ်းနတ်နှင့်၊ နှစ်ပတ်ရစ်ခါ၊ သွားပြန်လာပြီ၊
သည်ရာသီပန်း၊ နှစ်ခိုင်းလန်းနှင့်၊ ရည်မှန်းဓိဋ္ဌာန်၊
တိုင်လျှောက်ပန်သည်၊ ဝေယန်ပေါက်ပြုကြူ
လှည့်သောဝ်။ ။

ဦးအောင်ကြီး၏ဆယ့်နှစ်ရာသီ နယုန်လဖွဲ့လူးတားတွင် . . .

" . . . ညောင်ရေသဘင်၊ ပွဲစံလျှင်ကား၊ တက်ခွင်မိုးလ၊



ကြယ်ဇေ့နှင့်၊ ပြည့်ဝစင်ကြယ်၊ စံပယ်မြတ်လေး၊ ပင်တိုင်း
မွှေး၍၊ တွေးတွေးမောင်းနီ၊ ညွန့်ချင်စီသို့၊ ရာသီမေထုန်၊
လ-နယုန်မူ၊ မြူခုန်သာရှင်၊ မိုးလုလင်လည်း၊ ရွာကျင်ငြိမ့်မျှ၊
ရေငန်း ပြလျက်၊ သီလသမား၊ မြတ်ဟာသ်ာတို့၊ သဒ္ဓါရှစ်စုံ၊
သုံးပုံပိဋကတ်၊ ရှင်ဓာတ်ဖော်ညွှန်း၊ အခန်းခန်းကို၊ ရွှေနန်း
တော်တောင်၊ မြတ်မာရ်အောင်ဝယ်၊ များမြောင်စုဝေး၊
စာမေးသဘင်၊ မွှမ်းမွှမ်းမြင်သည်၊ လူရှင်ရပ်ထက်ဝန်း
တည့်လေ။ ။

ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝ နန်းတည့်လေး. . . "

မယ်ခွေ၏ ဆယ့်နှစ်ရာသီဖွဲ့ အဲချင်းမှာ . . .

" . . . နွေနှောင်းလမို့၊ ကမ္ဘာ့ကျက်သရေ ရဂုံနက်ကျယ်၊
တောမြိုင်လယ်မှာ၊ စမွှာယ်မြတ်လေး၊ ပျံ့မွှေးမွှေးနှင့်၊
စာမေးသဘင်၊ ငှက်ပေါင်းရှင်လို့၊ မင်းလွင်ငယ်ဝေသည်၊
တောင်လေပြေမှိုင်းပုံနှင့်၊ ကြုံပြန်လေခြင်း. . . "

ဖိုးသူတော်ဦးမင်း၏ဆယ့်နှစ်ရာသီဖွဲ့ နယုန်လသဖြန်တွင် . . .

" . . . ရွှေစာတော်ပြန်မေးလို့၊ မြတ်လေးတဲ့စမွှယ်၊
မေထုန်ဆိုရာသီကူးလို့၊ ပွင့်ဖူးဝတ်မှုံနဲ့၊ သင်းပျံ့တော့တယ်။
ကောင်းကင်လယ်၊ ထက်ဝယ်ဘုံက၊ ဇေ့ရွှေကြယ်မင်းငယ်၊
လင်းတဲ့ချိန်ပ. . . "

လှူဦးမင်း၏ ဆယ့်နှစ်ရာသီဖွဲ့ နယုန်လဖွဲ့လေးချိုးတွင် . . .

" . . . နရိန္ဒာဝယ်၊ ချိန်ဝါအလှ၊ စာရတုတွင်၊ ကမ္ဘူရိပ်ဖြူ
စိုးတဲ့သူနှင့်၊ ပျံ့ရူဇာရှင်၊ ရွှေထွန်းငယ်နှင့်ဆဲမှု၊ လွမ်းတွင်မကြဲ၊
ထပ်ထပ်သာလှူစေဖို့၊ ဘုံအဇ္ဈာယံ၊ ဝေဟာသံမှာ၊ရွာဟန်
သဘင်၊ ပွားလို့သာဆင်တော့ပ၊ ရှစ်ခွင်ငယ်မှုံ့သည်၊
ဟန်ဂုဏ်တမ်နက်ငယ်က၊ တိုးပြန်ခဲ့. . . "

ဦးဖြေ၏ ဆယ့်နှစ်ရာသီဖွဲ့ နယုန်လဖွဲ့ လေးချိုးတွင် . . .

" . . . ထုန်ရာသီဝယ်၊ သွေးသီဝါဒသခင်တို့ ကမ်းငယ်ငုံနှစ်၊
ယမုန်မြစ်မှာ၊ကြွယ်ရစ်ကယ်စွာယ်သောင်၊ လှိုင်းညီနှောင်နှင့်၊
တောတောင်တို့မှာ၊ ရှုလေရာဝယ်၊ ရွှေညာစံပယ်၊
ငုံချင်းလှယ်လို့၊ ကသွယ်ပန်းမြိုင်၊ တင်းကျမ်းဘဲလှိုင်
တော့တယ်၊ ခိုင်မကာန့်စာချိန်ကို၊ ဆောင်ကြာအိမ်သဘင်
လုလင်နှင့်၊ လှမ်းရှုပေလို့. . . "

မဟာအတုလမင်းကြီး၏ဆယ့်နှစ်ရာသီဖွဲ့ နယုန်လဖွဲ့ လွမ်းချင်းမှာ. . .

" . . . လ-နယုန်သည်ချိန်မို့၊ မြူတိမ်လွှာဆိုင်း ပြန်တော့
တယ်လေး။ ရာသီငယ်မေထ၊ ဆယ့်နှစ်လမို့ ဇေဋ္ဌပြောင်ရှိန်၊
တောက်လောင်ငယ်ထိန်သည်၊ ရာဇိန္ဒနတ်၊ ပိဋကတ်မှာ၊
မပြတ်ကယ်ထွက်စံ၊ စာညီလာခံသောအခါ၊ ဗိုလ်ခြံတဲ့
ရွှေလယ်မှာ၊ ငွေစပယ်ပြုံမှုလေးက၊ မွှေးလှတယ်လေး. . . "



စာရေးတော်ကြီးဦးမောင်ကလေး၏ ဆယ့်နှစ်ရာသီ ရှစ်ဆယပေါ် နယုန်လဖွဲ့ တေးထပ်မှာ . . .

" . . . အောင်သံကြွေးရင့် နွံစေးပြင်ဝယ်၊ ထွန်ရေးတော်ဝင်
ယင်မည်ဆဲမှာ၊ ပုလဲငွေစုံ ရေထုတောင်လိုလိုလ၊ စွေသွန်း
မယ်ထင့်ကို၊ မြင်မတန့်မျှ၊ ဘွင်လန့်ဖို့အောင်၊ မင်ပန်းအညီ
ဟန်ကြီးကျယ်လှလေး. . . "

စာဆိုတော်စလေဆရာကြီး ဦးပုည၏ဆယ့်နှစ်ရာသီ နယုန်လဖွဲ့ တေးထပ်မှာ . . .

" . . . မြတ်လေးပွင့်ငွေစံပယ်ငယ်၊ ရှစ်ရပ်နယ်ပျံ့သင်း၊
ရိပ်သာယာစက်ကြွင်းမို့၊ မြတ်ရှင်ရင်းသံဃာ၊ သုခမ္မာ
သာလာယမှာတဲ့၊ မေးဖြေကြ သူ့ထက်ကားငါ၊ သည်တော့မှ
မြလွှာငယ်၊ ရွှေဖူးစာခိုင်ခိုင်မြဲရအောင်၊ စာပွဲတော်သည်
သဘင်ဦးရှိပန်ဆင်၊ နတ်မာဃသေနင်ငယ်၊ ပြင်ဆင်
တော်မူမြဲထင့်လေး. . . "

စာဆိုတော်ဦးကြော့၏ ဆယ့်နှစ်ရာသီ နယုန်လဖွဲ့ တေးထပ်တွင်. . .

" . . . ဇေဋ္ဌပြီကြွယ်မပြုံးနိုင်ဘု၊ တနယ်လုံးဆင်ရုံ၊
မြတ်လေးဖြူစပယ်ခြံပါလို့၊ ဆယ်ရနံ့မွှေးပျံ့ဝတ်ဆံ။
ဆွေးခမန့်တမွတ်စံငယ်၊ ထွတ်ကဒဏ်ဝဇီရမှာလ၊ နာရီ
ညဆနှင့်ဓမ္မာ၊ နန်းကြီးဖွယ်ရာ၊ လယ်ထွန်မြို့ ဥအခါဝယ်၊
သုဓမ္မာစာပွဲရှင့်လေး. . . "

ကင်းဝန်မင်းကြီး၏ ဆယ့်နှစ်ရာသီ နယုန်လဖွဲ့ သံပေါက်တွင် . . .

" . . . နယုန်မာဃ၊ မေထုန်ကျ၊ ဇေဋ္ဌရောင်စုံကျင်း။
စံပယ်မြတ်လေး၊ ရနံ့မွှေး၊ စာမေးသဘင်ခင်း. . . "

ဆရာကြီးဦးပြုံးချိုက ဆယ့်နှစ်ရာသီ နယုန်လဖွဲ့ လေးဆစ် သဖြန်တွင် . . .

" . . . ရိုက်ချုန်းရယ်တဲ့ စည်ပုဇွန်။ ငွေဝန်းစန္ဒာနှင့်
ကြယ်ဇေဋ္ဌာယှဉ်ကာ ပြည့်တယ်၊ ထွန်းသည့်ရောင်ဝှန်။
နွေနယုန်မေထုန်ရက်မှာလ၊
နဘောဘုံရေမှုန်တာတော်ပါလို့ လေဟုန်စက်ထိန်ထိန်လွှန်
ဖြိုမ့်ဖြိုမ့်သွန်ပါလို့၊ စွေကာသဲ။
ခါပျော်ရန်၊ စာတော်ပြန်သဘင်ခန်းမှာလ၊
ဆင်မြန်းရန် ရစေမယ်တို့၊
ငွေစံပယ်ငုံမြတ်လေးကိုတဲ့၊
ထုံးမင်မှာ ကုံးဆင်ဖို့ ရွှေကြလိမ့် မွှေးတဲ့လဘဲ. . . "

ဝါဆိုလ

စာဆိုတော်များအမြင်

ဦးယာ၏ ဆယ့်နှစ်ရာသီဖွဲ့ အဖြည့်ခံရတု ဝါဆိုလ ဖွဲ့မှာ . . .

" . . . ပြောင်းညွှတ်ကြည်ဖြူ၊ လျှောက်မည်မူလည်း၊ ပဥ္စူနယ်၊ ဆယ်ပါးရက်တွင်၊ နှစ်သွယ်မြောက်စ၊ သည်တည်းကပင်၊ သက်မျှရည်တူ၊ ကြင်မည်ဟူ၍၊



ပိုင်သူမိဖ၊ မသိရအောင်၊ နေ့ညမခြား၊ လျှောက်ဆိုလာ၍၊ ရွှေကြာငါးဆင့်၊ သုံးကြိမ်ပွင့်မှ၊ ချစ်ခွင့်ရလေ၊ သစ္စာခွေလည်း၊ ခုဖြေပြန်ခဲ့၊ ကြံအားမဲ့စွ၊ နွဲ့နွဲ့ညိုပြာ၊ သည်နတ်လျှာသည်၊ ဝေဆာရွှက်မြူမြသွင်သောဝ် . . . "

ဦးအောင်ကြီး၏ဆယ့်နှစ်ရာသီ ဝါဆိုလဖွဲ့ လူးတားတွင် . . .

" . . . လ-ဝါဆိုကား၊ မြင်းမိုရ်မာဃ၊ ဒေဝိန္ဒသို့ ဘဝသခင်၊ ကျွန်းကျွန်းရှင်လျှင်၊ ထမ်းစင်ယှာဉ်သာ၊ ရွှေချက်ကာ၍ ရတနာပေါင်းဖျင်၊ ဆင်ယင်ခင်းကျင်း၊ ရှေ့တော်သွင်းမှ၊ တင့်ခြင်းဆောင်ရွက်၊စီစဉ်လျက်တည့်။
ဘဝဂ်ထိန်ကျော်၊ ပဥ္စင်းတော်ကို၊ ရွှေလှော်မွမ်းရုံ ရွှေစည်းခုံဝယ်၊ သုံးဘုံဝင့်မှ၊ လွတ်စေရသား၊ ဂေါတမမာရ်နှိမ်၊ မြတ်သည်သိမ်သို့၊ ငြိမ်ဆိမ်လည်းဝင်၊ သိက္ခာတင်သည်၊ သဘင်ထွေတဆန်းတည့်လေ။ ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝ နန်းတည့်လေ. . . "

မယ်ခွေ၏ဆယ့်နှစ်ရာသီဖွဲ့ အဲချင်းတွင်, . . .

" . . . တောလားမှတောင်ပြင်၊ ပုန်းညက်အနန်း၊ နှင်းဆီပန်းနှင့်၊ စခန်းကြိုင်သင်း၊ ရဂုံတွင်းမှာ၊ ငှက်မင်းသားနှယ်၊ ရွှေစလွယ်ကို၊ သုံးသွယ်ဆင်လို့၊ မိတ်ထင်မှစုံညီ၊ ကြည့်ပါအလို၊ မြင်သူများငိုရအောင်၊ အဖိုအဲချ၊ အမအဲတိုင်၊ ပွင့်ဝတ်ကယ်လှိုင်လို့၊တံပြိုင်ငယ်ချီသည်၊မြစ်နဒီရေပြည့်လို့၊ဝဲလှည့်သံသဲ။ ။

ဆံကျင်ရောင်လျှပ်၊ တာရာမြွတ်နှင့်၊ နက္ခတ်နှစ်ဝ၊
ပါဒ်သုညကို၊ တရာ့တပါး၊ လူအများတို့ စတားတွက်တီ၊
အိုဘယ့်နှယ်ပီပမယ်၊ ဖော်မညီတကိုယ်ရေးတို့၊
ပူဆွေးမြဲ. . . ”

ဖိုးသူတော်ဦးမင်း၏ဆယ့်နှစ်ရာသီ ဝါဆိုလဖွဲ့သဖြန်
တွင် . . .

“ . . . ပြုဗ္ဗာသဠ်ကြယ်ထွန်းလို့၊ လဝန်းတဲ့သော်တာ။
သည်ချိန်ကို ယုဂန်ဖျားက၊ နှစ်ပါးရောင်ခြည်ဆိုက်၊
လင်းခိုက်မို့သာ။ ရန့်ငယ်ဖြာ၊ ညာတံကင်ဖူး. . . ”

လူဦးမင်း၏ ဆယ့်နှစ်ရာသီ ဝါဆိုလဖွဲ့ လေးချိုး
တွင် . . .

“ . . . ချိန်သည်ခါဝယ်၊ ပြုဗ္ဗာသဠ်နတ်၊ စန်းယုန်မြွတ်နှင့်၊
မိုးလတ်ကာယ်တိမ်ဆီ၊ ကြယ်နာဂီလဲ၊ ညီမျှနဝင်း၊ ပပငယ်
လင်းက၊ ရစ်ဆင်းတွေတွေ၊ ပြည့်ကမ်းရေမှာ၊ ငှက်ရွှေ
ဖော်နှော၊ ယဉ်ရွှေဘောင်မျှော်ပြန်လို့၊ သာမောငယ်စုံသည်၊
နယုန်နွှေစဲတော့ဝါအလှ၊ သီဝံငယ်ပိုင်မှတ်၊ သုံးလူနတ်လဲ၊
မြိုင်ရပ်ကာယ်ခန်းဝါ၊ မိဂဒါဝယ်၊ သေချာနဲ့နက်၊ ဓမ္မစက်ကို၊
ဖန်မြွက်ကာယ်နွှတ်ရွှေ၊ ဗျာခွန်းခြွေလို့. . . ”

ဦးမြေ၏ ဆယ့်နှစ်ရာသီ ဝါဆိုလဖွဲ့ လေးချိုးတွင် . . .

“ . . . ပြက္ခဒိန်ငယ်၊ အချိန်ရက်မြွတ်၊ ကိန်းနက္ခတ်ဝယ်၊
ညဏ်ကမ္ဘဝါ၊ ပဥ္စင်းလျာတို့၊ ပရိက္ခရာစုံ၊ ရှစ်ပါးခြုံလျက်၊
ဘုံဟာသ်ာဝယ်၊ တင့်စံပယ်နှင့်၊ သမ္ဘာယ်မွေ့သိမ်. . . ”



မဟာအတုလမင်းကြီး၏ဆယ့်နှစ်ရာသီ ဝါဆိုလဖွဲ့
လွမ်းချင်းမှာ. . .

“ . . . ကိုးခွင်ငယ်မှိုင်းပါလို့၊ မြင်တိုင်းမှာတဲ့ မဲညို လဲ့လဲ့
ငယ်စို၊ ယုဂန္ဓိုရ်တောင်မဟာက၊ ပြုဗ္ဗာဠ်ထွန်းတဲ့ လကိုလေး။
ဆင်တာရာငယ်၊ ရာသီကရကဋ်၊ နရိန္ဒာလဲ၊ ညာတောင်
နတ်နှင့်၊ ဖိုလ်မြွတ်ကာယ်နိဗ္ဗူ အောင်ဆုယူလို့၊ ရှစ်ဖြူရိုပ်စံ၊
ပဥ္စင်းတော်ခံသောခါ၊ ရေလျှံတဲ့ဝါဆိုမှာ၊ ပုန်းညက်ညိုမာလာ
မင်းက၊ သင်းလှတယ်လေး. . . ”

တိုင်းတာမြို့သူကြီးဦးဖက်၏ဆယ့်နှစ်ရာသီ ဝါဆိုလဖွဲ့
တေးထပ်မှာ . . .

“ . . . ရွှေယုဂန်သာစွမှာ၊ ဂဇာသတာရိန်၊ ပြုဗ္ဗာသန့်၊
ပြက္ခဒိန်ကို၊ ဘဝဂ်ထိန်လောင်လျှ ပုန်းညက်ညွှန့်ငွေခိုင်ဝယ်၊
လေယိုင်ရာယိမ်းတဲ့ရတု။ ။

လောင်းမုံရင့်မြေညာမှာ၊ ရွှေသာနာပြည်မှူ၊ မြွတ်ပဥ္စင်း
ရှင်တော်ပြုမယ်နှင့်၊ နန်းဗိုလ်ရှခံချိန်၊ ခါဝါဆိုသံထူးလို့၊
လျှံမြူးတဲ့လျှပ်နွယ်ရောင်ရှိန်. . . ”

စာရေးတော်ကြီး ဦးမောင်ကလေး၏ ဆယ့်နှစ်ရာသီ ဝါဆိုလဖွဲ့
တေးထပ်တွင် . . .

“ . . . မလ္လာပုန်းညက်ပွင့်မှန်ကူငယ်၊ မမ္ဘတာမူခိုင်အစွဲ၊
မကြွ တကြုကြိုင်တလှဲ့နှင့်၊ဂနိုင်ပိုင်ချဲ့ဘုရင်ခံ၊ ဖက်နွှန်း

မသွေ၊ ဗွေကာသမှာ၊ တာရာဂဇ ငွေလပြုဗ္ဗာသင့်။ ။
သာစုံခတဲ့သမျှငယ်၊ပဝရနိဗ္ဗာန်ရည်သန်ပွားလို့ ငါးကြိမ်ပဥ္စ
သင်္ဂါယနာ၊ တင့်ထူးကေရာ၊ ရှင်တော်မြတ်နှင့် ပလ္လင့်လျှာ
ကို၊ သဘင့်မင်္ဂလာမြှောက်ချီးချိန်ပလေး. . . ”

စာဆိုတော်ဦးကြော့၏ ဆယ့်နှစ်ရာသီ ဝါဆိုလဖွဲ့
တေးထပ်တွင် . . .

“ . . . ကျွန်းကျွန်းနတ်သပြေပိုင်ကို ရွှေ၊ ငွေခိုင်စုံဦး၊
ရွှေဆိုင်ဆိုင်ငုံဖူးရ၊ ဘုံဥကင့်ပလ္လင်၊ မြသားရှည်ရှုံးကေ
ခက်မှာ၊ ပုန်းရွှေညက်ပွဲထက်တော်တင်။ ။
ဝါဆိုလကရကင်ရွှတွင်းဝယ်၊ နတ်ဘုရင်သူရာရာဇ်ကယ်
နှင့်၊ ဗျူဟာစစ်ရွှေဝတိန်ပျော်၊ သဲခြိမ့်လို့နော်၊ ဇယဒွေး
ရိုက်ကြွေးဆော်သည်၊ ပဥ္စင်းတော်စာပွဲမို့လေး. . . ”
စာဆိုတော်ကြီး စလေဦးပုညက . . .
“. . . ရဝေကြော့ဘုံလယ်မှာ၊ ယဉ်စံပယ်ပင်ကိုယ်ထွားငယ်
တို့၊ မြိုတ်ဖားလျှားဆံကေသာ၊ ရုံးတင်လို့သာ၊ ပုန်းညက်
ပွင့်မာလာဝယ်၊ ဆင်တော်ရာ ပန်းပေရှင့်လေး. . . ”

ဖိုးဝဇီရ၏ ဆယ့်နှစ်ရာသီ ဝါဆိုလဖွဲ့ လေးဆစ်
တွင် . . .

“ . . . ကရကင့်ဆိုချိန်ချိန်လကိုတော့
ရဟတ်လိုငြိမ်ငြိမ်မရနိုင်ဘူး
သိန်သိန်ကငယ်တဲ့သူ။



ဖြေမတင့်ပါကလား၊ နေသင့်ကြာခွေခွေ နွမ်းသည့်နှယ်၊
ဖေခင့်မှာ ဗွေဗွေကွန်းငယ်တ
လွမ်းထပ်ဆင့်ပူ။
ပဥ္စင်းတော်ခံပေရက်တွင်မှာ၊ယဉ်သင်းကျော်စံရွှေညက်
တယ်ကြောင့်၊
သံထွေမြတ်ဆန်းမကြူတယ်၊ မှန်းလူမှသိနိုင်ဘူး. . . ”
ကင်းဝန်မင်းကြီး၏ ဆယ့်နှစ်ရာသီ ဝါဆိုလဖွဲ့
သံပေါက်မှာ. . .
“ . . . ဝါဆိုကရကင်၊ လပြာသာဒ်၊ တည့်မတ်အာသဠိ။
ပုန်းညက်ငုံကင်း၊ စမ္ပိသင်း၊ ပဥ္စင်းခါတော်မို့. . . ”

## ဝါခေါင်လ
## စာဆိုတော်များအမြင်

ဦးယာ၏ ဆယ့်နှစ်ရာသီ ဝါခေါင်လဖွဲ့ အဖြည့်ခံ ရတု
တွင် . . .

“ . . . ဝေဇယန္တာ၊ နတ်နန်းသာလျှင်၊ တည်ရာဇာတိ၊
ဂုဏ်ထူးရှိသား၊ သီရိနဂိုရ်၊ တောင်မြင်းမိုရ်မှ၊ ငွေထီးဖြန့်မိုး၊
စဉ်ရှည်စိုးသား၊ နန်းရိုးဆင်းသက်၊ ဆယ့်တစ်ဆက်မှာ၊
ဆောက်လျက်ထွန်းစည်၊ မင်းပြတ်တည်သည်၊ သုံးပြည်

လုံးတီး၊ စေတီကြီးကို၊ မနီးဆောင်ဆွေ၊ နတ်နန်းခြေက၊
စိတ်နေမနှောင်း၊ ပြည့်လယ်ပြောင်းလည်း၊ ညွှတ်ပြောင်း
ကြည်လင်၊ ရှိစုံတင်သည်၊ ရွှေခြေသေ့မင်း လဝယ်
သောဝ်. . . ”

မယ်ခွေ၏ ဆယ့်နှစ်ရာသီ ဝါခေါင်လဖွဲ့ အဲချင်း
တွင် . . .

“ . . . အာကာဗွေငယ်ကလေ၊ သပြေမှာတောင်လက်၊
မသာစကောင်း၊ ရွှမညောင်းသည်၊ ရေကြောင်းပျော်မှီး၊
နားမငြီးအောင်၊ ဦးရီနောင်မယ်၊ ချစ်ရိပ်ကယ်သွယ်သည်၊
လွမ်းနှယ်ဖယ်လို့ တောကြက်ကယ်ဖနီ၊ ကြင်ဖက်ခေါ်သွေး၊
ရွှေမြစ်တွေးဘို့၊ ငှက်ကျေးသောသော၊ သံစုံငယ်နှော၍
ဥဩညီချိုသည်. . . ”

လှူဦးမင်း၏ ဆယ့်နှစ်ရာသီ ဝါခေါင်လဖွဲ့ လေးချိုး
တွင် . . .

“ . . . ဣန္ဒနီရောင်၊ ချိုပ်လို့ငယ်မြှောင်သည်၊ တောင်ဖျာ
တော်မြွက်၊ သာအောင်မြေချက်ဆီက၊ စက်ဝရဇိန်၊ လျှပ်မီး
စုံထိန်တော့ပါ။ စိန်ကြာမြသည်ဗွေမှာ၊ ယဉ်ညာမကြင်
မအားနိုင်နင်၊ ဖန်များရွှေတွင်၊ ရွှံပေလိမ့်၊ လွမ်းဝှန်းအကျယ်။
မြိုင်တကာမူ၊ လှိုင်စွာရနံ့၊ ခိုင်ခတ္တာပျံ့ယင်လ၊ ခြံတာရာဗွေ၊
ယုန်နန်းငွေနှင့်၊ သရေထွက်စွန်၊ သရဝဏ်လဲ၊ မလွန်ထပ်ရှည်၊



မှန်မွန်းတည့်လို့၊ ကမ်းပြည့်ညိုညို၊ ရေတခိုဝယ်၊ မယ်ဖို
ဆွေစုံ၊ ပျော်ရေးဘဲကြုံတော့ပ။ ဂုဏ်ကြွယ်ကြွယ်ငယ်၊
ပုံဆွယ်စံနှိုင်း မဲ့ချိန်ရတု. . . ”

ဦးဖြေ၏ ဆယ့်နှစ်ရာသီ ဝါခေါင်လဖွဲ့ လေးချိုး
တွင် . . .

“ . . . ဘဝင်သာနိုးတော့တယ်၊ မင်ခိုးရောင်ရင့်နှင့်၊
မှောင်ပွင့်ခြယ်။
ဆယ့်တလုံးညီ၊ တပါဒ်ကယ်စီသည်၊ ရာသီသိပ်မြတ်၊
များနက္ခတ်လဲ၊ ပြာသာဒ်ဆောင်ဖြူ၊ သီတဂူနှင့် ရည်တူ
ထွန်းကာ၊ တည့်မွန်းသာလို့၊ တာရာဆံကျင်၊ နန်းပြိုင်ဘဲ
ယှဉ်ကြတယ်၊ ဗျားအင်ထိဖန်ဆောင်မှာ၊ ဗွေလယ်ခေါင်
သီသီလျှော့လို့၊ အန္တောယှဉ်ခရီးမှာလ၊ ညီးတော့ရောင်
နွယ်. . . ”

မဟာအတုလမင်းကြီး၏ ဆယ့်နှစ်ရာသီ ဝါခေါင်လဖွဲ့
လွမ်းချင်းမှာ. . .

“. . . မျှော်ရောင်သာပန်းတော့တယ်၊ သောင်းတမ်းငယ်ပြည့်
လျှံ၊ နဒီငယ်ခြံသည်၊ ပြည့်မင်းစံရွှေဘုံက၊ အကုန်ထူးတဲ့လ
ကိုလေး။
ရာသီသိတ်ငယ်၊ နေမိန္ဒရ၊ ဝါခေါင်လမိုပ၊ တောင်များ
ထွတ်စွန်၊ သရဝဏ်လဲ၊ ရောင်ဝှန်တေဇာ၊ ပန်းခတ္တာ

နှင့်ခိုင်ညာပွင့်ကြူ၊ တိုင်းပြည်သူ တို့၊ လှူစာရေးတန်၊ သဘင်စုံခံဆဲမို့၊ လွမ်းရန်ဖွဲ့သည်ချိန်ကို၊ ဒေဝရိန်ပဏ္ဍုန်မှူး ငယ်က၊ မြူလှတယ်လေး. . . ”

တိုင်းတာမြို့သူကြီးဦးဖက်၏ ဆယ့်နှစ်ရာသီ ဝါခေါင်လဖွဲ့ တေးထပ်တွင် . . .

“ . . . သတ္တရဘာန့်ဗွေစွန်မှာ၊ ရွှေသရဝဏ်တင့်နှိုင်း၊ ကြယ်ဇာနည်ရောင်လျှိုင်းလို့၊ ကလိုဏ်းရုံစက်ဝယ်၊ တည့်မွန်းညီမှန်မရွေ့၊ သာချမ်းမြေ့တူကွစံပယ်။ ။ စာရေးတန်ချိန်ဝါလယ်ကို၊ သိင်္ဂါသွယ်ရွှေနှုန်းသို့၊ ဂမုန်းခိုင်ဇလတ္တာ၊ နန်းသုံးဝင်ခါ၊ မြတ်သိန္ဓုအဏ္ဏဝါမှာ၊ ဝေဖြာဖြာ မှုန်မှိုင်းလှလေး၊ ကမ်းခြေမြင့်ရေမိုတွင်၊ စိမ်းစိုစိုတိုင်း ပလေး. . . ”

စာရေးတော်ကြီးဦးမောင်ကလေး၏ ဆယ့်နှစ်ရာသီ ဝါခေါင်လဖွဲ့ ရှစ်ဆယ်ပေါ် တေးထပ်တွင် . . .

“. . . ကြည်ဖွယ်စုတဲ့ ရတုနယ်ဝယ်၊ သမုဒ္ဒနွယ်ဒီပရာဇ် တို့၊ သိဝံနန်းသစ်ဆောင်ကူး အမည်အမှန်၊ ဖောင်မှူး ရည်စိဠာန်၊ မြေပြင်လေးမျှ ရင့်ကြွေးညံအောင်၊ ရွှေစာရေးတန်လှူပွဲတော် နှင့်လေး. . . ”

စလေဆရာကြီးဦးပုည၏ ဆယ့်နှစ်ရာသီဖွဲ့ ဝါခေါင်လ တေးထပ်တွင် . . .

“ . . . သိဟ်ရာသီဝါခေါင်လမှာ၊ သရဝဏ္ဏတူညီ၊



ဆယ့်တလုံးတပါဒ်ချီသည်၊ ဆစမ္မိညဥ့်ကူး၊ ဇောတြိနေ့နာရီမှာ၊ သံစုံချီမိုးတွေကမြူး၊ ခတ္တာပန်းမိုးစွေငယ်၊ ညာတံရွှေပွင့်ကူး၊ ရိပ်သာယာစက်ကြူးလို့၊ ပွဲတော်ဦးသဘင်၊ စာရေး တန်စီမံကြ၊ ဆန်းနိုင်မျှသည်ရာသီတွင်. . . ”

ဦးကြော့၏ ဆယ့်နှစ်ရာသီ ဝါခေါင်လဖွဲ့ တေးထပ် တွင် . . .

“ . . . မုရိုးစည်ထက်သကလငယ်က၊ ဖက်မရသံသာ၊ သတ္တဋ္ဌတံမြှောငယ်။
လမ္ဗရာဆော်ကျူး၊ ဇာနေယျဗွေ တိန်စွန်မှာ၊ သိဟ်ရဝဏ် မိုးစွန်ကဖြူး။ ။လေယုယုမြေဓာတ်ကာသည်၊ငွေခတ္တာခိုင်ဖူး၊ မွေ့မြတ်စွာ လိုဏ်ဦးမှာ၊ ပိုင်မှူးသူဟုရွှယ်၊ စာရေးတန် ခါတော်ဆန်းတွင်မှ၊ ညာမော်ပန်း နတ်နန်းပြည်နှယ်။ ။ ဗွေသဖန်းရွှေသန်းလယ်မှာ၊ မြန်းစံပယ်ပျော်တော်ခချိန်မို့၊ သောဗီသသာစွာရိုက်ဖြို၊ တီးသံငြိမ့်ချို၊ မာဂဓ- ပဟာရဆိုသည်၊ ညပဟိုရ်စည်ရွှမ်းလို့လေး. . . ”

ဖိုးဝဇီရ၏ ဆယ့်နှစ်ရာသီ ဝါခေါင်လဖွဲ့ မှာတမ်း တွင် . . .

“ . . . လ-ဝါခေါင်ဆီ၊ မြညာရောင်နီပါတဲ့၊ ကတ္တရီ တာရွှေခက်ကယ်တို့၊ သာမြေရပ်စုံတောလယ်မှာ၊ ပုံပေါ်ကြွယ် နှစ်ခိုင်ပွင့်တော့ကို၊ အမှိုင်နှင့် ပွေမောသူက၊ ရွှေဘောဖြူ ခင်ခင်ရှိရာသို့၊ ထင်ထင်သိပါစေကြောင်းနှင့်၊ စာငွေ မောင်းခတ်လိုက်ရပါတော့မယ်. . . ”

ကင်းဝန်မင်းကြီး၏ ဆယ့်နှစ်ရာသီ ဝါခေါင်လဖွဲ့ သံပေါက်မှာ . . .

" . . . ဝါခေါင်သိဟ်မွန်၊ အာကာစွန်၊ သရဝဏ်ရောင် ဖွေးဖွေး။
ခတ္တာဖူးလျှံ၊ စာရေးတန်၊ သုံးတန်ဆောင်ဖွေးဖွေး. . . "

ဆရာကြီးဦးပြုံးချိုက ဆယ့်နှစ်ရာသီ ဝါခေါင်လဖွဲ့ လေးဆစ် သဖြန့်တွင် . . .

" . . . လဆန်းရယ်တဲ့ ငွေဘုံဆောင်၊
ပြည့်ဝန်းကြယ်သချဝဏ်နှင့်၊ နယ်တဝန် ရှစ်ခွင်တိုင်းမှာ မှိုင်းနီလို့မှောင်။
ငွေတာရာသိန္ဓဝငယ်တို့၊ ဝေဟာမှာ အရှိန်ပေါ်တဲ့၊ ချိန်သမယ -လ-ဝါခေါင်မှာ၊ ငွေတောင်မြစ်ပြည့်လျှမ်း။
ခတ္တင့်၊ ချပ်လွှာမှုန်တကြုကြုနဲ့၊ ပြည်နီဗုဒ္ဓပတ္တနာသန်လို့၊ စာရေးတန်လှူတော်ပွဲကို နွဲပျော်ဖို့လှမ်း. . . "

## တော်သလင်း
## စာဆိုတော်များအမြင်

ဦးယာ၏ ဆယ့်နှစ်ရာသီ အဖြည့်ခံတော်သလင်းဖွဲ့ ရတုတွင် . . .

" . . . ကောင်းကင်တိမ်ဆိုင်း၊ ရွှေဥဗျိုင်းနှင့်၊ ခတ်ကျိုင်း ပွင့်လျှံ၊ ယင်းမာထံတွင်၊ တောင်ပံဖြူလွှ၊ နားလည်သ၌၊ ချိန်ရမလွှာ၊ ဆက်တိုင်းပါသည်၊ သစ္စာဝါးညွန့် ဆင်သော



ကြောင့်၊ နေ-လ-ခြည်ဝါ၊ ယင်းက ဖြာသား၊ တဍာနချည်း၊ ဂြိုလ်ရှစ်နည်းတွင်၊ ရိုက်ဟည်း ပြင်းထန်၊ ဟိုင်းမင်းရန်ဟု၊ ရန်ဍာန်ဘောင်ချက်၊ ဂြိုလ်မင်းသက်နှင့်၊ ချင့်တွယ်ရွှယ်တူ၊ ငါးကြွန်ကူကို၊ ဘယ်သူနှောင့်နှေး၊ ချစ်ဖော်သွေး၍၊ ကြံရေးမတည်၊ မျက်ရေသည်တည့်၊ နှစ်ရှည်အားကိုး၊ ကိုယ်တိုင်ကြိုးလည်း၊ စွမ်းကျိုးမထင်၊ သည်ကြောင်းအင်ကို၊ မြတ်ရှင်ပင်သာ၊ ကိုးကွယ်ရာသည်၊ မေတ္တာပွားဖြန့်ချင်သောကြောင့်. . . "

ဦးအောင်ကြီး၏ ဆယ့်နှစ်ရာသီ တော်သလင်းလဖွဲ့ လူးတားမှာ . . .

" . . . သာစွလေ၊ မြစ်ရေကမ်းပြည့်၊ ထန်းလည်းမှည့်၍၊ စည့်စည့်မိုးလ၊ ဘဒြနှင့်ပြည့်ပအညီ၊ ကန်ရာသီဟု၊ အာနီမြခိုင်၊ ယင်းမာလှိုင်က၊ မွှေးကြိုင်နံ့ရှင်း၊ တော်သလင်းကား၊ မြစ်တွင်းရတု၊ ပန်းလုသဘင်၊ သစ်ဆင်းယင်လျက်၊ လက်သင်လှော်ကား၊ ရွှေသားစက်ကွင်း၊ လှေချင်းလှော်ပြိုင်၊ ခွင့်ရေးတိုင်၍၊ လေးတိုင်တန်ဆောင်း၊ မမြင့်တောင်းကို၊ နီမောင်းပုဆိုး၊ ဝှဲဝှဲမိုးလျက်၊ ပိုက်ကြိုးသွယ်ခံ၊ ဝန်းရံခင်းကျင်း၊ ခုန်ကဆင်းသော်၊ မင်းမင်းမှန်ဖူ၊ ထွတ်စံရှုသည်၊ ဇမ္ဗူ ထွတ်ထိပ်ပန်းတည့်လေး. . . "

မယ်ခွေ၏ ဆယ့်နှစ်ရာသီ တော်သလင်းလဖွဲ့ အဲချင်းတွင် . . .

“. . . ဟာသာဒကြယ်၊ နေနှင့်ဆွယ်လို၊ မိုးလယ်ပြိုပြို၊ တိမ်ကတ္တီလည်း၊ နီနီခြင်းခြင်း၊ ကန်လက်တွင်းမှာ၊ လေပြင်းဆင်ပါလို့လေ။ ။မင်းလွင်ငယ်မှတလှဲ့၊ မသာစနိုး၊ စိတ်လက်ကယ်ညှိုးအောင်၊ မိုးတလှဲ့နှင့်၊ အိုတဲ့ရာသီ၊ လည်ပြောင်လည်လှုပ်၊ ပဲတောပြုတ်နှင့် ဘုတ်ဇီ ဝစိုး၊ တောင် တရိုးက၊ ချစ်ကြိုးမပျက်၊ လည်ချင်းယှက်လို၊ ဝတ်ရက် ကယ်ချီ သည်၊ ဝေသတီသီပင်မြင့်နန်းက၊ ပန်းယင်းမာမွှေး။ ။

ကလေးမှမွေ့သိမ်၊ ဒေါက်ချီခေါက်ချိုး၊ သိန်ဂုဏ္ဍန်ထိုးသည့်နှယ်၊ တန်ခိုးကြီးမား၊ နဂါးတိမ်နှင့်၊ လွမ်းအိမ်ဖွဲ့ခါ၊ သစ္စာရည်တူ၊ ရှိတဲ့သူကို၊ အပူမီးနေ၊ ရောက်လေစဟု၊ ဝေယန်ဝင်းရှိန်၊ နတ်နန်းအိမက်၊ ကြိမ်ကြိမ်ငယ်ရှာသည်၊ ရာဇဂြိုလ်ပြည်ကိုမှီ၍၊ တင်းကြယ်နီထွန်း။ ။ရေသင်းဖြူခင်း၊ တော်သလင်းလကို၊ မြစ်တွင်းပြည့်နှက်၊ ဂဠုန်ငှက်ကဲ့သို့၊ ရွှေတက်ကယ်မြောက်ချီ၊ ရွှေရေသီနှင့်၊ ညီညာစုံလင်၊ လှေပွဲတော်ဆင်ကြတယ်။ မြစ်ပြင်မှာ ရေသာကြောင်းတ၊ စည်မောင်းရွှမ်း. . .”



ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်ရာသီ တော်သလင်းလဖွဲ့ သဖြန်တွင် . . .

“. . . ကန်ရာသီချိန်တွင်းမို့ ရွှေယင်းတဲ့မာငုံ၊ မြို့ဝ်ဟေမာသာနန်းက၊ သုတ်ဖျန်းလေယူဖြန့်၊ သင်းပျံ့ပျံ့ထုံ၊ တိမ်စွန်းဘုံ၊ ရောင်ဟုန်လျှံပ၊ လ-မင်းတော်ဆာနှင့် ဘြဗ္ဗာဆိုရွှေကျီးငယ်၊ နီးသည်ကာလ. . .”

ဦးဖြေ၏ ဆယ့်နှစ်ရာသီ တော်သလင်းလဖွဲ့ လေးချိုးတွင် . . .

“. . . ရာသီကန်မြတ်၊ စတုရပ်မှာ၊ လ-နက်ကယ်စန္ဒာ၊ နီသာနာနှင့်၊ ပြုဗ္ဗာဘဒြပိုဒ်၊ နှစ်နန်းဆိုက်လို့၊ အမြိုက်ကယ် ရောင်နွယ်၊ ကေဝဋ်ကြယ်လဲ၊ ပြိုင်ဆွဲမယ်ယှဉ်ကာ၊ ရှုတိုင်း အဲသာတော့တယ်၊ အာကာပုံတောင်မှာ၊ ချိပ်ရည် ရောင်နီ လာဆိုင်းလို့ပ၊ တပိုင်းမိလ္လာခုံမှာ၊ ပန်းတုကြောက်ချို. . .”

မဟာအတုလမင်းကြီး၏ဆယ့်နှစ်ရာသီ တော်သလင်းလဖွဲ့လွမ်းချင်းတွင်

“. . . ရေယဉ်စမ်းငယ်နှင့်၊ သောင်ကမ်းငယ်မြည့်လျှံ၊ မြစ်လုံးငယ်ညံသည်၊ လှော်တက်သံမြိုင်မြိုင်နှင့်၊ လှေပြိုင်ကျင်းတဲ့လ-ကိုလေး။

ကန်ရာသီငယ်၊ ခါမှီသင့်စွာ၊ ဆွေအာကာမှာ၊ ပြုဗ္ဗာဘဒြပိုဒ်၊ ကြက်ညီနောင်၊ တောင်တမိုက်က၊ ရေလိုက်ကယ်သအောင်၊

စံ စံပယ်ရွှင်သောအခါ၊ မြိုင်ခွင်လုံးဟာ ကန္တာမှာ၊ ရွှေယင်းမာ
ပန်းတော်မင်းက၊ သင်းလှတယ်လေး. . . ”

တိုင်းတာမြို့သူကြီးဦးဖက်၏ဆယ့်နှစ်ရာသီ
တော်သလင်း လဖွဲ့ တေးထပ်တွင် . . .

“ . . . ယုဂန္ဓိုရ်သေလာမှာ၊ ငွေတာရာငှက်ဖျိုး၊ ကန်န
ဝင်းလငေါ်ခါကို၊ စန္ဒရာစန်းနှင့်တန္ခိုင်း။ ။
မြဂိရိမြိုင်ချာမှာ၊ ခိုင်ယင်းပျံ့လှိုင်း၊ လေလျံစိုညိုတဲ့
တိုင်းဆီက၊ နတ်သိုင်းနှင့်ခရာ၊ပဏာဝါစည်ဆော်နှိုးပါလို့
မုရိုးရင်မြည် ဆင်သံသာ။ ။
သစ်ဆင်းလချိန်ခါကို၊ တမ်တံညာကြွေမယ့်သို့၊ ရွှေနွယ်
ရည်ရောခွင်၊ ကျူးငြိမ့်ပဉ္စင်၊ စောနရနတ်ရှင်မှာ၊ ရေသဘင်
စံမြန်းလှလေး၊ မြစ်လုံးပြည့်ခေါ်ဘိဏီငယ်၊ ဗိုလ်ညီလာခံ
တန်းနှင့်လေး. . . ”

စာရေးတော်ကြီးဦးမောင်ကလေး၏ ဆယ့်နှစ်ရာသီ
တော်သလင်းလဖွဲ့ ရှစ်ဆယ်ပေါ် တေးထပ်မှာ . . .

“ . . . သောင်းမြစ်ကမ်းကံ ကန္တာရမှာ၊ ကန်ရာသီပြု
ခေတ်သဘင်၊ ဖန်လာပြီခု အသစ်လွင်အောင်၊ သရစ်ပြင်
ဆင်ပြန်သမို့၊ ငှက်ပြိုင်ညင်းနှင့် ကြိုင်သင်းထွေထယ်၊
ခိုင်ယင်းမာရွှေဂုဏ်ကြီးကျယ်ရော့လို့။ ။ ယုန်ငွေချိုင့်နှင့်
ဖျိုင်းရှပ်ဝါငယ်၊ဖထိုင်ပြုဗ္ဗာန်သွေမချို့၊ တခိုင်ဥက္ကာကြွေမ



လိုပ၊ ဝေဟာတခို့ငွေမှန်ကူ၊ အဏ္ဏာဝါခွင်ယဉ်ပြောင်းခင်းမှာ၊
ဖောင်ပျံလှေသင်းတင့်တဲ့ခါတမူ. . . ”

စာဆိုတော်ကြီးစလေဦးပုည၏ ဆယ့်နှစ်ရာသီ
တော်သလင်းလဖွဲ့ တေးထပ်တွင် . . .

“ . . . ကန်ရာသီအမည်၊ သစ်ဆင်းလမာသာ၊ သတ္တဗသျှ
ကြယ်မဟာငယ်၊ တူမကွာယှဉ်သုံး၊ ဗာတ္တိသနေ့နာရီမှာ၊
အင်္ဂစမ္ဗီညဥ္စ်မှန်ငဲ့ဘုန်း။ ။ ဆယ့်သုံးလုံးနှစ်ပါဒ်
လွန်သည်၊ စည်ပုဇွန်ဆော်တုန်း၊ ပန်းယင်းမာညာချိုရုံးလို့
ပွင့်ကြတုန်းအခါ၊ တေတျာသံပြိုင်ချိုးပါလို့၊ ဟီးတိုက်ကြ
သူ့ထက်ကားငါး၊ ဖဝါးနှစ်ခုစွန်းခါဝယ်၊ မျှားသေနာဗိုလ်
ပေါင်းနှင့်၊ အောင်မောင်းစည်တော်ဝင်၊ တီးခြိမ့်ခြိမ့်ပင်၊
လေးကျွန်းလုံးထိပ်တင်ငယ်၊ ရေသဘင်စံမြဲ ရှင့်လေး. . . ”

ဦးကြော့၏ ဆယ့်နှစ်ရာသီ တော်သလင်းလဖွဲ့
တေးထပ်တွင် . . .

“ . . . သင်ဖြူဖြန့် မန္တာကီ၊ ကန်ရာသီအဆိုက်၊ စံဌာနီ
မန်းမကိုဋ်မှာတော့၊ နန်းစရိုက်ခါတော၊ မီးစက်ပျံ သပြေ
ညောင်းရန်ဖို့၊ ရွှေလှေလောင်းရေကြောင်း မှာပျော်။ ။
သဘင်ပြုရတုမော်ငယ်၊ ဗသျှုနော်ကြနှင့်၊ မှန်ဘပြနာရီခါ၊
လွှမ်းဖွယ့်သံသာ၊ ရွှေ့ကျွန်းကလေသွင်းလာသည်၊
ရွှေယင်းမာ ပြိုင်တုန်းပလေး. . . ”

ဖိုးဝဇိရ၏ ဆယ့်နှစ်ရာသီ တော်သလင်းလဖွဲ့ ဒွေးချိုးထွင် . . .

" . . . မှော်ဝီစာညို၊ တောင်နဂိုရွှေနန်းက၊ ပွဲဆန်းငယ်စည်တော်ပန်လို့ ပြည်ကျော်ညံသဲ၊ ရပ်မငြိမ်၊ လျှပ်အလိမ်
ငွေညွန့်နှင့်၊ လေကွန့်ရာစွေဟုံချိုတော့ကို၊ ရွှေဒုံဖိ သန္ဓေ
ဖြစ်ကြယ်ကြောင့်ကွယ်၊ လွမ်းသစ်ကကဲ။ အမြဲဂုဏ်တင့်
ခရိုင်နယ်မှာ၊ မကွဲယုန်နှင့် ဖထိုင်ကြယ်တို့ ပြိုင်တကယ်ထွန်း
လာညီတော့ ကို၊ သွန်းခါမိပုံရွှေရည်ငယ်၊ တုန်ဖေဆည်း
မရဓသးတာမို့၊ တ- ဆွေလို့ကျွမ်းပြန်ပါတယ်. . . "

ကင်းဝန်မင်းကြီး၏ ဆယ့်နှစ်ရာသီ တော်သလင်းလဖွဲ့ သံပေါက်တွင် . . .

" . . . တော်သလင်းဆီ၊ ကန်ရာသီ၊ ထွန်းချို့အဖြေ။
ရင်းမှာလှိုင်မြဲ၊ ခိုင်လုံးတွဲ၊ လှေပွဲသဘင်ပ. . . "

ဆရာကြီးဦးပြုံးချို၏ဆယ့်နှစ်ရာသီ တော်သလင်းလဖွဲ့ လေးဆစ်သဖြန်တွင် . . .

" . . . သစ်ဆင်းရယ်တဲ့လ - မာသာ။
မြစ်လုံးငယ်ဆူညံလို့၊ လှော်တခက်သံလှေပြိုင်ပွဲငယ်၊
နွဲပျော်ကြရှာ။ ယုန်ရထားအိမ်သိဏ္ဍလမှတဲ့။ ပုဏ္ဏဒိန်
ကြည်ကြည်ပ-ပါလို့၊ မည်အဖြကြယ်ပြုဗ္ဗာ၊ ယှဉ်လာ၍
ပြည့်ဝန်း။ ဒွာဒရာ၊ ငှက်ဗျိုင်းတာရာနှင့်၊ ရွှေယင်းမာ
ငုံပွင့်ကင်းကြတယ်၊ သင်းတဲ့သည်ပန်း. . . "



## သီတင်းကျွတ်လ
## စာဆိုတော်များအမြင်

ဦးယာ၏ ဆယ့်နှစ်ရာသီ သီတင်းကျွတ်လဖွဲ့ အဖြည့်ခံရတုမှာ . . .

" . . . ရေနတ်ရာဇာ၊ သုံးသွယ်ဖြာမှ၊ ဟန်ပါအားလှိုင်း၊
ဆင်နှင့်တိုင်းတို့ နေ့တိုင်းဆည်းကပ်၊ သချာရပ်တွင်၊ ကိန်းဝပ်
အစဉ်၊ ဘုံသာယဉ်နှင့်၊ မယှဉ်ရန်မျှေး၊ ဂုဏ်ရောင်သွေးလျက်၊
ရှင်လေးဦးတွင်၊ တပါးဝင်သည်၊ သခင်မထေရ်၊ ဘုန်းထွက်
စည်။ ဤသည်ဘဒ္ဒ၊ ကမ္ဘာမထက်၊ ဇိနမြတ်စွာ၊
ဆန်ကြွရာ သို့၊ စကြာတော်အောက်၊ ခံလာပေါက်သား၊
တုတ်ချောက် ပျံ့ကြိုင်၊ မြတ်ပန်းခိုင်နှင့်၊ တူပြိုင်ရည်မှန်း၊
ဆက်တိုင်တန်းသည်. . . "

ဦးအောင်ကြီး၏ ဆယ့်နှစ်ရာသီ သီတင်းကျွတ်လဖွဲ့ လူးတားမှာ . . .

" . . . မြောက်လေပြန်စ၊ ကောင်းကင်လနှင့်၊ အသဝတီ၊
ပြည့်လှာညီသော်၊ ရာသီတူခွင်၊ ရေပြင်လှတင့်၊ ကြာမျိုးပွင့်၍၊
မြတ်ကျင့်ခေါင်ထွတ်၊ သီတင်းကျွတ်ကား၊ ရွှေလွှတ်တော်ပွဲ၊
တက်မြဲခင်းကျင်း၊ မြို့တွင်းမြို့ပြင်၊ ထွန်းတင်ညီးဝါ၊
မြို့လယ်မှာမူ၊ အချာဗဟို၊ မီးမြင်းမိုရ်လည်း၊ မင်ဖိုရှေး၍၊

ပူဇော်လှူစွန့်၊ လူတို့ထွက်ခြာ၊ စောနရာလျှင်၊ ရတနာဒုရင်၊
မကိုင့်ဆင်လျက်၊ သဘင်ထွက်ကာ၊ စကြာချပ်ဆင့်၊ ရှစ်ဆိုင်း
ဖွင့်၍၊ စဉ်သင့်နေထား၊ ရာတပါးတို့. . . ”

မယ်ခွေ၏ ဆယ့်နှစ်ရာသီ သီတင်းကျွတ်လဖွဲ့ အဲချင်းတွင် . . .

“ . . . မွေးထုံမှသိင်္ဂါ၊ ငှက်ရာဇည၊ ရွှေဘွဲ့ရတို့၊ မြသရဖူ၊
ဗောင်းဝန်းလူနှင့်၊ ခုရှုတိုင်ညီ၊ သစ်နန်းရိပ်မှီပါလို့၊
ပန်းသီတံရှာသည်။ အခါတော်ရွှေဘင့်လှူတဲ့၊ မီးပူဇော်ပွဲ။
ပဉ္စာဇက၊ နက္ခတ္တနှင့် ဘောမပါဒ်လွတ်၊ သီတင်းကျွတ်ကို၊
မညွတ်မတိမ်း၊ နှင်းရည်လိမ်းလို့၊ စိတ်ငြိမ်းသာကြည်၊
ဘယ့်နှယ်လူတည်ပါတယ်။ ဂျွမ်းပြည်တော်
လက်ယာစီးက၊ ရွှေကျီးဝဲ. . . ”

ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်ရာသီ သီတင်းကျွတ်လဖွဲ့ သဖြန်တွင် . . .

“ . . . ကြာငါးမည်ကြိုင်သင်းလို့၊ လျှံဝင်းတဲ့ပြောင်ထိန်။
ရွှေနန်းတောင်တော်ဦးမှာလ၊ ကွန့်မြူးမြင်းမိုရ် မီးညီးတဲ့ခါချိန်။
ရှိခိုးငယ်နှိမ်၊ သုံးကြိမ်ရိုပျောင်း
သဏ္ဍာစ္စဂါရဝါနှင့် စဉ်လာပူဇော်ပွဲကို ခဲကြပေကောင်း. . . ”



လူဦးမင်း၏ ဆယ့်နှစ်ရာသီ သီတင်းကျွတ်လဖွဲ့ လေးချိုးမှာ . . .

“ . . . ဝိထိသုံးစဉ်၊ လမ်းအပြင်ဝယ်၊ ဖလ်ကာဥန၊ ဖယ်မရွှေပ
ချိန်မို့၊ သီဟဥကင်၊ ရာဖူးဆင်လို့၊ သဘင်မြင်းမိုရ် ညီးလင်း
သာစိုတော့တယ်။ ဆန်းပိုဆုံးရာသီမှာ၊ မြေမဟီဗျာ
တောင်ကွန်းဆီက၊ ရွှာသွန်းလျှပ်စုံချိပ်ကယ်နှင့်၊ ပိန်းပိတ်
တော့သာ။
တိမ်ယံနယ်တွင်၊ ကြယ်ဥဏ္ဏှ၊ ကျိုးညိုမြနှင့်၊ စန်းလငယ်
တူညီ၊ သဝဏ်လဲ၊ ပုဏ္ဏမီမှန်၊ တည့်မွန်စံလို့၊ ငါးမာန်ရဲ
ခြွေလှစ်၊ စောရှင်ချစ်မူ၊ ကသစ်ကယ်ရိပ်မြိုင်၊ ခင်းမြခိုင်က၊
ခရိုင်အောင်ရပ်၊ တိုင်းသက်သ်တို့၊ မြတ်အကယ်စက်မြည်၊
ဖြန့်ယွင်းသာလည်းတော့ပ။ ထုံရည်ငယ်ဖြာသည်၊ စုံကြာစို
လန်းလို့၊ တင်ချိန်တဲ့. . . ”

ဦးဖြေ၏ ဆယ့်နှစ်ရာသီ သီတင်းကျွတ်လဖွဲ့ လေးချိုးတွင် . . .

“ . . . ဆွတ်ဆွတ်သာကုံးတော့တယ်၊ သက်လုံးရောင်ညို့တဲ့၊
မှောင်မိုစည်။
ဆယ့်ငါးလုံးမို့၊ ပါဒ်သုံးငယ်ညီသည်၊ တူရာသီလဝေါဟာရမှာ၊
ဂြဟာစန္ဒာ၊ ဂြိုဟ်စကြာနှင့်၊ အဿဝတီ၊ နက္ခတ်မှီလို့၊
နာဂီတာရာ၊ ရောင်ညီဘဲသာတော့တယ်၊ သည်ဝါလကျွတ်

ချိန်ကို၊ ကသစ်အိမ်ပောရ ကြောငယ်က၊ မြတ်စောဆွေ
သနင်းတို့၊ ဆင်းကြွပြန်သည်. . . ”

မဟာအတုလမင်းကြီး၏ ဆယ့်နှစ်ရာသီ သီတင်းကျွတ်
လဖွဲ့လွမ်းချင်းမှာ . . .

“ . . . လှိုင်လှိုင်သာသင်းတော့တယ်၊ ကန်မင်းငယ်နန္ဒာ၊
လျှံဝင်းငယ်ဖြာသည်၊ ပွင့်ရွှေကြာမြိုင်မြိုင်နှင့်၊ ကြိုင်ကြိုင်
သင်းတဲ့လကိုလေး။

တူရာသီဝယ်၊ အဿဝတီကြယ်မြတ်၊ ကျီးမင်းသိရ်လဲ၊
ရောင်ရှိန်လျှပ်လို့၊ သုဒယ်ကယ်နန်းလို့၊ မိးမြင်းမိုရ်နှင့်၊
ဝါဆိုကင်းလွတ်၊ သီတင်းကျွတ်မို့၊ ဘုံထွတ်ကယ်ခုကင်၊
ဖွင့် စံပယ်ရှင်သောခါ၊ တိုင်းခွင်ကြီးအောင်ချာမှာ၊ ဆီမီးဝါ
ထိန်ထိန်ဝင်းလို့၊ လင်းလှတယ်လေး. . ”

တိုင်းတာမြို့သူကြီးဦးဖက်၏ ဆယ့်နှစ်ရာသီ
သီတင်းကျွတ်လဖွဲ့ တေးထပ်မှာ . . .

“ . . . စိုးဒိပံစံသမုငယ်နှင့်၊ မြတ်ကမ္ဘူရိပ်လှုံ၊ ရာဇဂ်ခါကြုံကို၊
ပင်စံစုံခြယ်တင့်၊ ခုကင်ဘာသီဟာမှာ၊ သေနဂ်ါသန်း ရွှေပိုလ်
နှင့်။ ကူးရတုချိန်ယံကို၊ တိမ်ကုဂန်ဘုံမြင့်၊ ရွှေသဝဏ်
ဂုဏ်ဝင့်လို့၊ စန်းယုန်ပွင့်စက်မှာ၊ လမ်းတညီပြိုင်ပသည့်၊
ကျီးညိုမြကြယ်လှတာရာ၊ ငါးရန့်ရွှေကြာငယ်၊ ဝေဆာဆာ
ကြိုင်ဝတ်နှင့် ဝါကျွတ်လသည်သဘင်ကို၊ ပွဲများမြင်းမိုရ်၊



တဲဆယ်ဆဆင့် ပိုအောင်၊ မိုးပကိုရ်ဆော်ညှင်းခဲ့လေး။
ကျေးငှက်တို့သိုက်ခါတယ်။ သံသာသာဖော်ချင်းနှဲ့လေး. . . ”

စာရေးတော်ကြီးဦးမောင်ကလေး၏ ဆယ့်နှစ်ရာသီ
သီတင်းကျွတ်လဖွဲ့ တေးထပ်တွင် . . .

“. . . သန်နှောင်းသမိန်ချိန်ဝါသုဥ်လို့၊ တိမ်လုံးပြာ အိကြွေ
ချင့်ချင်၊ စိန်တုံကာသိဗွေသဠ်သဉ်မှာ၊ ကွေတဲ့သခင်
ပွေရော့လား၊ မခန့်တရန်ပြုန့်ကြီးမျောင်တယ်၊ ဟန့်ဆီး
မရောင်စည်မောင်းဆော်ချက်ကြွား၊ ယုန်ငွေပွင့်နှင့်
ကျီးမင်းနယ်ဝယ်၊ သဝဏ်ကြယ်ဆွယ်တကား. . ”

ဦးကြော့၏ ဆယ့်နှစ်ရာသီ သီတင်းကျွတ်လဖွဲ့
တေးထပ်မှာ . . .

“ . . . ကြယ်အဿဝဏ်ရွှေကာလနှင့်၊ ငွေတာရစန်းဖြူ
ဗွေညာမြကြဌန်းငှမှာ၊ တနန်းသူပျော်ပေါ့၊ ငါးကြာနံ့
ကုဏ္ဍာအိုင်မှာ၊ ဒုမ္မာခိုင်ခွေယိမ်းလို့ပျော့။ ဆန္ဒန်ပိုင့်
ညီလာခံသည်၊သီဟာပျံဗွေမော့၊ ဒီပါလျှံကေရျှော့လို့၊
ရွှေကန်တော့ခံချိန်၊ ရတနာထီးဝင်းကြို့၊ မိးမြင်းမိုရ်၊
ညီးပျို့ထိန်ထိန်။ ယမိုက်စုံ မာရဇိန်ငယ်၊ တာဝတိန်
သဘင်မြတ်ကယ်က၊ သက်သပြည် ဌာနီ၊ မြန်းတဲ့ရာသီ၊
နေ့နှင့်ညနာရီမှာ၊ အမှာစိတူဘုန်းပလေး. . ”

ဖိုးဝဇိရ၏ ဆယ့်နှစ်ရာသီ သီတင်းကျွတ်လဖွဲ့ လေးဆစ်တွင် . . .

". . . ကောဝိလာရွှေပဏ္ဍုငယ်က၊ ပောဘိမ္ဗာဝေဖန်ရပါလို့
ကေန်ခုစောမြတ်စွာ။
အစဉ်မှတ်ပါတဲ့၊ သက်သ်ကယ်စံပြည်မြေသို့၊ ပြန်လည်
ရွှေစည်တော်ကွန့်ချိန်မို့၊ ကြံစည်လေ ခယ်မော်လွန့်
ပါဘိတယ်၊ အုံးဒန့်စက်ရာ။
မြမြင်းမိုရ်ပွဲတော်ရက်ကိုမှ၊ လှသင်းချိုကဲကျော် သက်ကယ်နှင့်၊
နွဲ့ပျော်ဖက်လမ်းအသာမှာ၊ မြန်းရာမယ် ကြံတဲ့ဘုန်း. . ."

ကင်းဝန်မင်းကြီး၏ ဆယ့်နှစ်ရာသီ သီတင်းကျွတ်လဖွဲ့ သံပေါက်မှာ . . .

" . . . သီတင်းကျွတ်ပြီ၊ တူရာသီ၊ အဿဝဏီရှိန်ဝါခွန်း။
ကြာမျိုးလည်းစို၊ မိုးမြင်းမိုရ်၊ ဗဟိုအချာထွန်း. . ."

ဦးပြုံးချို၏ ဆယ့်နှစ်ရာသီ သီတင်းကျွတ်လဖွဲ့ သဖြန်မှာ . . .

" . . . ဆီမီးရယ်က တထိန်ထိန်။
အိုင်အင်းရေကြည်က၊ ကြာငါးမည်ငုံ အာစွင့်တယ်၊
ဖူးပွင့်ခါချိန်။အာဿဝဏီယှဉ်ကာချဉ်ပါလို့၊ လင်းလာတဲ့
ငွေတာရိန်ငယ်၊ ပြာမှိန်လျက်မြူခြေဆိုင်း။
ဂါရဝေသက္ကာစွဲပဏာမေနှင့် သဗ္ဗါခြွေကန်တော့ပွဲကိုလ၊



မစဲပေါင်ကုသိုလ်ကို နှီးကြတယ်။
မျိုးမြန်မာ့တိုင်း. . ."

## တန်ဆောင်မုန်းလ
## စာဆိုတော်များအမြင်

ဦးယာ၏ ဆယ့်နှစ်ရာသီ တန်ဆောင်မုန်းလဖွဲ့ အဖြည့်ခံ ရတုတွင် . . .

" . . . သိုင်းရစ်ကာလျှင်၊ မေတ္တာရွှေကြိုး၊ ဖွဲ့ပတ်ပျိုး၍၊
အခိုးပျံ့ကြွယ်၊ ယ-ဂိုဏ်ကြွယ်လျှင်၊ ပျော်ဖွယ်လွန်ကဲ၊
ရာသီပွဲကို၊ ပျံ့ဝဲကျလု၊ နှစ်ကြိမ်ရှုပြီး၊ ချစ်သူ့ပျူငှာ၊
မပြသာတည့်၊ စကြာဒေဝိန်၊ တန်ခိုးထိန်လော့၊
နေရှိန်မသည်း၊ ပေါ်ကတည်းက၊ ပျံ့ပြည်းချိုသာ၊
လျှောက်တိုင်ပါသည်. . ."

မယ်ခွေ၏ ဆယ့်နှစ်ရာသီ တန်ဆောင်မုန်းလ အဲချင်း တွင် . . .

" . . . ချမ်းစပြုတုန်း၊ တန်ဆောင်မုန်းကို၊ ပတ်ကုံး ဝန်းကျင်၊
ဇမ္ဗူပြင်မှာ၊ ကြင်သူမရှိ၊ အသာမိတို့၊ ကယိကနွမ်း၊
မယ့်နှင်လွမ်းလိုပ၊ စက်ခန်းဘုံခွင်၊ ငိုလျက် သာဝင်
လိမ့်မယ်၊ နှင်းရွှင်ရွှင် ပောမန်မိုးက၊ ဆော်နှိုးကြွေး. . ."

ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်ရာသီ တန်ဆောင်မုန်းလဖွဲ့သဖြန့်မှာ . . .

" . . . လှျုကထိန်သင်္ကန်းနှင့်၊ မင်္ဂလမ်းတဲ့ဆုပန်ရှယ်၊
သည်ချိန်ကို ဝတ်မှုံကြလို့ ခဝဲရွှေညာရင်းမှာ၊ သင်းရနံ့ကြွယ်။
ကောင်းကင်လယ်၊ ထက်ဝယ်ဘုံဦး။
ရွှေလစန္ဒာနှင့်၊ ကြတ္တိကာ၊ ကြယ်ရောင်ထွန်းတယ်၊
ထွန်းထိန်လို့မြူး. . . "

မဟာအတုလမင်းကြီး၏ ဆယ့်နှစ်ရာသီ တန်ဆောင်မုန်းလဖွဲ့ လွမ်းချင်းတွင် . . .

" . . . မြောက်လေငယ်သွင်းပါလို့ မြူနှင်းစိုစို မြင်တိုင်း ငယ်ပြုံသည်၊ ရွှေကျီးညိုတာရာနှင့်၊ ကြတ္တိကာထွန်းတဲ့လ ကိုလေး။
တန်ဆောင်ငယ်မာသ၊ ဆယ့်နှစ်လတွင်၊ ချမ်းမြေ့ဧးရင်၊
ဗြိစ္ဆာခွင်သို့ ရက်ဝင်ပြောင်းခွာ၊ ခဝဲညာလဲ၊ ခိုင်လွှာဝတ်မှုံ၊
ရနံ့သာထုံတော့တယ်၊ ဘုန်းဂုဏ်ကြော့သမ္ဘိန်မှာ၊
လှျုကထိန်သဘင်ခင်းလို့၊ ကျင်းကြတယ်လေး. . . "

တိုင်းတာမြို့သူကြီးဦးဖက်၏ ဆယ့်နှစ်ရာသီ တန်ဆောင်မုန်းလဖွဲ့ တေးထပ်တွင် . . .

" . . . မြတ်သမုသာကိန်မှာ၊ ခါကထိန်လှူဆဲ၊
ပွင့်ရွှေဝါခိုင် ခဝဲနှင့်၊ ပုလဲပြန့်သောင်စွယ်။
ငှက်လွန်းကြင်ရွှေမြစ်ထွေးတို့၊ ချစ်ရေးခုခေါက်တုံ့



တင်လှယ်။ မြူရှင်စလဝယ်ကို၊ ဝေးဖော်ကွယ်ကွာလွန်းလို့
သုံးဗျာညွန်း နတ်ဝယ်မခံ။ ဆွေးလှည့်ထပ်ပြန်. . . "

စာရေးတော်ကြီး ဦးမောင်ကလေး၏ ဆယ့်နှစ်ရာသီ တန်ဆောင်မုန်းလဖွဲ့ ရှစ်ဆယ်ပေါ် တေးထပ်တွင် . . .

" . . . ပြည်ညှင်းသုန်သုန်နှင်းမုံရှုနှင့်၊ ခြုံတသသတုန်စခါ။
စုံသမ္ဗုမ္ဗုထုံကြရာသည်၊ သရာပြိစ္ဆာဟောမာန်ဦး၊ ယုန်ရဟာတ်နှင့်
ဆုံကြတ္တိငယ်။ ကျီးရွှေအာဒ်နီစသည့် မွန်းစံချက်ထူး။
ခဝဲတသန့် ပြည်ပန်းရွှေမူ၊ တည်တန့်သရပွင့်ဝေမြူး၊
တဆယ့်ငါးထွေ ဆွေနတ်မှူးကို၊ အမြတ်အထူးပူဇော်ခွင်၊
ထွန်းတော့မလို ညှိုလှာဆင့်သည်. . . "

စာဆိုတော်စလေဆရာကြီး ဦးပုညက ဆယ့်နှစ်ရာသီ တန်ဆောင်မုန်းလဖွဲ့ တေးထပ်တွင် . . .

" . . . မိုးဝသန်ချိန်ဆုံးလို့၊ တန်ဆောင်မုန်းဗြိစ္ဆာ၊
ဖဝါးနှစ်စွန်းခါဝယ်၊ ကြတ္တိကာကြယ်မင်း၊ ခဓဲပွင့်မာလာငယ်၊
သည်ချိန်ခါမွှေးထုံပျံ့သင်း။ ။ဗာတ္တိသည ဥ္ဇနာရီမှာ၊
ဘဠ်စမ္ဗိနေ့သွင်း၊ မြောက်လေပြေဆော်ညှင်းလို့ အမင်းမင်း
ရာဇာ၊ ဥ တ်ကာထိန်ခါသမယကိုလ၊ မျှားဒါနပြုကြမြဲသာ. . . "

ဦးကြော့၏ ဆယ့်နှစ်ရာသီ တန်ဆောင်မုန်းလဖွဲ့ တေးထပ်တွင် . . .

" . . . သရဒရာသီ၊ အပကရဇတစီသည်၊ ပတ္တမြားမှီအတွင်း၊ ရန်ငါးပါးကုန်ဝေးစင်သည်၊ ယုန်ရေးပြင်ထွန်းပပလင်း။ ။ ရွှေကြတ္တိကာကာမော်ငယ်၊ တာရာတော်ရံကျင်း၊ ကမ္ဘလာပျော် စံခင်းသို့၊ လျှံဝင်းပျို့တရထည်၊ ရွှေကထိန်ခဝဲနုငယ်နှင့်၊ ပွဲတော်ပြုစည်ထက်သာစည် . . . "

လူဦးမင်း၏ ဆယ့်နှစ်ရာသီ တန်ဆောင်မုန်းလဖွဲ့ လေးချိုးတွင် . . .

" . . . ရာသီခွင်တွင်၊ နတ်ရှင်နှိုးမှတ်၊ ဂုဏ်ဦးကိုင်မြတ်ပါတဲ့၊ လကြတ္တိကာ၊ ချိန်ညီခါဝယ်၊ မိလ်နီလာရည်၊ တိမ်ငွိကာစည် တော့တယ်၊ညင်းကြည်ငြိမ့်ဖန်ဖန်ကို၊ ဆော်မြောက်ပြန် လေချို့သွင်းရင်လ၊ ကိုယ်ချင်းနဲ့ဖော်ဝေးသူတို့ ဆွေးဝှန်အပို၊ မြေမဟီဝယ်၊ ဆုံဆီမစဲ၊ ပျံ့ပျံ့သာကဲပါတဲ့၊ ခဝဲညွန့်လူ၊ ကြိုင်သင်းကြူကို . . . "

ကင်းဝန်မင်းကြီး၏ ဆယ့်နှစ်ရာသီ တန်ဆောင်မုန်းလဖွဲ့ သံပေါက်မှာ . . .

" . . . တန်ဆောင်မုန်းငြိန္တာ၊ ကြတ္တိကာ၊ ရောင်ဝါရှိန်လို့ဖြိုး။ ခဝဲပွင့်ချိန်၊ ဝင်းကထိန်၊ ရွှေအိမ်ဝိုင်လည်စိုး . . . "



ဆရာကြီးဦးပြုံးချို၏ ဆယ့်နှစ်ရာသီ တန်ဆောင်မုန်းလဖွဲ့ လေးဆစ်သဖြန်တွင် . . .

" . . . ငွေစန်းရယ်တဲ့ ပုဏ္ဏမီ
ရွှေကျီးညိုကာရာနဲ့၊ ကြတ္တိကာယှဉ်ပြိုင်လှမ်းတယ်၊
ချမ်းစရာသီ။
လှကထိန်ခါတော်ပွဲနဲ့၊ ခဝဲပွင့်ဝါစီစီ၊ သာကြည်တဲ့မြူရှင်း။
လတန်ဆောင်မှာ၊ ကြွပြောင်ပြောင် အသရေတင့်ပါဘိ။
ရွှေမြင့်မိုရ်ဝါထိန်ထိန်နဲ့၊
ခါအချိန်မြောက် လေသွေးတယ်၊ အေးတဲ့ငွေနှင်း . . . "

## နတ်တော်လ
## စာဆိုတော်များအမြင်

ဦးယာ၏ ဆယ့်နှစ်ရာသီ နတ်တော်လဖွဲ့ အဖြည့်ခံ ရတုမှာ . . .

" . . . စိမ်းလဲ့ဖြူပြာ၊ သည်အခါနှိုက်၊ ပွင့်လျှာနီမြန်း၊ ရွှေကျေးပန်းကို၊ မြနန်းသေးလျှင်၊ ကုံးကာဆင်လည်း၊ လူတွင်စောင့်မှတ်၊ ဆယ်ကျော်နတ်ဝယ်၊ မြိန်တက်လှစေ၊ မ. စ. ပေသည်၊ ကျက်သရေလျှံသန်း၊ နတ်များပန်းကို . . . "

ဦးအောင်ကြီး၏ ဆယ့်နှစ်ရာသီ နတ်တော်လဖွဲ့ လူးတားမှာ . . .

" . . . နှင်းဝေမှိုင်းရီ မိဂသီနှင့်အညီမိုးလ၊ ပြည်ဝန်းပလျက်၊

ချမ်းမြရတု၊ ခနုရာသီ၊ ရောက်ပြီဝန်းကျင်၊ ဂမုန်းအင်နှင့်
သဇင်ပွင့်ပေါ်၊ လနတ်တော်ကား၊ ပူဇော်ကြီးစွာ၊
မင်းဆရာတို့ မဟာပိန္နဲ ကျွေးမြဲစီရင်၊ ရွှေကြိုးငင်လျက်. . .”

ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်ရာသီ နတ်တော်လဖွဲ့ သဖြန့်တွင် . . .

“ . . . ရှစ်ခွင်ကိုမြူဆင်းလို့၊ ငွေနှင်းတဲ့နုစို။
ဂမုန်းသဇင်တို့၊ စုံခွင်မှာ လေချိုညင်းက၊ သုတ်သွင်း
ဘယ်ညာနှံ့၊ သင်းပျံ့ပျံ့ချို။
ယုဂန္ဓိုရ်၊ တောင်မိုရ်ထိပ်ဖျား။
ရွှေလ-စန္ဒီနှင့် မိဂသီရောင်ခြည်ဖျန်းတယ်။ မြန်းတူကြွ
သွား. . .”

လူဦးမင်း၏ ဆယ့်နှစ်ရာသီ နတ်တော်လဖွဲ့ လေးချိုးမှာ . . .

“ . . . နတ်ရထားတင်၊ ပြဟ္မာငယ်ရှင်သည်၊ သဘင်ပကျင်း၊
လများမင်းတွင်၊ သနင်းငယ်ပွင့်ရန်၊ ချပ်ရည်မှန်လှဲ့ စံသီလာမြ
အယုဇ္ဈဟု၊ ပူရဋ္ဌာနီ၊ ကွန်းယာယီက၊ လေးလီကုန်းတန်၊
တောင်လေခြံတဲ့၊ နိဗ္ဗာန်နန်းမည်။ ပန်းညာပြည်ကို၊
စက်ခြည်ပြိုးပြောင်၊ ဆက်စိုးတော်ဆောင်ဆဲမို့ နှင်းလျှောင်
တဲ့ဟေမန်ကို၊ ဝသန်ကျန်ရာတိမ်နတ်ကယ်က၊ ဝိုင်းပတ်ခြံ
မှိန်း. . .”



ရွှေစာဆိုဦးဖြေ၏ ဆယ့်နှစ်ရာသီ နတ်တော်လဖွဲ့ လေးချိုးတွင် . . .

“ . . . တောတောင်ပြာညို့၊ ဆီးရည်ပျို့သည်၊
သည်သို့အခါ၊ သည်ဂေါဇာဝယ်၊ ရွှေမာလာဆန်း၊
စိုနှင်းပန်းကို။ ပန်ခြွေကုံး ဆင်း၊ ညာရုံးဘဲဆင်ကြတယ်၊
သဘင်လဟေမာမှာ၊ ဗွေအာကာ ပဓူန်မွှမ်းငယ်တို့၊
ကျွမ်းလိမ့်ပေစွ. . .”

တိုင်းတာမင်းမြို့သူကြီး ဦးဖက်၏ ဆယ့်နှစ်ရာသီ နတ်တော်လဖွဲ့တေးထပ်တွင် . . .

“ . . . လ-ဟေမန်ချိန်ခနုကို သိန်သိန်ပြုသစ်ဟန်၊
သနားမှုရှုမခံတယ်။ ဝေယန်ပိုင်သနင်း၊ တံပိုးမှ ရင့်မညာ
တယ်။ မိုးဆင်ရာစောရက်ပေခြင်း။ ရွှေဟံသတာချိန်ကို
စေသာစိန်မပြင်း၊ သီတဂူငွေယုန်မင်းနှင့်၊ ပုံစံခင်း
လှမ်းစံပြည့်မို့၊ နတ်မဟာပိန္နဲကို၊ နန်းပွဲကဆွဲလ
ရာသီ. . .”

စာရေးတော်ကြီးဦးမောင်ကလေး၏ ဆယ့်နှစ်ရာသီ နတ်တော်လဖွဲ့တေးထပ်တွင် . . .

“ . . . နတ်တော်လဟေမာန် ဝသကြွင်းကို၊
ဖန်ဖန်ငွေနှင်းရီ-တရီ၊ ပြန်လွှန်လေညှင်း၊ ချီတချီငယ်၊
ကရည်ကာသီ နိုင်ရန်ကော့၊ တဧကတို့၊ ရွှေများခွင်ဝယ်၊
ပွေ့စင်ငင်၊ ခြုံဆဲတုန်ကြရော့. . .”

စာဆိုတော်ကြီးစလေဦးပုည၏ ဆယ့်နှစ်ရာသီ နတ်တော်လဖွဲ့တေးထပ်မှာ. . .

" . . . ဆောင်းဟေမန်ခါအလုမှာ၊ မြတ်စနေရာသီ၊
နတ်တော် လသိင်္ဂီဝယ်၊ ဆစမ္ဗီနွေကူး၊
ဇောတြိုညဥ့်နာရီမှာ၊ မိဂသီမိုးလယ်ကမြူး။ ။နှစ်ဆယ်က
တပါဒ်မှိုသည်၊ ဖဝါးငါးလီရိပ်ကြူ၊ ရွှေသဇင်ပင်ပေါ်ဦးက၊
ပွင့်ဖူးစစီစီ၊ နတ်ဒေဝီဆိုသည့်ပွဲကိုလ. . . "

ဦးကြော့၏ ဆယ့်နှစ်ရာသီ နတ်တော်လဖွဲ့တေးထပ်တွင် . . .

". . . စိန်စိန်စိနုကလပ်တင်သည်၊ နတ်ဘုရင်ဆင်ယင်
တုန်းခါမို့၊ အင်ဂမုန်း ဂန္ဓမာရုံ၊ သင်းဖျံ့ဝတ်မှုံ၊ ဥသျှောင်
သန်းရွှေလှုံသည်၊ နန်းရွှေဘုံထုံဆဲမို့လေး. . . "

ဖိုးဝဇိရ၏ ဆယ့်နှစ်ရာသီ နတ်တော်လဖွဲ့မှာတမ်းမှာ . . .

" . . . လ-နတ်တော်ထက်၊ သဇင်ဂမုန်း၊ နှစ်ပင်လုံးတို့
ယဉ် ဆုံးဂုဏ်ထွက်တော့ကို၊ အသက်လိုဖေထင်ရှက်တဲ့၊
ကေရှင်သွယ့်ဖြူဖြူမေ့ငယ်ကြောင့်၊ ပူပူဌွေအိုကလိပြန်လို့၊
ငိုမချိခဲ့ရသူက၊ မှန်းပြမူထင်ခါလုံးငယ်နှင့်၊ အတွင်ကုံး
သလိုက်ရပါတော့တယ်. . . "



ကင်းဝန်မင်းကြီး၏ ဆယ့်နှစ်ရာသီ နတ်တော်လဖွဲ့သံပေါက်မှာ . . .

" . . . နတ်တော်ခါမို့၊ စနေချို၊ မိဂသီရောင်တဆန်း။
သဇင်ဖူးယဉ်၊ ဂမုန်းအင်၊ သဘင်ဆင်တော်ပန်း. . . "

ဆရာကြီးဦးပြုံးချို၏ ဆယ့်နှစ်ရာသီ နတ်တော်လဖွဲ့လေးဆစ်သဖြန် တွင် . . .

" . . . ငွေနှင်းရယ်တဲ့ မှုံဝေဝေ။
ဖျံ့မွှေးငယ်ခိုင်သဇင်နဲ့၊ ဂမုန်းအင်ပန်တော်ဦးကြတယ်။
ထူးတဲ့လလေ။
မိဂသီပုဏ္ဏားလင်းပါလို့၊ ရွှေဟသ်ာတာရာငွေလို့၊ ဖြာဖြာ
ဝေလျှက် စံကွန့်မြူး။
ပဏ္ဏာတင်၊ ဗိန္ဒုမဟာရှင်၏။ ခါသဘင်ပျော်ရွှင်ပွဲမှာလ၊
ဖော်ကွဲသူမကြည်သာဖို့၊
ရထည်လွှာဖြဲလို့ ကွေးရတယ်။ ဧးတဲ့လထူး. . . "

## ပြာသိုလ
## စာဆိုတော်များအမြင်

ဦးယာ၏ ဆယ့်နှစ်ရာသီ ပြာသိုလဖွဲ့ အဖြည့်ခံရတုမှာ. . .

" . . . ကြည့်လေကြည့်လေ၊ မှည့်မှည့်ဝေသား၊ မြခွေညို့ရှန်း၊
သည်လပန်းနှင့်၊ တိုင်တန်းပါမည်၊ မတည့်တန့်အောင်၊

ချစ်ကြိုးနှောင်မှ၊ ရွှေတောင်တွင်နား၊ ရွှေကျေးသားဟု၊
စိတ်ထားမယူ၊ နှလုံးမူကား၊ မပြုမယွင်း၊ သော်တာမင်းနှင့်၊
ရွှေဟသ်ာလှ၊ ပျံသည်ကပင်၊ မကြွမယ်ဆီ၊ ခုတိုင်ပြီး
တည့်. . . ”

ဦးအောင်ကြီး၏ ဆယ့်နှစ်ရာသီ ပြာသိုလဖွဲ့
လူးတားတွင် . . .

“ . . . လပြာသိုကား၊ မိန်ညိုချုပ်ဝတ်၊ လျှောက်ပတ်
ဆောင်ယောင်၊ မှူးခေါင်မတ်ဖျား၊ မင်းသားမင်းမြေး၊
ဆုန်းရေးမှတ်လျက်၊ စွယ်ယှက်ချိတ်ဝင်၊ မွမ်းပြင်တိုက်လွှတ်၊
ပတ်ပတ်ဝန်းကျင်၊ ခြေလျင်ခြေချင်း၊ မြင်းလည်း
မြင်းလျောက်၊ ထိုးမြောက်လုံလေး၊ ခုန်ထွေးသံရှင်၊
စိုင်းနှင့်ကြွားကြွား၊ ဓားသွားနှုတ်ငင်၊ သဘင်မြင်းခင်း၊
စစ်အင်ကျင်းသည်. . . ”

လူဦးမင်း၏ ဆယ့်နှစ်ရာသီ ပြာသိုလဖွဲ့ လေးချိုး
မှာ . . .

“ . . . ဇမ္ဗူဘောင်ဝယ်၊ စွယ်ရောင်လျှံတောက်၊
ရဲမာန်မောက်တဲ့၊ မုန်သောက်ဆန္ဒန်၊ သောင်းရှစ်ပြန်ကို၊
စီမံပကျင်း၊ စက်လျှင်သွင်းနှင့်၊ မြင်းခင်းငယ်ဗျူဟာ၊
အပြာပြာလဲ၊ တညီလာပြု၊ ဗိုလ်သဘင်ရှုချိန်မို့၊ ကိုက်နဖူးစီ၊
ပွင့်အားအဲချီတော့ပ၊ ကြိုင်ဆီငယ်ဆင်သည်၊ သဇင်ပန်း
မင်းက၊ ဝတ်ရည်ယို့. . . ”



ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်ရာသီ ပြာသိုလဖွဲ့
သဖြန်တွင် . . .

“ . . . ရွှေတော်သာ စန္ဒီနှင့်၊ ဖုသျှတဲ့လမ်းဆုံ။
တိမ်လွှာမှာရောင်ဝါကျင်းလို့၊ နှစ်မင်းတူပြိုင်ပ၊
မြန်းကြွခိုက်ကြီး သရဂုဏ်မြိုင်စုံမြနန်း။
နူစိမ်းစိုစိုနှင့်၊ ပန်းခွာညိုပုံတံထူးတယ်၊ ဖူးပွင့်ချက်ဆန်း. . . ”

မယ်ခွေ၏ ဆယ့်နှစ်ရာသီ ပြာသိုလဖွဲ့ အဲချင်းမှာ . . .

“ . . . မြန်မာပြည်မှာသာနိုး၊ မိန်ညိုချုပ်ကာ၊ ရွှေတန်ဆာနှင့်၊
ရတနာမြင်းခင်း၊ စိတ်ရှိငယ်ကျင်းသည်၊ နှင်းဖြိုးဖြိုးနှင့်၊
စက်ထိုးမှဟန်ယူ၊ အသည်းဆွတ်ကြွေ၊ ချမ်းလေပြေနှင့်၊
တောခြေတောင်ရံ၊ ငှက်ပေါင်းပျံလို့၊ ဝတ်ဆံငယ်ချူသည်၊
မီးပူပူကင်မဝသည့်၊ လ-ပြာသိုဆောင်း. . . ”

ဦးဖြေ၏ ဆယ့်နှစ်ရာသီ ပြာသိုလဖွဲ့ လေးချိုးတွင် . . .

“ . . . ရာသီငယ်သာမြေ့၊ စာခလေ့မှာ၊ သပြေ့ဥကင်၊
ရာဘုရင်လဲ၊ သဘင်ကျင်းခံ၊ မြင်းခင်းစံတု၊ အလျှံကိုးထွေ၊
ဖြိုးသရေနှင့်၊ မိုးမြေနှိမ့်ယောင်၊ တပ်ပေါင်းဆောင်လို့၊
ဖျံခေါင်မာတင်၊ မျှဉကင်ထက်၊ ဗိုလ်ဝင်ထွက်ပေါ်. . . ”

မဟာအတုလမင်းကြီး၏ ဆယ့်နှစ်ရာသီ ပြာသိုလဖွဲ့တွင် . . .

" . . . တိမ်ခြေငယ်ရှင်းပါလို့၊ မြူနှင်းငယ်စိုစို၊ လ-
ပြာသိုမှာ၊ နွယ်ခွာညှိုမြိုင်မြိုင်နှင့် လှိုင်လှိုင်သင်းတဲ့လကိုလေး။
ရောင်သီဂီငယ်၊ ကြယ်ညီဖုသျှ၊ မကာရမို့၊ ရွှေဝဥကင်၊
နန်းရင်ပြင်မှာ၊ လျှံရင်မြင်းခင်း၊ သဘင်ကျင်းလို့၊
ရာမင်းထွတ်စံ၊ ဗိုလ်ညီလာခံသောခါ၊ ဆန္ဒန်ပိုင်ပြောင်မွန်မှာ၊
အောင်တမ်း စွန်တေဇာမြူးလို့၊ ထူးလှတယ်လေး. . . "

တိုင်းတားမြို့သူကြီးဦးဖက်၏ ဆယ့်နှစ်ရာသီ ပြာသိုလဖွဲ့ တေးထပ်တွင် . . .

" . . . အောင်သဟံဇယတုနှင့်၊ ရွှေဖုသျှသကြ်န်၊
ခေါ်မြဲလချိန်မှန်ကို၊ ကြင်းသံငြိမ့်ညောင်း၊ ဖုန်းနေလ
နှစ်ဖော်မှာ၊ မြင်းခင်းတော်ကျင်းတဲ့ဗိုလ်ပေါင်း. . . "

စာဆိုတော်စလေဆရာကြီးဦးပုည၏ ဆယ့်နှစ်ရာသီ ပြာသိုလဖွဲ့ တေးထပ်တွင် . . .

" . . . ထီးတရားဥသျှောင်ငယ်၊ အာဏာရောင်စက်သွား၊
ရန်တကာဖယ်ရှား၍၊ တိမ်ညွန့်စားမြင်းပျံ၊ ရိန္ဒမာလုံ
ယဉ်နွဲ့ပါလို့၊ မြင်းခင်းပွဲသဘင်တော်စံ. . . "



စာဆိုတော်ဦးကြော့၏ ဆယ့်နှစ်ရာသီ ပြာသိုလဖွဲ့ တေးထပ်တွင် . . .

" . . . ဒေါင်းဗာဟိနဘောကွန့်လို့၊ ဟေမဝန်ကန္တာ၊
လေတသွန့်ပြန်လာသည်၊ စန္ဒရာမြနန်း၊ ကြယ်ဖုသျှ
တဖက်ကာသည်၊ တတ္တရာဝန်းရံလို့မြန်း။ ။
မကာရလပြာသို၊ မြခွာညှိုနွယ်ပန်း၊ ညာစိုစိုဝေလန်းလို့၊
ရွှေကရ်းမြူးပျော်၊ ဂဇာသိန်သဘင်ကျင်း၊ ရွှေခပင်းရွှေမြင်း
တော်။ ။
ငွေနှင်းဥလေညှင်းဆော်သည်၊ ရေကင်းတော်ကျူးလွဲ့လို့၊
သုံးဆယ့်ခြောက်နာရီလျှံ၊ နန်းကြီးရွှေဘုံ၊ ဆောင်းဟေမန်
သည် ချမ်းပုံငယ်၊ ထည်ကွမ်းတုံခြုံထွေးရတယ် လေး. . . "

ဖိုးဝဇီရ၏ ဆယ့်နှစ်ရာသီ ပြာသိုလဖွဲ့မှာတမ်းတွင်. . .

" . . . လ-ပြာသိုကြုံလန်းညာသွယ်နှင့် ပန်းခွာနွယ် ထုံတော့ကို
အပုံကြီးချစ်တဲ့မေကြောင့်၊ ရစ်သွဲ့ဝေ မျက်ရည်ကျပါလို့၊
ခက်သည်က ပိုရှာပါန်ကို၊ အိုရှာကြံ လွှာလွှာဖွေးမှာတော့၊
ဝါစာကလေးမင်းလုံးဖန်လို့၊ ခင်ဘုန်းထံသာ လိုက်ပါ
တော့မယ်. . . "

ကင်းဝန်မင်းကြီး၏ ဆယ့်နှစ်ရာသီ ပြာသိုလဖွဲ့ သံပေါက်တွင် . . .

" . . . ပြာသိုမကာရ၊ ကြယ်ဖူးသျှ၊ ယှဉ်အတူနှစ်ဖော်။
ခွာညိုနွယ်ရင်း၊ ဝတ်မှုံကင်း၊ မြင်းခင်းသဘင်တော်. . . "

ဆရာကြီးဦးပြုံးချို၏ ဆယ့်နှစ်ရာသီ ပြာသိုလဖွဲ့ လေးဆစ် သဖြန်မှာ . . .

" . . . အာဒိစ္စရယ်တဲ့၊ ဖလ်သူရိန်
ပြင်လမ်းသူခွာလို့၊ ဒက္ခိဏာယာဉ်အစွန်းမှာ၊ ထွန်းတဲ့ခါချိန်။
ပြာသိုမှာ ဖြာစိုနှင်းရယ်နဲ့၊ ခါအလိုခွာညှိသင်းပါဘိ၊
မြင်းခင်းမြတ်တော်သဘင်မှာ၊ ပျော်ရွှင်ကြပြည်လုံး။
ပုဏ္ဏမာ၊ ဖုသျှငယ်ယုန်စန္ဒာနဲ့၊ မှန်ပြာပြာဝလာတွင်းမှာလ။
ငွေပုဇွန်တာရာလင်းတယ်၊ နှင်းမြူပိတ်ဖုန်း. . . "

## တပို့တွဲလ
## စာဆိုတော်များအမြင်

ဦးအောင်ကြီး၏ ဆယ့်နှစ်ရာသီ တပို့တွဲလ လူးတားတွင် ဖွဲ့ဆိုထားသည်မှာ . . .

" . . . ဆူးပန်လဲပေါက်၊ ဝင်းဝင်းတောက်လျက်၊ တမ်း
လျှောက်ရေရေ၊ သဲဖြူဖွေးနှင့်၊ ငှက်ကျေးပျံကြွ၊ ကောင်းကင်
လဝယ်၊ မာဃယှဉ်မှီ၊ ကုံရာသီ၊ အညီခေါ်မြဲ တပို့တွဲမူ. . . "

စာဆိုတော်မယ်ခွေ သူ၏ဆယ့်နှစ်ရာသီအဲချင်းတွင် တပို့တွဲလကိုဖွဲ့ဆိုထားသည်မှာ . . .

" . . . သတ္တဗိသျှ၊ နက္ခတ္တနှင့်၊ ယှဉ်ကြမလွဲ၊ တပို့တွဲနှင့်၊
ပေါက်လဲငုံကင်း၊ ထန်ရည်ငယ်နင်းကြသည်။ နှင်းထုံထုံ
ငယ်နှင့်လေ. . . "



ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်ရာသီ တပို့တွဲလ သဖြန်တွင် . . .

" . . . ရာသီချိန်ခါရောက်လို့၊ လဲပေါက်ကယ်တဲ့ပွင့်ညီ၊
ရွှေဖီနံ့သာနှင့်၊ ခြောက်ရောင်ဝါ စေတီရင်းမှာလ၊
ဆယ်စင်း လက်စုံကြူ၊ ဦးမြှောက်လိုချီ။
ငွေနှင်းရယ်စီ၊သုံးလီသမယ။
ယူဇနာ၊ မြင့်မြတ်ကယ်သချာနှင့်၊ ယုဂန်ညာတောင်တော်စွန်း
မှာ၊ ထွန်းလိမ့်မာယ. . . "

လှူဦးမင်း၏ ဆယ့်နှစ်ရာသီ တပို့တွဲလ လေးချိုး မှာ . . .

" . . . မြေမွှန်ငယ်သီရို ရောင်လေးတွေညီပါတဲ့၊ ဂီရိရွှေဘုံ၊
သီနေရုံသို့၊ ဂုဏ်ပရမ၊ သမ္ဘူနွလဲ၊ လှမကာရုံနွယ်၊ မြဆန်း
ခြယ်လို့၊ မြနှယ်ရွှန်းစို၊ ဖွဲ့ဝန်းလွှာ ညီတော့တယ်၊
ဆန်းလို့သုဆင်ရန်ကို၊ သဇင်ကျန်ပန်တော်
ကြွင်းငယ်တာ၊ သင်းနဲ့ထုံဥ. . . "

ဦးဖြေ၏ဆယ့်နှစ်ရာသီ တပို့တွဲလဖွဲ့ လေးချိုး တွင် . . .

" . . . စုံခြေငယ်ခပင်း၊ ထုံရေငယ်သင်းသည်၊ မိုးကြွင်း
လေကျန်၊ အည့်ည့်နှင့်၊ ပတ်သံ-အတာ၊ သည်အခါဝယ်၊
ပွဲယာဂုလှူ ပြည်လုံးဘဲဆူတော့တယ်၊ ထုံကြူတဲ့ ဗွေဘုံမှာ
တပ်ဆင်၊ ခြုံလွှံ့ရင်ဝေးသူတို့၊ စေိမ့်လေချည့်. . . "

မဟာအတုလမင်းကြီး၏ ဆယ့်နှစ်ရာသီ တပို့တွဲလဖွဲ့ လွမ်းချင်းမှာ . . .

" . . . ကုံပေါမန်ငယ်၊ သကြိန်သွင်းမြဲ၊ တပို့တွဲမို့၊ မင်းပွဲ
ရွှင်ပျော်၊ယာဂုံတော်နှင့်၊ ကြွေးကြော်ပြင်ဆင်၊ လွမ်းဖို့
သာဆင်တော့တယ်။ ကောင်းကင်မြင့်တိမ်ဆီမှာ၊
ကြယ်မာယီ ရောင်စုံကျင်းလို့၊ လင်းလှတယ်လေး. . . "

တိုင်းတားမြို့သူကြီးဦးဖက်၏ ဆယ့်နှစ်ရာသီဖွဲ့ တပို့တွဲ တေးထပ်တွင်. . .

" . . . ခါရတုသီကို၊ ကြယ်မာယီချိန်ငုံ၊ မြတ်လှူဒါယာဂုပွဲနှင့်၊
ပေါက်လဲပွင့်ထိန်လျှံ၊ ဖူးရက်ရည်ကြွေဝတ်ကို၊ ခြွေဆွတ်ကြ
ငှက်ညီလာညံ. . . "

စာရေးတော်ကြီးဦးမောင်ကလေး၏ ဆယ့်နှစ်ရာသီ တပို့တွဲလ ရှစ်ဆယ်ပေါ် တေးထပ်တွင် . . .

" . . . ဟမာထွက်စ ကျေးဝတ်ဆံသည်၊ ဆွေးညွတ်
တဖန်ကြုံဟန်လွန်၊ ပေါက်လဲငုံ့တံ၊ ဝုဏ်လျှံဖွဲ့လို့၊ စုံယံ
တသွန်ခေါင်တံခွန်၊ ချိန်မင်းတာရီမာယီစန်းတို့၊ ကညီ
စိတ်ဝမ်းတည့်မွန်း ထိန့်ထိန့်မှန်။ ။ရာဂုပွဲနှင့် တင့်ကဲ
လွန်အောင်၊ မီးပုံးတော်မွန်သာသည်သို့ထက်၊ တာရှည်
တကိုယ်လုံးငြိမ်းမငြင်၊ တုန်ချမ်းထွေစွအင်၊ ဂိမှေးလှဲ့တဲ့မိန့်
ဘုံခွင်ကို၊ဂျူန်သခင်၊ ကြွမြန်းပါတော့လေး. . . "



ဦးကြော့က သူ၏ဆယ့်နှစ်ရာသီဖွဲ့ တပို့တွဲလ တေးထပ်တွင် . . .

" . . . ဆင်ရာတိမ့်သိမ့်သိမ့်ပြာသည်။ ချိန့်တာရာမာယ၊
ငြိမ့်သာယာတတီကြွလို့၊ သိသိရစက်ရှုင်၊ တန်းဆော်လေလဲ
ဝါနုငယ်နှင့်၊ ပွဲယာဂုံမီးပုံတော်ကင်။ ။
တွဲကပို့ရွဲ့လို့ဆင်သည်၊ သဲရွှေတွင်တုန်ဆက်လို့၊ ကုံမှတ်ဖွယ်
ရာသီနဂိုရ်၊ နှင်းတွဲ့တွဲ့စို၊ လင်းတဲ့ပညာဗဟိုရ်ငယ်၊ မြမြကို
အေးပါမပ့်ါလေး. . . "

စလေဆရာကြီးဦးပုညက ဆယ့်နှစ်ရာသီ တပို့တွဲလဖွဲ့ တေးထပ်တွင် . . .

" . . . ကုံရာသီယှဉ်နွဲ့လို့၊ တပို့တွဲမာသာ။ ။ဇောဝိသပါဒ်
သုံးဖြာသည်၊ ဝေါပဥ္စာရိပ်ကြူ၊ ပေါက်လဲပွင့်မာလာငယ်၊
သည်ချိန်ခါ သင်းပျံ့ပျံ့မြူ၊ သတ္တိသညဥ္စနာရီမှာ၊ ဇောစမ္မိ
နေ့ကူး၊ စည်ခရာတံမြှာကျူလို့၊ အလှုထူးသဘင်၊
နှစ်အစဉ် သွေမလွဲပြီဟု၊ မီးပုံးပွဲသည်ရာသီတွင်. . . "

ဖိုးဝဇီရ၏ ဆယ့်နှစ်ရာသီ တပို့တွဲလမှာတမ်းတွင် . . .

" . . . လ-ခါတပို့၊ လျှောက်မြအထုံးမောက်ကဲခြုံလို့၊
ပေါက်လဲငုံစိုတော့ကို၊ တကိုယ့်ကြောင့် တကိုယ်ဖေမှာ၊ အိုခ
မြေလောင်စလုပါလို့၊ တောင်အထုပိုဗျာကြွယ်ကို၊ ချိုသာ
လွယ်မြန်မြန်သိအောင်ပ၊ ဉာဏ်ဉာဏ်ရှိမှုရင်းမှန်နှင့်၊
ကြုံလင်းပြန်မြွက်လိုက်ရပါတော့တယ်. . . "

ကင်းဝန်မင်းကြီး၏ ဆယ့်နှစ်ရာသီ တပို့တွဲလသံပေါက်တွင် . . .

" . . . တပို့တွဲလ၊ ကုံသို့ကျ၊ မာဃထွန်းစမြဲ။
ပေါက်လဲပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ. . ."

## တပေါင်းလ
## စာဆိုတော်များအမြင်

စာဆိုတော်ဦးယာ၏ ဆယ့်နှစ်ရာသီ တပေါင်းလဖွဲ့ အဖြည့်ခံရတုမှာ . . .

" . . . သူရိန်စန္ဒာ၊ ရင်းကပြာသား၊ ချာချာလှည့်ပတ်၊
ရှစ်ပြို့ဟ်မြတ်တွင်၊ ရေနတ်သုံးဦး၊ ယှဉ်ပြိုင်ထူး၍
ပူးနှင့်ဂဠုန်၊ ဆွေ့ဆွေ့ခုန်သား၊ သံဟုန်ခြိမ့်ခြိမ့်၊
ကပ်ကြီးသိမ့်အောင်၊ စည်းစိမ်ရှင်တို့၊ ပျော်ရာမြို့၌၊
မင်္ဂလိုဖိုလ်သင်းကျစ်၊ ဦးကိုင်ဖြစ်ပါသည်၊ တက်သစ်နေဝါ၊
သုံးလူ့ချာ. . ."

ဦးအောင်ကြီး၏ ဆယ့်နှစ်ရာသီ တပေါင်းလဖွဲ့ လူးတားမှာ . . .

" . . . ဆီးကြွေနှင်းခဲ၊ သာလွန်ကဲခန့်၊ ရဲရဲမိုးလ၊
ဖဂ္ဂုဏနှင့်၊ ပြည့်ဝအညီ၊ မိန်ရာသီဟု၊ သရဖီပိတောက်၊
ခိုင်မြောက်ညွန့်ညောင်း၊ ဝတ်မှုံလောင်းသည်၊ တပေါင်းလသာ၊
လတကာ ထက်၊ နှိုင်းရာဖက်ရှောင်၊ လများနောင်ကား၊



တောင်လည်း သာမော၊တောလည်းသာထွေ၊ ရေလည်း
သာလှ၊ ဖြူဆွ သော်ပြင်၊ ငှက်ပေါင်းရှင်စဉ်၊ သဘင်အညီ၊
သဲစေတီဟု၊ မြှောက်ချီးရှင်ပ၊ လှူဒါန်းကြလျက်၊ ပြည်ပ
ပြည်တွင်း၊ဖြောင့်စင်း ရည်ဆောင်၊ ဆီမီးထောင်နှင့်၊
ထွန်းပြောင်ညီရုံး၊ ပန်းလျှင်ကုံးသို့၊ နှလုံးမြတ်စွာ၊ ရတနာ
သုံးဖော်၊ ဖူးမြော်ကုန်ကြ. . ."

ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်ရာသီ တပေါင်းလဖွဲ့ သဖြန်တွင် . . .

" . . . ပန်းရွှေဖီ၊ ကြိုင်လှောင်လို့ ပိတောက်ကယ်တဲ့သင်းချို
ဥတ္တရဘရဂုဏ်ကတိမ်ဘုံမှာ ရောင်ခြည်လင်းလို့၊ လမင်း
သော်တာနှင့်တူမကွာထိန်ဝါလဲ့၊ ထွန်းတဲ့ခါကို။
သောင်သဲငယ်၊ မိုးရေညိုကရစ်မို့။
လေညင်းငယ်လာ၊ စုံဟောမာမြိုင်ထဲက၊ ဝမ်းဘဲရွှေစင်ရော်တို့
ဖော်ခေါ် သံမောင်မယ်ကျူးတယ်၊ မြူးပျော်ကြလို့. . ."

စာဆိုတော်လူဦးမင်း၏ ဆယ့်နှစ်ရာသီ တပေါင်းလဖွဲ့လေးချိုး တွင် . . .

" . . . ခိုင်စီစီငယ်၊ ရွှေဖိမ့်ဝတ်၊ ထုံပန်းရည်ဆွတ်ယင်လ၊
ဖူးညွတ်ကယ်ဂေါ် ငွေ၊ ထုံပေါင်းခြွေလို့ ဓာတ်မွှေကိန်းမှတ်၊
မြေနက်သန်မြတ်ပါတဲ့၊ တိမ်ထက်ကယ်သီမို၊ မန်းဗဟိုက၊
ရွာလိုခါယောင်၊ ဆောင်ရွက်ကျင်မှောင်လှချည့်၊ သာခေါင်

ငယ်ဖန်သည်၊ ဂိမှာန်ခါပျိုးစရက်ပေမို့၊ ယုန်ယာဥ်ငယ်
ရဟတ်၊ ဖဂ္ဂုနတ်တိုပ၊ မြတ်ပုဏ္ဏမီ၊ စပွယ်ညီက၊
ရေသီဒါဆိပ်၊ သောင်းကျွန်းမြိတ်ထက်၊ ဗျာဒိတ်ကယ်သရို
သဲစေတီနှင့်၊ သိင်္ဂီလျှံဝါ၊ ရွှေဟင်္သာလဲ၊ ခြင်းရာလူလို၊
သံညင်းသာချိုတော့တယ်။ ဆင်းပိုတဲ့ ရွှေလယ်မှာ၊
ကွေဖော်ဘယ်မျှော် တော်မူငယ်ကြောင့် ကွမ်းလုစေဖို့. . . ”

ဦးဖြေ၏ ဆယ့်နှစ်ရာသီ တပေါင်းလဖွဲ့ လေးချိုးတွင် . . .

“ . . . ရွှေဖိငုံရင်၊ ပင်တိုင်းပွင့်လို့၊ နန်းခြင်ဘုံလယ်၊
ရိပ်ကြီး ဟယ်လဲ၊ ကေသွာသ်မြိတ်သျှင်၊ ယဥ်တိုင်းဘဲ
ဆင်ကြတယ်၊ ငွေစင်လွှသောင်ညီမှာ၊ သဲစေတီတာဘင်ခြိမ့်လို၊
လွှမ်းဖန့် ခွေသင့်. . . ”

မဟာအတုလမင်းကြီး၏ ဆယ့်နှစ်ရာသီ တပေါင်းလဖွဲ့လွှမ်းချင်းမှာ . . .

“ . . . ရာသီမိန်ငယ်၊ ဂိမှာန်ရက်ပြောင်း၊ လတပေါင်းမို့၊
ရွက်ဟောင်းကြွေကာ၊ ဥတ္တရာနှင့်ကြယ်မှာဘဒြပိုဒ်၊
လေးချက် ချိန်ကို၊ တိမ်ခြေဆိုက်လို့၊ စရိုက်ကယ်ဖွေရှာ၊
ကိုတံငါလဲ၊ ဘာသာတောင်တင်၊ ပျော်မြူးသာရွှင်တော့
တယ်။ သဘင်လ ခါမှီကို၊ သဲစေတီငွေသောင်ကမ်းက၊
လွမ်းလှ တယ်လေး. . . ”

တိုင်းတားမြို့သူကြီးဦးဖက်ကလည်း ဆယ့်နှစ်ရာသီ တပေါင်းလဖွဲ့ တေးထပ်မှာ . . .



“ . . . မြတ်ဝိဟာငွေ၊ဘရဂုဏာနှင့်၊ ရွှေငွေလကြယ်ရောင်၊
စေတီယသာခေါင်ငယ်၊ အာကာဘောင်ထိန်ညီ၊ ဖိဝတ်ရက်
ကဥ္စနာမှာ၊ အောင်သဏ္ဌာကဲ့လို့ထုံဘိ။ မိန်ရတု ဆောင်ကျန်ကို
ညောင်းလေပြန်သော်ညီ၊ ရွှေရင်မှာပြိုစလိုပ၊ တကိုယ်သိ
ဆွေးဗျာ၊ ဖြေမငြိမ်ရွှေအိမ် အိပ်သူတို့ မေးမှိတ် စက်ပျော်
တတ်နိုင်ရှာ. . . ”

စာရေးတော်ကြီးဦးမောင်ကလေး၏ ဆယ့်နှစ်ရာသီ တပေါင်းလဖွဲ့ ရှစ်ဆယ်ပေါ် တေးထပ်တွင် . . .

“ . . . ကြိုင်ကြိုင်သင်းပျံ့ အင်းကြင်းချိသည် ပင်မင်း
ရွှေဇီခါရတု၊ မြင်ကွင်းပီပီ ခေါင်ခါနုနှင့်၊ တောင်ယာအပြု
ဓာတ်တပုံ၊ ပုလဲရောင်ငွေ၊ သောင်ဗွေမော့မှာ၊ မောင်ဆွေ
မယ်ကြော့ ငှက်ပေါင်းညီလာစုံ။ ။
ပြေမရုံပ၊ ကြေကွဲကြံအောင်၊ ငွေသဲစိန်ခုံစေတီဆင့်လို့၊
ဘရဂုဏ်ကိုပွင့်ယုန်နှင့်ချိန်တာရာ၊ မိန်ဦးသာတင့်စွာ၊
ကာဠုဒ်ကြောက်ဖွယ်လျှာငယ်၊ ခြောက်ဆယ့်ဂါထာစီးကုံး
ပေရလေး. . . ”

စလေဆရာကြီးဦးပုည၏ ဆယ့်နှစ်ရာသီလ တပေါင်းဖွဲ့ တေးထပ်တွင် . . .

“ . . . မိန်ရာသီခါပြောင်းလို့၊ လတပေါင်းတူညီ၊
ကြယ်ပြုဗ္ဗာသရဂုဏ်ငယ်၊ ရောင်စုံခြည်ယှက်သမ်း၊ သတ်ဝိ
သပါဒ်သုညာမှာ၊ ဖဝါးသာယာလေးခုသို့လှမ်း။

တတ္တိသညဥ္စ်နာရီမှာ ဘင်္ဂစမ္ပိနေမှန်း၊ ဖူးတံစီထွေဆန်းသို့
အင်ကြင်းပန်းရွှေဖို၊ သဲစေတီတည်စမြဲပေပ၊ သဘင်ပွဲသည်
လရာသီ. . . "

ဦးကြော့၏ ဆယ့်နှစ်ရာသီ တပေါင်းလဖွဲ့ တေးထပ်
တွင် . . .

" . . . စုံရဂုံခက်ညှာကြွေသည်၊ ရွက်ဝါလေသန့်ရှင်း၊
စက်ရာဗွေညွှံညှင်းမှာ၊ ပန်းခပင်းသော် မော်သဲစေတီတည်
သမယပေမို့၊ ကြည်သမျှသည်လမ္ပိနော်။
ထေရိပဝရ သုံးလူ့ဖော်ငယ်ဖ-သုဓ္ဓေါ်စံမြန်းတဲ့၊ မှန်နန်း
တွေပြည်ကပ္ပိ၊ မြန်းတဲ့ရာသီ၊ ယုန်စန်းနှင့် ဘရဂုံပုဏ္ဏိုင်ယ်၊
တူတညီယှဉ်တုန်းမို့လေး. . . "

ဖိုးဝဇီရ၏ ဆယ့်နှစ်ရာသီ တပေါင်းလဖွဲ့ မှာတမ်း
မှာ . . .

" . . . လတပေါင်းခါကြွေ ဇမ္ဗူရွက်၊ လေယူသက်လို့
မြေငူ ထက်ပြာတော့ကို၊ မညာတဲ့ရွှေရွှေဖိကာ၊ ပွေပွေလီ
သင်း ကြူကြူ့တာမို့ဝင်းဖြူဖြူ၊ ချောလှမေရယ်၊
သောကတွေ အပုံများကလား၊ ယုံတပါးသီလွယ်အောင်၊
ပရိယာယ်မကြံ လေသူကာ၊မှန်သရွေ့ဖြစ်စီရှာလို့၊
သစ်ငို့ကာ ဖွင့်လိုက်ရပါ တော့မယ်. . . "

ဇာင်းဝန်မင်းကြီး၏ ဆယ့်နှစ်ရာသီ တပေါင်းလဖွဲ့
သံပေါက်တွင် . . .



" . . . တပေါင်းခါချိန်၊ ရာသီမိန်၊ တောက်ထိန်ဖဂ္ဂုဏ၊
သရဖီဖူးဆဲ၊ ပိတောက်ပွဲ၊ သဲပုံစေတီပ. . . "

ဆရာကြီးဦးပြုံးချို၏ ဆယ့်နှစ်ရာသီ တပေါင်းလဖွဲ့
လေးဆစ်သဖြန်တွင် . . .

" . . . တပေါင်းရယ်တဲ့ မိန်ရာသီ၊ ရွက်ဟောင်းကိုလေနှင်လို့
ပန်းတော်ဝင်ရွှေအင်ကြင်းငယ်၊ သင်းမျှ့ခဲ့ပြီ။
နိတျာသဿာနှစ်လိုပ၊ စိအမြွာညှာသရစ်ကယ်တို့၊ စန်နာ
သစ်ပြောင်းခါမို့၊ ဆောင်ရာသီရယ်တဲ့ကုန်ကျွမ်း။
သရဂုဏ္ဏိမှာ၊ တူအညီသော်တာပြည့်ပါလို့၊ မျှော်ကြည့်သူ
ကြည်ကြည်သာလို့၊
သည်အခါ ငွေတောင်ဦးမှာလ၊ အဲစေတီသတင်းထူးကို၊
မြူးလို့ ပျော်ဆန်း. . . "

ဤသို့ ထင်ရှားမှတ်သားဖွယ်ကောင်းသော စာဆိုရှင်တစ်ဦး
၏ တစ်စုံတစ်ဖွဲ့ ညာက်ချဲ့ခဲ့ကြသည့် ကဗျာတို့အား ထုတ်နုတ်
ဖော်ပြပါ၏။

အပြည့်အစုံဖော်ပြရာမှာ စာမျက်နှာ၊ စာလုံးရေတန့်သတ်
ချက်တို့အား ညီညွတ်စေလိုသည်။ အခွင့်အခါကြုံပါက
ပြည့်စုံစွာဖြင့် ရသ၊ သုတ ခံစားနိုင်ကြရန် စုဆောင်း၍ တင်ပြပေး
ပါဦးမည်။

## နိဂုံးစာတမ်း

မြန်မာ့ဆယ့်နှစ်ရာသီပွဲတော်များအကြောင်းကို ရှာဖွေစုဆောင်း၍ ဖွင့်ဆိုရေးသားခဲ့ရာ ရာနှုန်းပြည့် ပြည့်စုံပြီဟု မဆိုနိုင်ပါ။ ကျန်ရှိသည်များ ရှိလေအုံးမည်။

ရှေးခေတ်အခါက မင်းနှင့်အတူ တိုင်းသူပြည်သားတို့သည် မင်းနေပြည်မှစ၍ ကျေးလက်တောရွာများအထိ လစဉ်ရာသီပွဲတော်များ ကျင်းပခဲ့ကြ၏။ ညောင်ရမ်းခေတ် နောက်ပိုင်းမှစ၍ ရာသီဘွဲ့ကဗျာများထွန်းကားလာ၏။ မြန်မာ ဆယ့်နှစ်လရာသီပွဲတော်များသည် မြန်မာနိုင်ငံတွင် နှစ်ပေါင်းတစ်ထောင်နီးပါးတိုင်တိုင် မြန်မာလူမျိုးတို့ လစဉ် ထိန်းသိမ်းလာခဲ့သော မိုးရာယဉ်ကျေးမှုပွဲတော်များ ဖြစ်သည်။ မျက်မှောက်ခေတ်ကာလတွင် သရုပ်ပျက် ယဉ်ကျေးမှုများ ဝင်ရောက်လာသည် မလာသည်ကို သတိရသင့်၏။

မြန်မာယဉ်ကျေးမှု ဆယ့်နှစ်ရာသီပွဲတော်များသည် အမျိုးသားယဉ်ကျေးမှုကို ချစ်မြတ်နိုးစိတ်များပေါ်လာပြီး သရုပ်ပျက်ယဉ်ကျေးမှုအန္တရာယ်များကို ကာကွယ်သွားနိုင်မည့်ပွဲတော်ဟု မျှော်လင့်ယုံကြည်ရပေသည်။

ထို့ကြောင့် မြန်မာ့ဆယ့်နှစ်လရာသီတွင် ကျင်းပသော ပွဲတော်များသည် လောကီလောကုတ္တရာနှစ်ဖြာသော ကောင်းကျိုးချမ်းသာကို ဖြစ်ထွန်းစေသည်။ ယင်းပွဲတော်များအကြောင်းကို လက်လှမ်းမီသမျှလေ့လာပြီး တစေ့တစောင်း တင်ပြထားခြင်း



ဖြစ်ပါ၏။ ပြည့်စုံခြင်း မရှိသေးပါ။ ဤမြန်မာ့လေ့ပွဲတော်တစ်ခွင် ဘယ်ပန်းသာလို့ယဉ် စာတမ်းသည် မြန်မာပြည်၏ ပထဝီအနေအထားအရ သဘာဝအရင်းအမြစ် တောတောင် ရေမြေ ချောင်းတို့ တည်နေပုံမှာ တိုင်းရင်းသားတို့၏ ကောင်းမြတ် သည့်ကံကောင်းခြင်းကို ဖော်ပြလိုခြင်းဖြစ်ပေသည်။ ထို့အပြင် တွင်းထွက်၊ တောထွက်ရတနာပစ္စည်း အမျိုးမျိုးများလည်း လွန်စွာကြွယ်ဝလှ၏။ ရာသီအလိုက် ဖူးပွင့်ငုံစီ အမျိုးအမည်များလှသော ပန်း၊ သစ်ပင်တို့လည်း ဥယျာဉ်ကြီးပမာ ပျော်ပိုက်စဖွယ် လွန်စွာ တင့်တယ်လှပေ၏။

ထို့ကြောင့်ပင် မြန်မာတိုင်းရင်းသားတို့သည် ပျော်ပျော်ရွှင်ရွှင် လုပ်ကိုင်နေထိုင်စားသောက်မှုကို ပြုနိုင်ကြ၏။ ရောင်စုံပန်းများကဲ့သို့သောဝတ်စားတန်ဆာများကို နှစ်သက်မြတ်နိုးစွာ ဝတ်ဆင်လေ့ရှိကြ၏။ ပေါများလှသော တွင်းထွက်ရတနာများ ဖြစ်ကြသည့် စိန်၊ ရွှေ၊ ငွေ၊ ပတ္တမြား၊ ပယင်း၊ ဒုတ္တာ၊ ဂေါမုတ်၊ ဥဿဖယားစသော ကျောက်မျက်ရတနာကို စွဲလမ်းနှစ်သက်ကြသဖြင့် အဝတ်အထည်များ၌ပင် ရွှေချည်၊ ငွေချည်ရက် လုပ်ကာ ကျောက်မျက်ရတနာများကိုပါ စီခြယ်၍ ချုပ်လုပ်ဝတ်ဆင်ခဲ့ကြသည်။ ယင်းသို့ ပေါများတည်ဖြစ်ထွန်းသည်မှာ နေ၊ လနက္ခတ်တို့၏ ပြုပြင်မှုကြောင့် ဖြစ်၏။

ဤစာအရေးအသားနှင့် ပတ်သတ်၍လည်း ဖော်ပြလိုပါသေးသည်။ ကျွန်တော်သည် ဆရာသီပွဲမောင်ဝ၊ ဆရာမင်းသုဝဏ်၊

ဆရာဇော်ဂျီအစရှိသော ဆရာကြီးများ၏ ခေတ်စမ်းစာပေ အရေးအသားများကို လွန်စွာသဘောကျပါ၏၊ ဆရာ၏ စာများသည် ဝါကျတိုကလေးများကိုသုံး၍ သာယာနာ ပျော်ဖွယ်ရှိအောင် ပျော့ပျော့ပျောင်းပျောင်း ညက်ညက်ညောညောဖြင့် ပေါ့ပေါ့ပါးပါးတင်ပြသွားကြသဖြင့် ဖတ်ရသည်မှာ လွန်စွာ ရှင်းလင်းပြတ်သား၍ ဖတ်ကောင်းလှပါသည်၊ ဆွဲဆောင်မှု လည်း ရှိလှပါသည်၊ သို့ဖြစ်၍ ကျွန်တော်သည် ဆရာကြီးများ၏ ရေးဟန်ကို အတုခိုးကြည့်မိပါသည်၊ သို့သော် ကျွန်တော်၏ ရေးဟန်သည် ပျော့ပျောင်းမှုမရှိလှဘဲ တောင့်ခိုင်သကဲ့သို့ ဖြစ်နေပါသည်၊ ဆရာကြီးများ အရေးလိုက ဗျာမဆန်ပါ၊ ထို့ကြောင့် မိမိကိုယ်ပိုင်ဟန်ဖြင့်သာ ရေးရခြင်း ဖြစ်ပါသည်၊

သဒ္ဒါတခစပ်လွဲခြင်း၊ အဓိပ္ပာယ်လွဲခြင်းစသော အပြစ်များကား မရှိခဲ့ပါ၊ မိမိပြောလိုသောအကြောင်းကို ပေါ်လွင်အောင် ကြိုးစားတင်ပြရခြင်း ဖြစ်ပါသည်၊

ကျွန်တော်သည် ဆောင်းပါးပုဒ်ရေ တစ်ရာခန့်နှင့် စာအုပ်သုံးအုပ် ရေးသားထုတ်ဝေခဲ့ဖူးပါသည်၊ လုပ်ငန်းရှင်နှင့် စီးပွားရေးသမားဖြစ်သော်လည်း စာတတ်မဟုတ်ပါ၊ စာမှတ် တစ်ဦးဖြစ်ပါသည်၊ မိမိမှတ်မိသမျှကို မြန်မာစာပေတွင် မှတ်တမ်းမှတ်ရာဖြင့် စာပေရှင်၊ ပညာရှင်များအတွက် မြန်မာ့လရာသီဘွဲ့စာပေများကို ရှထောင့်အဖုံဖုံမှ-မှန်မှန်ကန်ကန် နတ်ယူသုံးစွဲလိုပါ၍ မိမိကိုယ်ကို အထင်ကြီးပြီး ဤမြန်မာ့



လေ့ပွဲတစ်ခွင် ဘယ်ပန်းသာလို့ယဉ် စာတမ်း ပြုစုပါသည်၊ ကျွန်တော်သည် စာကြည့်တိုက်မှီခိုသော လောကသားတစ်ဦး ဖြစ်သည်၊ ကျွန်တော်၏ဆောင်းပါးများသည် အခြားသောပညာ ရပ်နယ်ပယ်မှ ပုဂ္ဂိုလ်များကို ထူးထူးခြားခြား ကျေးဇူးမပြုသည့်တိုင် စာကြည့်တိုက်လောကသားများ ဖြစ်ကြသော စာကြည့် တိုက်မှူးများ၊ စာကြည့်တိုက်ဝန်ထမ်းများနှင့် မြန်မာစာပေကို တာဝန်ယူရသော စာကြည့်တိုက်လောကကိုကား အထူးတလည် ကျေးဇူးတင်မိပါသည်၊

"စာဖတ်သူများအပေါ် အကျိုးစီးပွားဖြစ်ထွန်းစေလိုသော စိတ်ကောင်းစေတနာဖြင့် ရေးသားသော စာများကို စာကောင်း ပေမွန်ဟု ခေါ်ဆိုနိုင်ကြောင်း" ကို ဆရာဇော်ဂျီ၏ အယူအဆအား ကြားခဲ့ဖူးပါသည်၊ ကျွန်တော်၏ စာတမ်းသည် စာပေဝါသနာ ရှင်များ မှီငြမ်းပြုစုလိုပါက တစ်စုတစ်စည်းတည်း ပြုနိုင်ရန် ရည်ရွယ်ပါကြောင်း ပန်ကြားရင်း နိဂုံးကမ္ဗတ် အဆုံးသတ် အပ်ပါသည်၊

ဝိသဒ္ဓက (ပဲခူး)

## ကိုးကားသောစာအုပ်စာစောင်များ


၁။ ကနီဦးလူညွှန့် - ၁၉၆၅ ခုနှစ် ရေဒီယိုမှဟောပြောချက်

၂။ ပါမောက္ခဦးမျိုးမင်း - မြန်မာယဉ်ကျေးမှုဆောင်းပါး

၃။ ဗမာ့ဒိုင်ဂျက် - အတွဲ (၁)၊ အမှတ် (၉) ဧပြီ ၁၉၅၇ ခုနှစ်

၄။ ရတနာပုံဖိုးမှတ်စု - သကြ်ာန်သမိုင်းစဉ် ဆောင်းပါး ကြေးမုံသတင်းစာ (၁၃. ၄. ၅၈)

၅။ မောင်ထင် - မြန်မာ့ဆယ့်နှစ်လအကြောင်းစာအုပ်

၆။ ဆရာလှသမိန် - စာဆိုတို့၏ ဆယ့်နှစ်လရာသီဖွဲ့ စာဆိုများစာအုပ်

၇။ ဓမ္မာစရိယဦးဌေးလှိုင် - စာအုပ်

၈။ ပြည်ထွန်းရွှေ - လုပ်သားပြည်သူနေ့စဉ်ဆောင်းပါး အချို့





၁၃။ မောင်မောင်ညွှန့် (မန်းတက္ကသိုလ်) - သုတရိပ်မြုံစာရဂုံ

၁၄။ တင်မမခိုင် (မန်းတက္ကသိုလ်) အမျိုးသားစာပေဆုရ - တွေ့ဆုံမေးမြန်းချက်

၁၅။ ဦးသိန်းဒန် - မြန်မာနိုင်ငံသုံးသက္ကရာဇ်များ စာပေ နှင့်သိပ္ပံဂျာနယ်

၁၆။ မုံရွေးဆရာတော် - သမန္တမက္ခဒီပဏီ

၁၇။ မဟာဗုဒ္ဓဝင်ပထမပိုင်း -

၁၈။ မိုင်းကိုင်ဆရာတော် - ဝိထိပုံ၊ ဘုံစဉ်၊ ဆန်းစုံ၊ သိမ်ပုံကျမ်း ၁၂၆၄ ခုနှစ်

၁၉။ မန်လည်ဆရာတော် - မဃဒေဝလင်္ကာသစ်ကျမ်း

၂၀။ ဝိသဇ္ဇက (ပဲခူး) - မြန်မာ့အလင်းသတင်းစာမှ ဆောင်းပါးများအချို့

၉။ ဗဝိုနတ်ရှင် - စာပေပဒတ်ဆံ

၁၁။ ဦးကျော်ဌေး - အခါကောင်းပဒေသာ

၁၂။ ဒေါ်မြမြဝင်း (လက်ထောက်ကထိက)- ဆယ့်နှစ်လရာသီပွဲတော်များစာတမ်း

## ကိုးကားသောစာအုပ်စာစောင်များ


၁။ ကနီဦးလူညွန့် - ၁၉၆၅ ခုနှစ် ရေဒီယိုမှဟောပြောချက်
၂။ ပါမောက္ခဦးမျိုးမင်း - မြန်မာယဉ်ကျေးမှုဆောင်းပါး
၃။ ဗမာ့ဒိုင်ဂျက် - အတွဲ (၁)၊ အမှတ် (၉) ဧပြီ ၁၉၅၇ ခုနှစ်
၄။ ရတနာပုံဖိုးမှတ်စု - သကြိန်သမိုင်းစဉ် ဆောင်းပါး ကြေးမုံသတင်းစာ (၁၃. ၄. ၅၈)
၅။ မောင်ထင် - မြန်မာ့ဆယ့်နှစ်လအကြောင်းစာအုပ်
၆။ ဆရာလှသမိန် - စာဆိုတို့၏ ဆယ့်နှစ်လရာသီဖွဲ့ စာဆိုများစာအုပ်
၇။ ဓမ္မာစရိယဦးဌေးလှိုင် - စာအုပ်
၈။ ပြည်ထွန်းရွှေ - လုပ်သားပြည်သူ့နေ့စဉ်ဆောင်းပါး အချို့
၉။ ဒဂုံနတ်ရှင် - စာပေဝတ်ဆံ
၁၀။ ဦးလေးမြိုင် - ဓမ္မရံသီပေါင်းချုပ် တွဲ ၁၂၁ မှ ၁၃၂
၁၁။ ဦးကျော်ဌေး - အခါကောင်းပဒေသာ
၁၂။ ဒေါ်မြမြဝင်း (လက်ထောက်ကထိက)- ဆယ့်နှစ်လရာသီပွဲတော်များစာတမ်း
အရှေ့တိုင်းပညာဌာန/ အရှေ့တိုင်းယဉ်ကျေးမှုဘာသာ
ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် တက္ကသိုလ်စာပေးစာယူဌာန





၁၃။ မောင်မောင်ညွန့် (မန်းတက္ကသိုလ်) - သုတရိပ်မြုံစာရဂုံ
၁၄။ တင်မမခိုင် (မန်းတက္ကသိုလ်) အမျိုးသားစာပေဆုရ - တွေ့ဆုံမေးမြန်းချက်
၁၅။ ဦးသိန်းဒန် - မြန်မာနိုင်ငံသုံးသက္ကရာဇ်များ စာပေနှင့်သိပ္ပံဂျာနယ်
၁၆။ မုံရွေးဆရာတော် - သမန္တမက္ခုဒီပဏီ
၁၇။ မဟာဗုဒ္ဓဝင်ပထမပိုင်း -
၁၈။ မိုင်းကိုင်ဆရာတော် - ဝိထိပုံ၊ ဘုံစဉ်၊ ဆန်းစုံ၊ သိမ်ပုံကျမ်း ၁၂၆၄ ခုနှစ်
၁၉။ မန်လည်ဆရာတော် - မဃဒေဝလင်္ကာသစ်ကျမ်း
၂၀။ ဝိဿဇ္ဇက (ပဲခူး) - မြန်မာ့အလင်းသတင်းစာမှ ဆောင်းပါးများအချို့